

သမိုင်းလေ့လာရေး
နိုင်ဃယ်
စာစောင်(၇)
၁၉၉၇ - ဩဂုတ်လ
အာဇာနည်နေ့အထူးထုတ်
ကရင့်သမိုင်းသုတေသနအဖွဲ့

# မာတိကာ


| စဉ် | အကြောင်းအရာ | စာရေးသူ | |
|---|---|---|---|
| ၁။ | နိုင်ငံသစ် အယ်ဒီတာ့အာဘော် | အယ်ဒီတာ | ၁ |
| ၂။ | အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် ကျင်းပပုံ | နိုင်ငံသစ် | ၅ |
| ၃။ | စောဘဦးကြီး | နိုင်ငံသစ် | ၈ |
| ၄။ | ကရင်အမျိုးသား ခေါင်းဆောင်များ | နိုင်ငံသစ် | ၁၈ |
| ၅။ | ဆရာစကော့လယ်တော့၏ မြောက်ပိုင်းခရီးစဉ် | စ' စောမန်း | ၄၇ |
| ၆။ | လူ့အခွင့်အရေးဆိုင်ရာ | မောင်စင်ကြွယ် | ၇၀ |
| ၇။ | အာဇာနည်မန်းဘဇိုင်နှင့် ကရင်းသမိုင်းအလှည့်အပြောင်း | စ' စောမန်း | ၇၇ |
| ၈။ | **KNU** ၏ ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှု | နိုင်ငံသစ် | ၈၉ |
| ၉။ | လူမျိုးများ၏ ဖြစ်စဉ်နှင့် နိယာမတရား | မောင်စင်ကြွယ် | ၉၁ |
| ၁၀။ | **The Migration--** | **I.K.H.R.A** | ၉၄ |
| ၁၁။ | **Chronology of Karens** | **I.K.H.R.A** | ၉၈ |
| ၁၂။ | တိုင်းရင်းသားလူမျိုးများ (န ၀ ၈)အပေါ် သုံးသပ်ချက် | မောင်စင်ကြွယ် | ၁၀၄ |
| ၁၃။ | အမှားပြင်ဆင်ချက်- | | ၁၀၈ |

... ... သို့

မေတ္တာလက်ဆောင် ပေးပို့ပါသည်။

**နိုင်ငံသစ်**

**ကရင့်သမိုင်း သုတေသနအသင်း**

# ကရင့်သမိုင်း သုတေသနအသင်း (I.K.H.R.A)

# မှ

# တာဝန်ခံ ထုတ်ဝေ ဖြန့်ချိသည်။

---

| | | |
|---|---|---|
| အယ်ဒီတာ | မန်းအောင်ဌေး။ | |
| ပြင်ဆင်ကြီးကြပ် | မန်းအောင်ဌေး။ | |
| ကွန်ပြူတာ | ရဲဘော် ဝင်းထွန်း (ဝမ်းသာ)၊ | (အင်္ဂလိပ်၊ မြန်မာဘာသာ) |
| | ရဲနီ ကျော်စွာ၊ | (မြန်မာဘာသာ) |
| | ခိုင်မင်းဝါ၊ | (မြန်မာဘာသာ) |
| စာပြင် | ရန်ရှင်း။ | |
| | မန်းအောင်ဌေး။ | |
| ပန်းချီတာဝန်ခံ | မန်းကျော်ဆန်း။ | |
| မျက်နှာဖုံးပန်းချီ | မန်းကျော်ဆန်း။ | |
| ထုတ်ဝေသည့် နှစ် | ၁၉၉၇ ခု၊ ဩဂုတ်လ ဓာဓာနည့်နေ့ အထူးထုတ်ဝေသည်။ | |
| အုပ်ရေ | ၂၀၀၀။ | |

# အယ်ဒီတာ့အာဘော်

၁၉၉၆ ခုနှစ် မတ်လတွင်စ၍ ကရင့်သမိုင်းသုတေသနမှ ကြီးမှူးပြီး အခြားသော သုတေသနအဖွဲ့များဖြစ်ကြသော ပအိုဝ်းနှင့် ရခိုင်သုတေသနအဖွဲ့များ အပါအဝင် အစည်းအဝေးတရပ် ခေါ်ယူကျင်းပခဲ့သည်။ ထိုအစည်းအဝေးကွင် သုတေသန စာစောင် ထုတ်ဝေရေးဆိုင်ရာ မူဝါဒကို အသစ်တဖန် ရေးဆွဲပြဌာန်းခဲ့ပါသည်။ ထိုမူဝါဒသစ်တွင် လက်ရှိမြန်မာပြည် တိုင်းရင်းသားလူမျိုး အားလုံး တွေ့ကြုံခံစားနေရသော ပြည်တွင်းစစ်နှင့် စစ်၏အကျိုးဆက်များကို ထင်ဟ ပ်ပြီး အကြောင်းအရာများကို လေ့လာဖေါ် ထုတ်ရေးသား တင်ပြကြရန်ဖြစ်သည်။

လက်ရှိကာလ မြန်မာပြည်လူမျိုးပေါင်းစုံ ရင်ဆိုင်ခံစားခဲ့ ခံစားရဆဲလည်းဖြစ်သော အနိဋ္ဌာရုံသည် ပြည်တွင်းစစ်သာ လျှင်ဖြစ်သည်။ ထိုပြည်တွင်းစစ်သည် တိုင်းရင်းသား လူမျိုးအသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ ယဥ်ကျေးမှု အရပ်ရပ်ကို ဖျက် ဆီးခဲ့ရာ တပြည်လုံးချွတ်ခြုံကျပြီး ကမ္ဘာနှင့် ယှဥ်လျှင် အနိမ့်ဆုံးလူသားအဆင့် ရောက်နေရသော ကာလဖြစ်သည်။ ထိုအခြေ အနေဆိုးမှ လွတ်မြောက်ရန် မြန်မာပြည်သူ တရပ်လုံး ကြိုးပမ်းဆဲ ကာလဖြစ်သည်။

မူလအကျဆုံး စတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သည် မြန်မာပြည် ပြည်တွင်းစစ်၏ သန္ဓေတည်ရာ အချက်အချာ ကျဆုံးသော အကြောင်းချင်းရာများကို ဖော်ထုတ်ရန်ဖြစ်သည်။ "အနာသိ ဆေးရှိ" ဆိုကဲ့သို့ ပြဿနာ၏ အရင်းခံသဘာဝကို သိခြင်းသည် ထိုပြဿနာကို ဖြေရှင်းရန် နည်းနာကို တွေ့ရှိခြင်းသည်လည်း ဖြစ်သည့်ဟု အဖွဲ့အသီးသီးယုံကြည်သည်။

မျက်မှောက် မြန်မာပြည်သူလူထုတရပ်လုံးသည် "ဒီမိုကရေစီ" အတွက် တိုက်ပွဲဝင်ကြသည်။ "ဒီမိုကရေစီ" သည် ငြိမ်းချမ်း သောနည်း ဖြစ်သည်။ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူခြင်းနှင့် လူ၏ဂုဏ်သိက္ခာကို တန်ဘိုးထားသော လုပ်ရပ်အားလုံး သည် ငြိမ်းချမ်းသောနည်းများ ဖြစ်သည်။ မြန်မာပြည် လူမျိုးစု ပြည်သူများသည် ဒီမိုကရေစီ အခွင့်အရေးကို ဆုံးရှုံးခဲ့သည်မှာ မြန်မာသမိုင်းဦး မြေရှင်ပဒေသရာဇ်စနစ် အုပ်ချုပ်ရေးကာလမှ စခဲ့သည်။ ထိုမှ နယ်ချဲ့ကိုလိုနီစနစ်၊ အမျိုးသားခနေရှင် အုပ်ချုပ်ရေး စနစ်၊ ဆက်လက် စစ်အာဏာရှင် အုပ်ချုပ်ရေးစနစ် စသည်တို့သည် လူသားတို့၏ ငြိမ်းချမ်းမှုကို ဖျက်ဆီးသော အုပ်ချုပ်ရေး စနစ်များသာ ဖြစ်သည်။ ထိုစနစ်တို့သည် ဖိနှိပ်မှု၊ အကြမ်းဖက်မှု၊ တရားမျှတမှု ကင်းမဲ့ခြင်းနှင့် လူ့ဂုဏ်သိက္ခာကို တန်ဘိုးထားသော အုပ်ချုပ်ရေး စနစ်များမဟုတ်။ ထို့ကြောင့် ထိုအုပ်ချုပ်ရေးကာလများတွင် ငြိမ်းချမ်းရေးသည် မတည်မရှိ နိုင်ခဲ့ ပေ။ ပဋိပက္ခများနှင့် "စစ်" ပွဲများသာ လွှမ်းမိုးခဲ့သည်။

မြန်မာပြည် န ဝ တ ၏ စစ်အုပ်ချုပ်ရေးသည် အကြမ်းဖက်မှု၊ ဖိနှိပ်မှု၊ သတ်ဖြတ်မှု၊ မတော်မတရားပြုမှု၊ လူ့အခွင့် အရေးနှင့် လူ့ဂုဏ်သိက္ခာ စောင့်ထိန်းအပ်မှု အားလုံးကို ကျူးလွန်ပြီး လူမှုအခွင့်အရေးအလုံးစုံကို ချိုးဖောက်နေသည်မှာ မြန်မာ့ သမိုင်းတွင် အထွဋ်အထိပ် ရောက်နေပြီးဖြစ်သည်။ တနည်းအားဖြင့် "န ဝ တ " စစ်အုပ်ချုပ်ရေးသည် မြန်မာပြည် ငြိမ်းချမ်းရေးကို ဖျက်ဆီးသော စနစ်ဖြစ်သည်။ ငြိမ်းချမ်းရေးကို ဆာလောင်မွတ်သိပ်နေသော မြန်မာပြည်လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံးသည် "စစ်အာဏာရှင်စနစ်" "စစ်အုပ်ချုပ်ရေး" ကို လူးလွန့်ခံစားကြရပြီး၊ "ငြိမ်းချမ်းရေး" ရရှိရေး တိုက်ပွဲ ဝင်နေသော ကာလ ဖြစ်သည်။

အဆိုပါ ငြိမ်းချမ်းရေးတိုက်ပွဲသည် အင်အားကြီးမားသော စစ်တပ်နှင့် လက်နက်မဲ့ အဖိနှိပ်ခံပြည်သူတို့၏ တိုက်ပွဲ ဖြစ်သည်။ မည်သည့် လက်နက်အားကိုးနှင့် ဖိနှိပ်အုပ်ချုပ်သော စနစ်သည် ထာဝရ မတည်မမြဲ နိုင်ရာပေ။ သို့သော် အဖိနှိပ်ခံ လူမျိုးစုပြည်သူများက သွေးစည်းခိုင်မာမှုနှင့် ကိုယ်ကျိုးစွန့်လွှတ်မှု၊ သံန္နိဋ္ဌာန် ပြတ်သားမှုရှိရန် လိုအပ်ပေသည်။ ငြိမ်းချမ်းလိုသူတိုင်း စုစည်းပြီး တိုက်ပွဲဝင်ကြရမည် ဖြစ်သည်။ မြန်မာပြည်သူတရပ်လုံးသည် "စစ်" ၏ သန္ဓေတည်ရာဖြစ်ပေါ် တည်တန့်ခြင်း အခြေ အနေ အရပ်ရပ်ကို ဖျက်ဆီးသုတ်သင်ကြရမည်ဟု သဘောပေါက်သည်။ မြန်မာပြည်သူတရပ်လုံး လက်ရှိခံစားနေရသော ဘဝမှ အနာဂတ် ငြိမ်းချမ်းသာယာသော ဘဝကို တည်ဆောက်ကြရမည်ဖြစ်သည်။ ဤအချက်သည် အမျိုးသားလုံး တပြိုင်နက် ကြိုးပမ်းပြီး လက်တွဲ ဆောင်ရွက်ရမဲ့ လုပ်ငန်းစဉ်များလည်း ဖြစ်သည်။

ကရင့်သမိုင်းသုတေသန လုပ်ငန်းတွင် ကဏ္ဍအသီးသီး အထွေထွေ များပြားလှသည်။ ထိုများပြားလှသော ကဏ္ဍအသီး သီးအနက် လက်တွေ့လူ့အဖွဲ့အစည်း၏ အမှန်လိုအပ်ခြင်းနှင့် လိုက်လျော ညီထွေဖြစ်ရန် လိုအပ်သည်ဟု ခံယူထားသည်။ ပြည် တွင်းစစ်နှင့် ငြိမ်းချမ်းရေး၏ အရင်းခံအကြောင်းအရာများကို မိမိ၏ လူမျိုးများကိုယ်တိုင် ထိတွေ့ခံစားရသော ဖြစ်စဉ်များကို ဖေါ်ထုတ်ခြင်းသည် သမိုင်းသုတေသနဌာန၏ တာဝန်တရပ်ဟု ခံယူထားသည်။ တညီတညွတ်တည်း စတင်ဆောင်ရွက်ရန်လည်း လိုအပ်နေပါသည်။

လက်ရှိ နိုင်ငံသစ် အမှတ်စဉ် (၇)ကို ကရင်အမျိုးသား အာဇာနည်နေ့ အထူးထုတ်စာစောင်အဖြစ် ထုတ်ဝေလိုက်ပါ

သည်။ အမှတ် (၇)ကို ပြင်ဆင်ပြီးမြောက် သည်မှာ ၁၉၉၆ ခုနှစ် ကတည်းက ဖြစ်သည်။ အခက်အခဲ အမျိုးမျိုးကြောင့် စာစောင်ကို ထုတ်ဝေရန် ကြန့်ကြာခဲ့ပါသည်။ စာစောင်ကို ပုံမှန်ထုတ်ဝေနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

အမှတ် (၇)တွင် ယွင်က ပြင်ဆင်ခဲ့သော "ဖူးတာအယ် အတ္ထုပ္ပတ္တိနှင့် မြစ်ဆုံအရေးခင်း" ဆောင်းပါးကို ချန်လှပ်ခဲ့ပါသည်။ ဖူးတာအယ် အတ္ထုပ္ပတ္တိသည် စာမျက်နှာ (၃၀၀)ခန့် ရှိမည်ဟု ခန့်မှန်းရပြီး "သုတေသန"စာစောင်တွင် အခန်းဆက် ဖော်ပြခြင်း ထက် လုံးခြင်းအဖြစ် ထုတ်ဝေသည်က ပိုမိုသင့်တော်မည်ဟု ယူဆ၍၎င်း၊ မြစ်ဆုံအရေးခင်းသည် သံဃာတော်များနှင့် ပညာရှင် စာဖတ်ပရိတ်သတ်အချို့၏ အကြံပြုချက်အပေါ်၎င်း အခန်းဆက် (၂)စောင်ကို ချန်လှပ်ထားခဲ့ပါသည်။ မြစ်ဆုံအရေးအခင်းကို အချိန်ကာ လတခုတွင် လုံးခြင်းထုတ်ဝေနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ပါသည်။ "မန်းဘခိုင်" ဆောင်းပါးသည် စာကူးစက်၏ ချို့ယွင်းမှုကြောင့်စာစောင်အရေအတွက် (၃)ပုံ တပုံမျှ မပြည့်မစုံ ဖြစ်သွားပါသည်။ စာဖတ်ပရိသတ်များ အကြံပေးချက်ကြောင့် ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။

ယခု အမှတ်စဉ် (၇)သည် ကရင်အမျိုးသား နိုင်ငံရေးလှုပ်ရှားမှု၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် တိုက်ပွဲတွင် အသက်ပေးသွားကြသော အမျိုးသားခေါင်းဆောင်များ၏ ဆောင်ရွက်ချက်များကို ဖော်ပြ၍ တနည်းတဖုံ အတုယူနိုင်ရေးနှင့် ထိုပုဂ္ဂိုလ်များ၏ ကြိုးပမ်းချက်များသည် "ဂုဏ်ပြုဖွယ်ရာ"အဖြစ် သမိုင်းမှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။

"ကရင်အမျိုးသား အာဇာနည်အပေါင်း" ကောင်းရာသုဂတိသွားပါစေ၊



အယ်ဒီတာ



၁၉၉၆ ခုနှစ် မတ်လ တွင် သမိုင်းသုတေသန အဖွဲ့ (၃)ဖွဲ့ အစည်းအဝေး ပြုလုပ်နေပုံ။ အပေါ်ပုံ-



အစည်းအဝေးတက်ရောက်သူများ၊ ဝဲမှယာ-နောက်တန်း=အိုက်မောင် ၊ ခိုင်မင်းဝါ၊ ခိုင်ထွန်းဝင်း၊ ရဲဘော်ဝမ်းသာ၊ ဆရာထက်ခေါင်၊
-ရှေ့တန်း = ခွန်ဝါယမ ၊ ခွန်ခန်းကို၊ ဆရာမန်းအောင်ငွေး၊ ခိုင်ရဲလင်းအောင်၊ ခိုင်အာဏာနီ၊

☆ အာဇာနည် ဆိုသည်မှာ မိမိ ၏ အမျိုးသား အကျိုးအတွက် ကိုယ်ကျိုး စွန့် အနစ်နာခံခြင်း၊ အသက်တာတခုလုံး အပ်နှံ တိုက်ပွဲဝင်ရင်း ကျဆုံးသွားသော ကရင်အမျိုးသား အပေါင်းကို အမျိုးသား အာဇာနည်အဖြစ် သတ်မှတ်သည်။

☆ ၁၉၅၀ ခုနှစ် ဩဂုတ်လ (၁၂) ရက်နေ့ **KNU** ခေါင်းဆောင် စောဘ ဦးကြီးနှင့် ဗိုလ်ချုပ်စိုင်းကေတို့ ကျဆုံး သောရက်ကို အာဇာနည်နေ့အဖြစ် သတ်မှတ်သည်။ ကျဆုံးသော နေရာမှာ မော်လမြိုင်ခရိုင်၊ နဘူးမြို့နယ်၊ ထိုကော်ကိုး ကျေးရွာအနီး လယ်တဲတွင် ဖြစ်သည်။

☆ ၁၉၅၁ ခုနှစ် ဧပြီလတွင် ကျင်းပ သော **KGB (Karen Government Body)** အစည်းအဝေးတွင် ဆုံးဖြတ် အတည်ပြုသည်။

☆ ပထမဦးဆုံး အာဇာနည်များ အဖြစ် သတ်မှတ်ခဲ့သော ပုဂ္ဂိုလ်များမှာ စောဘဦးကြီး၊ ဗိုလ်ချုပ်စိုင်းကေ၊ စကောမောလေး၊ စောအောင်ဝင်းတို့ ဖြစ်သည်။

☆ စကောမောလေး (စောမောင် မောင်သန်း) စောအောင်ဝင်းတို့သည် ၁၉၄၉ ခုနှစ် ဇန္နဝါရီလ (၁)ရက်နေ့တွင် စတင်ခဲ့သော ကရင်လက်နက်ကိုင် တော် လှန်ရေးကာလ အင်းစိန်တိုက်ပွဲအတွင်း မှာပင် ကျဆုံးခဲ့သည်။

☆ ၁၉၄၉ ခုနှစ် နောက်ပိုင်း ကရင် အမျိုးသား လက်နက်ကိုင် တိုက်ပွဲအ တွင်း ကျဆုံးသွားသော အမျိုးသားများ ကို အာဇာနည်များအဖြစ် သတ်မှတ် သည်။

☆ ၁၉၅၁ ခုနှစ် ဩဂုတ်လ (၁၂) ရက်နေ့မှစ၍ အာဇာနည်နေ့ ပထမ အကြိမ် ပထမနှစ်အဖြစ် ကျင်းပခဲ့သည်။

☆ ၁၉၉၇ ခုနှစ် ဩဂုတ်လ (၁၂) ရက်နေ့သည် ၄၇ နှစ်မြောက် "အာဇာ နည်" နေ့ဖြစ်သည်။

❖ အာဇာနည်နေ့သည် ကရင် အမျိုးသားလက်နက်ကိုင် တော်လှန်ရေး သမားများနှင့် ကရင်ပြည်သူလူထု၊ လူ တန်းစား အဖွဲ့အစည်း၏ ပြဋ္ဌာန်းချက် ဖြစ်၍ အုပ်စိုးသူအဆက်ဆက် လက်ခံ အတည်ပြုခြင်း မရှိခဲ့ချေ။

❖ အာဇာနည်နေ့ကို မြန်မာပြည် နေရာအနှံ့ နေရာဒေသ အချိန်ကာလကို အခြေခံပြီး နည်းမျိုးစုံဖြင့် ကျင်းပကြ သည်။

❖ ဗဟိုအဆင့်၊ ခရိုင်အဆင့်၊ မြို့ နယ်အဆင့် တပုံစံတည်း ကျင်းပကြ သည်။

❖ **KNU** ဗဟိုမှ ကျင်းပရေး အစီ အစဉ်ကို ပုံစံချသတ်မှတ်ရာတွင်–

(က)၊ အချိန်

(ခ)၊ အလံတော်စိုက်ထူခြင်း၊ လွှင့်ထူခြင်း

(ဂ)၊ အာဇာနည် ကျောက်တိုင်

(ဃ)၊ အလေးပြုတပ်ဖွဲ့

(င)၊ ဂုဏ်ပြုတေးသီချင်း

(စ)၊ လွမ်းသူပန်းခွေချမှတ် စသည့် အဆင့်ဆင့် ဆောင်ရွက်ချက်များ ဖြစ် သည်။

❖ <u>အစီအစဉ်ကို အောက်ပါ အတိုင်း ဆောင်ရွက်သည်။</u>

(က)၊ ကြိုတင် သတ်မှတ်ထားသော အချိန်တွင်၊ ပရိသတ်များ၊ ကြိုတင်ဖိတ် ကြားထားသော ဧည့်သည်များ၊ အစီအ စဉ်တွင် ပါဝင်မည့် ဌာနဆိုင်ရာ အဖွဲ့ အသီးသီးတို့ စုံလင်သည်နှင့် အခန်း အနားမှူးမှ နေရာယူသည်။

(ခ)၊ အခန်းအနားမှူးမှ နေရာယူပြီး အခန်းအနား အစီအစဉ်ကို ဖတ်ကြား သည်။

(ဂ)၊ သဘာပတိနှင့်အဖွဲ့ကို ဖိတ်ကြားပြီး နေရာယူစေသည်။ ဂုဏ်ပြုတပ်ဖွဲ့မှ သဘာပတိအား အလေးပြု (တေးသံစုံ)

(ဃ)၊ အမျိုးသားအလံတော်ကို လွှင့်ထူ သည်။ (ဂုဏ်ပြုတပ်ဖွဲ့ သံစုံသီချင်းများဖြင့် ဆောင်ရွက်ရန်)

(င)၊ သဘာပတိမှ နှုတ်ဆက်စကား ပြော ကြားသည်။ (အပြီး သံစုံသီချင်းသီဆို)

(စ)၊ ကျဆုံးသွားသော "အာဇာနည်" များအား အလေးပြုအစီအစဉ်တွင် ဝမ်း နည်းသော အထိမ်းအမှတ်ဖြင့် အမျိုး သားအလံတော်ကို အလံတိုင်တဝက် လျှော့ချလွှင့်ထူခြင်း၊ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြု အစီအစဉ်၊ (တေးသံစုံ)

❖ အမျိုးသမီး၊ အမျိုးသား၊ လူ ရွယ်များ လွမ်းသူပန်းခွေချသည်။

– တဆက်တည်း အဖွဲ့ပေါင်းစုံ ဌာနဆိုင်ရာတို့က လွမ်းသူပန်းခွေချ သည်။ ထိုအစီအစဉ်တွင် အခန်းအနား မှူးက အစီအစဉ်အလိုက် ကြေငြာသည်။

❖ သဘာပတိအား အလေးပြု သည်။

❖ အစီအစဉ်ကို အမျိုးသား သီ ချင်းဖြင့် ရုပ်သိမ်း**သည်** -

မွန်းလွဲပိုင်းတွင် "အာဇာနည်" ခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိကို ဟော ပြောပွဲများ ကျင်းပကြသည်။

☆ ★ ☆ ★ ☆

**အာဇာနည် ဆိုသည်မှာ မိမိ၏ အမျိုးသား အကျိုး အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံခြင်း၊ အသက်တာတခုလုံး အပ်နှံ တိုက်ပွဲဝင်ရင်း ကျဆုံးသွားသော ကရင်အမျိုးသား၊ အပေါင်းကို အမျိုးသား အာဇာနည်အဖြစ် သတ်မှတ်သည်။**

# အာဇာနည်နေ့ ကျင်းပပုံ၊



အမျိုးသားအလံကို လွှင့်ထူစဉ်၊



လိုအပ်သော အစီအစဉ်တွင် သံစုံသီဆိုစဉ်၊



သဘာပတိ မိန့်ခွန်းပြောကြားစဉ်၊



ဝမ်းနည်းခြင်း အထိမ်းအမှတ်ဖြင့် အလံတိုင်တဝက် လွှင့်ထူစဉ်၊

အာဇာနည်နေ့ ဖြစ်ပေါ်လာခြင်းနှင့် ကျင်းပခြင်း။



**KNLA** အမြဲတန်းတပ်ဖွဲ့ အလေးပြုစဉ်၊



လွှမ်းသူပန်းခွေချခြင်း၊



လွှမ်းသူပန်းခွေချခြင်း၊

# စောဘဦးကြီး



The four principles-

1. For us surrender is out of question
2. The recognition of the Karen State must be complete
3. We shall retain our arms
4. We shall decide our own political destiny.

# စောဘဦးကြီးနှင့်တကွ အမျိုးသား အာဇာနည်များကို အစဉ်အမှတ်ရလျက်။

မြန်မာနိုင်ငံမှ ထင်ရှားသော ကရင် အမျိုးသား ခေါင်းဆောင်များတွင် ပုသိမ်ခရိုင် ဇာတိသားများ ပါရှိပါက၊ ထိုပုဂ္ဂိုလ်များသည်၊ ကိုသာဖြူကျောင်း၊ တိုင်တရာကျောင်း၊ ကိုးဆူ အကယ်ဒမီကျောင်း၊ နီကောလ် အထက်တန်းကျောင်း စသည်တို့နှင့် တနည်းမဟုတ် တနည်းဖြင့် ဆက်စပ်နေသူများသာ ဖြစ်သည်။ အမှန်စင်စစ် ထိုအမျိုးမျိုးသော အမည်နာမ ကွဲများသည် ပုသိမ်မှ လေးမိုင်ကွာတွင်ရှိသော (ကိုသာဖြူကျောင်း)တနေရာ တည်းကိုသာ ညွှန်းသော၊ ဝေါဟာရကွဲများ ဖြစ်လေသည်။

ဒေါကလူ ကရင် အမျိုးသားအသင်း (ကေအဲန်အေ)ကို ထူထောင်သော ဒေါက်တာ တီသံပြာ (၁၈၄၂)၊ အထက်လွှတ်တော် အမတ်လည်းဖြစ်၊ အမျိုးသားနှစ်သစ်ကူး တရားဝင် ကျင်းပ နိုင်ရန် စွမ်းဆောင်ခဲ့သော ဒေါက်တာ စံစီဖိုး (၁၈၇၀)၊ အောက်လွှတ်တော် အမတ်ဖြစ်ပြီး အမျိုးသား နှစ်သစ်ကူးကို ကျင်းပနိုင်ရန် အဓိကအခန်းမှ ပါဝင်ခဲ့သူ စောဖေသာ (၁၉၀၃)၊ ကေအဲန်ယူ ဥက္ကဋ္ဌ ဖြစ်ခဲ့ဘူးသူ စောစံဖိုးသင် (၁၉၀၃)၊ စသည့်အမျိုးသား ခေါင်းဆောင်တို့ ကို စံနမူနာအဖြစ် ဖော်ပြ



### စောဘဦးကြီး၏ ငယ်စဉ်ဘဝ၊

အာဇာနည်ခေါင်းဆောင် စောဘဦးကြီးကို ပုသိမ်ခရိုင်၊ ဘဲဂယက် ကျေးရွာတွင် ၁၉၀၅ ခုနှစ်၌ ဖွားမြင်ခဲ့သည်။ ဘခင်မှာ စောသာမြတ်ကြီး ဖြစ်သည်။ ဘဲဂယက် ကျေးရွာသည် ပုသိမ်မြို့ မြောက်ဘက် မိုင် (၆)အကွာ၊ ဟင်္သာတ ပုသိမ် မီးရထားလမ်းတွင် တည်ရှိပြီး၊ ထိုခေတ် ထိုအချိန်က အိမ်ခြေ (၂၀၀)ခန့် ရှိသည်။ ကရင်အမျိုးသား ခရစ်ယာန် ဘာသာဝင် အများစု နေထိုင်သော ကျေးရွာ တရွာဖြစ်သည်။

၁၉၄၂ ခုနှစ်၊ ဂျပန်ခေတ်က ဖြစ်ပွားခဲ့သည့် ကရင် ဗမာ အဓိကရုဏ်းတွင် အသတ်ခံရသော ကရင်အမျိုးသား ပါလီမန်အမတ်တဦးဖြစ်သူ စောဖေသာသည်၊ စောဘဦးကြီးကဲ့သို့ ဘဲဂယက်ရွာဇာတိဖြစ်ပြီး စောဘဦးကြီးနှင့် ဆွေမျိုးမကင်းသူဖြစ်သည်။ စောဘဦးကြီး၏ ဘခင် စောသာမြတ်ကြီးနှင့် စောဖေသာ၏ ဘခင် ဦးနတို့သည် ညီအကို တော်စပ်ကြသည်။ နှစ်ဦးစလုံးမှာ ထိုဒေသတွင် မြေပိုင်ရှင်ကြီးများ ဖြစ်ကြသည်။

စောဘဦးကြီးသည် ပုသိမ်မြို့ ကိုသာဖြူ ကျောင်းဟုခေါ်သော နီကောလ် အထက်တန်းကျောင်းတွင် အထက်တန်း အောင်သည်အထိ ပညာသင်ကြားခဲ့ပြီး၊ မော်လမြိုင်ရှိ အထူး အင်္ဂလိပ်စာ သင်ကြားသော၊ မစ္စတာ ဝက်ဒက်စမွန် ကျောင်းတွင် ဆက်လက်လေ့လာကာ၊ ဗြိတိန်သို့ ပညာတော်သင် သွားခဲ့သည်။ ဗြိတိန်မှ ဝတ်လုံဘွဲ့ကို ရယူခဲ့သည်။

## BA U GYI FOUR PRINCIPLES

1. *For us, surrender is out o; question*
2. *The recognition of the Karen State must be completed*
3. *We shall retain our arms*
4. *We shall decide our own political destiny*

၁. [illegible]
၂. [illegible]
၃. [illegible]
၄. [illegible]

စောဘဦးကြီးနှင့်တကွ အမျိုးသား အာဇာနည်များကို အစဉ်အမှတ်ရလျက်။

နိုင်ပါ သည်။ အခြားသော ဘာသာရေး ခေါင်းဆောင် အများအပြားလည်း ရှိပါ သည်။ ထိုခေါင်းဆောင်များမှာ ကိုးဆူရှာ ကိုသာဖြူကျောင်း၊ စသော သာသနာပြု စခန်းမှ အမေရိကန် ဗြိတိန်သို့ တိုးလျှို ပေါက်ခဲ့သော၊ သာသနာလမ်းကြောင်း ကို အခြေပြုခဲ့ပြီး၊ ထိုနိုင်ငံများမှ ဘွဲ့ထူး ဂုဏ်ထူးများကို ရယူခဲ့သည်သာမက၊ ကိုယ့်အမျိုး သား များအတွက် နိုင်ငံရေး၊ ဘာသာရေး လုပ်ငန်းများတွင် ပြန်လည် တာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြ လေသည်။

## လူမှုရေးနှင့် နိုင်ငံရေး ရေခံ မြေခံ။

ခေါင်းဆောင်တဦး ဖြစ်ထွန်း ပေါ်ပေါက်လာရေး၌ ၎င်း၏ ရေခံ မြေခံ ပတ်ဝန်းကျင် ဖစ်မြစ်နှင့် နိုင်ငံရေး၊ လူမှု ရေး အခြေခံများမှာ လုံးဝဆက်စပ်နေ သည်ဟု ဆိုရမည်ဖြစ်သည်။ ပုသိမ်မြို့ ပတ်ဝန်းကျင်မှာ ကရင်လူမျိုးများ ထူ ထပ်စွာ နေထိုင်လျက်ရှိပြီး၊ ၁၈၅၂ ခုနှစ် အင်္ဂလိပ် မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပြီး နောက်တွင် မြန်မာပြည် ကရင်အမျိုး သား နှစ်ခြင်းခရစ်ယာန် သာသနာပြု လုပ်ငန်းဌာနချုပ်အဖြစ် ပုသိမ်မြို့ကို ရွေးချယ်ခဲ့ရာ ထိုဒေသရှိ ကရင် လူ့အဖွဲ့ အစည်း၏ လူမှုရေး၊ ပညာရေး၊ စီးပွား ရေး စသည်တို့ကိုပါ တပါတည်း အကျိုး သက်ရောက် တိုးတက်စေခဲ့လေသည်။

ပုသိမ်မြို့ကို ပဋ္ဌမဦးဆုံး သာ သနာပြု စခန်းအဖြစ် စတင်တည်ထောင် သူမှာ ဆရာ "အယ်ဘော့" **(Mr. Abbot)** တို့ ဇနီးမောင်နှံ ဖြစ်သည်။ ဆရာ "အယ် ဘော့"သည် သာသနာပြု ဆရာအဖြစ် မော်လမြိုင်သို့ ရောက်လာသည်မှာ ၁၈၃၆ ခုနှစ်က ဖြစ်သည်။ အင်္ဂလိပ် မြန်မာ ပဋ္ဌမစစ်ပွဲအပြီး မြန်မာတို့ စစ်ရှုံး သဖြင့် ဘိတ်– ထားဝယ်နှင့် ရခိုင်ပြည်ကို အင်္ဂလိပ်တို့အား လွှဲအပ်ခဲ့ရာ ထိုဒေသမှာ အင်္ဂလိပ် အုပ်ချုပ်ရေးဒေသ ဖြစ်နေ ချိန်ဖြစ်သည်။ ဆရာ "အယ်ဘော့" သည် မော်လမြိုင်သို့ ရောက်လာပြီး နောက် မြန်မာအုပ်ချုပ်ရေး ဒေသ အတွင်း ဝင်ရောက်သာသနာပြုရန် စိတ်အားထက်သန်ခဲ့သည်။ ထို့ကြောင့် ၁၈၃၇ ခုနှစ်၊ နိုဝင်ဘာလမှ ၁၈၃၈ ခုနှစ် စက်တင်ဘာလအထိ၊ မော်ဘီနှင့် ပန်းတ နော် ဒေသသို့ ဝင်ရောက်ပြီး သာသနာပြု ရာ ကရင်လူမျိုး ကျား /မ (၁၁၇) ယောက်ကို ရေနှစ်ခြင်း မင်္ဂလာ ပေးခဲ့ရ လေသည်။ ပန်းတနော်မြို့၌ ကျမ်းစာသင် ကျောင်း တကျောင်းကိုပင် ဖွင့်လှစ်လိုက် သေးသည်။ သို့သော် မူလကတည်းက ခရစ်ယာန် သာသနာကို ခွင့်မပြုလိုခဲ့သော



THAPG'H THA MYAT KYI.

မြန်မာအုပ်ချုပ်ရေး အာဏာပိုင်များက၊ တားမြစ်ကြသဖြင့် ဆရာ"အယ်ဘော့" တို့ ဇနီးမောင်နှံမှာ တပ်ခေါက် ပြန်ခဲ့ရ လေသည်။ သို့သော် သာသနာပြုရေးကို အားမလျှော့ဘဲ အင်္ဂလိပ် အုပ်ချုပ်ရေး လက်အောက်တွင် ရှိနေသော ရခိုင်ပြည် သံတွဲမြို့သို့ သာသနာပြုရန် ၁၈၃၈ ခုနှစ်၌ ဆိုက်ရောက်လာခဲ့သည်။

(ထိုခရီးတွင် ကိုသာဖြူ ပါလာသည်ဟု မှတ်တမ်းမှ ဖော်ပြထားသည်။)

ဆရာအယ်ဘော့တို့ ဇနီးမောင် နှံသည် သံတွဲသို့ ရောက်ရောက်ခြင်း ရိုးမ အရှေ့ခြမ်းတွင် ရှိသော ကရင်ကျေးရွာ များသို့ သာသနာ့သတင်းကို ပါးလိုက် လေသည်။ယခင်ကတည်းက ခရစ်ယာန် သာသနာအပေါ် စိတ်ဝင်စားနေသော ကရင်လူထုကြီးမှာ တသုတ်ပြီး တသုတ် ရောက်ရှိလာခဲ့သည်။ ဤကဲ့သို့ မြန်မာ အုပ်ချုပ်ရေး ဒေသမှ ကရင်များသည် မူလက တားမြစ်ထားသော သာသနာသို့ အစုလိုက် အပြုံလိုက်၊ ကူးပြောင်းခဲ့ခြင်း ကို၊ မြန်မာအာဏာပိုင်တို့က အမျက် ထွက်ပြီး၊ ထိုဒေသရှိ ကရင်လူမျိုးများကို စတင်၍ ဖိနှိပ်ညှဉ်းပန်းမှုများ ပြုလုပ်လေ တော့သည်။ ကရင်ကျေးရွာ အများ အပြားမှ လူထုများသည် ရခိုင်ပြည်တွင်း သို့ ပြောင်းရွှေ့လာခဲ့ကြရသည်။ ထိုစစ် ပြေးများအတွက်၊ နေရာချထားရေးနှင့် စားရေး သောက်ရေး အဆင်ပြေစေရန် ဆရာ "အယ်ဘော့" ကိုယ်တိုင် ဗြိတိသျှ အာဏာပိုင်များနှင့် တိုင်ပင်၍ စီစဉ် ဆောင်ရွက် ခဲ့ရသည်။ ထိုကာလ အတောအတွင်းမှာပင် ကူးစက်ရောဂါ များ ကျရောက်သဖြင့် ကရင်စစ်ပြေး အများအပြား သေဆုံးကြသည်။ ဆရာ "အယ်ဘော့" မှတ်တမ်း၌ သံတွဲခရိုင် "အုဘုချောင်း" အသင်းတော်သို့ ခိုလှုံ ဝင်ရောက်လာသော စစ်ပြေး ဒုက္ခသည် ၁၄၁ အနက်၊ ကူးစက်ရောဂါကြောင့် လူပေါင်း (၁၂၈) သေဆုံးသွားသည်ဟု ဖော်ပြထားသည်။ ကျေးရွာ အသီးသီးမှ သေဆုံးမှု မှာထားသည် မသေချာလှ ပေ။ "ပုသိမ်ဒေသမှ စစ်ပြေးများမှာ မြန်မာ အုပ်ချုပ်ရေး အာဏာပိုင်တို့၏ ဖိနှိပ်မှုကြောင့် အိုးမဲ့အိမ်မဲ့ ဘဝ ဖြစ်ခဲ့ ရသည် သာမက ရောဂါဘေး ကလည်း နှိပ်စက်ပြန်သဖြင့် အထီးကျန် အလွန် ရောက်ခဲ့ကြလေသည်" ဟု သာသနာ မှတ်တမ်းတွင် ဖော်ပြထား လေသည်။ ဤသို့ဖြင့် ၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ် မြန်မာ စစ်ပွဲဖြစ်ပွား လာခဲ့ရာ မြန်မာတို့ စစ်ရှုံးပြီး အောက် မြန်မာပြည် ရန်ကုန်၊ ပုသိမ်မှ တောင်ငူအထိ ဒေသများကို အင်္ဂလိပ်တို့ လက်အောက်သို့အပြီး လွှဲ ပြောင်း ပေးလိုက်ရ ပြီးသည်။ ထိုစစ်ပြီး ကာလ ၁၈၅၂ ခုနှစ် မှာပင် ဆရာအယ် ဘော့သည် ပုသိမ်မြို့သို့ ပြန်လည်ပြောင်း ရွှေ့ နေထိုင်ခဲ့လေသည်။ ရခိုင်ပြည်ရှိ

# ဆောဘိုးကြီးနှင့်တကွ အမျိုးသား အာဇာနည်များကို အစဉ်အမှတ်ရလျက်။



ပင်လယ်ရပ်ခြား ဆန်စပါး ရောင်းဝယ်မှုတွင် အချက်အခြာ ပင်လယ်ဆိပ်ကမ်းမြို့တမြို့ဖြစ်သည့် ပုသိမ်မြို့၏ဆိပ်ကမ်းရှုခင်းတရပ်

ကရင် စစ်ပြေးများလည်း၊ မိမိတို့ ဇာတိကျေးရွာဒေသ အသီးသီးသို့ ပြန်လည်ဝင်ရောက် နေထိုင်ကြသည်။ ကရင်ကျေးရွာအားလုံး လိုလို မီးရှို့ ခံရပြီး၊ ပြာပုံအတိသာ ကျန်နေသောအချိန် ဖြစ်လေသည်။ ကရင်ရွာ တရွာတည်းသာလျှင် အကောင်းပကတိ ကျန်ခဲ့သည်။ ဆရာ "အယ်ဘော့"လည်း ကျန်းမာရေး ချို့ယွင်း လာသဖြင့် အနားယူရန် ပုသိမ်မှ မော်လမြိုင်သို့ ရေကြောင်းခရီးဖြင့် ပြန်လာခဲ့လေသည်။ တဖန် မော်လမြိုင်မှ တဆင့် အမေရိကားသို့ ပြန်သွားလေသည်။ နောက်တနှစ်အကြာ ၁၈၅၃ ခုနှစ် ဒီဇင်ဘာလ (၃)ရက်နေ့တွင် အမေရိကား၌ ကွယ်လွန်သွားခဲ့သည်။

"ဆရာအယ်ဘော့" ပုသိမ်မှ ထွက်လာသည်နှင့် သူ့နေရာတွင်၊ "ဆရာဘီချယ်"က ဝင်ရောက် တာဝန်ယူခဲ့သည်။ ဆရာဘီချယ်သည် ရောက်ရောက်ချင်းမှာပင် တောကြို့ လျှိုကြားထဲကွဲတပြား ဖြစ်နေကြသော၊ ကရင်ကျေးရွာသားများအတွက် ပြန်လည်နေရာ ချထားရေးကို၊ ဦးစွာဆောင်ရွက်ရလေသည်။ ထိုဒေသ တခုလုံးမှာ လုယက် တိုက်ခိုက်မှုများ၊ ဖြစ်ပွားနေသောကြောင့်၊ လုံခြုံကောင်းမွန်သော ဒေသအဖြစ် ပုသိမ်မှ (၄)မိုင်အကွာတွင် ရှိသော၊ ကိုးဆူ ဒေသကို ရွေးချယ်ခဲ့လေသည်။ ယင်း၌ ရွာသားများအား နေရာချပြီး စာသင်ကျောင်းကို စတင်ဖွင့်လှစ်ခဲ့သည်။ "ဆရာဘီချယ်"**(Mr. Beecher)**သည် ကရင်လူကြီးများနှင့် တိုင်ပင်ပြီး၊ ကရင်အမျိုးသားများအတွင်း ဝိညာဉ်ရေး၊ လောကုတ္တရာရေးအတွက်၊ အဆင့်မြင့် ပညာရေးများကို သင်ကြားနိုင်ရန် စီစဉ်လေသည်။ အထူးသဖြင့် စာသင်ကျောင်းများကို တိုးချဲ့ဆောက်လုပ်နိုင်ရန် မြေနေရာ အလုံအလောက်ရှိဘို့ လိုအပ်နေသည်။ ထို့ကြောင့် မြေကေ (၁၀)ရှိသော၊ မြေကွက် တကွက်ကို ဗြိတိသျှဒေသ အုပ်ချုပ်ရေးမှူးထံတောင်းရာ ခွင့်ပြုချက် ရရှိခဲ့သည်။ နောက်ပိုင်း ဆရာကာပင်တာက (၆)ကေ ထပ်မံဝယ်ယူတိုးချဲ့သဖြင့် (၁၆)ကေ ကျယ်သော မြေနေရာနှင့် သာသနာ့ရိပ်သာကြီးကို တည်ဆောက်နိုင်ခဲ့လေသည်။ ထိုနေရာမှာ နောင်တွင် ကိုသာဖြူကျောင်း တည်ဆောက်မည့် နေရာဖြစ်လေသည်။

ဆရာ "ကာပင်တာ" **(Mr. Carpenter)**သည် ၁၈၇၄ ခုနှစ်တွင် ရန်ကုန် ကရင်အမျိုးသားကောလိပ်ကို စတင်တည်ထောင်သူ ဖြစ်သည်။ ထို့နောက် ကျောင်းအုပ်တာဝန်မှ နုတ်ထွက်ပြီး ပုသိမ်သို့ ပြန်လာရာ အမျိုးသမီးသက်ငယ် ကျောင်းတဆောင်ကို ၁၈၇၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ ပုသိမ်တွင် ကရင်အမျိုးသားများထဲမှ ပဌမဦးဆုံး ခရစ်ယာန်ဖြစ်လာသူ "ကိုသာဖြူ"အား ဂုဏ်ပြုသောအားဖြင့် ဘုရားကျောင်း တကျောင်းကို ဆောက်လုပ်ခဲ့ရာ၊ တိုင်ပေါင်း (၁၆)တိုင်ရှိလေ သည်။ ၁၈၇၈ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ကိုသာဖြူ ရေနှစ်ခြင်း ခံယူသောနေ့ မတ်လ (၁၆)ရက်နေ့တွင် 'အနေကဇာ' ပြုလေသည်။... ၁၈၈၀ ခုနှစ်တွင် "ဆရာကာပင်တာ" တို့ ဇနီးမောင်နှံ အမေရိကားသို့ ပြန်လည် ထွက်ခွာရာ ၎င်းတို့၏တာဝန်ကို ဆရာ "ဒေါက်တာ နီကောလ်"က **(Dr. Nichols)**က ဆက်လက် လွှဲပြောင်း ယူခဲ့လေသည်။

"ဆရာနီကောလ်" သည် ထူးခြားသော သာသနာပြု ဆရာတဦးဖြစ်သည်။ လူ့လောကနှင့် သက်ဆိုင်သော အလုပ်အကိုင်ဟူသမျှမှာ သာ

သနာလုပ်ငန်းကို၊ တနည်းနည်းနှင့် ဆောင်ရွက်သည်သာ ဖြစ်သည်ဟူသော အယူအဆ ရှိသူဖြစ် လေသည်။ သူ့လက်ထက်တွင် စာပုံနှိပ် စက်၊ သစ်စက်၊ ဆန်စက်၊ စသည်တို့ကို တည်ဆောက်ခဲ့သည်။ စာပုံနှိပ်စက် ဖြင့် ဖဲယား ပလေး **(Fair Play)**ခေါ် ကရင်စာစောင်ကို စတင် ပုံနှိပ်ထုတ်ဝေ ခဲ့သည်။ "ကိုသာဖြူ" ဘုရားကျောင်း ကိုလည်း အုတ်တိုက်အဖြစ် ပြန်လည် ဆောက်လုပ်ခဲ့သည်။ သာသနာရေး သာမက၊ လောကီပညာရေးတွင် တိုး တက်လာ သည်။

၁၉၁၀ ခုနှစ်တွင် ကိုသာဖြူကျောင်းကို အထက်တန်းအဆင့် တိုးမြှင့်သင်ကြားခွင့် ပြုခဲ့သည်။ ခရစ်ယာန်စာသင်ကျောင်းများအနက် ပဌမ ဦးစွာ တိုးမြှင့်ခြင်း ခံရသော ကျောင်းဟု ဆိုရမည်ဖြစ်သည်။ကျောင်းသားများ တစထက်တစ တိုးတက်များပြားလာရာ အဆောက်အဦ များလည်း တခုပြီး တခု တိုးချဲ့ဆောက်လုပ် ရလေသည်။

ထိုကျောင်းမှ ထွက်ကြသော ကရင် အများအပြားသည် အင်္ဂလိပ် အုပ်ချုပ်ရေး လက်အောက်တွင် ဝန်ထောက်၊ မြို့အုပ်၊ သစ်တောဝန်၊ ကျောင်းအုပ်၊ ရာဇဝတ်အုပ်၊ စသော ရာထူးများကို အသီးသီးတာဝန်ယူ ထမ်းဆောင်ကြလေသည်။ စစ်မှုထမ်း များအဖြစ် နိုင်ငံခြားသို့ သွားရောက် တာဝန်ထမ်းဆောင် တိုက်ခိုက်ကြသူ များလည်း ရှိသည်။ "ကိုးဆူ" ကျေးရွာမှာ အင်္ဂလိပ် လက်အောက် စစ်မှုထမ်း အများဆုံးထွက်သော ရွာအဖြစ်၊ အသိအမှတ်ပြု ခံရလေသည်။ ထိုသို့သော ရှေ့ဆောင်ရွှေ့ရွက် ပြုခဲ့မှုများကြောင့် ၁၉၁၆ ခုနှစ်တွင် "ဆရာနီကောလ်"အား အင်္ဂလိပ် အစိုးရက **(K.I.H.)**ဘွဲ့ကို ပေးအပ်ခဲ့သည်။ ကိုသာဖြူကျောင်းကို တိုက်ကျောင်းအဖြစ် ပြန်လည် တည်ဆောက်ခဲ့ရာတွင် ၁၉၂၂ ခုနှစ် ဖေဖော်ဝါရီလ (၄)ရက်နေ့၌ အနေကဇာ တင်နိုင်ခဲ့လေသည်။

"ဆရာနီကောလ်"တို့ ဇနီးမောင်နှံသည် မြန်မာပြည်တွင် နှစ်ပေါင်း (၄၂)နှစ်တာမျှ သာသနာပြု တာဝန်ကို ထမ်းဆောင်ပြီး ၁၉၃၁ ခုနှစ် ဧပြီလတွင် အမေရိကားသို့ အပြီးအပိုင် ပြန်သွားလေသည်။ ၁၈၇၉ မှ ၁၉၃၁ ခုနှစ်အထိ သာသနာ တာဝန်ကို ထမ်းဆောင်ခဲ့ရာနောက် အနာဂါတ် ကာလတွင် ပုသိမ်ခရိုင်သည် ထိုဒေသရှိ ကရင်အမျိုးသားအမျိုးသမီး များအား၊ အမျိုးသားနိုင်ငံရေးနှင့် ဘာသာရေး ခေါင်းဆောင်များအဖြစ်၊ ပြုစုပျိုးထောင်ရာ အခြေခံ စခန်းကြီးအဖြစ် တည်တံ့ခိုင်မြဲ နေလေတော့သည်။ ဤသို့သော အခြေခံ စခန်းတွင် စောဘဦးကြီးသည် ပညာသင်ကြား ဆည်းပူးခဲ့ရ လေသည်။

စောဘဦးကြီး၏ ဇာတိကျေးရွာ ဘဲဂယက် ကျေးရွာသည် ထိုခေတ် ပုသိမ်ခရိုင် ဒေသအတွင်း ပေါ်ပေါက်လျှက်ရှိသော နိုင်ငံရေး၊ လူမှုရေး အကျိုးဆက်တို့ ထပ်တူ ခံစားရသော ကျေးရွာတရွာသာ ဖြစ်ပါသည်။ အင်္ဂလိပ် မြန်မာ ဒုတိယ စစ်ပွဲ မတိုင်မီ မြန်မာ ပဒေသရာဇ် အာဏာပိုင်များက ကရင်အမျိုးသား ခရစ်ယာန် ဘာသာဝင်များအပေါ် နှိပ်စက်မှုဒါဏ်ကို၊ ထပ်တူ ခံခဲ့ရသည့် နည်းတူ အင်္ဂလိပ် မြန်မာ ဒုတိယ စစ်ပွဲအပြီး ပုသိမ်မြို့တွင် သာသနာပြု ဌာနချုပ်ကြီး တည်ဆောက်ခဲ့ ရာ သနာရေးနှင့် ပညာရေး ဖွံ့ဖြိုးရေး ရေစီးကြောင်းတွင် လည်း အလိုက်သင့် ပါဝင်ခံစားခဲ့ ရလေသည်။ စောဘဦးကြီး မွေးဖွားခဲ့ သော ၁၉၀၅ ခုနှစ်တွင် ကိုသာဖြူကျောင်းကြီးသည် လောကီ လောကုတ္တရာ ပညာရပ်များကို ဖြန့်ဖြူးရာ တခု တည်းသော ဌာနကြီး အဖြစ် အခိုင်အမာ တည်ရှိနေပြီး စောဘဦးကြီး (၅)နှစ်သား အရွယ်တွင် ကိုသာ ဖြူကျောင်းသည် အထက်တန်း ပညာရပ်ကို သင်ကြားရန် တိုးမြှင့် သတ်မှတ်ခြင်း ခံရပြန်သည်။ ထို့ကြောင့် စောဘဦးကြီး၏ ငယ်စဉ်ဘဝ ပညာသင်ကြားရေးသည် ရေကန်အသင့် ကြာအသင့် ဆိုသလို ဖြစ်ခဲ့လေသည်။ ထို့အပြင် ၁၈၅၁ ခုနှစ်မှ အစပြုခဲ့သော သာသနာ လုပ်ငန်းသည် ပုသိမ်မြို့ ကိုသာဖြူကျောင်း၊ ကိုးဆူ ကျေးရွာနှင့် ဗြိတိန် အမေရိကန် စသော နိုင်ငံကြီးများကို ပေါင်းကူး တံတားကြီးတခု အဖြစ်၊ တည်ရှိနေလေသည်။ ထိုသို့ ဖြစ်ရသည်မှာ ဆရာအယ်ဘော့၊ ဆရာဘီချယ်၊ ဒေါက်တာခရော့စ်၊ ဆရာ ကာပင်တာ၊ ဆရာနီကောလ်၊ တို့၏ ကြိုးပမ်းမှုပင် ဖြစ်လေသည်။ ဆရာနီကောလ်၏ ကြိုးပမ်းမှုအဖြစ် နီကော် အထက်တန်းကျောင်းသည်ပင် စောဘဦးကြီး၏ ပညာရေး အုတ်မြစ်ချရာ စခန်းတခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပြီး ဖြစ်လေသည်။

စောဘဦးကြီး၏ ငယ်စဉ်ကာလ ပညာရေးသည် ဖြောင့်ဖြူးသကဲ့သို့ သူ၏ မိဘများ၏ စီးပွားရေး ကလည်း အခြေခိုင်လှပေသည်။ ၁၉၀၂ ခုနှစ်က ဖောက်လုပ်ပြီးစီးသွားသော ပဿိမတ ပုသိမ် မီးရထားလမ်းသည် ဘဲဂယက်ရွာ



DR. C. A. NICHOLS. K.I.H.

ကို ဖြတ်ကျော်သွားရာ ထိုမြို့ နှစ်မြို့လုံးနှင့် ဆက်သွယ်ရေး လမ်းကြောင်းသည် ယခင်က ရက်အတန်ကြာ သွားရသော်လည်း ယခုကာလ၌ နာရီ အနည်းငယ်အတွင်း ကူးသန်း သွားနိုင်ခဲ့ပြီ ဖြစ်သည်။ မိမိ၏ အလျှံပါယ် ထွက်နေသော ဆန်စပါးများကို တင်ပို့နိုင်ခဲ့ပြီးသော အချိန်အခါ သမယ ဖြစ်လေသည်။ အထူးသဖြင့် ပုသိမ် တခရိုင်လုံး၏ စီးပွားရေးမှာ ဆန်စပါးသာလျှင်ဖြစ်ပြီး ပုသိမ်မြို့ ဆိပ်ကမ်းသည်၊ မြန်မာပြည်ရှိ ဆိပ်ကမ်းမြို့ကြီးများနှင့် နိုင်ငံတကာသို့ ဝင်ထွက်နိုင်သော ပင်လယ်ဆိပ်ကမ်း တခု ဖြစ်သည်။ စောဘဦးကြီး၏ မိဘ၊ ဘိုးဘွားပိုင်လယ်မြေမှ ထွက်သော စပါးများသည် နိုင်ငံတကာ ဈေးကွက်သို့ လျှောလျှောလျူလျူ ရောက်နိုင်ပြီးသော ကာလဖြစ်လေသည်။ ထို့ကြောင့် စောဘဦးကြီး မိဘတို့၏ စီးပွားရေး အခြေခံမှာ ထိုခေတ် စောဘဦးကြီး၏ ပညာရေးကို အနှောက်အယှက် အဆီးအတားမရှိဘဲ လိုရာ အဆင့်အထိ ပို့ဆောင်နိုင်စွမ်းရှိလေသည်။

## စောဘဦးကြီး နှင့် (၉၁)ဌာန အုပ်ချုပ်ရေး

စောဘဦးကြီး အင်္ဂလန်မှ ပညာသင်ကြားခဲ့ရာတွင် ဝတ်လုံဘွဲ့ကို ရယူခဲ့သည်သာမက၊ ဗြိတိန်သူ တဦးနှင့် အိမ်ထောင်ကျခဲ့ရာ၊ သားတယောက်၊ သမီးတယောက် ထွန်းကားခဲ့လေသည်။ စောဘဦးကြီး၏ တရွာတည်း သားလည်းဖြစ်ပြီး၊ ညီအကို တော်စပ်သော စောဖေသာသည်လည်း၊ သူကဲ့သို့ပင် ဝတ်လုံဘွဲ့ကိုရယူခဲ့သည့်နည်းတူ ဗြိတိန်သူ နှင့်လည်း အိမ်ထောင်ကျခဲ့လေသည်။ သူတို့နှစ်ဦးသည် မြန်မာနိုင်ငံသို့ ရှေ့ဆင့်နောက်ဆင့် ပြန်ရောက်ခဲ့ လေသည်။ စောဘဦးကြီးမှာ ပြန်ရောက်ရောက်ခြင်း၊ ပုသိမ်မြို့ ကန်သုံးဆင့်တွင် မိသားစုနှင့် နေထိုင်လေသည်။ သူပြန်ရောက်သော ကာလသည် မြန်မာပြည် (၉၁)ဌာန အုပ်ချုပ်ရေး ကာလဖြစ်ပြီး၊ စောဘဦးကြီး၏ အကိုတော် စောဖေသာသည် မြောင်းမြ မဲဆန္ဒနယ်မြေတွင် ဝင်ရောက်အရွေးခံ ပြီး၊ ၁၉၃၇ – ၃၈ ပါလီမာန်နှစ်တွင် အောက်လွှတ်တော် အမတ်ဖြစ်လာလေသည်။ (၉၁)ဌာန အုပ်ချုပ်ရေးသည် လွှတ်တော် ရွေးကောက်ပွဲကို ပါတီ အသီးသီး ယှဉ်ပြိုင်နိုင်ပြီး မဲအများဆုံးရသော၊ ပါတီက အစိုးရအဖွဲ့ကို ဖွဲ့စည်းခွင့်ရလေသည်။ ၁၉၃၈ ခုနှစ် (၉၁)ဌာန အုပ်ချုပ်ရေးကာလက၊ ထင်ရှားသော ပါတီများမှာ ဒေါက်တာဘမော် ဦးဆောင်သော ဆင်းရဲသားပါတီ၊ ဦးဘဖေ ဦးဆောင်သော ငါးပွင့်ဆိုင်ပါတီ၊ ဦးချစ်လှိုင်ပါတီ၊ တသီးပုဂ္ဂလနှင့် အခြားသော ပါတီအများအပြား ဝင်ရောက် အရွေးခံကြလေသည်။

စောဘဦးကြီးသည် ၁၉၃၈ (၉၁)ဌာန အုပ်ချုပ်ရေး ကာလ ထိုခေတ်နိုင်ငံရေး လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်သည်ထက် မိမိရယူခဲ့သော ဥပဒေ ပညာကို ကျွမ်းကျင်မှုရှိရန် ရှေ့နေလိုက်၍သာ နေလေသည်။ ရှေ့နေအဖြစ် အောင်မြင်သင့်သလောက်လည်း အောင်မြင်လာလေသည်။

## စောဘဦးကြီးနှင့် ၁၃၀၀ ပြည့် အရေးတော်ပုံ

၁၉၃၈ ခုနှစ်သည်၊ ထူးခြားသော နှစ်ဟု ဆိုရမည်သာ ဖြစ်သည်။ အလုပ်သမား သပိတ်၊ လယ်သမား သပိတ်၊ ကျောင်းသား သပိတ် စသော နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများ အမြင့်ဆုံး ဒီဂရီသို့ ရောက်ခဲ့လေသည်။ အထူးသဖြင့် ဗိုလ်အောင်ကျော် ကဲ့သို့သော မျိုးချစ် ကျောင်းသားတဦးကို ဗြိတိသျှ အာဏာပိုင်များက နံပတ်ဒုတ်ဖြင့် ရိုက်နှက် သေဆုံးမှုသည်၊ နိုင်ငံလုံးဆိုင်ရာ နယ်ချဲ့ဆန့်ကျင်ရေး ဒေါသကို အထွဋ်အထိပ်သို့ ရောက်ခဲ့ရလေသည်။ နယ်ချဲ့ တို့ကလည်း ကုလား၊ ဗမာ အဓိကရုဏ်း ကို ဖန်တီးပြီး နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓါတ် များကို ချိုးနှိမ်ရန်အတွက် ကြိုးပမ်း ခဲ့ သည်။ ဤသို့ဖြင့် ကိုလိုနီ ဆန့်ကျင်ရေး သည် လက်နက်ကိုင် တိုက်ပွဲဖြင့်သာ အဆုံးသတ်ရမည် ဟူသော သဘော တရားကို ထိုခေတ် မျိုးချစ်ခေါင်း ဆောင်များတွင် ခိုင်မာသော သံန္နိဋ္ဌာန် တရပ် ချမှတ်ကြလေသည်။ မကြာမီ ၁၉၃၉ ခုနှစ်တွင် ဥရောပတွင် ဒုတိယ ကမ္ဘာစစ်မီးကြီး တောက်လောင် လာ လေတော့သည်။

စောဘဦးကြီး အနေဖြင့် စစ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေး တိုက်ပွဲနှင့် ဆက်စပ်မည်ကို ဒိဋ္ဌ တွက်ချက်ပုံရပြီး၊ ဇနီးသည်နှင့် သားသမီးများကို အင်္ဂလန်သို့ ပြန်ပို့လိုက်လေသည်။ ၎င်းအနေနှင့် ကိုလိုနီ ဆန့်ကျင်ရေး၊ တနိုင်ငံလုံး လှုပ်ရှားမှုကို လိုအပ်သလို ပါဝင်ရန်လည်း ပြင်ဆင်ထားလေသည်။ အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ် အခက် ဗမာ အချက် ဆိုသကဲ့သို့ စစ်ပွဲ ဖြစ်လာသည်နှင့် ထိုစစ်ပွဲသည် နှစ်ပေါင်း တရာနီးပါးမျှသော၊ ကိုလိုနီ တံပိုးကို ရိုက်ချိုးပြီး အမျိုးသား လွတ်လပ်ရေး စစ်ပွဲနှင့် တဆက်တည်း၊ တစပ်တည်း ဖြစ်မည်မှာ ထင်ထင်ရှားရှား မြင်တွေ့ နေရပြီ ဖြစ်လေသည်။

ဒုတိယ ကမ္ဘာစစ်သည် ဂျာမန် များက၊ ကြိုတင်ပြင်ဆင်မှု ရှိသောကြောင့် အလျင်မြန် အောင်ပွဲရပြီး၊ အင်္ဂလိပ်တို့ တဆုတ်တည်း ဆုတ်နေရသည်။ စစ်သည် တစထက် တစ ကျယ်ပြန့်လာရာ ဂျပန်သည် ဂျာမန်၊ အီတလီ ဝင်ရိုးတန်း နိုင်ငံအဖွဲ့ထဲသို့ ပါဝင်လာလေသည်။

မြန်မာပြည်ရှိ ဘုရင်ခံအပ်ချုပ်သော စေါချစ်သည် မြန်မာပြည်သည် ဂျာမဏီနှင့် စစ်တိုက်ပြီဟု ထုတ်ဖော်ကြေငြာလိုက်သည်။ မြန်မာခေါင်းဆောင်များက ကန့်ကွက်ကြပြီး၊ ဗမာ့ထွက်ရပ်ဂိုဏ်း **(Burma Freedom Block)**ကို ထူထောင်လိုက်သည်။ ဥက္ကဋ္ဌမှာ အဓိပတိ ဒေါက်တာ ဘမော် ဖြစ်ပြီး

အတွင်းရေးမှူးမှာ ဗိုလ်ချုပ်အောင်ဆန်း ဖြစ်သည်။

၁၉၄၀ ခုနှစ်၊ အဓိပတိ ဒေါက်တာ ဘမော်သည် ရွေးကောက်ပွဲတွင် ရှုံးပြီး၊ "ဦးစော" အာဏာရလာသည်။ ဦးစောသည် လွတ်လပ်ရေး ခေါင်းဆောင်များဖြစ်သော ဗမော်၊ ဦးနု၊ သခင်စိုး၊ သခင်သန်းထွန်း၊ စသော ခေါင်းဆောင်များကို ဖမ်းဆီးပြီး၊ ထောင်ထဲ ထည့်လေသည်။ (အောင်ဆန်း) တဦးတည်းသာ တိမ်းရှောင်း ပုန်းအောင်းနေသဖြင့် ဖမ်းဝရမ်း ထုတ်ထားလေသည်။ ကြာကြာ ပုန်းအောင်း၍ မရသည့်နောက်ဆုံး "အောင်ဆန်း" အား၊ တရုတ်အကူအညီရရေး၊ အင်္ဂလိပ်ကို လက်နက်ကိုင် တိုက်ခိုက်ရေး သဘောထား ချမှတ်ပြီး ၁၉၄၀ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင် အမွိုင်သို့ သင်္ဘောဖြင့် လျှို့ဝှက်စွာ ထွက်ခွာစေလေသည်။ သို့သော် ဗိုလ်မိုးကြိုးနှင့် တွေ့ဆုံပြီး မြန်မာ့ လွတ်လပ်ရေး အတွက် ဂျပန်က ကူညီမည်ဟူသော၊ သဘောတူညီချက်ကို ရယူခဲ့သည့်အပြင် မြန်မာလူငယ် (၃၀)ကို ဂျပန်သို့ စေလွှတ်ပြီး စစ်ပညာ သင်ကြားရန်လည်း၊ စီစဉ်ဆောင်ရွက်ခဲ့လေသည်။

## စောဘဦးကြီးနှင့် ဘီအိုင်အေ ခေတ်၊

၁၉၄၂ ခုနှစ်၊ ရဲဘော် သုံးကျိပ်တို့သည် သင်တန်းပြီးသည်နှင့် ယိုးဒယားသို့ ပြန်လာကာ၊ ဘီအိုင်အေ **(Burma Independent Army)** တပ်မတော်ကို ဖွဲ့စည်းလိုက်လေသည်။

ဂျပန်သည် အမေရိကန်ပိုင် ပုလဲဆိပ်ကမ်းကို ဗုံးကြဲပြီး ထိုင်းနိုင်ငံကို အလွယ်တကူ သိမ်းပိုက် နိုင်ခဲ့သည်။ ဆက်လက်ပြီး မြန်မာပြည်ကို သိမ်းပိုက်ရန်သာ ဖြစ်သည်။ ဗမာပြည်ကို သိမ်းပိုက်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မျိုးချစ်လူငယ် သုံးကျိပ်နှင့် ဘီအိုင်အေခေါ် ဗမာ့လွတ် လပ်ရေး တပ်မတော် ဖွဲ့စည်း ထားနိုင်ပြီလည်း ဖြစ်သည်။

ဘီအိုင်အေနှင့် ဂျပန် တပ်မတော်သည် မတ်လ (၁၀)ရက် နေ့တွင် ရန်ကုန်သို့ သိမ်းပိုက်ပြီး မေလတွင် မြန်မာတပြည်လုံးကို သိမ်းပိုက် နိုင်ခဲ့လေပြီ။ တပြည်လုံး စစ်မီးကြီး ပြန့်နှံ့လျက်ရှိရာ ပြည်သူပြည်သား အားလုံး ဥဒဟို ရွှေကြ၊ ပြောင်းကြ၊ ပြေးကြ၊ လွှားကြဖြင့် အလွန်ဗရုတ်သုတ်ခနိုင်လှသော ကာလကြီး ဖြစ်လေသည်။ ဗြိတိသျှ အုပ်ချုပ်ရေး အဖွဲ့ကလည်း အိန္ဒိယပြည်သို့ ဆုတ်ခွာခဲ့သဖြင့် ပြည်သူ ပြည်သားများမှာ အကာအကွယ်မဲ့ ဖြစ်နေသော အချိန်ဟု ဆိုရမည် ဖြစ်သည်။ ဗြိတိသျှ အစိုးရအဖွဲ့နှင့် လိုက်ပါနိုင်သူ များလည်း လိုက်ပါသွားကြပြီး မပါနိုင်သူများမှာ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့်၊ အလိုလို ပုန်းကြ ခိုကြသည်။ အထူးသဖြင့် ကရင် စစ်မှုထမ်းအချို့မှာ မိသားစုများကို စွန့်ခွာရန် အခြေအနေ မပေးသောကြောင့် ကိုယ့်လက်နက် ကိုယ်ဖျက်ပြီး၊ မိမိတို့ ကျေးရွာတွင် ဟန်မပျက် ပြန်လည် နေထိုင်ကြသည်။ ဂျပန်တို့နှင့်အတူ ပူးတွဲ လုပ်ဆောင်နေသော ဘီအိုင်အေ သခင် အချို့သည် ကရင်များကို ကြည့်၍ မရသူများ ရှိသည်။ ကရင်များကို အင်္ဂလိပ် သူလျှို၊ အင်္ဂလိပ် လက်ကိုင်တုတ်ဟု စွတ်စွဲကြသည်။ ဂျပန်ကို ဆန့်ကျင်သူများဟု သတ်မှတ်ကြသည်။ ကရင်ကျေးရွာများကို လက်နက်များ လာအပ်ခိုင်းသည်။ ကရင်များကလည်း လက်နက်ကို မအပ်နိုင်။ ထိုအခါ ဘီအိုင်အေ တို့သည် ကရင်ရွာများကို ဝိုင်းဝန်း ပစ်ခတ်သည်။ ဖမ်းဆီးချိန်နှောင် ရိုက်နှက်မှုများ ပြုလုပ်သည်။ ထို့နောက် ပစ္စည်း ယူခြင်း၊ သတ်ဖြတ်ခြင်း၊ အမျိုးသမီးများကို စော်ကားခြင်း စသော ရမ်းကားမှု အမျိုးမျိုး ကျူးလွန် ကြလေသည်။ ၁၉၄၂ ခုနှစ် မေလတွင် ကရင်အမျိုးသားခေါင်းဆောင် စောဖေသာနှင့် မိသားစု အားလုံးကို သတ်ဖြတ်ရာ၊ ကရင် ဗမာ အဓိကရုဏ်းကြီးသည် စတင် ခဲ့လေသည်။

မှတ်တမ်းများအရ အနှံ့အပြား တိုက်ခိုက်မှုများ ဖြစ်ပွားသည့် ဖာပွန်၊ ရွှေကျင်၊ နိုဖိုး၊ သထုံ၊ မအူပင်၊ မြောင်းမြ၊ ပုသိမ်၊ ဟင်္သာတ တို့တွင်၎င်း၊ မြောင်းမြမြို့ သာယာကုန်း၊ ကနဖိုးကုန်း၊ ကနုကလေး စသည့်ဒေသများတွင် ပြင်းထန်လေသည်။

မှတ်တမ်းတခုတွင် အောက်ပါအတိုင်းဖော်ပြထားသည်။

၁။ ဖာပွန် ကရင်အားလုံးကို ဖမ်းဆီးလိုက်သည်။ အမျိုးသမီး၊ အမျိုးသားခလေး၊ လူကြီး အားလုံးပါသည်။ ခေါင်းဆောင် (၁၇)ဦးကို ချုပ်ထားပြီး ကျန်လူများကို မြို့ထဲရှိ အိမ်အချို့တွင် ထားသည်။ အမျိုးသမီးများကို မုဒိန်းကျင့်၊ ပစ္စည်းများကိုယူပြီး ခေါင်းဆောင် (၁၇) ဦးကို ဗရင်းသေနတ်ဖြင့် ပစ်သတ်သည်။ မသေသော သူများကို ဘီအိုင်အေ ဗိုလ်ဖြစ်သူ ဗိုလ်လှထူးကိုယ်တိုင် လှံစွပ် ဖြင့်ထိုးသတ်ခဲ့သည်။

၂။ ရွှေကျင်၊ နိုဖိုး၊ မန်းနေဒေါနှင့် အိမ်ထောင်စု (၁၃)ဦးကို တဖွဲ့လုံး သတ်ပစ်သည်။ အမျိုးသမီးများကို မုဒိန်းကျင့်ပြီး သတ်ပစ်သည်။

၃။ သထုံမြို့ ဆရာစိန်ခိုနှင့် မိတ်ဆွေ (၄) ဦးကို ဖမ်းဆီးရိုက်နှက်ခြင်း၊ အမျိုးမျိုး နှိပ်စက် ညှဉ်းပန်းပြီး သေသည်အထိ ပြုလုပ်သည်။

အရှေ့တိုင်းတွင် နေရာများစွာတို့၌ ဘီအိုင်အေ တပ်များခါးပြတိုက်ခြင်း၊ ကရင်ရွာများကို ပစ်ခတ်ခြင်း၊ ပစ္စည်းများ လုယူခြင်း၊ ရွာသားများကို ရိုက်နှက်ခြင်း၊ ခရစ်ယာန်များကို ဆွမ်းချက်ခိုင်းခြင်း၊ ဆွမ်းတည် ခိုင်းခြင်း၊ ညောင်ရေအိုး ထိုးခိုင်းခြင်း၊ ဘုရားကျောင်းများကို ဝတ်ပြုရန် တားမြစ်ပိတ်ပင်ခြင်း၊ နေရာတကာ ကျွဲနွားများ လှည်းများ မောင်းသွားခြင်း၊ ကရင်များ မည်သူမျှ အပြင်မထွက်ရဲကြဘဲ၊ ဝေးဝေးလံလံ လယ်ယာထဲသို့ မသွားရဲကြတော့ပေ။

မြစ်ဝကျွန်းပေါ်ဘက်တွင် နေရာတကာ ရမ်းကားမှုများ ပြုလုပ်ကြရာ

# စောဘဦးကြီးနှင့်တကွ အမျိုးသား အာဇာနည်များကို အစဉ်အမှတ်ရလျက်။



THE NEW KO BYU HALL.

တွင် ...

(၁) မြောင်းမြမြို့ စောဖေသာနှင့် အိမ်ထောင်စုအားလုံး သတ်ဖြတ်သည်။ ကရင်အားလုံးကို ထောင်ထဲသို့ ထည့်ထားပြီး တနေ့လျှင် လူငါးဆယ် ထုတ်ပြီး သတ်သည်။ နောက်ဆုံး အသုတ်ကို ထုတ်သတ်မည့်ဆဲဆဲ ဗိုလ်မိုးကြိုးမှ ကရင်အားလုံး လွှတ်ပစ်ရမည်ဟု အမိန့်ထုတ်သဖြင့် အသက်ဘေးမှ လွတ်မြောက်သွားကြလေသည်။

(၂) သာယာကုန်း ဘီအိုင်အေတပ် အင်အား (၁,၀၀၀) ခန့်သည် သာယာကုန်းရွာကို ပစ်ခတ်တိုက်ခိုက်ရာ ကရင်များ ခုခံသဖြင့် ဘီအိုင်အေတပ် (၃၀)ခန့် ကျဆုံးသည်။ သေဆုံးသူများထဲတွင်ဇာတ်လိုက်မင်းသား ချစ်ဆွေ ပါသွားသည်။ ရွာကို မသိမ်းနိုင်ဘဲ၊ ပြန်ဆုတ် သွားကြရလေသည်။

(၃) ကနဖိုးကုန်း ဘီအိုင်အေတပ် အင်အား များစွာဖြင့်၊ ရွာကို ဝင်တိုက်သည်။ တိုက်မရသဖြင့် ဘုရားကျောင်းကို မီးရှို့သည်။ မီးမလောင်ဘဲ ဘီအိုင်အေ တပ်များ ဒါဏ်ရာများဖြင့် ပြန်လည်ဆုတ်ခွာသွားသည်။

(၄) ကနူကလေး၊ ဘီအိုင်အေ တပ်များ ရွာကို ဝိုင်းပြီးတိုက်ခိုက်သည်။ ပစ္စည်းများ လုယူပြီး အိမ်များကို မီးရှို့သည်။ ပစ္စည်းများ အားလုံးကို လုယူသွားလေသည်။

မြစ်ဝကျွန်းပေါ်တွင် မန်းရွှေထွန်းကြာ ဦးဆောင်ပြီး ဘီအိုင်အေ များကို တိုက်ခိုက်ရာ အိမ်မွဲ၊ မအူပင်၊ ဝါးခယ်မ၊ ကျိုက်လတ်တို့ကို ဝင်ရောက် စီးနင်း တိုက်ခိုက်သည်။ ပြန်လှန် တိုက်ခိုက်ကြရာ၊ ကရင်ရွာနှင့် မြန်မာရွာ အများ အပြား မီးလောင် ပျက်ဆီးကြလေသည်။

သာယာဝတီ၊ တောင်ငူ စသောဒေသများတွင် ကရင် ဗမာ ခေါင်းဆောင်များ ပူးတွဲပြီး စည်းရုံး တားဆီးခြင်းဖြင့် အထိအခိုက် မရှိခဲ့ပေ။ အထူးသဖြင့် သာယာဝတီတွင် ဆရာသာထိုနှင့် ဝိဇ္ဇာရ သခင်ချစ်မောင် တို့သည်၎င်း၊ တောင်ငူတွင် သခင် သာဖေ၊ သခင် စောရင်၊ (ညောင်လေးပင် ပိန်းဇလုပ်)စသော မြန်မာ ခေါင်းဆောင်များက တားမြစ်သောကြောင့် ဖြစ်ပွားမှု မရှိခဲ့ပေ။ (၆)လအကြာ၊ ဂျပန်ဗိုလ် ဗိုလ်မိုးကြိုး၏ အမိန့်ဖြင့် တိုက်ခိုက်မှုများ ရပ်စဲသွားလေသည်။

ကရင် ဗမာ နှစ်ဘက်စလုံးတွင် အသေအပျောက် များပြားသည်ဟု မှတ်တမ်းအချို့တွင် ဖော်ပြထားလေသည်။

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ဂျပန်က မြန်မာပြည်ကို လွတ်လပ်ရေး ကြေငြာလိုက်သည်။ ထိုအခါ ဒေါက်တာဗမော်မှာ အဓိပတိ ဖြစ်လာပြီး ဗိုလ်ချုပ်အောင်ဆန်းမှာမူ ကာကွယ်ရေး ဝန်ကြီးနှင့် စစ်သေနာပတိချုပ် ဖြစ်လာလေသည်။ အဓိပတိ ဒေါက်တာ ဗမော်သည် ကရင် ဗမာ အပြန်အလှန် နားလည်မှု ရရှိရေး အတွက် အနယ်နယ် အရပ်ရပ်မှ ကရင် ခေါင်းဆောင် (၁၅)ဦးကို ခေါ်ယူခဲ့ရာ၊ စောဘဦးကြီးလည်း ပါဝင်ခဲ့လေသည်။

ဂျပန်ခေတ်ကာလ ဒေါကလူ အသင်းကြီး၏ အသင်းသားများသည်၎င်း၊ ဒေသအသီးသီးမှ ကရင် အမျိုးသား ပါလီမန် အမတ်များသည်၎င်း၊ ဗြိတိသျှ အုပ်ချုပ်ရေး စက်ယန္တယားကြီး ပြိုလဲနေသော ကာလဖြစ်၍ မိမိတို့ ဒေသ အသီးသီး၌ ဖြစ်သလို ရပ်တည် နေထိုင်ခဲ့

ကြလေသည်။ အောက်လွှတ်တော် အမတ် စောဖေသာနှင့် နိုင်ငံခြားသူ ဇနီးသည် အပါအဝင် တအိမ်လုံး အသတ်ခံရသည်ကလွဲ၍ ကျန်ခေါင်းဆောင် အသီးသီးမှာ ကရင် ဗမာ အဓိကရုဏ်းကို တတ်နိုင်သ၍ အေးချမ်း ငြိမ်သက်အောင် ကြိုးပမ်း ကြလေသည်။

စောဘဦးကြီးလည်း ဗြိတိန်မှ ပြန်ရောက်ပြီး မကြာမီသော ကာလအတွင်း၊ ဤသို့သော ပဋိပက္ခကို ကြုံရခြင်းအတွက်၊ စိတ်မချမ်းမသာ ဖြစ်ခဲ့ရလေသည်။ ၎င်းပြင် မိမိ၏ အကိုတော် စောဖေသာကိုယ်တိုင်၊ သတ်ဖြတ်မှု ခံရသည့်အတွက် ပို၍ပင် စိတ်မချမ်းမသာ ဖြစ်မိသည်။ သို့သော်သူသည် ဥပဒေဝန်ထမ်းတဦး ဖြစ်သည်။ မည်သည့် ကိစ္စမျိုးမဆို တရားဥပဒေနှင့် နည်းမှန် လမ်းမှန်ပေါ်တွင် ရပ်တည် ဖြေရှင်းရမည်ကို သူခံယူထားသည်။ သူကိုယ်တိုင်လည်း အေးချမ်းသော နည်းနာကိုသာ နှစ်သက်မြတ်နိုးသည်။ သူသည် မြန်မာပြည် ပြန်ရောက်စဉ် ဒေါကလူအသင်းနှင့် ပါလီမန်အမတ်စာရင်းတွင် မပါဝင်သော်လည်း ပညာတတ် ရှေ့နေတဦး ဖြစ်နေခြင်း၊ ဥပဒေရေးရာတွင် ကျွမ်းကျင်ခြင်း၊ လူမျိုးရေး ခွဲခြားမှုဝါဒ ကင်းစင်ခြင်း၊ ပင်ကိုယ်သဘာဝအရ အေးချမ်းမှုကို မြတ်နိုးခြင်း စသော အရည်အသွေးများ ပိုင်ဆိုင်သူဖြစ်၍၊ ထိုအခါ သ မယ ပြဿနာများ ဖြေရှင်းရာတွင် အခြား ကရင် အမျိုးသား ခေါင်းဆောင်များက သူ့ကို အထူးမျှော်လင့်လျက် ကြိုဆိုကြသည်။

ဒေါက်တာဘမော်မှ ဖိတ်ခေါ်သော ကရင်ခေါင်းဆောင် (၁၅)ဦးတို့သည်၊ ရန်ကုန်သို့ တက်ရောက်လာကြရာတွင် မြန်မာခေါင်းဆောင်များက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြလေသည်။ မြန်မာ အမျိုးသား ခေါင်းဆောင်များမှာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်နု၊ ဦးလှဖေတို့ဖြစ်ကြသည်။ ကရင်အမျိုးသား ခေါင်းဆောင်များမှာ ဒေါက်တာစံစီဖိုး၊ မန်းဘခင်၊ မန်းရွှေ ထွန်းကြာ၊ စောဘဦးကြီး၊ ဆရာသာထို၊ မန်းပုံကလုပ် (မန်းဒီလုံး)၊ ဒေါက်တာ စောလှထွန်း၊ စောဘမောင်၊ စောဖါးခ၊ ဒေါက်တာဒွေး စသည်တို့ ပါဝင်လေသည်။ နှစ်ဖက် ခေါင်းဆောင်များသည် ဆွေးနွေးကြပြီး ကရင် ဗမာ ချစ်ကြည်ရေးများ စတင်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ ချမှတ်ကြလေသည်။ ထို့နောက် လုပ်ငန်းများ ဆောင်ရွက်ရန် ခေါင်းဆောင်များ နယ်သို့ ထွက်ခွာသွားကြသည်။ ရန်ကုန်ဌာနချုပ်တွင် မြန်မာ ခေါင်းဆောင်များနှင့် ပူးတွဲနေထိုင် ဆောင်ရွက်ရန် ရွေးချယ်ရာတွင် စောဘဦးကြီးနှင့်အတူ စောဘမောင်၊ ဆရာ စံဘော်နှင့် ဆရာသာထိုတို့ ပါဝင်လေသည်။

ကရင် အမျိုးသား ခေါင်းဆောင်များသည် အမျိုးသားရေး ပြဿနာများ၊ အထူးသဖြင့် ကရင် ဗမာ ပြဿနာများ ဖြစ်ပွားခဲ့စဉ်က ထိရောက်စွာ ဖြေရှင်းနိုင်ရေးအတွက် ၁၉၄၃ ခုနှစ်၊ ဇွန်လ (၂၈)ရက်နေ့ အမှတ် (၅၂၈) အောက်ကြည့်မြင်တိုင်လမ်းတွင် ကရင်ဗဟိုအကြံပေးအဖွဲ့ **(Karen Central Advisory Bord) (K.C.A.B)**ကို ဖွဲ့စည်းလိုက်လေသည်။ထိုအဖွဲ့သည်ပင် ထိထိရောက်ရောက် လုပ်နိုင်စွမ်းကား မရှိခဲ့ပေ။

## စောဘဦးကြီးနှင့် ဂျပန်ဆန့်ကျင်ရေးလှုပ်ရှားမှု။

"ကျောချမှ ဓားပြမှန်းသိ" ဆိုရိုး စကားအတိုင်း ဂျပန်တို့၏ လွတ်လပ်ရေးသည် လွတ်လပ်ရေး အတုယောင်ဖြစ်သည် သာမက မြန်မာပြည်သူများ အပေါ် စော်ကားမော်ကား ပြုမူလာရာ နောက်ဆုံးပြန်လည် တွန်းလှန်ရန် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်ကို ၁၉၄၄ ခုနှစ် ဩဂုတ်လ (၄)ရက်နေ့မှ (၇)ရက်နေ့အထိ ပဲခူးမြို့ စံပြတပ်ရင်းတရင်းတွင် ဗိုလ်ချုပ် အောင်ဆန်း၊ သခင်စိုး၊ သခင်သန်းထွန်း၊ ကိုဗဟိန်း တို့ လျှို့ဝှက်စွာ တွေ့ဆုံပြီး ဖွဲ့စည်းရန် သဘောတူကြလေသည်။ ထိုအဖွဲ့တွင် ဗမာ့တပ်မတော် ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံ ပါတီတို့ ပါဝင်ခဲ့လေသည်။

ဂျပန်ဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေးအတွက် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှသာ အောင်မြင်မည်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့်တ ကွ (**ဖတပလ**) ခေါင်းဆောင်များ နားလည်သဖြင့် ကရင် ဗမာချစ်ကြည်ရေးကို စတင်ပြီး တည်ဆောက်လာ ခဲ့သည်။ ၁၉ · ၂ · ၄၅ နေ့စွဲဖြင့် လူမျိုးရေးနှင့် ပတ်သက်သော အချက်များ အပါအဝင် ကရင်အမျိုးသား ရဲဘော်အပေါင်းတို့ထံ သဝဏ်လွှာနှင့် တပ်သားများ လိုက်နာရန် အချက်လေးချက်ကို ထုတ်ပြန်ခဲ့ လေသည်။ အဆိုပါ ထုတ်ပြန်ချက်တွင် သဘောထား (၇)ချက်ကို ရေးသား ဖေါ်ပြထားရာ–

အချက် (၁)တွင် မည်သူမဆို ဘာသာ၊ သာသနာ တရားရေးတွင် လွတ်လပ်စွာ မိမိတို့ ကိုးကွယ်လိုရာ ဘာသာကို ကိုးကွယ်ခွင့် ရှိရမည်။ နိုင်ငံတော်အစိုးရသည် ဘာသာရေးတွင် ကြားနေရမည်။

အချက် (၂)တွင် လူမျိုးကွဲပြားမှုကိုင်း၊ ဘာသာ ကွဲပြားမှုကိုင်း၊ ယောကျ်ား မိန်းမ ကွဲပြားမှုကိုင်း၊ အခြေပြုကာ နိုင်ငံတော်အတွင်း ရာထူးဌာန ကဏ္ဍအရ အလုပ်အကိုင်များ ရရှိရေးတွင် ချုပ်ချယ်မှု မရှိစေရ။

အချက် (၅)တွင် လူမျိုးကွဲပြားသူများသည် မိမိတို့ သီးသန့် ယဉ်ကျေးမှုကိုသာ ပိုင်ခွင့်ရှိရမည်။

ဥပမာ– ကရင် များအတွက် ကရင်ကျောင်းများ၊ ရှမ်း များအတွက် ရှမ်းကျောင်းများ၊ ကရင် များအတွက် ကရင်နေ့ရက်များ၊ ရှမ်း များအတွက် ရှမ်းနေ့များ၊ ကရင် များအတွက် ကရင် ဘာသာကို ရုံးသုံး၊ ကျောင်းသုံး ဘာသာအဖြစ် အသိအမှတ်ပြုခြင်း စသည်တို့ပင်ဖြစ်သည် ဟူသော အချက်များ ပါဝင်စေ

# စောဘဦးကြီးနှင့်တကွ အမျိုးသား အာဇာနည်များကို အစဉ်အမှတ်ရလျက်။



၁၉၄၅ ခုနှစ် ကရင် ဗမာ ပဋိပက္ခ ပြေငြိမ်းရေး ကြိုးပမ်းရန် စောဘဦးကြီးနှင့် ဦးနုတို့ သင်္ဘောအပေါ်တွင် တွေ့ဆုံနေစဉ်၊

ပြီး နောက်ဆုံးအပိုဒ်တွင် ဤသဘောထားအတိုင်း ထမြောက်အောင်မြင်ရန် ကျွန်ုပ်သည် အစဉ်တစိုက် ကြိုးပမ်း သွားမည်ကို ရဲဘော်တို့အား စကားလက်ဆောင် ပါးလိုက်ပါသည်။

လွတ်လပ်ရေးနှင့် ပြည်စုံသည့် အခြေအနေသို့ အထက်ပါအချက်များ ပါရှိသည်အထိ ကြိုးပမ်း ဆောင်ရွက်နိုင်စေဟု ကျွန်ုပ် ဆုမွန်ကောင်းများ တောင်းလိုက်ပါသည်။ ဟူ၍ဖြစ်၏၊ ထို့ နောက် အမျိုးသားအဖွဲ့များကို ဖွဲ့စည်းကြသည်။ အိန္ဒိယပြည် မဟာမိတ် အဖွဲ့ ချုပ်တို့နှင့် ဆက်သွယ်ပြီး တော်လှန်ရေး ရဲဘော်များကို တသုတ်ပြီး တသုတ် စေလွှတ်ကြလေသည်။

ထို့နောက် ဂျပန်ဆန့်ကျင်ရေး လက်နက်ကိုင်တိုက်ပွဲကို မတ်လ (၂၇) ရက်နေ့တွင် စတင်ခဲ့ပြီး (၄)လခွဲ ကျော်ကျော် ဩဂုတ်လ (၁၅)ရက်နေ့ ဂျပန်လက်နက်ချပြီး ဂျပန်ဖက်ဆစ် အုပ်ချုပ်ရေး ဆုံးခန်းတိုင်ခဲ့လေသည်။

## စောဘဦးကြီးနှင့် K.C.O

ဒုတိယကမ္ဘာစစ်ကြီး ငြိမ်းသွားပြီဖြစ်၍ ကရင်အမျိုးသားရေး ကိစ္စများ အတွင်း ပူနွေးနွေးသာရှိသော အမျိုးသားပဋိပက္ခသည် ဆက်လက် ငြိမ်းအေးသွားရန်လည်း လိုအပ်သေးသည်။ တဖက်တွင်လည်း ပြောင်းလဲ ဖြစ်ပေါ်လာမည့် မြန်မာ့နိုင်ငံရေး ကိစ္စများအတွင်း ကရင်အမျိုးသားများ ပါဝင်လှုပ် ရှားရမည့် အခန်းကဏ္ဍတွင် စည်းလုံး ညီညွတ်စွာ ရှိရန်လည်း လိုအပ်လေသည်။

ထို့ကြောင့် K. C. A. B ကို K.C.O သို့ ပြောင်းလဲ ဖွဲ့စည်းလိုက် လေသည်။ ထိုအဖွဲ့ကို ၁၉၄၅ ခု၊ အောက်တိုဘာလ (၁)ရက်နေ့မှ (၃)ရက်အထိ၊ အမှတ် (၂) ဦးလူနီလမ်း၊ အောက်ကြည့်မြင်တိုင်၊ ရန်ကုန်မြို့တွင်ကျင်းပပြီး ဖွဲ့စည်းခဲ့လေသည်။

K.C.O အမှုဆောင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် ...

| | |
|---|---|
| ၁။ စောသာဒင် | ဥက္ကဋ္ဌ၊ |
| ၂။ မန်းဘခင် | အတွင်းရေးမှူး၊ |
| ၃။ ဆရာသာထို တွဲ- | အတွင်းရေးမှူး၊ |
| ၄။ စောဘဦးကြီး | အမှုဆောင်၊ |
| ၅။ စောစံဖိုးသင် | အမှုဆောင်၊ |
| ၆။ စောမြသိန်း | အမှုဆောင်၊ |
| ၇။ မန်းဂျိမ်းထွန်းအောင် | အမှုဆောင်၊ |
| ၈။ မန်းရွှေထွန်းကြာ | အမှုဆောင်၊ |
| ၉။ စောဘမောင် | အမှုဆောင်၊ |
| ၁၀။ ဂျိမ်းတာပ | အမှုဆောင်၊ |
| ၁၁။ ဆန္ဒနီလူနီ | အမှုဆောင်၊ |

ကရင် များအတွက် ကရင်
ကျောင်းများ၊ ရှမ်း များအတွက်
ရှမ်း ကျောင်းများ၊ ကရင် များ
အတွက် ကရင်
နေ့ရက်များ၊ ရှမ်း များအတွက်
ရှမ်း နေ့များ၊ ကရင် များအတွက်
ကရင် ဘာသာကို ရုံးသုံး ကျောင်းသုံး
ဘာသာအဖြစ်
အသိအမှတ်ပြုခြင်း

=============

ကရင့်သမိုင်း သုတေသနအဖွဲ့။

# ကရင်အမျိုးသား ခေါင်းဆောင်များ၊

## ဒေါက်တာတီသံပြာ။

(၁၈၄၂- )

စောသံပြာကို ၁၈၄၂ ခုနှစ် ပုသိမ်မြို့အပိုင် 'ကျုံလါးရွာ'တွင် မွေးဖွားလေသည်။ (၆)နှစ်သား အရွယ်တွင် ဘခင်သေဆုံးသဖြင့် မိခင်၏ ကျွေးမွေးစောင့် ရှောက်မှုဖြင့် ကြီးပြင်းလာခဲ့ရသည်။ စောသံပြာသည် ငယ်စဉ်ထဲက မိခင်၏ သွန်သင်မှုကို တသွေမတိမ်း နာခံတတ်သော သားလိမ္မာ တဦးဖြစ်သည်။ ငယ်စဉ် ခလေးအရွယ် ကပင်လျှင် ကျွဲကျောင်းရင်း ဝမ်းစာရှာဖွေပြီး မိခင်၏ ဝန်ထုပ်ကို ကူညီထမ်းရွက်ခဲ့သည်။

စောသံပြာ (၈)နှစ်သား အရွယ်တွင် ကျုံလါးရွာကို ဓါးပြများဝင်ရောက် လုယက်မီးရှို့သဖြင့် တရွာလုံး ပြာကျ ခဲ့လေသည်။ ထို့ကြောင့် ကျုံလါးရွာ ထက် ပိုမိုလုံခြုံသည့် "ကျုံတားရွာသို့" တရွာလုံး ပြောင်းရွှေ့ နေထိုင်ခဲ့ရသည်။

ငယ်စဉ်အခါကပင် ကြည့်တတ်၊ မှတ်တတ်၊ လေ့လာစူးစမ်း တတ်ခြင်းနှင့် နားလည် လွယ်ကူ တတ်ခြင်း စသော မွေးရာပါ ပင်ကိုယ် အရည်အချင်းများ ရှိသောကြောင့် ဦးလေးတော်သူ "ဦးရွှေငုံ"က သူ၏ဆေးပညာ အရိုက်အရာကို ခံယူစေရန် ရည်ရွယ်ခဲ့သည်။ စောသံပြာ နွားကျောင်းသား ဘဝကပင် ဦးလေး "ဦးရွှေငုံ"က ဆေးရွက်၊ ဆေး မြစ်များကို ပြသပြီး မှတ်သား စေလေသည်။ စောသံပြာသည် ဦးလေး ခိုင်းသမျှ ကို ဂရုတစိုက် လုပ်ကိုင်ကာ ကြိုးစား လေ့လာ မှတ်သားခဲ့သည်။

စောသံပြာငယ်စဉ် နွားကျောင်း သားဘဝ အောက်မြန်မာနိုင်ငံ၏ အခြေအနေမှာ မငြိမ်မသက် ဖြစ်နေသည်။ အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲအပြီး၌ ရခိုင်နှင့် တနင်္သာရီကို အင်္ဂလိပ်လက်သို့ ပေးအပ်လိုက်ရသည်။ ယ္ခုလည်း အောက်မြန်မာပြည်သည် မင်းနေပြည်တော်၏ အုပ်ချုပ်မှုမှ ကင်းလွတ်နေသည်။ ထို့ကြောင့် တောမီးလောင် တောကြောင် လက်ခမောင်းခတ် ဆိုသကဲ့သို့ လူဆိုး၊ သူခိုး၊ ဓါးပြများ အလွန်ဆူပူနေကြသည်။ မီးရှို့ လုယက် တိုက်ခိုက်ကြသည်။ ထို့ကြောင့် အောက်မြန်မာပြည် ပြည်သူများမှာ မရှုနိုင်၊ မရှိုက်နိုင် ဖြစ်နေကြရသည်။



စောသံပြာ (၁၀) နှစ်သား အရွယ်တွင် အင်္ဂလိပ်မြန်မာ ဒုတိယ စစ်ပွဲ ဖြစ်လာသဖြင့် သူတို့သားအမိမှာ ကျုံတားရွာတွင် ဆက်လက် မနေထိုင်နိုင်တော့ပဲ ပုသိမ်မြို့သို့ ပြောင်းရွှေ့ခဲ့ကြ ရသည်။ ပုသိမ်မြို့တွင် အမေရိကန် နှစ်ခြင်း သာသနာပြု အဖွဲ့မှ ဖွင့်လှစ်သော သာသနာကျောင်း၌ စောသံပြာ တက်ရောက် ပညာသင်ကြားခွင့် ရခဲ့သည်။ ထိုသာသနာကျောင်းသည် ကရင်စာကို အဓိက သင်ကြားယင်း၊ ပထဝီ၊ သင်္ချာ စသော ကျောင်းစာများအပြင် တောင်းပလုံးယက်ခြင်း၊ လက်သမားလုပ်ငန်း စသည့်လက်တွေ့ အသက်မွေး ဝမ်းကျောင်းပညာများကိုလည်း တွဲဖက်သင်ကြားပေးသည့်ကျောင်း ဖြစ်လေသည်။ ထိုကျောင်းသည် နောင်တွင် "ကိုးဆူအကယ်ဒမီကျောင်း" ဖြစ်လာလေသည်။

ထိုစဉ်က စောသံပြာ သင်ကြားရသော ကရင်စာများမှာ အမေရိကန် နှစ်ခြင်း သာသနာပြုအဖွဲ့မှ ဒေါက်တာ ဂျော်နသန်ဝိတ် (၁၈၃၀)ခုနှစ်တွင် တီထွင်သော စကော ကရင်စာနှင့် (၁၈၄၀) ခုနှစ်က ဘုန်းတော်ကြီး "ဘရေတန်" တီထွင်သော ပိုးကရင်စာပေတို့ ဖြစ် သည်။ "ပိုး၊ စကော" စာနှစ်မျိုး စလုံးမှာ "မြန်မာ၊ မွန်" ဗျည်းပေါ် အခြေခံထားခြင်း ဖြစ်သည်။

အင်္ဂလိပ် မြန်မာ ဒုတိယ စစ်ပွဲ အပြီး၊ မွန်နှင့် မြန်မာ နယ်များကို အင်္ဂလိပ် စစ်တပ်က သိမ်းပိုက်လိုက်သည့်အခါတွင် မော်လမြိုင်၌ အခြေပြုနေသော အမေရိကန် နှစ်ခြင်း သာသနာ အဖွဲ့သည် ရန်ကုန်သို့ ပြောင်းရွှေ့ အခြေချ လိုက်လေသည်။ ထို့နောက် အောက် မြန်မာနိုင်ငံရှိ ပုသိမ်၊ ပြည်၊ ပဲခူး စသော ဒေသများ၌ သာသနာပြု လုပ်ငန်း စတင် ဆောင်ရွက် ကြသည်။ သာသနာပြု လုပ်ငန်းများမှာ သာသနာပြုသည့်အလုပ် သက်သက် မဟုတ်ပဲ စာပေသင်ကြားမှုနှင့် ဆေးဝါး ကုသမှုများကိုလည်း ပူးတွဲဆောင်ရွက်ကြသဖြင့် ဒေသခံ လူမျိုးများမှာ စာပေများ တတ်မြောက် လာကြပြီး သာသနာပြု လုပ်ငန်းအဖို့လည်း ပိုမို၍ အခြေခိုင်မြဲလာခဲ့သည်။

၁၈၅၄ ခုနှစ်တွင် ပုသိမ်နှင့် ဟင်္သာတသို့ သာသနာပြုမှု စတင်ဆောင်ရွက်ခဲ့သည်။ ခနေ့ခြံမြို့တွင် ဘုန်းတော်ကြီး "ဒီအယ်လ် ဘရေတန်" တည်ထောင်သော သာသနာပြုကျောင်း ဖွင့်

လှစ်ပွဲ၌ စောသံပြာတို့သားအမိ တက်ရောက်ခဲ့ကြသည်။ (စောသံပြာတို့ သားအမိနှင့် ရန်ကုန်မြို့မှ ရောက်ရှိလာ သောသာသနာပြုဆရာ မစ္စတာဗင်တန် ဇနီးမောင်နှံတို့ ပထမဦးဆုံး စတင်ဆုံတွေ့ကြခြင်း ဖြစ်သည်။)

သာသနာပြုဆရာ မစ္စတာ ဗင်တန် ဇနီးမောင်နှံတို့သည် စောသံပြာ၏ သွက်လက် ဖြတ်လတ်မှုကို သဘောကျကြသည်။ ထို့ကြောင့် ခနေဖြူမှ သာသနာပြု အစည်းအဝေး ပြီးသောအခါ စောသံပြာကို ရန်ကုန်သို့ ခေါ်ဆောင်ခဲ့သည်။ ရန်ကုန်မှတဆင့် အမေရိကသို့ ပညာသင် ခေါ်ဆောင်သွားရန် ဖြစ်သည်။ သို့ သော် မစ္စတာဗင်တန်မှာ သာသနာ လုပ်ငန်းတွင် မနားမနေ ဆောင်ရွက်ခဲ့သော ဆင်းရဲပင်ပန်းမှု ဒဏ်များကြောင့် ၁၈၅၈ ခုနှစ်တွင် ကွယ်လွန်သွားရာ စောသံပြာ အမေရိကန်နိုင်ငံသို့ ပညာသင်သွားရန် အစီအစဉ်မှာ ယာယီ ရပ်ဆိုင်း သွားခဲ့ရလေသည်။ သို့သော် အင်္ဂလိပ်အတည်းများကြားမှပင် ပညာကို ဆက်လက် သင်ကြားခဲ့သည်။ စောသံပြာသည် လုံ့လ ဝီရိယ ရှိပြီး မှတ်ဉာဏ်ကောင်းသူ ဖြစ်သည်။ သာသနာပြု ဆရာများ၏ သင်ကြားမှုကိုလည်း ဂရုတစိုက် ကြိုးစားလေ့လာ နာယူ မှတ်သား ခဲ့သည်။

ထိုသို့ရှိစဉ် သာသနာပြုဆရာ မစ္စတာအင်ဂေါလ်၏ဇနီး မစ္စက်အင်ဂေါလ်၏ကျေးဇူးဖြင့် စောသံပြာ အမေရိက သို့ သွားရောက်ရန် အကြောင်း တိုက်ဆိုင် လာပြန်သည်။ မစ္စတာအင်ဂေါလ်တို့ ဇနီးမောင်နှံမှာ မော်လမြိုင်၊ ရခိုင်နှင့် ရန်ကုန်ဒေသ တလျှောက်တွင် (၁၉)နှစ်တိုင်တိုင် အတူတကွ သာသနာပြု ဆောင်ရွက်ခဲ့ကြသူများ ဖြစ်သည်။ သာသနာပြုရင်းမှာပင် မစ္စတာ အင်ဂေါလ်မှာ ၁၈၅၆ ခုနှစ်၌ ကွယ်လွန် သွားခဲ့သည်။ မစ္စက် အင်ဂေါလ်သည် (၁၈၆၀) ခုနှစ် ရန်ကုန်မြို့ မြန်မာအသင်းတော် ဖွဲ့စည်းရာတွင်၎င်း၊ သုံးဆယ်မြို့ မြန်မာ အသင်း ဖွဲ့စည်းရာတွင်၎င်း ထင်ရှားအောင်မြင်ခဲ့သူ တဦးဖြစ်သည်။ ၁၈၆၅ ခုနှစ်တွင် မစ္စက်အင်ဂေါလ် အမေရိကသို့ ပြန်လည် အနားယူမည် ဖြစ်ရာ စောသံပြာလည်း လိုက်ပါခွင့် ရခဲ့လေသည်။ ထိုအချိန်တွင် စောသံပြာသည် အသက်အားဖြင့် (၂၃)နှစ်ရှိပြီ ဖြစ်သည်။ ဖြစ်သည့်နည်းနှင့် အမေရိကသို့ လိုက်လာ ခဲ့ရသဖြင့် စောသံပြာအတွက် ပထမ ဦးဆုံး ရင်ဆိုင်ရသော အခက် အခဲမှာ စားရေးသောက်ရေးပင် ဖြစ်လေ သည်။ ဒုတိယ အခက်အခဲမှာ ပညာသင်ကြားခွင့် ရရေး ဖြစ်သည်။ စောသံပြာ အမေရိကန်နိုင်ငံ ရောက်ပြီးနောက် ပထမဦးဆုံး နယူးယောက်မြို့တွင် အခြေချဖြစ်သည်။ ထို့နောက် ဘော်စကွန်သို့ ရောက်လာသည်။

သူ ပထမဆုံး လုပ်ရသော အလုပ်မှာ သတင်းစာ ရောင်းသော လုပ်ငန်း ဖြစ် လေသည်။ ကျောင်းနေရန် အတွက် သတင်းစာရောင်းရင်း ငွေကြေးစုဆောင်းသည်။ ထို့နောက် မီးရထားကုမ္ပဏီ တခု၌ ရထားလမ်း ဖောက်လုပ်သည့် လုပ်ငန်းတွင် မြေတိုင်းစာရေး အဖြစ် လုပ်ရသည်။ မီးရထားလမ်း ပြီးသောအခါ မီးရထားလမ်းပေါ် ကျော်ဖြတ်သွားတတ်သော ကျွဲရိုင်းများကို ပစ်ရသည့်အလုပ် လုပ်ရပြန်သည်။ ဤနည်းဖြင့် စောသံပြာသည် မိမိကျောင်းစရိတ်ကို မိမိရှာကာ ပညာသင်ကြားခဲ့ရာမှ မန်ချက်စတာ တက္ကသိုလ်သို့ တက်ရောက် နိုင်ခဲ့လေသည်။ အလုပ်လုပ်ရင်းမှ ပညာကို ကြိုးစားသင်ကြားခဲ့ရာ (၆)နှစ်အကြာ (၁၈၇၁ ခုနှစ်)တွင် ဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးရရှိ ခဲ့သည်။

နောက်ထပ် (၂)နှစ် ဆက်လက် သင်ကြား နိုင်ခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့ကို ထပ်မံရရှိ ခဲ့ပြန်သည်။ ဘွဲ့ရသောအခါ သူ့အား အလုပ် ခန့်လိုသူများ အများအပြား ရှိနေသော်လည်း မိမိအမျိုးသားကို ပြန်လည် အလုပ်အကျွေးပြုရန် သန္နိဋ္ဌာန် ချထားသော စောသံပြာသည် မည်သည့် နိုင်ငံသား၏ အလုပ်ကိုမှ လက်ခံခြင်းမပြုခဲ့ပေ။ ဘာသာရေးဆိုင်ရာ စာပေများကို လေ့လာ ဆည်းပူးခဲ့သည်။

မြန်မာပြည်သို့ ပြန်ရောက်သောအခါ ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေး ယန္တယား တွင် စောသံပြာအနေဖြင့် ရာထူးရာခံများ ရယူနိုင်သော်လည်း မယူခဲ့။ မိမိအမျိုးသားအတွက် သာသနာ အလုပ်ဖြင့် အကျိုးပြုရန်သာ စိတ်ဆုံးဖြတ်ထားသည်။

မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် ဦးစွာပဌမ ပဲခူးကရင် အထက်တန်းကျောင်း (ယခု အ ထ က – ၁ အလုံ) တွင် ကျောင်းဆရာ ဝင်လုပ်သည်။ ထို့နောက် မိမိ၏ အမျိုးသားများ အကျိုးအတွက် စာအုပ်များကို ပြုစုရေးသားခဲ့ရာ စုစုပေါင်းစာအုပ် (၂၅)အုပ် ပြုစုနိုင်ခဲ့ သည်။

ဤသို့ မိမိအမျိုးသားများ အတွက် ပြန်လည် အကျိုးပြုခဲ့နိုင်သော အခွင့်ထူးကြီးမှာ သူ့အား ပညာရေး လမ်းကြောင်းပေါ်သို့ ပဌမဦးဆုံး တင်ပို့ပေးခဲ့သော သာသနာပြုဆရာ ဗင်တန်၏ ကျေးဇူးကြောင့်သာ ဖြစ်ကြောင်း ဒေါက်တာ တီသံပြာ မမေ့ခဲ့ချေ။

ထိုကြောင့် ကျေးဇူးရှင်အတွက် သူကိုယ်တိုင် ဦးဆောင်ပြီး "ဗင်တန်ခန်းမဆောင်" ကို ဆောက်လုပ်ခဲ့လေသည်။ ဘာသာရေးကို ဆောင်ရွက်ရင်း တဖက်တလမ်းမှ အမျိုးသားရေး လုပ်ကိုင် နိုင်ရန် (၁၈၈၁) ခုနှစ်တွင် ဒေါကလူ အသင်းကို ဦးဆောင် ဖွဲ့စည်းခဲ့သည်။

ခရစ်ယာန် သာသနာပြန့်ပွားရေးနှင့် စာပေပို့ချမှု လုပ်ငန်းများကို လုပ်ဆောင်ခဲ့သော ဒေါက်တာတီသံပြာအား "ဂိုချက်စလာ တက္ကသိုလ်" မှ ဘာသာတရားနှင့်ဆိုင်သော ဂုဏ်ထူးပါရဂူ ( **D. D** )ဘွဲ့ကို ထပ်မံချီးမြှင့် ခဲ့လေသည်။

ဒေါက်တာ တီသံပြာ၏အမည် အပြည့်အစုံမှာ **Thesdine Tha Bya** ဖြစ်သည်။

❖ ❖ ❖ ❖



## ဆာစံစီဖိုး။

(၁၈၇၀ – ၁၉၄၆)

ဆာစံစီဖိုးကို ၁၈၇၀ ခု အောက်တိုဘာလ (၄)ရက်နေ့တွင် ဧရာဝတီတိုင်း ပုသိမ်မြို့မှ မြောက်ဖက် (၅)မိုင်ခန့် ဝေးသော ကိုးဆူရွာ၌ အဘ တိုက်သူကြီး ဦးအောင်ညို၊ အမိ နော်သဂေးဝ တို့မှ ဖွားမြင်သည်။ ငယ်နာမည်မှာ စီဖိုးဖြစ်သည်။ စီဖိုးငယ်စဉ်က ပုသိမ်မြို့ စကောကရင်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ရွာမှပုသိမ်မြို့သို့ အသွားအပြန် ခြေလျင်လျှောက် ကျောင်းတက် ခဲ့ရသည်။ စံဖိုး အသက် (၁၄)နှစ် အရွယ်သို့ ရောက်သောအခါ ထိုကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်သူ ခရစ်ယာန်သာသနာပြုဆရာ အမေရိကန် အမျိုးသား ဒေါက်တာ ချားလ်နီးကော **(Dr.Charles Nichol)**သည် စံဖိုးအား သဘောကျပြီး ကူညီ စောင့်ရှောက်လိုသော ဆန္ဒဖြင့် အမေရိကသို့ ခေါ်သွားခါ အဒေါ် တော်စပ်သူ ညီအမနှစ်ဦးထံ အပ်နှံခဲ့ပြီး အထက်တန်းပညာကို ဆက်လက် သင်ကြားစေခဲ့သည်။ ကျောင်းနေစဉ် ထိုညီအမ နှစ်ဦး၏ ယာခင်း၌ နွားနို့ ညှစ်ပေးခြင်း၊ မြင်း လှည်းဖြင့် နွားနို့ပို့ခြင်း လုပ်ငန်းများကို ကူညီလုပ်ကိုင် ပေးခဲ့သည်။ အထက် တန်းပညာ အောင်မြင်ပြီး ကိုလ်ဂိတ်မြို့ ဆေး ကောလိပ်တွင် ဆေးပညာကို ဆက်လက်သင်ယူသည်။ တဖန် နယူး ယော့ခ် တက္ကသိုလ်တွင် အပါအဝင်ဖြစ်သော အယ်လ်ဗာနီး ဆေးတက္ကသိုလ်၌ ဆရာဝန် အတတ်ကို ဆက်လက်သင်ကြားခဲ့သည်။ ထိုကျောင်း၌ဆေးပညာ ပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ကျောင်းနေစဉ် အမေရိကန် အမျိုးသမီး မစ္စစ်ကရှမ်ဗီးလ်နှင့် ခင်မင်ရင်းနှီးပြီး ထိုအမျိုးသမီးမှာ သူ့အပေါ်တွင် မိခင်ရင်းကဲ့သို့ ပြုစုစောင့်ရှောက်ခဲ့သည်။ ထိုကျေးဇူးကို ထောက်ထား၍ သူ၏အမည်ကိုလည်း စံကရှမ်ဗီးလ်ဖိုးဟု ပြောင်းခဲ့သည်။ (နောင်အခါ အမည် အတိုကောက် စံစီဖိုးဟု တွင်လေသည်။) အမေရိကန် နိုင်ငံသား အဖြစ်လည်း ခံယူ ခဲ့သည်။

၁၈၉၄ ခုနှစ်တွင် ဒေါက်တာ စံစီဖိုးသည် မြန်မာပြည်သို့ ပြန်လာသည်။ ၁၈၉၅ ခုနှစ်တွင် ကရင်အမျိုးသား ဦးလူနီ၏သမီး အေမီလူနီနှင့် အိမ်ထောင်ကျပြီး သားသမီး (၇) ယောက် ထွန်းကားခဲ့သည်။ ထို (၇) ယောက်စလုံးမှာ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအသင်းတို့အလယ်တွင် ထင်ရှားသောပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သား (၅) ယောက်၊ သမီး (၂)ယောက် ဖြစ်သည်။

စံစီဖိုးသည် အစိုးရအမှုထမ်းအဖြစ်ဖြင့် ခရိုင်ဆရာဝန်အလုပ်ကို ပုသိမ်မြို့၌ (၅)နှစ်၊ ကျောက်ဆည်မြို့၌ (၁)နှစ်၊ မြောင်းမြမြို့၌ (၄)နှစ်မျှလုပ်ကိုင်ခဲ့ပြီး ၁၉၀၂ ခုနှစ်တွင် အစိုးရအလုပ်မှ နုတ်ထွက်လိုက်သည်။ ထို့နောက် ပုသိမ်မြို့တွင် ကိုယ်ပိုင် ဆေးခန်းဖွင့်ရင်း ပုသိမ်မြို့ မြူနီစီပါယ်အဖွဲ့ဝင် လူကြီးအဖြစ်ဖြင့် (၈) နှစ်ခန့်မျှ တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုသို့ ဆောင်ရွက်စဉ် ကရင်အမျိုးသားတို့၏ တောင်းဆိုမှုကြောင့် မြန်မာပြည်၏ အရေးကိစ္စတွင် ကရင်အမျိုးသားတို့ဖက်မှ ရှေ့ဆောင် ဦးစီးပြုရန် အမေရိကန် နိုင်ငံသားအဖြစ်ကို စွန့်လွှတ်၍ ဗြိတိသျှလက်အောက်ခံ မြန်မာနိုင်ငံသားအဖြစ် ခံယူ ခဲ့သည်။ စံစီဖိုးသည် မြန်မာပြည် ဥပဒေ ပြု ကောင်စီ၌ မင်းတိုင်ပင်အမတ်အဖြစ် ဖြင့် ၁၉၁၇ ခုမှ ၁၉၂၃ ခုအထိ (၆)နှစ်မျှ ဆောင်ရွက်ခဲ့သည်။

၁၉၁၂ ခုနှစ်တွင် ဗြိတိသျှ အစိုးရသည် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရန် ဝှိုက်ကော်မီတီခေါ် စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းရာတွင် စံစီဖိုးမှာ အဖွဲ့ဝင်တဦးဖြစ်ခဲ့ပြီး၊ ၁၉၂၃ ခုနှစ် အုပ်ချုပ်ရေးပြောင်းလဲလာသည့်အခါ ဧရာဝတီတိုင်း ဥပဒေပြုလွှတ်တော် အမတ်အဖြစ် ရွေးကောက် ခံရသည်။ ပထမ ကမ္ဘာစစ်အတွင်း လူမှုဝန်ထမ်း လုပ်ရင်းနှင့် စစ်သားစုဆောင်းရေး လုပ်ငန်းတွင် ပါဝင်ဆောင်ရွက် ခဲ့သဖြင့် မြန်မာပြည် ဗြိတိသျှအစိုးရ၏ ဂုဏ်ပြုခြင်းကို ခံရသည်။

---

* **K.C.O** **Karen Central Organization.** ကရင်ဗဟို အစည်းအရုံး။

၁၉၂၄ ခုနှစ်တွင် ဗြိတိသျှအစိုးရ က (**C. B. E.**) ဘွဲ့ဖြင့် ချီးမြှင့်ခဲ့သည်။

၁၉၂၅ ခုနှစ်တွင် ဒေါက်တာ စံစီဖိုးသည် ဒေါကလူ ကရင်အမျိုးသား အစည်းအရုံး၏ ဥက္ကဋ္ဌဖြစ်လာပြီး ကရင်အမျိုးသားတို့၏အရေးကို အစဉ်တစိုက် ဦးဆောင်မှုပြု၍ လွှတ်တော်တွင် တင်ပြတောင်းဆို ဆောင်ရွက်ခဲ့မှုကြောင့် ကရင်ခေါင်းဆောင် တယောက်အဖြစ် အသိအမှတ် ပြုလာကြသည်။ ၁၉၂၈ ခုနှစ် ခန့်တွင် ကရင်အမျိုးသားတို့၏ ရှေးဟောင်း အယူဝါဒ အတွေးအခေါ် စိတ်နေသဘောထား၊ နိုင်ငံရေး လိုအင်ဆန္ဒ စသည့် အကြောင်းအချက်များပါသော "မြန်မာပြည်နှင့် ကရင်များ" ဟူသောစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသား ထုတ်ဝေခဲ့သည်။

၁၉၃၄ ခုနှစ်တွင် ဗြိတိသျှအစိုးရတို့က ဒေါက်တာ စံစီဖိုးအား "ဆာ" ဘွဲ့ပေးခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် မြန်မာပြည်ကို အိန္ဒိယပြည်မှ ခွဲထွက်လိုက်ပြီးနောက် မြန်မာပြည် ဖွဲ့စည်းအုပ်ချုပ်ပုံအရ အထက်နှင့် အောက်လွှတ်တော်နှစ်ရပ် ဖွဲ့စည်းခဲ့ရာ အထက် လွှတ်တော်အမတ် ဖြစ်လာသည်။

ဒုတိယ ကမ္ဘာစစ်အတွင်း ဒေါကလူ အသင်းကြီး အစား ကရင်အမျိုးသားဗဟိုအဖွဲ့ (**K.C.O.**)ကို တည်ထောင်စေပြီး ကိုယ်တိုင် အကြံပေး နာယက အဖြစ် ဆောင်ရွက်ခဲ့သည်။ စစ်ကြီးပြီးသည့်နောက်ပိုင်းတွင် ဒေါက်တာ စံစီဖိုးမှာ ကောင်းစွာ ကျန်းမာခြင်း မရှိတော့ဘဲ အသက် (၇၆)နှစ် အရွယ် ၁၉၄၆ ခုနှစ်၊ ဖွန်လ (၇) ရက် နေ့တွင် ကွယ်လွန်ခဲ့လေသည်။

❖ ❖ ❖

## "ဆရာစံဘော်"

(၁၈၇၈– ၁၉၄၀)

ဆရာစံဘော်ကို ၁၈၇၈ ခုနှစ် စက်တင်ဘာလ (၉)ရက်နေ့တွင် သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ကန်သာယာ ကျေးရွာတွင် ဖွားမြင်သည်။ မိဘများမှာ စောသာရင်နှင့် နော်မင်းသိမ်းတို့ ဖြစ်သည်။ သားယောကျ်ားများစွာ မွေးဖွားခဲ့ရာတွင် စောစံဘော်မှာ ဒုတိယ အကြီးဆုံး သားဖြစ်သည်။ (၁) စောသာကျော်၊ (၂) စောစံဘော်၊ (၃) စောသာဘောင်း၊ (၄) စောရွှေကျော်၊ (၅) စောသာဖ၊ (၆) စောစံလုံး တို့ဖြစ်သည်။

ဆရာစံဘော်ကို သူ၏ မိဘများက သာယာဝတီမြို့ရှိ အမေရိကန်နှစ်ခြင်း သာသနာအဖွဲ့ပိုင် မစ္စစ်ဟစ်ဘီ (**Miss Hibby**) တည်ဆောက်ခဲ့သော ကျောင်းတွင် ပညာသင်ကြားစေသည်။ ထိုကျောင်း၌ အလယ်တန်းကို အောင်မြင်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ရှိ ဘက်ပတစ်မစ်ရှင်ကောလိပ်သို့ ရောက်လာသည်။ ဘက်ပတစ် ကောလိပ်(**Baptis Mission Colleage**)တွင် (၄)နှစ်တက်ရောက် သင်ကြားပြီးနောက် ဆရာဖြစ် လက်မှတ်ရခဲ့သည်။

၁၈၉၀ ပြည့်နှစ်တွင် ဆရာစံဘော် ပညာသင်ကြားခဲ့သည့် သာယာဝတီ (အောဘီအမ်)ကျောင်းမှ ကျောင်းဆရာကြီး ဦးခိုင်အငြိမ်းစား ယူသွားခဲ့ရာ ဆရာစံဘော်မှာ ဦးခိုင်၏ နေရာတွင် အစားထိုး ဝင်ရောက်ခဲ့ရသည်။

ကျောင်းဆရာအဖြစ် (၄)နှစ် ဝင်ရောက်အမှုထမ်းပြီး ၁၈၉၄ခုနှစ်တွင် ဆရာမ မဂိုင်းယာနှင့် လက်ထပ်ခဲ့ရာ သားသမီးနှစ်ဦး ထွန်းကားသည်။

(၁)– အင်နာစံဘော်နှင့်

(၂)– ဟင်နရီစံဘော်တို့ဖြစ်သည်။

ကျောင်းဆရာအဖြစ် ဆောင်ရွက်နေစဉ် သာယာဝတီ ရှိ သာသနာပြုဆရာ 'မစ္စတာလူးဝစ္စ' အငြိမ်းစား ယူသွားပြန်ရာ နောက်ထပ် သာသနာပြုဆရာတဦး အစားမထိုးတော့ဘဲ 'ဆရာစံဘော်' အား သာသနာပြု တာဝန်ကို ပေးအပ်ခဲ့သည်။ ဆရာစံဘော်သည် သာယာဝတီခရိုင်တွင် ပထမဦးဆုံးသော တိုင်းရင်းသား သာသနာပြု ဆရာတယောက် ဖြစ်လေသည်။ ပညာရေးနှင့် သာသနာရေး တာဝန်ကို အချိန်ပြည့် ထမ်းဆောင်နေရင်းမှာပင် မြို့ရေးရွာရေး လုပ်ငန်းများကိုလည်း မပြတ် ထမ်းဆောင်ခဲ့သည်။

၁၉၂၄ ခုနှစ်တွင် သာယာဝတီခရိုင် မြူနီစပယ်အဖွဲ့ အကြံပေး ကော်မတီနှင့် ဆေးရုံအကြံပေး အဖွဲ့ဝင် ဖြစ်ခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် သာယာဝတီထောင် အုပ်ချုပ်ရေး အဖွဲ့တွင် ပါလေသည်။ ပညာရေး၊ သာသနာရေး နှင့် အုပ်ချုပ်ရေး လုပ်ငန်းများကို ထမ်းဆောင်သည့်အတွက် ထိုခေတ်ဗြိတိသျှ အုပ်ချုပ်ရေး အဖွဲ့က ကေအိုင်အိပ် (ချ်) (**K. I. H**) ဘွဲ့နှင့် ဆုတံဆိပ်ကို ချီးမြှင့်ခဲ့သည်။

သူသည် ပညာရေး၊ သာသနာရေး၊ ရပ်ရေးရွာရေး ကိစ္စများကို ဆောင်ရွက်ရင်း မှာပင် အမျိုးသားရေး တာဝန်ကိုပါ ထမ်းဆောင်လာရ ပြန်သည်။ ရှေးဦးစွာ သာယာဝတီခရိုင် 'ဒေါကလူ' အဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်လာရာမှ "ဒေါကလူ" အသင်းကြီး၏ ဗဟိုဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်နိုင်ခဲ့သည့် အထိ ကရင်အမျိုးသားများ၏ ယုံကြည်လေး စားမှုကို ရရှိခဲ့သည်။

ဒေါကလူ "ဥက္ကဋ္ဌ" တာဝန်ဆောင်ရွက်နေစဉ် ကာလမှာပင် လွှတ်တော်အမတ်အဖြစ် ဗြိတိသျှပါလီမန်တွင် အရွေးခံရပြန်သည်။ ၁၉၃၈ ခုနှစ်၊ ပဋ္ဌမဆုံး အစိုးရ အသိအမှတ်ပြုသည့် ကရင်နှစ်သစ်ကူး နေ့ကို တရားဝင် ကျင်းပနိုင်ရန် လွှတ်တော်အတွင်း တောင်းဆို တိုက်ပွဲဝင်ရာတွင် ဆရာစံဘော်သည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့် ခေါင်း ဆောင်တဦး ဖြစ်သည်။

၁၉၄၀ ခုနှစ် စက်တင်ဘာလ (၁၇)ရက်နေ့၊ အသက် (၆၂)နှစ်တွင် သာယာဝတီနေအိမ်၌ ကွယ်လွန် သွားသည်။

❖ ❖ ❖ ❖ ❖

ဆရာစံဘော်




Photo Donated by family.

ဆစ်ဒနီ လူနီ

# ဆစ်ဒနီလူနီ။

( ၁၈၈၂– ၁၉၆၅ )

စောဆစ်ဒနီလူနီကို ရန်ကုန်မြို့ အလုံ ကရင်ရပ်ကွက် တခုတွင် အဖ ဦးလူနီ၊ အမိ ဒေါ်ကလယ်ရာလူနီတို့မှ ၁၈၈၂ ခုနှစ် နိုဝင်ဘာလ ( ၃)ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း သုံးယောက် အနက် အကြီးဆုံးသား ဖြစ်သည်။ စောဆစ်ဒနီလူနီ၏ မျိုးရိုး စဉ်ဆက်သည် ပညာတတ်များအဖြစ်ငှင်း၊ အမျိုးသား ရေး နိုင်ငံရေးတွင် ခေါင်းဆောင်များ အဖြစ်ငှင်း ထင်ပေါ်ကျော်ကြားသူများ ဖြစ်ကြသည်။ ဒေါကလူခေါ် ကရင် အမျိုးသား အဖွဲ့ချုပ်ကြီးကို ဒေါက်တာ တီသံပြာနှင့်အတူ ပါဝင်ထူထောင်ခဲ့ကြ သူများမှာ စောဆစ်ဒနီလူနီ၏ ဖခင်နှင့် ဦးလေး၊ ဘကြီး များပင် ဖြစ်သည်။ အဖွဲ့ချုပ်၏ ပထမဆုံး အထွေထွေ အတွင်းရေးမှူးမှာ ၎င်း၏ ဖခင် သာသ နာပြု ဆရာ ဦးလူနီဖြစ်သည်။ ဖခင်နှင့် ဘကြီးတို့ ကွယ်လွန်ပြီးနောက်တွင် လည်း ယင်းအဖွဲ့ချုပ်ကြီးကို စောဆစ်ဒနီ လူနီနှင့် သူ့ညီအကိုတော်များက ဆက် လက်လုပ်ကိုင်ခဲ့ကြသည်။ ကရင်အမျိုး သားတို့၏ လောကတွင် ပထမဆုံး စတင် ဖွဲ့စည်းသည့် ဒေါကလူအဖွဲ့ကြီး၌ 'လူနီ' အမျိုးအနွယ်များသည် ပထမဆုံး အထွေ ထွေ အတွင်းရေးမှူး၊ ဒု ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ တာဝန် အသီးသီးကို ထမ်းဆောင်ခဲ့သည့် အမျိုးသား နိုင်ငံရေး အကျိုးဆောင် အမျိုးအနွယ်များပင် ဖြစ်လေ သည်။

စောဆစ်ဒနီလူနီသည် ရန်ကုန် မြို့ အထက်တန်းကျောင်း တကျောင်းမှ ဆယ်တန်း အောင်ပြီးနောက်တွင် အိန္ဒိယ ပြည် ကာလကတ္တား တက္ကသိုလ်၌ ပညာ ဆက်လက်ဆည်းပူးကာ အင်္ဂလန်သို့ သွားရောက်လျက် ဝတ်လုံဘွဲ့ (**Bar. at. law** )ကို ရယူခဲ့သည်။ အင်္ဂလန်မှ ဝတ်လုံ တော်ရ ဘွဲ့ကို ရရှိပြီးနောက် မြန်မာနိုင်ငံ သို့ ပြန်လာသည်။ အမှုထမ်း လောကသို့ ဝင်ရောက်ခြင်းမပြုပဲ အမျိုးသား အကျိုး ဆောင် လုပ်ငန်းဖြစ်သည့် ဒေါကလူ အစည်းအရုံးတွင် ဆက်လက် တာဝန်ယူ သည်။ အမျိုးသားရေး နိုင်ငံရေးကို အချိန်ပြည့် တာဝန်ထမ်းဆောင် ရင်းမှ ၁၉၂၂ ခုနှစ် ဧပြီလ (၂၇)ရက်နေ့ အသက် (၄၀)အရွယ်တွင် နော်အဲဒစ် လူနီနှင့် လက်ထပ်ခဲ့သည်။ သားလေး ယောက်၊ သမီး တယောက် ထွန်းကား ခဲ့သည်။

ဆစ်ဒနီလူနီသည် ဒေါကလူ အစည်းအရုံးကြီး၏ ပြည်တွင်း ပြည်ပ တာဝန်များအပြင် လွှတ်တော်အမတ်၊ လွှတ်တော် ဥက္ကဋ္ဌ တာဝန်များ၊ ရန်ကုန် တက္ကသိုလ် အရံသဘာပတိ၊ ကျောင်း အုပ်ဆရာကြီး၊ ရန်ကုန် စည်ပင်သာယာ ရေးအဖွဲ့၊ ပြည်ထောင်စု ဘဏ်ဘုတ် ဒါရိုက်တာအဖွဲ့၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားဆရာမများ ဗဟိုကောင်စီဝင်၊ (ဝိုင်အမ် ဓီအေ)အသင်းကြီး၏ ရာသက် ပန်ဥက္ကဋ္ဌ စသည့် လုပ်ငန်း တာဝန်များကို ထမ်းဆောင် ခဲ့သည်။

၁၉၁၇ ခု ဩဂုတ်လ (၂၀)ရက် နေ့တွင် မြန်မာပြည်အား (ဒိုင်အာခီ / **Diarchy** )စနစ်ဖြင့် ပြုပြင်ပြောင်းလဲရေး အုပ်ချုပ်ရာ၌ ကရင်လူမျိုးများ ရသင့် ရထိုက်သော အခွင့်အရေးများ ရရှိနိုင် စေရန် ဒေါကလူအဖွဲ့ကြီးက ဆစ်ဒနီ လူနီ ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ကို အိန္ဒိယသို့ စေလွှတ်ခဲ့သည်။ (ဒိုင်အာခီ) အုပ်ချုပ်ရေးတွင် အမတ် နေရာပေါင်း (၁၀၃)နေရာ ရှိရာ ၁၉၂၃ ခု မြန်မာပြည် ဥပဒေပြုကောင်စီ၌ ကရင် ကိုယ်စားလှယ် (၅)ဦးရရှိလာသည်။

၁၉၃၁ ခုနှစ်တွင် ၉၁–ဌာန အုပ်ချုပ်ရေးအတွက် တိုင်ပင်ဆွေးနွေး ရန် ဘိလပ်က ဖိတ်ကြားသဖြင့်၊ ဒေါက လူအဖွဲ့၏ တာဝန်ပေးချက်အရ ဆစ်ဒနီ လူနီသည် ကရင်ကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင်အဖြစ် သွားရောက်ခဲ့ရ ပြန်သည်။

၉၁–ဌာန အုပ်ချုပ်ရေးတွင် အမတ် (၁၃၂)ယောက် သတ်မှတ် ထား ရာ ကရင် သီးသန့် အမတ် (၁၂) ယောက် ရရှိခဲ့သည်။

၉၁–ဌာန အုပ်ချုပ်ရေးအတွက် စတင်သော ဥပဒေပြုလွှတ်တော် အစည်း အဝေးကြီးတွင် သူသည် ပုသိမ်အနောက် ပိုင်း သီးသန့် ကရင် မဲဆန္ဒနယ်မှ အမတ် အဖြစ် (၁၉၃၈ မှ ၁၉၄၁)အထိ ဆောင် ရွက်ခဲ့သည်။

၉၁–ဌာန အုပ်ချုပ်ရေးကာလ အထက် /အောက်လွှတ်တော် အမတ် (၃၆)ဦးတွင် (၁၈)ဦးကို ဘုရင်ခံက တိုက် ရိုက်ခန့်၍ (၁၈)ဦးမှာ မဲဆန္ဒဖြင့် တက်ရ သည်။ ထို (၃၆)ဦး၌ ကရင်က (၃)နေရာ ရရှိသည်။ အောက်လွှတ်တော် အမတ်

# မန်းဘာခင်။

(၁၈၈၇ – ၁၉၄၈ )

မန်းဘာခင်ကို ၁၈၈၇ ခုနှစ် အဘ ဦးဂီး (အူယံဥ်)၊ အမိ ဒေါ်မင်းအောင်တို့မှ ဧရာဝတီတိုင်း၊ ဖလွန်မြို့တွင် မွေးဖွားခဲ့သည်။ မွေးချင်း လေးယောက် အနက် အငယ်ဆုံးဖြစ်သူ မန်းဘာခင်မှာ မူလတန်းနှင့် အလယ်တန်းပညာကို ဟင်္သာတမြို့တွင် သင်ကြား အောင်မြင်ခဲ့ပြီး အထက်တန်းပညာကို ရန်ကုန်မှာ အောင်မြင်ခဲ့သည်။ ဘီအေဘွဲ့ကို ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ အောင်မြင်ရရှိခဲ့ပြီးနောက် အမျိုးသားရေး၊ နိုင်ငံရေး လောကသို့ဝင်ရောက်ခဲ့သည်။

၁၉၂၀ ခုနှစ် အသက် (၃၃)နှစ် အရွယ်တွင် ဒေါ်နန်းရင်နှင့် အိမ်ထောင်ကျခဲ့ပြီး သားနှစ်ယောက်၊ သမီး တယောက် ထွန်းကားခဲ့သည်။ ၁၉၃၄ – ၃၅ ခုနှစ်တွင် စကောကရင်နှင့် ပိုးကရင်တို့၏ ကွဲပြားသော ဘာသာစကား အုပ်စုအရ ကျမ်းစာသင် ကျောင်းများမှာလည်း တခုစီ ဖြစ်ခဲ့ရာ မန်းဘာခင်သည် ပိုးကရင် ကျမ်း စာသင်ကျောင်း၏ ပထမဆုံး ကျောင်းအုပ်ကြီး ဖြစ်လာသည်။

၁၉၃၇– ၃၈ ခုနှစ် ၉၁– ဌာန အုပ်ချုပ်ရေးခေတ်တွင် မအူပင်နယ်မှ အောက်လွှတ်တော်အမတ် တဦးအဖြစ် အရွေးခံခဲ့ရသည်။ နောက်ပိုင်းတွင် ဥပဒေပြု လွှတ်တော်အမတ် ဖြစ်လာသည်။ ၁၉၃၈ ခုနှစ် ဒေါက်တာဘာမော် အစိုးရလက်ထက် ကရင်နှစ်သစ်ကူးနေ့ကို တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရာတွင်လည်း မန်းဘာခင်သည် အမျိုးသားရေးအတွက် တိတိပပ ဆောင်ရွက်ခဲ့သူဖြစ်သည်။

၁၈၈၁မှ ၁၉၄၆ ခုနှစ်အထိ (၆၅)နှစ်ကြာ သက်တမ်းရှည်ခဲ့သော ဒေါကလူ အစည်းအရုံးကြီးတွင် မန်းဘာခင်က အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒေါကလူ အစည်းအရုံးကြီး၏ နောက်ဆုံး အတွင်းရေးမှူးဖြစ်ပြီးနောက်၊ ၁၉၄၃ ခုနှစ် **K.C.A.B Karen Central Adu** Boand** ကရင်ဗဟိုအကြံပေးအဖွဲ့ကို ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည်။ ထို့နောက် **K.C.O- Karen Central Oganizetion** ကရင်ဗဟိုအဖွဲ့ဟု ပြောင်းလဲ ဖွဲ့စည်းခဲ့ပြီး ကေစီအိုမှ တဆင့် ကေအင်ယူ ဖွဲ့စည်းသော အခါ ပထမဆုံး ဘဏ္ဍာရေးမှူး ဖြစ်လာသည်။ ဒေါကလူ အဖွဲ့ကြီး၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေရာမှ ဒိုင်အာခီ အုပ်ချုပ်ရေးတွင် ကရင်ကိုယ်စားလှယ်အမတ် (၅)နေရာ ရရှိရေးကိုဌင်း၊ ၉၁– ဌာန အုပ်ချုပ်ရေး ခေတ်တွင် အောက်လွှတ်တော် ကရင်သီးသန့် အမတ် (၁၂)နေရာ နှင့် အထက်လွှတ်တော်အမတ် (၃)နေရာ ရရှိရေးကိုဌင်း ကြိုးပမ်းရာ၌ အရေးပါသည့် အခဏ်းကဏ္ဍမှ ပါဝင်ခဲ့သည်။ စစ်ဖက်၊ နယ်ဖက်၊ အရပ်ဖက်၌ ကရင်များ နေရာရရှိရေး အတွက် ဆောင်ရွက်ရာတွင် မန်းဘာခင်သည် အဖွဲ့ချုပ်၏ ခေါင်းဆောင်တဦး အနေဖြင့် စီစီ စစ်စစ် ပြုလုပ်၍ ယနေ့ အသုံးပြုနေသော ကရင်အမျိုးသား အလံတော် ပုံစံကိုလည်း စီစဉ်ရေးဆွဲ ခဲ့သည်။

၁၉၄၅ ခုနှစ်တွင် ဆာဒေါ်မန် စမစ်သည် စိတ်ကြိုက်ဘုရင်ခံ ကောင်စီ အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရာ မန်းဘာခင်မှာ ယင်းဘုရင်ခံ ကောင်စီအုပ်ချုပ်မှု အဖွဲ့ (ဝန်ကြီးအဖွဲ့)၌ ကောင်စီဝင် အမှုဆောင် လူကြီး ကျန်းမာရေးဌာန ဝန်ကြီးတဦး ဖြစ်ခဲ့သည်။ ဂျပန်တော်လှန်ရေး ဆင်နွှဲတော့မည့်ကာလတွင် ကရင်ဗမာချစ်ကြည်ရေးကို ဗမာခေါင်းဆောင်များနှင့် အတူ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မှာနေ၍ လုပ်ဆောင်ကြသည့် ခေါင်းဆောင်များထဲတွင် မန်းဘာခင်နှင့် ဆရာသာထိုတို့မှာ ရှေ့တန်း က တာဝန်ယူခဲ့ရသည်။ ဖဆပလ အဖွဲ့ချုပ်တွင်လည်း ကရင်အမှုဆောင်လူကြီး နှစ်နေရာပေးရာ မန်းဘာခင်သည် အမှုဆောင်လူကြီး တဦးဖြစ်လာသည်။

မန်းဘာခင်သည် ၁၉၄၈ ခု ဇူလိုင်လ (၁၉)ရက်နေ့ အသက် (၆၁)နှစ် အရွယ်တွင် ကွယ်လွန်ခဲ့သည်။

❖ ❖ ❖

---

တဦးဖြစ်သော ဆစ်ဒနီ လူနီ သည် အောက်လွှတ်တော် ဥက္ကဋ္ဌ အဖြစ်လည်း လပိုင်းမျှ တာဝန်ထမ်းဆောင်ခဲ့ဘူးသည်။

၁၉၄၆ ခုနှစ်တွင် ကရင် မိတ်ဆက်ကိုယ်စားလှယ် အဖွဲ့ကို ခေါင်းဆောင်၍ အင်္ဂလန်သို့ သွားရောက်ခဲ့ရသည်။ ဆစ်ဒနီလူနီ အပါအဝင် ဒေါကလူအဖွဲ့ကြီး၏ စွမ်းဆောင်မှုဖြင့် ၁၉၃၈ ခုနှစ်မှ စတင်၍ ပြာသိုလဆန်း (၁)ရက်နေ့ကို ကရင်နှစ်သစ်ကူးနေ့ အဖြစ် အစိုးရ အသိအမှတ်ပြုခဲ့သည်။ ၁၉၃၉ ခုနှစ် ပထမဆုံးသော နှစ်သစ်ကူးနေ့ပွဲတော်ကို ရန်ကုန်တွင်ကျင်းပခဲ့ပြီး၊ ယင်းပွဲတော်ကို ရည်ညွှန်း၍ ကရင်အမျိုးသားများထံသို့ ခေါင်းဆောင်ကြီး (၅)ဦးက လက်မှတ်ထိုးကာ နှစ်သစ်ကူးသဝဏ်လွှာ ပေးပို့ခဲ့ရာတွင် ဆစ်ဒနီလူနီလည်း ပါဝင်ခဲ့သည်။ သူ မြူနီစီပါယ်လူကြီး ဖြစ်လာသောအခါ ဦးကြီး တော်သူနှင့် ဖခင်ဖြစ်သူ အပါအဝင် မမေ့သင့်၊ မမေ့အပ်သော အမျိုးသား ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုသောအားဖြင့် ကရင်အမျိုးသား ရပ်ကွက်အတွင်းရှိ လမ်းများကို ထိုပုဂ္ဂိုလ်များ၏ အမည်များ မှည့်ခေါ်စေခဲ့သည်။

ဆစ်ဒနီလူနီသည် ၁၉၆၅ ခုနှစ် ဇွန်လ (၁၆)ရက်နေ့ အသက် (၈၃)နှစ် အရွယ်တွင် ကွယ်လွန်ခဲ့သည်။

❖ ❖ ❖ ❖ ❖

မှတ်ချက်။ ။ ဒိုင်အာခီ အမေပွါယ်မှာ (၂)ဦးဘက် အုပ်ချုပ်ခြင်းဖြစ်သည်။
ဖြိတိသျှနှင့် မြန်မာ ပြည်တွင်းမှ အမျိုးသားများ ပူးပေါင်းအုပ်ချုပ်မှု ဖြစ်သည်။

# ဦးမန်းစောဘု။

(၁၉၀၀– ၁၉၅၂)

စောဘုကို အဘဦးစော၊ အမိ ဒေါ်ခါတို့မှ ၁၉၀၀ ခုနှစ် မတ်လ (၂၆) ရက်နေ့တွင် မြောင်းမြမြို့နယ် တံခွန်တိုင်ရွာတွင် မွေးဖွားသည်။ မွေးချင်း (၅) ယောက်အနက် စတုတ္ထမြောက်သား ဖြစ်သည်။

စောဘု ကျောင်းနေရွယ် ရောက်လာချိန်၌ မိဘများသည် မြောင်းမြမြို့ပေါ် ရွှေဒါးကုန်းသို့ ပြောင်းရွှေ့ အခြေစိုက်ခဲ့ရာ စောဘုမှာ [ယခု အ ထ က (၁)]မြောင်းမြမြို့တွင် မူလတန်းမှ ဆယ်တန်းအောင်သည်အထိ ပညာ သင်ကြားခဲ့သည်။ ဆယ်တန်း အောင်ပြီး နောက် ရန်ကုန်တက္ကသိုလ်၌ ကူးသန်းရောင်းဝယ်ရေးနှင့် စာရင်းအင်းပညာကို သင်ယူသည်။ ထိုမှ ကာလကတ္တားသို့ သွားရောက်၍ ဆက်လက်ပညာသင်ကြားခဲ့သည်။ စစ်ဖြစ်လာချိန်၌ မြောင်းမြမြို့သို့ ပြန်လာခဲ့ပြီး ဆရာမနော်ဂျွန်းနှင့် လက်ထပ်သည်။ လက်ထပ်ပြီး ဇနီးမောင်နှံနှစ်ဦးသည် ထားဝယ်မြို့သို့ သွားရောက်ကာ ဆရာ၊ ဆရာမ အလုပ်ဖြင့် အသက်မွေး ဝမ်းကျောင်း ပြုခဲ့ ကြသည်။

ဦးမန်းစောဘု၏ မိဘများသည် ငွေကြေးချမ်းသာသူများ ဖြစ်ကြသည်။ ရန်ကုန်မှ မြောင်းမြသို့အဝင် ကမ်းရိုးတလျှောက် မြင်တွေ့ရသော ဆန်စက်များအနက် ထော်ကလို့ရွာရှိ ဆန်စက်မှာ ဦးမန်းစောဘု မိဘများပိုင် ဖြစ်သည်။ ဦးမန်းစောဘု ထားဝယ်မြို့သို့ ရောက်ရှိနေစဉ် ဆန်စက်တွင် ဦးစီးလုပ်ကိုင်မည့်သူ မရှိသည့်အတွက် ဖခင်က လှမ်းခေါ်သဖြင့် ကျောင်းဆရာအလုပ်မှ နုတ်ထွက်ပြီး ထော်ကလို့ဆန်စက် မန်နေဂျာတာဝန် ကိုယူလိုက်သည်။ ဦးမန်းစောဘုနှင့် နော်ဂျွန်းတို့၌ သမီး (၄)ဦး ထွန်းကားပြီး နောက်တွင် နော်ဂျွန်း ဆုံးပါးသွား ခဲ့သည်။ ထိုနောက် လူကြီးမိဘများက တံခွန်တိုင်ရွာသူ တဦးဖြစ်သည့် နော်ခင်နှင့် ထိမ်းမြားပေးခဲ့သည်။ ဒုတိယ အိမ်ထောင်နှင့် သမီး (၁)ယောက် ထွန်း ကားခဲ့သည်။

အင်္ဂလိပ်နှင့် ဂျပန်စစ်ဖြစ် နေစဉ် မရင့်ကျက်သေးသူ သခင်အချို့ကြောင့် ကရင်ဗမာ အထင်လွဲမှုများ ဖြစ်ခဲ့သည်။ ဤတွင် ဦးမန်းစောဘုသည် ကရင်ကျေးလက်များသို့ ကိုယ်တိုင်သွားရောက်၍ ၎င်းတို့ဘက်မှ အမှားအယွင်း မရှိစေရန် ဦးဆောင် ထိန်းသိမ်း ပေးခဲ့သည်။ တဖန် မြောင်းမြမြို့ပေါ်ရှိ ဗမာခေါင်းဆောင်များနှင့်လည်း တွေ့ဆုံ ဆွေးနွေး တိုင်ပင်သည်။

ယင်းသို့ အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းနေစဉ်မှာပင် ဂျပန်စစ်ဗိုလ်ကီမာတား ဘဲဂရက်တပိုက်တွင် သတ်ဖြတ်ခံခဲ့ရ သည့်ကိစ္စနှင့် ပတ်သက်၍ သတင်းထွက်ပေါ်ရာတွင် မြောင်းမြမြို့နယ်၌ အသတ်ခံရသည်ဟု မှားယွင်းထွက်ခဲ့ သောကြောင့် ဂျပန်ဗိုလ်မှူးဗိုလ်မိုးကြိုး ကိုယ်တိုင် မြောင်းမြမြို့သို့ ဆင်းလာပြီး ဆပ်ထူရွာတွင် ဦးမန်းစောဘုတို့နှင့် တွေ့ဆုံဆွေးနွေးကြသည်။ ဗိုလ်မှူးမိုးကြိုးက မြောင်းမြမြို့ အခြေအနေ၊ ဝါးခယ်မ မြို့နယ် အတွင်းရှိ ကနစိုကုန်းရွာနှင့် သာယာကုန်းရွာ အခြေအနေ ကိုပါမေးမြန်းသည်။ ဦးမန်းစောဘုကလည်း ဤအရေး အခင်းမှာ ကရင်များ ဗမာများ၏ အရေး အခင်း မဟုတ်ကြောင်း၊ ကရင်ဗမာ လက်နက်ကိုင်အချို့၏ အရေးအခင်းသာ ဖြစ် ကြောင်း၊ ကျေးရွာရှိ ကရင်ဗမာများမှာ ဤအရေးကိစ္စကို ဘာမျှမသိရကြောင်း၊ ကျေးရွာများကို လိုက်ကြည့်စေ လိုကြောင်း၊ မယုံကြည်၍ ဤရွာများကို ဖျက်ဆီးမည်ဆိုပါက မိမိကိုသာ အရင်သတ်သွားပါဟု ဆိုပြီး ခေါင်းထိုးပေးခဲ့သည်။

ဗိုလ်မိုးကြိုးနှင့် သူ၏ တပ်သားတို့သည် ဦးမန်းစောဘု၏ စကားကို ကြားပြီး အလွန်စိတ်ထိခိုက်မှုဖြစ်ကာ ဗိုလ် မိုးကြိုးသည် ဦးမန်းစောဘု၏ လက်ကို ဆွဲလျှက် ပွေ့ဖက်လိုက်သည်။ ဦးမန်းစောဘုသည် သတ္တိလည်းရှိ၊ အမျိုးချစ်စိတ် လည်းရှိသူ ဖြစ်သဖြင့် ကရင် ဗမာငြိမ်းချမ်းရေးကို ဆက်လက် လုပ်ကိုင်သွားရန် ထိုဗိုလ်မှူးက တာဝန်ပေးခဲ့သည်။ ထို့ကြောင့် မြောင်းမြမြို့သည် လူမျိုးရေး အထင်အမြင် မှားယွင်းမှု ကိစ္စတရပ်တွင် ထိန်းမရသိမ်းမရ မဖြစ်ခဲ့ပေ။

ကျေးလက် ပြည်သူတို့အတွက် ပညာသင်ကြားရေးမှာ မရှိမဖြစ်ကြောင်းကို ဦးမန်းစောဘု တွေးမိသောကြောင့် ၁၉၄၆ ခုတွင် ရေတွင်းရေကန်၌ အလယ်တန်းကျောင်း တကျောင်း တည်ဆောက်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ကျောင်းစတင်ဖွင့်လှစ်ခဲ့သည်။ လွတ်လပ်ရေး ရသည်နှင့် အထက်တန်းကျောင်း အဖြစ်သို့ ရောက်ရှိခဲ့ သည်။ ရေတွင်း ရေကန်ကျောင်းကို အနီးကပ် ကြီးကြပ် နိုင်ရန် အတွက် ရေတွင်း ရေကန်သို့ ဦးမန်းစောဘု ပြောင်းရွှေ့ နေထိုင်ခဲ့သည်။

ပြည်တွင်းဆူပူမှု စတင်လာချိန်တွင် ရေတပ်အရာရှိ တဦးဖြစ်သူ စောဂျက်သည် ရေတပ်သင်္ဘော အချို့ကို သိမ်းယူပြီး မြောင်းမြကိုပါ တိုက်ခိုက်သိမ်းယူရန် စီစဉ်နေကြောင်း ဦးမန်းစောဘု ကြားရသည့်အခါ မကြာမီကမှ အေးငြိမ်းခဲ့သော လူမျိုးရေး အထင် လွဲမှားမှုများ ပြန်လည် ရှင်သန်လာမည်ကို စိုးရိမ်ပြီး၊ စောဂျက်နှင့် သွားရောက်တွေ့ဆုံကာ မြောင်းမြမြို့အား တိုက်ခိုက်သိမ်းပိုက်ရေးကို ကန့်ကွက်ကြောင်း၊ အဓိက တိုင်း မြို့ဖြစ်သည့် ပုသိမ်မြို့ကိုသာ သိမ်းပိုက် သင့်ကြောင်း၊ ပုသိမ်ကို စောဂျက် သိမ်းပိုက်ရရှိလျှင် သူကိုယ်တိုင် မြောင်းမြကို သိမ်းပေးမည် ဖြစ်ကြောင်း ကတိပြုလိုက်သဖြင့် စောဂျက်သည် သင်္ဘောပေါက်ပြီး ဆိပ်ကမ်းမှ ထွက်ခွာသွားလေသည်။ ဒုတိယ အကြိမ်မြောက် မြို့ရွာများကို ကာကွယ်လိုက်သည်မှ အစပြု၍ ဦးမန်းစောဘုမှာ မြောင်းမြမြို့နယ်တခုလုံး လူမျိုး ဘာသာမရွေး လူထုအားလုံး၏ အားကိုးအားထားရာ ခေါင်းဆောင်တဦး ဖြစ်လာခဲ့သည်။

ထိုသို့ ထင်ပေါ် ကျော်ကြားသော ခေါင်းဆောင်တယောက် ဖြစ်လာသော်လည်း ဦးမန်းစောဘုသည် သူ၏

မူလ အနေအထိုင်အတိုင်း ရိုးရိုးကျင့် မြင့်မြင့် ကြံသော စိတ်ထားဖြင့် သိမ်မွေ့စွာ နေထိုင် ခဲ့သည်။

ရေတွင်းရေကန်နှင့် မြောင်းမြမြို့သို့ လာရာလမ်းသည် တောင်ဆင်း တောင်တက် များစွာရှိနေ၍ အသက်အရွယ်ကြီးသော ဦးမန်းစောဘုအတွက် အများ၏ဆုံးဖြတ်ချက်ဖြင့် ဂျစ်ကားတစီး ဝယ်ပေးရာတွင် ဦးမန်းစောဘုက ရေတွင်း ရေကန်နှင့် မြောင်းမြသို့ ခရီးကြုံသော မည်သူမဆို လိုက်ပါစီးနင်းခွင့် ပေးခဲ့ လေသည်။ ထို့ကြောင့် "အများသုံးရန် ဦးမန်းစောဘု ဂျစ်ကား" ဟု နောင်တွင် ပြောစမှတ် တွင်ခဲ့သည်။

၁၉၅၁ ခုတွင် ဦးမန်းစောဘုသည် မြောင်းမြနယ်မှ ပြိုင်ဘက်မရှိ လူမျိုးစု လွှတ်တော်အမတ် ဖြစ်လာသည်။ လူထုလုပ်ငန်းများ၊ အမျိုးသားရေး လုပ်ငန်း များတွင် အံချိန်ကုန်လူပမ်းဖြစ်ပြီး အစားမမှန် အအိပ်မမှန် သောကြောင့် အသားဝါရောဂါဖြင့် ဆေးရုံတက် ခွဲစိတ်မှု သုံးကြိမ် ခံခဲ့ရသည်။ ၁၉၅၂ ခု စက်တင်ဘာလ (၂၁)ရက် အသက် (၅၂)နှစ် အရွယ်တွင် ဘုရားသခင်၏ ခေါ်တော်မူခြင်းကို ခံရသည်။

ဦးမန်းစောဘု၏ ဈာပနကို မန်းဝင်းမောင်က အထူးရေယာဉ်ဖြင့် ကိုယ်တိုင် ပို့ဆောင်ပေးခဲ့သည်။ မြစ်ဝကျွန်းပေါ် ဆိပ်ကမ်း တလျှောက်တွင် လူထု၏ မေတ္တာရပ်ခံချက်အရ ရေယာဉ် ဆိုက်ကပ်၍ အသုဘရှုခွင့် ပေးခဲ့ရသည်။ မြောင်းမြမှ ရေတွင်းရေကန်သို့ သယ်ယူသောအခါ လိုက်ပို့သည့် လူထုကြီးမှာ အလွန်ပင်များပြားလေသည်။ ရေတွင်းရေကန်သို့ မော်တော်ယာဉ်များ ရောက်နေပြီဖြစ်သော်လည်း လူတန်းရှည်ကြီးမှာ မြောင်းမြမြို့အတွင်း၌ပင် ရှိနေသေးဆဲ ဖြစ်သည်။

ဦးမန်းစောဘုအား ဦးမန်းစောဘု ဟု အားလုံးက ခေါ်ကြသည်မှာ ဦးသည် မြန်မာကို ကိုယ်စားပြုနေကာ၊ မန်းသည် ပိုးကရင်ကို ကိုယ်စားပြုနေပြီး၊ စောသည် စကောကရင်ကို ကိုယ်စားပြုနေခြင်းကြောင့် ဖြစ်သည်။ ဦးမန်းစောဘု၏ အုတ်ဂူကဗ္ဗည်းမှာ စကော၊ ပိုး၊ မြန်မာ၊ အင်္ဂလိပ် ဘာသာလေးမျိုးဖြင့် ရေးထိုး ထားသည်။

"လူအများ ကြည်ညို လေးစား၍၊ ဘုရားသခင်ကလည်း ချစ်တော်မူသော၊ သားတော်ကောင်း ဦးမန်းစောဘုအား လွမ်းဆွတ်သတိ ရ အောက်မေ့ဖွယ်"

မွေးနေ့- ( ၁၆ - ၃ - ၁၉၀၀)

ကွယ်လွန်သည့်နေ့- (၂၁ - ၉ - ၁၉၅၂)

❖ ❖ ❖ ❖



မန်းစောဘု၏ အောက်မေ့ဘွယ် အထိမ်းအမှတ် ကျောက်တိုင်။

# စောသာဒင်။

( ၁၈၉၆– ၁၉၉၅)

စောသာဒင်ကို ၁၈၉၆ ခုနှစ် ဖေဖော်ဝါရီလ (၁၄)ရက် သောကြာနေ့တွင် သာယာဝတီမြို့ ဇာတိဖြစ်သော နယ်စီးတောအုပ် ဦးမြနွယ်နှင့် ကျုံ့ဒိုးမြို့နယ်ဇာတိဖြစ်သော နော်သူးခိုတို့မှ ကရင်ပြည်နယ်၊ ကြာအင်းမြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းသုံးဦးအနက် အကြီးဆုံးသားဖြစ်သည်။

စောသာဒင်သည် ကာလကတ္တား တက္ကသိုလ်တွင် အိုင်အေ (၁၂)တန်းအထိ ပညာသင်ကြားခဲ့ဘူးလေသည်။ ကာလ ကတ္တားမှ ပြန်ရောက်လာသောအခါတွင် ရန်ကုန်အလုံရှိ ကူရှင်ကျောင်း (ယခုအထက ၄အလုံ)၌ ကျောင်းဆရာအဖြစ် ဝင်ရောက် ဆောင်ရွက်ခဲ့သည်။ ထိုကျောင်း၌ နှစ်အနည်းငယ်သာ လုပ်ကိုင်ခဲ့ပြီး ၁၉၃၀ ခုနှစ်တွင် ကြာအင်းဆိပ်ကြီးရှိ **Anglo Vernacular** ကျောင်းသို့ ကျောင်းအုပ်ကြီး အဖြစ် ပြောင်းရွှေ့ အမှုထမ်းသည်။ ထိုကျောင်းမှာ အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင်ကျောင်းဖြစ်ပြီး (၇)တန်းအထိ သင်ကြားပေးသော ကျောင်းဖြစ်သည်။ ကျောင်းဆရာလုပ်နေရင်း ကရင်အမျိုးသားများ တန်းတူညီမျှ အခွင့်အရေး ရရှိရေးနှင့် လူမှုဘဝ တိုးတက်ရေးအတွက် ကြိုးပမ်းတောင်းဆိုသော နိုင်ငံရေး လှုပ်ရှားမှုများတွင်ပါဝင်ခဲ့သည်။

**Anglo Vernacular** ကျောင်း၌ (၂)နှစ်ကျော် လုပ်ကိုင်ခဲ့ပြီး ၁၉၃၃ ခုနှစ်တွင် နော်ဖေါဆနှင့် အိမ်ထောင်ကျကာ သားလေးယောက် သမီးသုံးယောက် ထွန်းကားခဲ့သည်။

အိမ်ထောင်ကျပြီးနောက် ကေအင်န် အေ၊ **K.N.A.** (Karen National Association)ခေါ် ဒေါကလူအဖွဲ့၏ နိုင်ငံရေး လှုပ်ရှားမှုအသင်း၌ ပါဝင်ဆောင်ရွက်ခဲ့သည်။ ဂျပန်ခေတ် ၁၉၄၃ ခု တွင် ဒေါကလူ အသင်းကြီးအစား ကေ စီ အေ ဘီ **(Karen Central Advisory Board)** ကရင်ဗဟို အကြံပေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာတွင် စောသာဒင် ပါဝင်ခဲ့သည်။ ထိုအဖွဲ့ကို ၁၉၄ ၅ ခုနှစ်တွင် ကေ စီ အို **(Karen Central Organization)** ကရင်ဗဟို အစည်းအရုံးဟု အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့ရာ စောသာဒင်မှာ ကေစီအို၏ ဥက္ကဋ္ဌရာထူးအပြင် ငွေထိန်းအဖြစ်ပါ ပူးတွဲတာဝန် ယူရလေသည်။ စစ်ပြီးခေတ် အမျိုးသားရေး လှုပ်ရှားမှုများ အရှိန်အဟုန် ကြီးမားလာချိန် ၁၉၄၆ ခုနှစ်တွင် စောသာဒင်သည် စောဘဦးကြီး၊ ဆစ်ဒနီလူနီ၊ စောဘိုးချစ် တို့နှင့်အတူ အင်္ဂလန်နိုင်ငံသို့ ကရင် မိတ်ဆက် ကိုယ်စားလှယ်အဖြစ် သွားရောက်ခဲ့ကာ ကရင်အမျိုးသားရေးနှင့် သီးခြား ကရင်ပြည်နယ် ရရှိရေးအတွက် ဆွေးနွေးခဲ့ကြသည်။ အင်္ဂလန်မှ ပြန်လည်ရောက်ရှိ လာသောအခါ မိမိ၏ နိုင်ငံရေးဆောင်ရွက်မှု လုပ်ငန်းကိစ္စများကြောင့် လှော်ကားတွင် နေထိုင်နေကြရသော မိသားစုကို ခေါ်ယူကာ ကြာအင်းဆိပ်ကြီးသို့ ပြောင်းရွှေ့ နေရာချထား ပေးခဲ့ပြီးနောက် ရန်ကုန်သို့ ထပ်မံသွားရောက်ကာ အခြားသော ကရင်အမျိုးသားခေါင်းဆောင်များနှင့်အတူ အမျိုးသားရေး လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကေအင်ယူ အဖွဲ့အစည်းကို စတင်ဖွဲ့စည်းခဲ့သည်။ ပထမဦးဆုံး ကေအင်ယူ အစည်းရုံးကြီးတွင် စောသာဒင်သည် ဗဟိုအလုပ်မှုဆောင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ကာလကြာမြင့်စွာ ကတည်းက ရှိနှင့်ပြီးဖြစ်သော သီးသန့် ကရင်ပြည်နယ် ထူထောင်ရေးကိစ္စကို အောင်ဆန်း အက်တလီစာချုပ်၌ ထည့်သွင်း ဖော်ပြထားခြင်းမရှိသဖြင့် ကရင်တမျိုးသားလုံး စိတ်ထိခိုက်ခဲ့ရသည်။ ❖❖ သတ်မှတ်ထားသည့် မတ်လ (၃၁)ရက်နေ့ ရောက်သည့်တိုင် ပြန်ကြားချက်မရသောကြောင့် ညီလာခံ ဆုံးဖြတ်ချက်



အတိုင်း စောဘဦးကြီးသည် ပြန်ကြားရေးဝန်ကြီးရာထူးမှ နုတ်ထွက်သည်နှင့် ကေအဲန်ယူ ဥက္ကဋ္ဌ စောစံဖိုးသင် နှင့် စောဝိုင်အို ကရင်လူငယ်များ ဖြစ်သော ခေါင်းဆောင်များလည်း ကေအဲန်ယူ မှ နှုတ်ထွက်သွားခဲ့သည်။ ဧပြီလ (၁၀)ရက်နေ့တွင် ကေအဲန်ယူ အရေးပေါ် အစည်းအဝေးကို မော်လမြိုင်မြို့၌ ခေါ်ယူပြီး ထိုညီလာခံမှ ကေအဲန်ယူ အမှုဆောင် ကော်မီတီကို ဖွဲ့စည်းလိုက်သည်။ ထို အမှုဆောင်ထဲတွင် စောသာဒင်မှာ ဘဏ္ဍာရေးတာဝန်ခံအဖြစ် ပါဝင် ထမ်းဆောင်ခဲ့သည်။

စောသာဒင်သည် နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းဖြင့် ဥပဒေဘောင်အတွင်းမှ အေးချမ်းစွာဖြေရှင်း တောင်းဆိုလို သူဖြစ်သည်။ တရားမျှတမှုကိုလိုလားပြီး ဖိနှိပ်အနိုင်ကျင့် အကြမ်းဖက်မှုကို မလိုလားပဲ လူလူချင်း တန်းတူညီမျှစွာ ရှင်သန် ရပ်တည် လိုသည်။ ၁၉၄၈ ခုအတွင်း သထုံနှင့် မော်လမြိုင်မြို့ကို ယူအမ်ပီ ပြည်ထောင်စု ရဲတပ်က သိမ်းပိုက် လိုက်သည်တွင် ကရင်ပြည် ရရှိရေး ပြဿနာကို အေးချမ်းစွာ ဖြေရှင်းလိုသော စောဘဦးကြီး က ထိုမြို့နှစ်မြို့ကို ပြန်အပ်ရန် စောသာဒင်အား တာဝန် ပေးခဲ့သည်။ စောသာဒင်သည် ဖ ဆ ပ လ အစိုးရတပ်မှ ကချင် ဗိုလ်မှူးကြီးနော်လာနှင့် ဆွေးနွေးညှိနှိုင်း စီစဉ်ကာ မော်လမြိုင်မြို့တွင်ပင် ထိုနှစ်မြို့ကို ပြန်လည်အပ်နှံခဲ့သည်။

၁၉၄၈ ခုနှစ်တွင် နောက်ရောက်လာသော ဖ ဆ ပ လ အစိုးရ၏ ဗိုလ်မှူး ထိန်နားသည် မော်လမြိုင်ရှိ ကရင်ခေါင်းဆောင် များကို ဖမ်းဆီးသည့်အခါ စောသာဒင်လည်း ဖမ်းခံခဲ့ရသည်။ထောင် နှစ်လုံး၊ သုံးလုံး ပြောင်းရွှေ့ခဲ့ရသည်။ ထောင်ထဲတွင် သုံးနှစ် ကျော်မျှနေခဲ့ရပြီး ၁၉၅၂ ခုနှစ်တွင် ထောင်မှထွက်ခဲ့သည်။ ထောင်မှ လွတ်လွတ်ခြင်း အရှေ့ကော်သူလေးသို့ ကူးခဲ့သည်။ ထိုမှ မြဝတီသို့ရောက်လာခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ကျင်းပသော



ကေအဲန်ယူ ကရင်အမျိုးသား အစည်းအရုံး၏ ဖာပွန် ကွန်ကရက် ၌ စောသာဒင် သည် သဘာပတိ အဖြစ် တာဝန်ယူခဲ့ သည်။ ထိုအချိန်က ကေအဲန်ယူ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူရန် စောသာဒင်အား တာဝန်ပေးခဲ့သော်လည်း စောဘဦးကြီး ရှိစဉ်က တိုင်ပင် စီစဉ်ထားခဲ့သော နိုင်ငံ ခြား ဆက်သွယ်ရေး တာဝန်ကိစ္စများ ရှိနေသည့်အတွက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါက တာဝန် မကျေမည်စိုး၍ ငြင်း ပါယ်ခဲ့သည်။

၁၉၅၄ ခုနှစ် နောက်ပိုင်း နိုင်ငံရေး အကွဲအပြဲများကြောင့် စောသာဒင်သည် ကျန်ရှိသော ဘဝအသက်တာအတွက် ဘာသာရေးထဲ ဇောက်ချဝင်ရောက်ခဲ့သည်။ နိုင်ငံရေးလုပ်ရာမှ ဘာသာရေးထဲသို့ ဇောက်ချ ဝင်ရောက်ခဲ့သော်လည်း အမျိုးသား လွတ်မြောက်ရေးအတွက် တဖက်တလမ်းမှ ပါဝင် ကူညီခဲ့သည်။ စံခရာဘူရီသို့ သူ၏ မိသားစု ရောက်ရှိလာသောအခါ ပထမဆုံး တည်ထောင်သော ကွိုင်းခရစ်ယာန် အသင်းတွင် နာယကအဖြစ် ပူးပေါင်း ပါဝင်ခဲ့ သည်။ ကလေးများအတွက်လည်း စာသင်ကျောင်း တဆောင်ကို ထူထောင် ပေးခဲ့သည်။ နိုင်ငံတကာမှ ထောက်ပံ့ ကြေးဖြင့် ထူထောင်ခဲ့သော စာသင် ကျောင်းအား ကြီးကြပ်အုပ်ချုပ်ရသည့် တာဝန်ကို အသက် (၈၅) နှစ် အရွယ်ထိ လုပ်ကိုင်ခဲ့သည်။ ဒီမိုကရေစီ အင်အားစု များ ရောက်ရှိ လာစဉ်က အမျိုးသား လွတ်မြောက်ရေး နီးကပ်လာပြီဟူသော မျှော်လင့်ချက်ဖြင့် ဘိတ်ထားဝယ်ခရိုင် အနှစ် (၄၀)မြောက် ကရင့်တော်လှန်ရေးနေ့တွင် တက်ကြွစွာ မိန့်ခွန်း ပြောကြားခဲ့သည်။

၁၉၉၅ ခုနှစ် ဩဂုတ်လ (၅) ရက်နေ့တွင် ထိုင်းနိုင်ငံ စံခရာဘူရီရွာရှိ သမီးဖြစ်သူအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့သည်။



# ပဒိုစံလင်း၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ်။

(၁၉၁၉ - ၁၉၉၆)

၁၉၁၉ ခုနှစ် မအူပင် ခရိုင်၊ ညောင်တုန်း မြို့နယ်၊ ငှက်ပျောကျွန်း ဒိုင်နယ် လယ်ကုန်းရွာ၌ အဖ ဦးစွံနှောင်း အမိ နော်ဖိုးသီတို့၏ ပဌမ မြောက် သားထွေးအဖြစ် ဖွားမြင်ခဲ့သည်။ ၁၉၃၉ ခုနှစ် ရန်ကုန်မြို့တွင် မြန်မာဘာသာ (၁၀)တန်း အောင်မြင် ခဲ့သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံအတွင်း ကျောင်းသား လှုပ်ရှားမှုတွင် ရန်ကုန်တိုင်း ကျောင်းသားများ (ရကသ)အဖွဲ့ဝင် အနေနှင့်လည်း ပါဝင်ခဲ့သည်။ ကျောင်းမှ ထွက်ပြီး မိဘ အမွေအနှစ်ဖြစ်သော လယ်ယာများကို ဦးစီး လုပ်ကိုင်သည်။

၁၉၄၈ ခုနှစ် တွင် ကရင် အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ **(KNDO)** တပ်ဖွဲ့ သို့ဝင်ပြီး ၁၉၄၉ ခုနှစ် ကရင့်လက်နက်ကိုင် ခုခံတော်လှန်စစ် စသောအခါ လက်နက်ကိုင် တိုက်ပွဲတွင် ရှေ့တန်းမှ ပါဝင်ခဲ့သည်။ စက်တင်ဘာလ ကရင့်လက်နက်ကိုင် တပ်ဖွဲ့ **(KAF)** အဖြစ် ပြန်လည် ဖွဲ့စည်းသောအခါ မြစ်ဝကျွန်းပေါ် တိုင်းတပ်မဟာ၊ တပ်ရင်း(၁) တပ်ခွဲ (၂) တွင်၊ ဒုခွဲမှူးအဖြစ် တာဝန်ယူခဲ့ရသည်။ ၁၉၅၃ ခုနှစ် စက်တင်ဘာလ မြစ်ဝကျွန်းပေါ် တိုင်းတွင် ကရင်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် **(KPLA)** စတင် ဖွဲ့စည်းသောအခါ **(KPLA)** တပ်ရင်း (၁)တွင် ဒုရင်းမှူး အနေဖြင့် တာဝန်ယူရပြန်သည်။

၁၉၅၄ ခုနှစ်တွင် ရှမ်းပြည် တောင်ပိုင်း ပအိုဝ်း ဦးလှဖေမှ ကရင်အမျိုးသား အစည်းအရုံး **(KNU)** ဗဟိုသို့ နိုင်ငံရေး၊ စစ်ရေး၊ အကူအညီ ပေးရန် တောင်းဆိုလာမှုအရ ဗဟိုမှ ဗိုလ်ကျော်ဟိန်နှင့် ပူးတွဲကာ ရှမ်းပြည် တောင်ပိုင်း ပအိုဝ်း ဒေသသို့ တာဝန်ပေးခဲ့သည်။ ဩဂုတ်လ (၃၁)ရက်တွင် ဗဟိုမှ စတင်ထွက်ခွာပြီး ကရင်နီ တော်လှန်ရေး အဖွဲ့မှ ဆရာမ နှစ်ဦးနှင့်အတူ နိုဝင်ဘာလ တတိယ အပါတ်တွင် ပအိုဝ်းဒေသ ပင်လောင်းမြို့နယ်သို့ ရောက်ရှိခဲ့သည်။ နှစ်ကုန်ခါနီးတွင် ဦးလှဖေနှင့် တွေ့ဆုံပြီး **(KNU)** ဗဟိုမှ ပေးလိုက်သော စာရွက်စာတမ်းများအား ပေးအပ်ခဲ့သည်။ ပအိုဝ်း ဗဟိုမှ ဗိုလ်မှူးကြီး စပါယ်ရှယ်နှင့် တွဲဘက်၍ အင်းလေး အနောက်ဖက်ခြမ်း ပင်လောင်း မြို့နယ်အား နိုင်ငံရေး၊ စစ်ရေး၊ စနစ်တကျ အကောင်အထည် ဖော်တော့သည်။ ဦးစွာ တပ်ကို ပြန်လည် ဖွဲ့စည်းပြီး ပြောက်ကျား စစ်ရေးအပြင် အင်းလေးပြည်သူ့တပ်ဦးနှင့် ဗကပ တို့နှင့်ပါ ပူးတွဲ စစ်ရေးများ ဖော်ထုတ်လာနိုင်သည်။ တော်လှန်သော လက်နက်ကိုင် အင်အားစုချင်း ပိုမိုနားလည်မှုဖြင့် စုစည်းလျက် ဘုံရန်သူ ဖဆပလ ကို ထိထိရောက်ရောက် ထိုးနှက်လာနိုင်ခဲ့သည်။ ပူးတွဲစစ်ရေး လုပ်ငန်းများကို လုပ်ဆောင်ခြင်းဖြင့် နိုင်ငံရေးအရ နားလည်မှု ပိုမိုရရှိလာသည်။ ဤသို့ တော်လှန်ရေး၏ အခြေအနေများ ကောင်းမွန်လာမှုကြောင့် ၁၉၅၆ ခုနှစ်တွင် ညီလာခံ ခေါ်ပြီး ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ (ပအလဖ)ကို ဖွဲ့စည်းကာ၊ အမျိုးသား ဒီမိုကရေစီ လမ်းစဉ်ကို ချမှတ်လျက်၊ တပ်ပေါင်းစု လုပ်ငန်းများကိုပါ ချမှတ် လာနိုင်သည်။ လုပ်ငန်းများ တိုးချဲ့ လုပ်လာနိုင်သည်။ ဤသို့ အရှိန်အဟုန်နှင့် ချီတက်လာနေစဉ် ၁၉၅၈ ခုနှစ် (ဖဆပလ)၏ လက်နက်နှင့် ဒီမိုကရေစီ လဲရေး ထိုးစစ်ကြောင့် နိုင်ငံရေး နနယ်ပြီး အတွေးအခေါ် နည်းသည့် (ပအလဖ) သည် ရန်သူ (ဖဆပလ)၏ လှည့်စား ချွေးသိပ်မှုတွင် လွဲမှားစွာ ယုံကြည်လျက် ရန်သူနှင့် ပူးပေါင်းသွားတော့သည်။







ပဒိုစံလင်းသည် ၁၉၅၉ ခုနှစ် နှစ်စပိုင်းတွင် ဗဟိုဌာနချုပ်သို့ ပြန်ရောက်လာခဲ့ရာ ကရင်အမျိုးသား စည်းလုံး ညီညွတ်ရေးပါတီ **(KNUP)** ပဌမ အကြိမ် ကွန်ဂရက်တွင် အရံ ဗဟိုကော်မတီအဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံရသည်။ ဩဂုတ်လတွင် ကရင်နီ ဗဟို၏ တော်လှန်ရေး အကူအညီ တောင်းဆိုချက်အရ ဗဟို၏ တာဝန်ပေးချက် အပေါ် ကရင်နီ ဗဟိုတွင် တာဝန်ယူခဲ့ရပြန်သည်။ ထိုနှစ် ဧပြီလတွင် သားဖွားနှင့်

သူနာပြုဆရာမ နော်ရှုရှူးနှင့် လက်ထပ်ခဲ့သည်။ သား သမီး (၄)ယောက် ရရှိခဲ့ရာတွင် သားသမီး အားလုံးပင် တော်လှန်ရေး တာဝန်များကို ကျရောက်သည့် အပိုင်းမှ တာဝန်ယူ ထမ်းဆောင်နေကြသည်။

၁၉၆၃ ခုနှစ်၊ ဒုတိယအကြိမ် **(KNUP)** ကွန်ဂရက်၌ ပါတီ ဗဟိုကော်မတီအဖြစ် ရွေးချယ် တင်မြှောက်ခြင်းကို ခံရသည်။ ယင်း ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီမှ ပြည်တွင်း ငြိမ်းချမ်းရေး အတွက် စေ့စပ်ရေး ခေါ်သည့် အပေါ်တွင် ကရင်နီ တိုးတက်ရေး ကိုယ်စားလှယ်အဖြစ် အထွေထွေ အတွင်းရေးမှူးချုပ် စောမော်ရယ်နှင့်အတူ ကရင် အမျိုးသား စည်းလုံးညီညွတ်ရေး ပါတီ **(KNUP)**၊ မွန်ပြည်သစ်ပါတီ **(NMSP)** နှင့် ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ **(KNPP)** သုံးပါတီအနေဖြင့် တပူးတပေါင်းတည်း ရန်ကုန်သို့ သွားရောက်ပြီး တော်လှန်ရေးကောင်စီနှင့် ဆွေးနွေးခဲ့ကြသည်။ ဤသို့ ဆွေးနွေးရာ၌ တော်လှန်ရေး ကောင်စီက ပြည်သူလူထု၏ (၆)ခရိုင် ဆန္ဒပြပွဲကို ထောက်ပြလျက်၊ ဆွေးနွေးပွဲကို တဘက်သတ် ရပ်စဲပစ်သောကြောင့် ဆွေးနွေးပွဲ ပျက်ခဲ့ရသည်။

၁၉၆၇ ခုနှစ် ရှိထားပြီးဖြစ်သော လူမျိုးစု တပ်ပေါင်းစုအားလုံး **(KNUP), (KNPP), (NMSP), (ZNF)** နှင့် ကရင် အမျိုးသား လွတ်မြောက်ရေး တပ်ဦး **(KNLF)** တို့ဖြင့် လူမျိုးစုများ ညီညွတ်ရေး တပ်ဦး **(NUF)** ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ယင်း တပ်ပေါင်းစုတွင် အတွင်းရေးမှူး တာဝန်ကို ယူခဲ့ရသည်။ ဆက်လက်ပြီး ၁၉၇၁ ခုနှစ် မဒညတ ဗဟိုစည်းရုံးရေး ကော်မတီအဖြစ် ပါတီ ဗဟိုမှ တာဝန်ပေးအပ်လာ၍ ဗကပ မှ ဗိုလ်မျိုးမြင့်၊ ကရင်နီမှ စောမော်ရယ် တို့နှင့်အတူ ကရင်နီပြည်နှင့် ရှမ်းပြည်နယ်တွင် တာဝန်ယူရသည်။ တော်လှန်သောအင်အားစု အချင်းချင်း ပို၍ ဆက်စပ်မှု၊ နားလည်မှု ရရှိလာပြီး ရန်သူအား အဆက်အစပ်ရှိစွာ ပူးတွဲစစ်၊ ဆက်စပ်စစ်ရေးများ ကျယ်ပြန့်စွာ တိုက်ပွဲဆင်လာနိုင်သည်။ ရန်သူကို စိတ်လိုက်မှ ရှလိုက်အထိ ချေမှုန်းနိုင်ကာ လက်နက်ခဲယမ်း မီးကျောက်များကိုလည်း ဆက်တိုက် သိမ်းပိုက် လာနိုင်ခြင်းဖြင့် တပ်ပေါင်းစုအဖြစ် ပိုမိုလှုပ်ရှား လာနိုင်သည်။ ပြည်သူလူထု၏ ထောက်ခံမှု ပို၍ရလာခဲ့သည်။

၁၉၇၅ ခုနှစ် ဖွန်လတွင် **(KNUP)** နှင့် **(KNU)** တို့ အမျိုးသားချင်း ပြန်လည် ပေါင်းစည်းရေးအတွက် ဆွေးနွေးနိုင်ခဲ့ပြီး ၁၉၇၆ ခု နှစ်ဆန်းစတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ရန်သူအား တဆင့်တက် ထိုးနှက်နိုင်ရေး အတွက် **(KNU)** ၏ မူပေါ်တွင် အခြေခံလျက် ပြန်လည် ပေါင်းစည်းနိုင်ခဲ့သည်။ **(KNU)** အစည်းအရုံး အနေဖြင့် အမျိုးသား ဒီမိုကရေစီ လမ်းစဉ်အပေါ် အခိုင်အမာ အခြေခံ ရပ်တည်ပြီး အမျိုးသား တော်လှန်ရေးကို ဆက်လက် ချီတက်ကြသည်။ ပဒိုစံလင်းသည် ၁၉၈၀ ခုနှစ် **(KNU)** ဗဟိုအမြဲတမ်းကော်မတီ အစည်းအဝေးမှ တွဲဘက် အထွေထွေ အတွင်းရေးမှူးအဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံရသည်။ ၁၉၉၁ ခုနှစ် **(KNU)** (၁၀)ကြိမ်မြောက် ကွန်ဂရက်တွင် ထပ်မံ၍ ဗဟို အမြဲတမ်း ကော်မတီနှင့် တွဲဘက် အထွေထွေ အတွင်းရေးမှူး (၂) အဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံရပြန်သည်။ တဆက်တည်းမှာပင် ကော်သူးလေ အစိုးရအဖွဲ့၌ ဒုတိယ ဝန်ကြီးချုပ်အဖြစ်ပါ တပါတည်း ရွေးကောက် တင်မြှောက်ခြင်း ခံရသည်။ အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစုတွင် စည်းရုံးရေးနှင့် ဘဏ္ဍာရေးမှူး တာဝန်များကို ပူးတွဲထမ်းဆောင်ခဲ့သည်။ အမျိုးသား လွတ်မြောက်ရေးအတွက် **(KNU)** ၏ တော်လှန်ရေး တာဝန်နှင့် အစိုးရတာဝန် များကို **(KNU)** ဗဟိုအလုပ် အမှုဆောင်များနှင့် ကော်သူးလေအစိုးရ အဖွဲ့တွင် ဌာနတာဝန်ခံ ဝန်ကြီးများနှင့် အတူ တက်ကြွစွာ ထမ်းဆောင်ခဲ့ပေသည်။



နောက်ထပ် နှစ် *များစွာ* ကြာတော့မည် မဟုတ်ဘဲ ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိ အောင်ပွဲခံနိုင်ရန် လက်တကမ်းမျှသာ လိုတော့သော

(၁၉၉၆) နှစ်ဦးပိုင်းတွင်ပင် ပဒို စံလင်းသည် လူကြီးရောဂါဖြင့် ဒူးပလာယာ ခရိုင် ဆေးရုံ၌ ကွယ်လွန်ခဲ့သည်။ ကရင့်တော်လှန်ရေး၏ အဦးအစပိုင်းမှ စ၍ ပါဝင်ခဲ့ပြီး တော်လှန်ရေး တာဝန်များကို ကွယ်လွန်သည့် အချိန်အထိ ဦးလည်မသုန် တက်ကြွစွာ ဆောင်ရွက်ခဲ့သော ပဒိုစံလင်းအား နိုင်ငံသစ် စာစောင်မှ ဂုဏ်ပြု မှတ်တမ်း တင်အပ်ပါ သည်။

❖ ❖ ❖ ❖ ❖

**(KAF) Karen Armed Forces.**
**(KNDO)**
**Kawhtoolai National Defence Organization.**
**(KPLA)**
**Karen People Liberation Army.**
**(KNLF)**
**Kayen National Liberation Front.**
**(KNPP)**
**Karenni National Prograssive Party**
**(KNU) Karen National Union.**
**(KNUP)**
**Karen National United Party.**
**(NMSP) New Mon State Party.**
**(NUF) National United Front.**
**(ZNF) Zome National Front.**

# ဗိုလ်ချုပ်မင်းမောင်

ဗိုလ်ချုပ် မင်းမောင်သည် တောင်ငူခရိုင် ရေသိုကြီး ရွာတွင် ၁၉၁၆ ခုနှစ်၌ မွေးဖွားပြီး တောင်ငူမြို့ "အစွတူး" ရပ်ကွက်တွင် ကြီးလာခဲ့သည်။ သူ၏အဖေသည် ဒူလေးမင်းသား၏ညာလက်ရုံး ဆရာပဲလဲဦးဖြစ်၍ သတ္တိပြောင်သော တော်လှန်ရေး အစဉ်အလာရှိသည့် အိမ်ထောင်စုမှ ပေါက်ဖွားလာခဲ့သည်။

ကျောင်းနေချိန်အရွယ် ရောက်သော် တောင်ငူမြို့ စိန်လု(စ်) အထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားသည်။ ငယ်စဉ်ကတည်းက မိဘစကား နားထောင်၍ မုသားစကား မပြော၊ ရိုးသားသော သားလိမ္မာတဦး ဖြစ်သလို ကျောင်းသို့ရောက်သော် ဆရာဆရာမများကို ရိုသေ လေးစားပြီး ကျောင်းမှန်မှန်တက် စာကြိုးစားကာ စည်းကမ်းများကိုလိုက်နာသော ကျောင်းသား လူတော်တဦး ဖြစ်ခဲ့သည်။ အားကစား ဝါသနာပါသူတဦး ဖြစ်၍ ခလေးတန်း၊ လူလတ်တန်း၊ လူငယ်တန်း၊ လူကြီးတန်း၊ အရွယ်တိုင်း ပြေးခုံခြင်း၊ ဘောလုံးနှင့် ဘတ်စကက်ဘော၊ ဟော်ကီနှင့် လက်ဝှေ့ စသည်များတွင် တက်ကြွစွာ ပါဝင်ကစားပြီး ဘောလုံးနှင့် ဟော်ကီတွင်ကျောင်း လက်ရွေးစင်အသင်း၌ ပါသည်။ စာကြိုးစားသဖြင့် စာတော်ခြင်း၊ စာရိတ္တ ကောင်းမွန်ခြင်း၊ အားကစားတွင် တက်တက်ကြွကြွ ပါဝင်ပြီး လျှင်မြန်ဖြတ်လတ် ကျန်းမာရေး ကောင်းမွန်ခြင်း ဟူသည့် (၃)ဘက်ချွန်ဆုကို နှစ်စဉ်ဆိုသလို ကျောင်းဆုပေးပွဲ၌ ဆွတ်ခူးရရှိသည်။

တက္ကသိုလ်တက်ဖို့ ရည်ရွယ်ကြိုးစားသည်။ သို့သော် ၁၉၃၄ ခုနှစ် (၁၀)တန်း စာမေးပွဲ အောင်စာရင်းများ ထွက်လာသည့်အခါ (ဘီ)အတန်း၌သာ ပါဝင်လာသဖြင့် တက္ကသိုလ်သို့ မတက်နိုင်တော့ဘဲ အဖေ၏ ခြေရာဖြစ်သော သူ့ဝါသနာပါသည့် စစ်ဖက်တွက် ဝင်ပြီး တပ်စာရေးလုပ်သည်။ တပ်ဖက်တွင်လည်း စည်းကမ်းလိုက်နာပြီး အားကစားအမျိုးစုံတွင် တက်ကြွစွာ ပါဝင်လျက် အလုပ်ကြိုးစားသည်။ သို့ဖြစ်၍ သူ၏ဆိုင်ရာ တပ်မှူးများက သူ၏ အလားအလာကောင်းကိုကြည့်၍ တပ်စာရေးမှ ခြေလျင်တပ်ခွဲသို့ ပြောင်းပေးလေသည်။

စစ်သားတဦးအနေနှင့် သူသည် ရိုးသားသည်၊ စည်းကမ်းရှိသည်၊ ဖြတ်လတ်သည်၊ အလုပ်ကြိုးစားသည်ဖြစ်၍ အဆင့်တိုး ရရှိပြီး ၁၉၄၁ ခုနှစ်တွင် ဘားမားရိုင်ဖယ်တပ်ရင်း (၄)၌ တပ်ခွဲ ဟော်ပဒါမေဂျာ ရာထူးရရှိသည်။ ထိုနှစ်တွင်ပင် အိန္ဒိယပြည် ကစ္စနား စစ်တက္ကသိုလ်တက်ဖို့ အရွေးခံရသည်။ ၁၉၄၂ ခုနှစ် ကျောင်းဆင်းသော် ဂျာမဒါဟူသည့် ဘုရင်ခံကော်မရှင် ရရှိသည်။ ဒုတိယ ကမ္ဘာစစ်ဖြစ်၍ မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်တွင်ရှိသော ဂျပန်တပ်များကို ပြန်တိုက်ခိုက်ရန် အတွက် ဝင်းဂိတ်၏ ချင်းဒစ်ခေါ် ခြသေ့တပ်တွင် ပါဝင်သည်။ ၁၉၄၃ ခုနှစ် ပဌမ ဝင်းဂိတ်ထိုးစစ်တွင် ချင်းတွင်းမြစ်ကို ဖြတ်ကူးပြီး ဧရာဝတီမြစ်ကမ်းအထိ ရှိသော ဂျပန်များကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်သည်။ သို့သော် ဂျပန်များ အင်အားကောင်းသည်ကတကြောင်း လုံလောက်သော စစ်ကူနှင့် ထောက်ပံ့မှုများ မရရှိသည်က တကြောင်းကြောင့် "ချင်းဒစ်" **(Chindit)**တပ်သည် ဖရိုဖရဲဖြစ်သွားကာ ဗိုလ်မင်းမောင်သည် တပ်အင်အား (၄၀၀)ကို ဦးစီးပြီး အခက်အခဲ မြောက်များစွာအကြားမှ အိန္ဒိယပြည်သို့ ပြန်ရောက်ရှိသည်။ ဤကဲ့သို့ အခက်အခဲကြား ဖရိုဖရဲဖြစ်နေသည့်တပ်ကို ဦးစီးပြီး ရဲရင့်ပြတ်သားစွာနှင့် အိန္ဒိယပြည်သို့ အောင်မြင်စွာ ပြန်ဆုတ်ခွာ နိုင်သည့်အတွက် ဒုတိယ အမြင့်ဆုံးဖြစ်သည့် (အမ်စီ)ဘွဲ့ကို ဆုတ်ခူးရရှိခဲ့သည်။ ၁၉၄၄ ခုနှစ်၌ ရှူပါဒါ အနေနှင့် ဒုတိယ ဝင်းဂိတ်ထိုးစစ်ဖြင့် မြန်မာပြည် မြောက်ပိုင်းသို့ ထပ်မံ ဝင်ရောက်လာပြန်သည်။ ဝင်းဂိတ်ကိုယ်တိုင် လေယဉ်ပျံ ပျက်ကျသေဆုံးသွားသဖြင့် အိန္ဒိယပြည်သို့ ပြန်သွားရလေသည်။

၁၉၄၅ ခုနှစ် ဒုတိယ ကမ္ဘာစစ်ကြီးပြီးသော် မြန်မာပြည်သို့ ကပ္ပတိန်အနေဖြင့် ပြန်ဝင်လာသည်။ ထိုနေ့တွင်ပင် ကရင်တပ်ရင်း(၁) ဖွဲ့သောအခါ လက်ဖတင်နင် အနေဖြင့် တပ်ရင်းထောက်လှမ်းရေးမှူး တာဝန်ယူရသည်။ ၁၉၄၆ ခုနှစ်တွင် ကရင်တပ်ရင်း(၁) တပ်ထောက်အနေနှင့် ကပ္ပတိန်ဖြစ်လာသည်။ ၁၉၄၇ ခုနှစ်တွင် မေဂျာရာထူးဖြင့် တပ်ခွဲမှူးဖြစ်လာပြီး တလအကြာတွင် ဒုရင်းမှူးဖြစ်လာသည်။ နောက်တလအကြာတွင် ဒုဗိုလ်မှူးကြီး ရာထူးဖြင့် တပ်ရင်းမှူးဖြစ်လာသည်။ တပ်တွင်းတလျှောက်လုံးတွင် ရိုးသားပြီး တည်ကြည်သည်၊ စည်းကမ်းရှိသည်၊ တပ်မှူးဘဝတွင် ငယ်သားများအပေါ် ချစ်ခင်စာနာမှုအပြည့် ထားရှိခြင်းကြောင့် ငယ်သားများ၏ ချစ်ကြည်လေးစားမှုအပြည့် ရရှိလေသည်။

တပ်ရင်းမှူး လုပ်နေသည့်အချိန်တွင် ကရင်အမျိုးသားများ ကရင်ပြည်ရရှိရေးအတွက် ပြင်းပြစွာတိုက်ပွဲဝင်ခဲ့သည့် လက်နက်ကိုင် တိုက်ပွဲဖြစ်လာမည်ကို သူကောင်းစွာသိသည်။ အမျိုးသားလွတ်မြောက်ရေးအတွက် သူပါဝင်ရမည်ကို သူသဘောပေါက်သည်။ သူပါဝင်လျှင် ရာထူးလခနှင့် စည်းစိမ်ကို စွန့်ရမည့် အခက်အခဲနှင့် ရင်ဆိုင်ရမည်။ သို့သော် အောင်ပွဲရသည်အထိ အဆုံးတိုင် လုပ်ရမည်ကို အတွင်းကျကျ အောက်ခြေ တပ်ဗိုလ်အချို့အား ဆွေးနွေးပြသည်။

သူသည် တပ်မှူးတဦး အနေဖြင့် သာမကဘဲ တောင်ငူစတေရှင်ကွန်မင်ဒါအနေနှင့်လည်း တောင်ငူမြို့၏ လုံခြုံရေးတခုလုံးကို တာဝန်ယူရသည်။ အမျိုးသား လုပ်ရှားမှုအပေါ် သူ၏သဘောထားကို သက်ဆိုင်ရာ အကြီးအကဲများ မသိအောင် ပိယိကျစ်လစ်စွာ သူထိန်းထားသည်။ တောင်ငူရှိ တပ်မှူး

နှင့် အရာရှိများမက အထက်တပ်မှူးကြီးများပါ သူ့ကို ယုံကြည်သည်။ အားကိုးသည်။ သူ၏သဘောထားနှင့် ပိယိစွာ ဆောင်ရွက်ချက်များကို သူ့အဖေမသိ၍ သူ့ကိုအားမရဘဲ အထင်မှားဖြစ်ခဲ့သည်။ သို့သော် ၁၉၄၉ ခုနှစ် မတ်လ (၂၇)ရက်နေ့တွင် သူ၏ ဦးဆောင်မှုအောက်မှာ ကရင်တပ်ရင်း(၁) တရင်းလုံးသည် ကေအဲန်ဒီအိုနှင့်အတူ တောင်ငူမြို့ကို သွေးထွက်သံယိုမှု လုံးဝမရှိဘဲ အောင်မြင်စွာ သိမ်းပိုက်လိုက်သည်။

ဗိုလ်ချုပ် မင်းမောင်သည် အထက်မြန်မာပြည် ထိုးစစ်တွင် သူကိုယ်တိုင် ဦးစီးပြီး ကရင်အမျိုးသား အသက်ပေါင်းများစွာကို ကယ်တင်ခဲ့သည်။ ပျဉ်းမနား၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ အစရှိသော မြို့များရှိ ရန်သူထိန်းထားသော ကရင်အမျိုးသား၊ အမျိုးသမီးများ လွတ်မြောက်စေပြီး သက်ကြီးရွယ်အိုနှင့် အမျိုးသမီးခလေးများကို မော်တော်ကားဖြင့် တောင်ငူသို့ စီစဉ်ပို့ပေးသည်။ အရွယ်ရှိသူများကို လက်နက်တပ်ဆင်ပေးပြီး တပ်ထဲထည့်သွင်းသည်။ မေမြို့မှာ လက်နက် အသိမ်းခံရပြီး ထိန်းသိမ်းခံရသော ကရင်စစ်သားနှင့် အိမ်ထောင်သည်ပေါင်း (၄၀၀၀)ကျော်ကို လွတ်မြောက်စေခဲ့သည်။ တောင်ဖက်သို့ ဆင်းသည့်တပ်ကိုလည်း သူကိုယ်တိုင်ဦးစီးသည်။ ဗိုလ်ချုပ်ဖြစ်သော်လည်း မာနလုံးဝမရှိ၊ ဝါကြွားခြင်းမရှိ ရန်သူကို ရဲဘော်များနှင့်အတူ ရဲရင့်စွာ တိုက်ခိုက်သည်။ အခက်အခဲပေါင်း မြောက်များစွာနှင့် ရင်ဆိုင်ရသော်လည်း ခေါင်းအေးအေး စိတ်ရှည်ရှည်နှင့် ရင်ဆိုင်ဖြေရှင်းသည်။ ဥက္ကဋ္ဌ စောဘဦးကြီး မရှိတော့အချိန်တွင် ဥက္ကဋ္ဌသစ် တဦးအတွက် သူများစွာ သောကများ၍ ကြိုးစားစီစဉ်ရသည်။ စောဟန်တာမှ အကူလုပ်ပါမည်ဟု ကတိပေးမှသာ သူ စိတ်သက်သာ သွားတော့သည်။ တော်လှန်ရေးသည် ခေါင်းဆောင်မှု ဖြစ်သည်။ ခေါင်းဆောင်များသည် ကိုယ်ကျိုးစွန့်ကြပြီး ရှေ့တန်းတွင် စည်းစည်းလုံးလုံး တက်တက်ကြွကြွ ပြတ်ပြတ်သားသား ထူးထူးချွံချွံ စံနမူနာပြ တိုက်ခိုက်ရမည်ဟု သူသဘောရသည်။ ဤကဲ့သို့ အရည်အချင်းများ အားနည်းနေသည်ကို တွေ့ရှိရ၍ သူစိတ်မကောင်း ဖြစ်ခဲ့သည်။ ၁၉၄၆ ခုနှစ် ဧပြီလတွင် တောင်ငူမြို့၌ ကပ္ပတိန်ရာထူး အဆင့် ရှိနေစဉ် ဘီအေ၊ ဘီအီးဒီ တက္ကသိုလ် ဘွဲ့(၂)ခုရ၍ ဆရာမ ဟဲလင်နှင့် လက်ထပ်ပြီး သာယာသော အိမ်ထောင်တခုကို ထူထောင်ခဲ့သည်။ ဆရာမသည် သဘောကောင်းသည်။ ဖော်ရွေသည်။ ပညာရေး သာမကဘဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးတွင် ဝါသနာ အထူးပါသည်ဖြစ်၍ ကောင်းမွန် ပျော်ရွှင်စွာ နေထိုင်စားသောက်ရသည်။ တောင်ငူမှ ဆုတ်ခွါရသောအခါ တောထဲတောင်ထဲသွားလာ နေထိုင်ရသော်ငြားလည်း ဗိုလ်ချုပ်မင်းမောင်သည် တောလည် အမဲလိုက်နှင့် ငါးရှာမှုတွေ ဝါသနာပါ၊ ကျွမ်းကျင်သည်။ ဗိုလ်ချုပ်ကတော် ဆရာမမှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးတွင် ထူးချွန်သူ ဖြစ်၍ ဟင်းလျာအတွက် မပူရပေ။ တပ်မတော်နှင့် တာဝန် (၃)ရပ်မှာ တိုက်ခိုက်ရေး၊ စည်းရုံးရေးနှင့် ကုန်ထုတ်လုပ်ရေး ဟူသည့်အတိုင်း ဖါပွန်ဆုတ်ခွာ ရပြီးနောက် ဗိုလ်ချုပ်နှင့် တအိမ်သားလုံး တောင်ယာစပါးစိုက်ခြင်းနှင့်အတူ အသီးထပ် အသီးညှပ်စိုက်ပျိုးရေးများကို လုပ်ဆောင်သည်နှင့်အမျှ ရိက္ခာပြဿနာ ရင်မဆိုင်ရချေ။ ဆရာမ ဆေးလိပ်အနံ့ မခံနိုင်သည့်အတွက် လက်ထပ်သည့် နေ့မှစ၍ ဗိုလ်ချုပ်သည် လုံးဝဆေးလိပ် မသောက်တော့ချေ။

ဗိုလ်ချုပ်မင်းမောင်သည် စစ်ဦးစီး ဗိုလ်ချုပ်ဖြစ်သည်။ သို့သော် မာနလုံးဝမရှိချေ၊ လုပ်ဖော်ကိုင်ဖက်များနှင့် သော်၎င်း၊ အောက်ခြေ ငယ်သားများနှင့် သော်၎င်း ရင်းနှီးစွာ တန်းတူထား ဆက်ဆံသည်။ အားကစားတွင် ဝါသနာကြီးသူ တဦးဖြစ်သည်။ တပ်မတော် အသင်းအတွက် အမြဲပါဝင် ကစားသည်၊ ၁၉၅၃ ခုနှစ် ဘော်လုံးပြိုင်ပွဲ တခု၌ အင်တိုက်အားတိုက် ကစားနေချိန်တွင် ထိခိုက်မိ၍ နာခေါင်းကြိုးသွားရာ တိုက်မိသူ ရဲဘော်က များစွာကြောက်လန့် ပူပန်သည်။ ဗိုလ်ချုပ်က ကစားရာတွင် မတော်တဆ ဖြစ်တာကို ဘာမှမပူပါနဲ့လို့ပြောမှ ထိုရဲဘော် စိတ်သက်သာရာ ရသွားသည်။

ဗိုလ်ချုပ် မင်းမောင်သည် ၁၉၅၆ ခုနှစ်တွင် ကေအဲန်ယူပါ တီဗဟိုကော်မတီတဦးဖြစ်လာ၍ ၁၉၅၉ ခုနှစ် ပဋ္ဌမအကြိမ် ပါတီကွန်ဂရက်တွင် ပီဘီတဦးဖြစ်သည်။ သူသည် တလျှောက်လုံး စစ်သားတဦး ဖြစ်ခဲ့၍ နိုင်ငံရေးမလေ့လာခဲ့ရပေ။ ပါတီနှင့် ဗဟိုကော်မတီဝင် တဦးဖြစ်လာသည်နှင့်အမျှ ကြိုးစားလေ့လာပြီး ခံယူချက် ပြင်းပြလာသည်။ ပါတီနှင့် တော်လှန်ရေး လုပ်ငန်းများတွင် ပိုမိုစိတ်အားထက်သန်စွာ ဆောင်ရွက်လေသည်။ ပါတီဆုံးဖြတ်ချက်များအပေါ် ရပ်တည်ပြီး အာမခံလုပ်သည်။

၁၉၆၁ ခုနှစ် မတ်လတွင် ရန်သူမှ ရွှေတောင်ကြီး ထိုးစစ်ဆင်ရာ ရန်သူတပ်မဟာ (၁) တပ်များ ညောင်လေးပင်မှ ဖာပွန်အရှေ့ဖက်ရှိ ပါဟိုက်သို့ တန်းချီတက်လေသည်။ ရန်သူ့သတင်း ထောက်လှမ်းရန်အတွက် ဗိုလ်ချုပ်မင်းမောင်သည် သူ၏ ရဲဘော်အရင်း ကျော်မိုးဟဲဆိုသူကို ပါဟိုက်သို့ လွှတ်ခဲ့သည်။ ကျော်မိုးဟဲ အဖမ်းခံရ၍ ဗိုလ်ချုပ် မင်းမောင်ရှိရာသို့ လမ်းပြရန် နည်းမျိုးစုံ အတင်းညှင်းပန်းရာ မခံနိုင်တော့ဘဲ လိုက်ပြရတော့သည်။

ညနေမိုးချုပ်၍ ညည့်နက်ပါသော်လည်း ကျော်မိုးဟဲ ပြန်မရောက်သော် ရန်သူဖမ်းမိမှာဘဲသိ၍ နံနက်စောစော နေရာပြောင်းရန် စီစဉ်သည်။ မိုးမလင်းမီ ဖရောင်းတိုင်မီးရောင်ဖြင့် ဘုရားရှိခိုးပြီး ထမင်းစားဖို့ ထမင်းချူးသည်။ အိမ်ရှိ အမျိုးသမီးတဦးက တို့စရာခူးဖို့ အောက်သို့ဆင်းရာ ဝေလီဝေလင်း ဖြစ်နေပြီ ဖြစ်သဖြင့် ရန်သူကိုတွေ့၍ အိမ်ပေါ်ပြန်တက်ပြေးကာ ရန်သူရောက်နေပြီဟု ပြောလေသည်။ဆင်းပြေးကြဟု ဗိုလ်ချုပ်မင်းမောင်က ပြောပြီး သူ့ကာဘိုင် သေနတ်ကိုကိုင်ကာ ရန်သူကို ခုခံပစ်လေ

သည်။ ရန်သူများကား အိမ်ကို ဝိုင်းထား ပြီး မပြေးနဲ့ လက်နက်ချဟု အော်ပြော သည်။ ဗိုလ်ချုပ်မင်းမောင် တဦးတည်း ရန်သူများကို ရဲဝံ့စွာ ပစ်ခတ် တိုက်ခိုက် လေသည်။ ရန်သူများသည် သေနတ် ထွက်ရာသို့ အာရုံရောက်နေ၍ အိမ်ရှင် အမျိုးသမီး လင်မယားနှင့် ဗိုလ်ချုပ်၏ 'တူရင်း ငွမ်တို့ ဆုတ်ပြေးသွားတာကို ဂရုစိုက် မအားတော့သဖြင့် ရန်သူလက်မှ လွတ်မြောက်သွားခဲ့သည်။ ဗိုလ်ချုပ်၏ ရင်တည့်တည့် ကျည်သင့်၍ လဲကျသွား ပြီး ဒါဏ်ရာပြင်းထန်လွန်း၍ စကားမေး မရဘဲ အသက်ထွက် သွားလေသည်။ ၎င်းနှင့်အတူ သူ့သမီးထံ လာလည်သော ဆရာရွှေဘလည်း ကျဆုံးသွားခဲ့သည်။

ရန်သူသည် ဗိုလ်ချုပ်၏ အလောင်းကို ပါဟိုက် ဖာပွန်မှတဆင့် မော်လမြိုင်သို့ ပို့သည်။ အလောင်းနှင့် အတူ ဗိုလ်ချုပ်၏ ဇနီး၊ မွေးစားသား သမီး (၂)ဦးကိုပါ ခေါ်သွားလေသည်။ အလောင်းကို ဘယ်နေရာ ပို့မည် မသိရ ဘဲ စောဘဦးကြီး အလောင်းကဲ့သို့ သင်္ဘောပေါ်တင်ပြီး မော်လမြိုင်နှင့် (၄)နာရီ ဝေးသောနေရာ၌ ရေထဲပြစ်ချ သည်ဟု ထင်ရသည်။ ဗိုလ်ချုပ်၏ ဇနီး နှင့် သားသမီးများကို မော်လမြိုင်တွင် ခေတ္တထားပြီး တောင်ငူသို့ပို့သည်။ ဗိုလ် ချုပ် မင်းမောင်သည် ရိုးသားသည်၊ စိတ် နှိမ့်ချသည်၊ စာနာမှုရှိသည်၊ စိတ်ရှည် သည်၊ စေတနာ သန့်ရှင်းဖြူစင်သည်၊ အပြောသမားမဟုတ် အလုပ်သမားဖြစ် သည်။ ပြောသည့်အတိုင်း လုပ်သည်။ သစ္စာရှိသည်၊ နောက်ဆုံးတွင် တပ်ရင်း မှူးဘဝ၌ တော်လှန်ရေး အလုပ်ကို အဆုံးတိုင် လုပ်ရမည်ဟူသော သူ၏ တပ်ရင်းမှူး များအား ပြောပြသကဲ့သို့ အမျိုးသားအပေါ် သစ္စာရှိရှိ၊ တော်လှန် ရေးအပေါ် သစ္စာရှိရှိ၊ အဖိနှိပ်ခံ ပြည်သူ တရပ်လုံးအပေါ် သစ္စာရှိရှိနဲ့ အာဇာနည် သူရဲကောင်းပီပီ ဂုဏ်ရောင်ပြောင်စွာ အသက် ပေးလှူသွားတော့သည်။

❖ ❖ ❖

## မန်းဘဇန်

(၁၉၁၆ – ၁၉၈၂)

မန်းဘဇန်ကို အဘ မန်းစိန်ပွင့် အမိ ဒေါ်ချောတို့မှ ၁၉၁၆ ခုနှစ် ဖေဖော် ဝါရီလ (၁၀)ရက်နေ့၌ ဧရာဝတီတိုင်း ဓနုဖြူမြို့တွင် ဖွားမြင်သည်။ မန်းဘဇန်၏ ဖခင် မန်းစိန်ပွင့်သည် ခရစ်ယာန် ဘာသာ ဝင် ခေတ်ပညာတတ် တဦးဖြစ်သည်။ ဟင်္သာတမြို့ရှိ (၂)ဘာသာသင် ကရင် အမျိုးသား အထက်တန်းကျောင်းတွင် (၁၀)တန်းအောင်မြင်ခဲ့သည်။ ၎င်းနောက် ရန်ကုန်မြို့ရှိ နှစ်ခြင်းခရစ်ယာန်ဆရာဖြစ် ကောလိပ်ကျောင်းမှ ဆရာဖြစ် အောင် လက်မှတ်ရရှိခဲ့ပြီး ဓနုဖြူမြို့ရှိ အမေရိ ကန် နှစ်ခြင်းသာသနာပြု အလယ်တန်း ကျောင်းတွင် အလယ်တန်းပြဆရာအဖြစ် အမှုထမ်းသည်။

မန်းဘဇန်တွင် ညီအကို မောင် နှမ (၄)ဦး ရှိသည့်အနက် တတိယ မြောက် သားဖြစ်သည်။ အမ အကြီး(၂) ယောက်သည် (၁၀)တန်းအောင်မြင်ပြီး ရန်ကုန်ဆေးရုံကြီးတွင် သူနာပြု ဆရာမ ကြီးများအဖြစ် အမှုထမ်းကြသည်။ အငယ်ဆုံး ညီမလေးမှာ (၂)နှစ်သမီး အရွယ်တွင် ကွယ်လွန်သွားသည်။ မန်း ဘဇန် အသက် (၄)နှစ်တွင် မိခင် ဒေါ် ချောသည် တုတ်ကွေးကြီး ရောဂါဖြင့် ကွယ်လွန်သွားသည်။

မန်းဘဇန်၏ ငယ်မည်မှာ ဦးဝေ ဖြစ်သည်။ ဦးဝေဟု ခေါ်တွင်ရခြင်း မှာ ၎င်းမွေးဖွားချိန်တွင် ဧရာဝတီတိုင်း ပညာဝန် ဦးဝေလင်း ဆိုသူမှ အေဘီအမ် ကျောင်းကို စစ်ဆေးရန်အတွက် ဓနုဖြူ သို့ ရောက်ရှိလာသည်။ ၎င်းရောက်ရှိ ခြင်းကို အစွဲပြုပြီး ဦးဝေလင်းဟု ခေါ်ကြ သည်။ တချို့က ဦးဝေ၊ တချို့က ဝေလင်း ဟုခေါ်ကြသည်။ နောက်ဆုံး ဝေလင်း ပျောက်ပြီး ဦးဝေသာ တွင်တော့သည်။ ကျောင်းအမည်မှာ ဘဇန်ဖြစ်သည်။

ဓနုဖြူမြို့ (အေဘီအမ်)ကျောင်း တွင် ဒုတိယတန်း အောင်မြင်ပြီး မအူပင် မြို့ အထက်တန်းကျောင်းတွင် စတုတ္ထ တန်းမှ အထက်တန်းအထိ ပညာသင် ကြားသည်။ ဆယ်တန်းအောင်မြင်ပြီး နောက် ယုဒသန်ကောလိပ်ခေါ် ဂျက်ဆင် ကောလိပ်တွင် ဥပစာတန်း အောင်မြင်ပြီး ရန်ကုန်ယူနီဗာစီတီ ကောလိပ်တွင် ဝိဇ္ဇာ ဘွဲ့ရခဲ့သည်။ ကျောင်းနေစဉ် စာပေ အပြင် အားကစား၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး ဘက်တို့တွင် ပါဝင်ခဲ့သည်။ အားကစားလောကတွင် ဘော်လီဘော တင်းနစ်နှင့် ဘောလုံးတို့တွင် ဝါသနာ ပါပြီး အထက်တန်းကျောင်း ဘောလုံး အသင်းတွင် လက်ရွေးစဉ် အသင်းခေါင်း ဆောင်အဖြစ်၎င်း၊ မအူပင်မြို့နယ် လက် ရွေးစဉ် ဘောလုံးအသင်းတွင်၎င်း၊ ရန် ကုန်တက္ကသိုလ် ဘောလုံးအသင်းတွင် ၎င်း ပါဝင်ကစားခဲ့သည်။ ဘာသာရေး လုပ်ငန်းနှင့် ပတ်သက်၍လည်း ခရစ် ယာန် လူငယ်ကြိုးစားခြင်း အသင်းဝင် တဦး၊ အမှုဆောင်တဦးနှင့် အသင်း၏ ဥက္ကဋ္ဌအဖြစ် အဆင့်ဆင့် အရွေးခံခဲ့ ရသည်။ ရပ်ရွာ၏ ဘာသာရေး၊ လူမှု ရေး ကိစ္စများတွင်၎င်း ပါဝင်ဆောင်ရွက် ခဲ့သည်။

ရန်ကုန်ယူနီဗာစီတီ ကောလိပ် ရောက်သည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများ သမဂ္ဂခေါင်းဆောင်မှု ဖြင့် ရွှေတိဂုံစေတီတော်တွင် ဌာနချုပ် ထားရှိသော သပိတ်စခန်းမှ ကျောင်း သားသပိတ် ဆင်နွှဲသည့်အခါ မန်းဘဇန် ပါဝင်ခဲ့သည်။ ၁၉၃၈ ခုနှစ် ဒီဇင်ဘာ (၂၂)ရက်နေ့ ဗိုလ်အောင်ကျော် ကျဆုံး သည့် ကျောင်းသားသပိတ်တွင်လည်း ပါဝင်ခဲ့သည်။ ထိုအချိန်ကစပြီး နိုင်ငံရေး တွင် စိတ်ပါဝင်စားလာသည်။ ၁၉၃၇ ခုနှစ် အသက် (၂၁)နှစ်တွင် မန်းထွန်းစိန် နော်စိန်ရင် သမီးနော်ကြည်ကြည်နှင့် အိမ် ထောင်ကျပြီး သားသမီး (၁၀)ယောက် ထွန်းကားခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရပြီး ရန်ကုန်မြို့ စာရင်းစစ် မင်းကြီးရုံးတွင် တလ (၆၀/)နှင့် အထက်တန်း စာရေး အဖြစ် ဝင်ရောက် အမှုထမ်းခဲ့သည်။ (၁)နှစ်မျှ အမှုထမ်းပြီး ၁၉၄၀ ခုနှစ်တွင်

အလုပ်မှထွက်ခဲ့သည်။ ထိုအချိန်သည် ဒုတိယ ကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားနေသော အချိန်ဖြစ်သည်။ ဗြိတိသျှများသည် ၎င်းတို့၏ ကိုလိုနီ တိုင်းပြည်များအား ကာကွယ်ရန်အတွက် စစ်ရေး ပြင်ဆင်မှုများ လုပ်လာကြသည်။ မြန်မာပြည်တွင်လည်း စစ်တပ်အသစ်များ ဖွဲ့စည်းလာကြသည်။ ထိုကဲ့သို့ စစ်တပ်ဖွဲ့စည်းလာသဖြင့် ၁၉၄၁ ခုနှစ် နှစ်ဦးပိုင်းလောက်တွင် မန်းဘဇန်သည်လည်း ရန်ကုန်မြို့ ဌာနချုပ် ဖွင့်ထားသော အမှတ် (၃) အမြောက်တပ်တွင် ဝင်ရောက်အမှုထမ်းသည်။ တပ်ထဲဝင်ဝင်ချင်း တပ်သားအဖြစ် (၆)လ ကြာ မှုထမ်းပြီး တပ်ရေးဗိုလ်ကြီး ဗြိတိသျှ ဘုရင့်တပ်မတော်အရာရှိ ဗိုလ်မှူးဝေးလ်၏ ထောက်ခံကူညီမှုဖြင့် မေမြို့အရေးပေါ် ဗိုလ်သင်တန်း အပတ်စဉ်(၃)သို့ တက်ခွင့်ရခဲ့သည်။

ဗိုလ်သင်တန်း (၆)လတက်ပြီး သင်တန်း ဆင်းဆင်းချင်း ဒု-ဗိုလ်အဆင့်ဖြင့် တာဝန်ထမ်းရသည်။ ထိုအချိန်တွင် ဗြိတိသျှတပ် အားလုံး အိန္ဒိယပြည်သို့ ဆုတ်ခွာသွားကြသဖြင့် ဗိုလ်သာဖြစ်ခဲ့သည် စစ်မြေပြင် အတွေ့အကြုံ မရရှိခဲ့ပေ။

၁၉၄၂ ခုနှစ် မေလကုန်တွင် ဂျပန်များ မြန်မာပြည်တပြည်လုံးကို သိမ်းပိုက်လိုက်ရာ သူ၏ စစ်မှုထမ်းဘဝ ပြီးဆုံးသွားပြီး မြစ်ကြီးနားမှ မအူပင်မြို့သို့ ပြန်ရောက်လာခဲ့သည်။ ၎င်းနှစ် မေလတွင် ပအိုဝ်း ဦးလှဖေသည် ဒေါက်တာဘမော် အစိုးရအဖွဲ့တွင် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှု လက်မှု လုပ်ငန်း ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် မန်းဘဇန်သည် ယင်းဌာနတွင် အထက်တန်းစာရေး ဖြစ်လာသည်။ သို့သော် စာရေးသက်သက် မဟုတ်ဘဲ ကရင် ဗမာညီညွတ်ရေး ဆောင်းပါးများ ရေးသား၍ သတင်းစာတိုက်သို့ ပို့ခြင်း၊ ကေစီအိုနှင့် ဒေါက်တာ ဘမော် အစိုးရ ကိုယ်စားလှယ် အစည်းအဝေးဖွဲ့သို့ တက်ရောက်လေ့လာရခြင်း စသည့်လုပ်ငန်းများပါ တွဲဖက်လုပ်ကိုင်ရသည်။ ထိုသို့ တွဲဖက်လုပ်ကိုင်ရခြင်းဖြင့် နိုင်ငံရေး ဗဟုသုတ တိုးပွားလာသည်။ မျိုးချစ်စိတ်၊ အမျိုးသားစိတ်ဓာတ်များ တိုးပွားလာခဲ့သည်။ ဝန်ကြီးဦးလှဖေ သစ်တောဝန်ကြီးဌာနသို့ ပြောင်းလဲတာဝန်ယူသဖြင့် အထက်တန်းစာရေးအဖြစ်မှ နုတ်ထွက်ကာ မအူပင်တွင် ပြန်လည်နေထိုင်သည်။

၁၉၄၃ ခုနှစ်တွင် ဗြိတိသျှစစ်တပ်သည် အိန္ဒိယပြည်မှ မြန်မာပြည်အတွင်းသို့ ပြည်လည်ထိုးစစ်ဆင်ရန် ပြင်ဆင်နေသည်ကို ဂျပန်များ ထောက်လှမ်းသိရှိသဖြင့် အနယ်နယ် အရပ်ရပ်တွင် ကာကွယ်ရေးတပ်ဖွဲ့များ ဖွဲ့စည်းလာကြသည်။ မအူပင်မြို့တွင်လည်း လုံခြုံရေးတပ် ဗမာတပ်စု (၂)စုနှင့် ကရင်တပ်စု (၁)စုကို ဖွဲ့စည်းခဲ့ပြီး ကရင်တပ်စုတွင် မန်းဘဇန်သည် အုပ်ချုပ်ဦးစီးရန် တာဝန်ယူခဲ့ရသည်။

မအူပင်မြို့ လုံခြုံရေးတပ်စုမှူး တာဝန်ကို ထမ်းဆောင်ရင်း ခရိုင်ဒုတိယ ကာကွယ်ရေးမှူး တာဝန်ကိုယူရန် ကမ်းလှမ်းချက်ကို လက်ခံယူခဲ့သည်။ ခရိုင်ဒုတိယကာကွယ်ရေးမှူး တာဝန်နှင့် မအူပင်ခရိုင်တွင်း နယ်ဆင်းပြီး တရားဟော သည်။ ထိုသို့ တရားဟောခဲ့သည့်အတွက် ကရင်လူထုနှင့် အဆက်အသွယ် များများ ရရှိပြီး အားကိုးယုံကြည်မှုကိုလည်း ခံခဲ့ရသည်။ စည်းရုံးရေး အတွေ့အကြုံလည်း ပိုမိုရရှိခဲ့သည်။

၁၉၄၄ ခုနှစ်တွင် ဒေါက်တာဘမော် အစိုးရသည် ပြည်သူကို အကျိုးပြုပြီး စည်းရုံးရန်အတွက် ပြည်သူ့ဝန်ထမ်း ဌာနကို ဖွင့်လှစ်လိုက်သောအခါ မန်းဘဇန်သည် မအူပင်ခရိုင်၏ ခရိုင်ကရင်ပြည်သူ့ဝန်ထမ်းမှူး ဖြစ်လာသည်။

၁၉၄၅ ခုနှစ် သြဂုတ်လ (၅)ရက်နေ့တွင် ဒုတိယကမ္ဘာစစ် ပြီးသွားပြီး မြန်မာပြည် တပြည်လုံးကို အင်္ဂလိပ်များ သိမ်းပိုက်လိုက်ပြီ ဖြစ်သည်။ မြန်မာပြည်အား ကက်စ်ဘီ **(CAS-B)** စစ်အုပ်ချုပ်ရေး ချမှတ်ထားသည်။ စစ်အုပ်ချုပ်ရေးများချရန် မအူပင်ခရိုင်သို့ အင်္ဂလိပ် အရာရှိများ ရောက်ရှိလာသည်။ ထိုအရာရှိများ အထဲတွင် မန်းဘဇန်နှင့် မေမြို့ ဗိုလ်သင်တန်းကျောင်း အပတ်စဉ် (၃)၊ တပ်စု (၄)တွင် အတူတက်ရောက်ခဲ့သည်။ မေဂျာရပ်(စ်)ဘွန်းလည်း ပါလာခဲ့သည်။ မန်းဘဇန်ကို တွေ့လိုက် ရသည့်အတွက် အလွန်ဝမ်းသာပြီး သူ၏ ခရိုင်အုပ်ချုပ်ရေး လုပ်ငန်းတွင် အကူအညီပေးရန် တောင်းဆိုခဲ့သည်။ မန်းဘဇန်လည်း လက်ခံခဲ့သဖြင့် မြို့ပိုင်အဆင့် (အထူးအရာရှိ)အဖြစ်ဖြင့် တာဝန်ထမ်းဆောင် ခဲ့သည်။ စစ်အုပ်ချုပ်ရေးမှ မြို့ပြအုပ်ချုပ်ရေးသို့ ပြောင်းလဲလိုက်သည့်အတွက် ထိုလုပ်ငန်းတွင် (၆)လခန့်သာ တာဝန်ထမ်းဆောင် ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ကြောင့် ပိတ်ထားရသော မအူပင်မြို့ အေအမ်ဘီ အမေရိကန် ခရစ်ယာန်သာသနာပြု အလယ်တန်းကျောင်းကို ကရင်မျိုးချစ်တယောက်ဖြစ်သူ မန်းကြာလှိုင် စီစဉ်ပေးချက်အရ ကရင်အမျိုးသား အထက်တန်းကျောင်း (အလွတ် ပညာသင်ကျောင်း)ကို မန်းကြာလှိုင်နှင့် ပူးတွဲတာဝန်ယူ ဖွင့်လှစ်ခဲ့သည်။ ထိုကျောင်းတွင် ကျောင်းအုပ်အဖြစ် တာဝန်ယူပြီး ဆောင်ရွက်သည့်အပြင် မအူပင်ခရိုင် ကေအဲန်ယူ ဥက္ကဋ္ဌ တာဝန်ကိုလည်း ထမ်းဆောင်နေခဲ့သည်။ မန်းဘဇန်သည် အမျိုးသားရေးကို အဓိကဦးစားပေး လုပ်ကိုင်သောကြောင့် ကျောင်းလုပ်ငန်းကို ဆရာကြီး မန်းကြာလှိုင်သာ တာဝန်ယူခဲ့ရသည်။ ၁၉၄၉ ခုနှစ် ဇန္နဝါရီလ (၃၁) ရက်နေ့၌ ဖ ဆ ပ လ အစိုးရမှ **(KNDO)**ကို မတရားသင်း ကြေညာပြီး ကျောင်းကိုလည်း မီးရှို့ဖျက်ဆီးခဲ့သဖြင့် မန်းဘဇန်၏ အမျိုးသားကျောင်းအုပ်ဘဝသည်လည်း တခန်းရပ်ခဲ့ရပြန်သည်။ သို့သော်လည်း **(KNDO)**တွင် ဦးဆောင်၍ အမျိုးသားလှုပ်ရှားမှုများ ပိုမိုလုပ်ဆောင် လာနိုင်သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၆) ရက်နေ့မှာ ကေအဲန်ဒီအို **(KNDO)** (ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့) ကို ဖွဲ့စည်းခဲ့ပြီး ဗဟိုတွင် မန်းဘဇန်သည်

စစ်ဦးစီးဗိုလ်ချုပ် ဖြစ်လာခဲ့သည်။ ကေအဲန်ဒီအို **(KNDO)** တပ်ဖွဲ့များကို ကျေးရွာတွင် အခြေခံပြီး ဖွဲ့စည်းခဲ့သည်။ ခရိုင်တာဝန်ခံများကိုလည်း ရွေးချယ်တင်မြှောက်၍ တာဝန်ပေးခဲ့သည်။

ဘုံရန်သူကို တိုက်ရန် တပ်ပေါင်းစု လိုအပ်သည် ဆိုသည့် သဘောတရားကို လက်ကိုင်ထား ပြီး။

၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် ကေအဲန်ဒီအို **(KNDO)**စည်းရုံးလှုပ်ရှားမှုသည် အရှိန်အဟုန် အမြင့်ဆုံးရောက်ရှိခဲ့ပြီး ၁၉၄၉ ခုနှစ် ဇန္နဝါရီလ (၃၁)ရက်နေ့တွင် လက်နက်ကိုင် တိုက်ပွဲကြီးများ စတင်ဖြစ်ပွားခဲ့သည်။ အပြင်းထန်ဆုံး တိုက်ပွဲများတွင် အင်းစိန်တိုက်ပွဲနှင့် ညောင်လေးပင် တိုက်ပွဲတို့ ဖြစ်သည်။ အင်းစိန် တိုက်ပွဲတွင် မန်းဘဂျမ်၊ ဗိုလ်ချုပ်စိုင်းကော၊ စောဟန်တာသာမွှေး တို့သည် ဦးစီးဦးဆောင်ပါဝင် တိုက်ခိုက်ခဲ့သည်။

မန်းဘဇန်သည် ခရစ်ယာန်မိဘနှစ်ပါးမှ မွေးဖွားလာသော ခရစ်ယာန် တယောက်ဖြစ်သဖြင့် ခရစ်တော်ကို သက်ဝင်ယုံကြည်ပြီး ဘာသာရေးအလွန် ကိုင်းရှိုင်းသူတယောက် ဖြစ်သည်။ နိုင်ငံရေးသင်တန်းတွင် ရဲဘော်များနှင့် ဆွေးနွေးသည့်အခါ ရန်သူကို ချစ်ရန်ဆိုသည့် သဘောတရားတွေကို ထည့်သွင်း ချမှတ် ပို့ချခဲ့ပါသည်။ ဤသဘောတရား ခံယူမှု အခြေခံပေါ်မှာ ၁၉၄၇ ခုနှစ် ဧပြီလ (၂၃- ၂၄)ရက် ကေအဲန်ယူ **(KNU)**အရေးပေါ် ညီလာခံတွင် တိုင်းရင်းသား လူမျိုးစုများကို စည်းရုံးရမည်ဟု ဆုံးဖြတ်ခဲ့ပြီး ကချင်၊ ကရင်နီ၊ ပအိုဝ်း၊ မွန်၊ ရှမ်း တို့ကို စည်းရုံး ခဲ့သည်။ ၎င်းတို့ကို စည်းရုံးပြီး လူမျိုးစုတပ်ဦးအဖြစ် ဖွဲ့စည်းလု ဆဲဆဲတွင် ကရင့်တော်လှန်ရေး စတင်ဖြစ်ပေါ်လာသည့်အတွက် ဖွဲ့စည်းခြင်း မပြုနိုင်ခဲ့တော့ပေ။ သို့သော်လည်း တချိန်တည်းတွင် ကရင်အမျိုးသားများကဲ့သို့ အခြားလူမျိုးစု တွေကလည်း မိမိတို့အမျိုးသား လွတ်လပ်ရေးအတွက် လက်နက်စွဲကိုင် တော်လှန်လာကြသည်။

မန်းဘဇန်သည် ဘုံရန်သူကို တိုက်ရန် တပ်ပေါင်းစု လိုအပ်သည် ဆိုသည့် သဘောတရားကို လက်ကိုင်ထားပြီး ၎င်းကိုယ်တိုင် ဦးစီး၍ ဗ က ပ (ဗမာပြည်ကွန်မြူနစ်ပါတီ)နှင့် ၁၉၅၂ ခုနှစ် မေလတွင်၎င်း၊ ၁၉၅၆ ခုနှစ် ဧပြီလ (၄) ရက်နေ့တွင် (ဒလညက) ဒီမိုကရက်တစ်လူမျိုးစုများ ညီညွတ်ရေးတပ်ဦးကို၎င်း၊ ၁၉၅၉ ခုနှစ် မေလတွင် (မဒညတ) အမျိုးသားဒီမိုကရေစီညီညွတ်ရေး တပ်ပေါင်းစုကို၎င်း၊ ၁၉၆၅ ခုနှစ် ဩဂုတ်လတွင် (ညလတ) ညီညွတ်သော လူမျိုးစုများတပ်ဦးကို၎င်း၊ ၁၉၆၇ ခုနှစ်တွင် (လညတ) လူမျိုးစုများ ညီညွတ်ရေးတပ်ဦးကို၎င်း၊ ၁၉၇၀ ခုနှစ် မေလတွင် (တညလ) တိုင်းရင်းသားလူမျိုးပေါင်းစုံ ညီညွတ်ရေးနှင့် လွတ်မြောက်ရေး တပ်ပေါင်းစုကို၎င်း၊ ၁၉၇၂ ခုနှစ်တွင် (တလမဖ)တော်လှန်သော လူမျိုးပေါင်းစုံလွတ်မြောက်သော မဟာမိတ်အဖွဲ့ကို၎င်း၊ ၁၉၇၅ ခုနှစ် မေလ (၂၇)ရက်နေ့တွင် (ပမဒတ)ပြည်နယ်ပေါင်းစုံ ပြည်ထောင်စု အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစုကို၎င်း တိုင်းရင်းသား လူမျိုးစုတော်လှန်ရေးအဖွဲ့များနှင့် ဖွဲ့စည်းနိုင်ခဲ့သည်။

၁၉၆၃ ခုနှစ် ဇွန်လ (၁၀)ရက်နေ့တွင် ကေအဲန်ယူ၊ မွန်နှင့် ကရင်နီ (၃)ပါတီ ကိုယ်စားလှယ်များနှင့် တော်လှန်ရေးကောင်စီတို့ တတိယအကြိမ် ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွင် မန်းဘဇန်သည် (၃)ပါတီ ကိုယ်စားလှယ် ဥက္ကဋ္ဌအဖြစ် ဦးဆောင် ဆွေးနွေးခဲ့သည်။ ထိုအချိန်တွင် တပ်ပေါင်းစုနှင့်သာ အောင်ပွဲခံမည်ဆိုသည့် ခံယူချက်ဖြင့်၎င်း၊ သီးခြား ဆွေးနွေးခြင်းထက် စုပေါင်းဆွေးနွေးခြင်းက ရန်သူကို စုစုစည်းစည်း တိုက်ပွဲဝင်နိုင်မည် ဖြစ်သည်ဟူသော ခံယူချက်ဖြင့်၎င်း၊ ရန်ကုန်မြို့သို့ ဦးစွာရောက်ရှိနေသော (ဗကပ)၊ ချင်းဦးစီးအဖွဲ့တို့ဖြင့် အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (မဒညတ)နှင့် ဆွေးနွေးရန် သဘောတူကြသည်။ တဖက်သက်တောင်းဆိုချက်များကြောင့် တွေ့ဆုံဆွေးနွေးပွဲ ပျက်သွားတော့သည်။

၁၉၆၃ ခုနှစ် နိုဝင်ဘာလ (၁၄) ရက် တွေ့ဆုံဆွေးနွေးပွဲပျက်ပြီး **(KRC)** ကေအာရ်စီ (ကရင့်တော်လှန်ရေး ကောင်စီ)သည် တော်လှန်ရေးကောင်စီနှင့် ပူးပေါင်းလိုက်သဖြင့် ကေအဲန်ယူပါတီသာကျန်တော့သည်။ ၁၉၆၉ ခုနှစ်မှာ **(KNUF)**ကေအဲန်ယူအက်ဖ် ကေအဲန်ယူ တပ်ဦးကို ဖွဲ့လိုက်ပြီး ၁၉၇၀-၇၁ ခု၊ အရှေ့တိုင်း **(KNUF)**ကေအဲန်ယူအက်ဖ်ကို ဖျက်သိမ်းပြီး၊ ၁၉၇၀-၇၁ ခုနှစ်တွင် **(KNU)**ကေအဲန်ယူ အစည်းအရုံး ကိုပြန်လည်ဖွဲ့စည်းသောအခါ **(KNU)**ကေအဲန်ယူပါတီ ဥက္ကဋ္ဌ ဖြစ်လာသည်။ ၁၉၇၆ ခုနှစ်တွင် **(KNU)**ကေအဲန်ယူ ဥက္ကဋ္ဌ အဖြစ်မှ၎င်း မဒညတ (အမျိုးသား ဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု) ဥက္ကဋ္ဌ အဖြစ်မှ၎င်း နုတ်ထွက်လိုက်သည်။

ထိုအချိန်တွင် ဥက္ကဋ္ဌကြီး မန်းဘဇန်သည် အင်းစိန်တိုက်ပွဲမှ ရရှိခဲ့သော မျက်ခမ်းစပ်ရောဂါကြောင့် (သို့) အခြားမျက်စိရောဂါကြောင့် မျက်စေ့မှုံလာပြီး ခွဲစိတ်ကုသရာမှ မျက်စေ့ ကွယ်သွားခဲ့သည်။ ထို့အပြင် အဆုပ်ရောဂါလည်း ဖြစ်ပွားလာပြန်သည်။ ၁၉၈၂ ခုနှစ် ဧပြီလ (၁၂)ရက်နေ့တွင် ဇနီးသည် သည် သွေးတိုးရောဂါကြောင့် ခရစ်တော်၌ အိပ်စက်နားယူခဲ့ပြီး၊ ၁၉၈၂ ခုနှစ် မေလ (၃၁)ရက်နေ့၌ ဥက္ကဋ္ဌကြီး မန်းဘဇန်သည် ကရင်အမျိုးသားလုံးအား၎င်း၊ ကရင့်တော်လှန်ရေးအား၎င်း၊ လူမျိုးစုံ ညီအကိုတော်များနှင့်၎င်း ထာဝရခွဲခွာသွားခဲ့ပြီး သခင်ခရစ်တော်၏ ခြေတော်ရင်း၌ အိပ်စက်အနားယူခဲ့လေသည်။

❖ ❖ ❖

## သမ္မတကြီးမန်းဝင်းမောင်၊

( ၁၉၁၆ – ၁၉၈၉ )

မန်းဝင်းမောင်ကို အဘ ကျောင်းဆရာ ဦးရွှေရင်၊ အမိဒေါ်သာယာတို့မှ ၁၉၁၆ခု ဧပြီလ (၁၇)ရက်နေ့တွင် ကျုံ ပျော်မြို့နယ်၊ "ဒါးက"မြစ်ကမ်းနဖူးရှိ "လှည်းဆိပ်"ရွာတွင်မွေးဖွားခဲ့သည်။ မွေးချင်း (၄)ယောက်အနက် ဒုတိယ မြောက်ဖြစ်သည်။ အဘ ဦးရွှေရင်မှာ မန်းဝင်းမောင်ကို မွေးပြီးနောက် ပညာအုပ်ရာထူးသို့ တိုးမြှင့်ရရှိလာသည်။

မူလတန်းပညာကို ရွာကျောင်းတွင်သင်ယူခဲ့သည်။ နောက် အမကြီးဖြစ်သူနှင့်အတူ ပုသိမ်မြို့ပိုးကရင် အထက်တန်းကျောင်းတွင် ဘော်ဒါဆောင်နေ၊ ဘော်ဒါဆောင်စား လိုက်နေသည်။ ဖခင်ဖြစ်သူမှာ ပညာရေးလောကမှ ဖြစ်သဖြင့် သူ၏သား သမီးများကို ပညာရေးကို အထူးတလည်အားပေးသည်။ သို့ သော် မန်းဝင်းမောင် ပုသိမ်ကျောင်း ရောက်၍ မကြာမီ ဖခင်ဖြစ်သူ ကွယ်လွန်သွားသည်။ မိခင်ကြီး၏ ကြိုးစားအားထုတ်မှု ပိုးကရင် ကျောင်းအုပ်ဆရာကြီး၏ ကူညီမစမှုတို့ဖြင့် ပညာသင်ထောက်ပံ့ကြေးရ၍ ကျောင်းဆက်တက်ခဲ့ရလေသည်။

ရရှိသော ပညာသင် ထောက်ပံ့ကြေးမှာလည်း ကျောင်းနေရရုံသာ ရှိသဖြင့် ကျောင်းပိတ်ရက်များတွင် အပြင်ထွက် မလည်ဘဲ ကျောင်းသားကြီးများ၏ အဝတ်အထည်များကို လျှော်ဖွတ်ပေး၍ အပိုဝင်ငွေ ရှာခဲ့ရသည်။ ထိုထောက်ပံ့ကြေးဖြစ်ပင် ဆယ်တန်း အောင်မြင်ပြီး ဂျက်ဆင်ကောလိပ် အောင်သည်အထိ ပညာသင်ကြားခဲ့ရသည်။ ၁၉၃၇ ခုနှစ်တွင် မန်းဝင်းမောင် ဘီအေဘွဲ့ ရရှိခဲ့သည်။

တက္ကသိုလ်ကျောင်းသား ဘဝတွင် မန်းဝင်းမောင်သည် အရှေ့တိုင်း ရာဇဝင် ပါမောက္ခ မစ္စတာလူးစ်အား ကရင်စကား သင်ပေးရသည့်အတွက် ငွေ (၂၀) ဆုရသည့် ကိစ္စနှင့် (ဘီအေ) အထက်တန်းကျောင်းသား နိုင်ငံရေးသမား ကိုဗစိန် (သခင်ဗစိန်)၏ အပြောအဆိုကို နှစ်သက်မိခြင်း ဖြစ်သည်။ ကိုဗစိန်၏ လှုံ့ဆော်မှုမှ တဆင့် သမဂ္ဂအဆောက်အဦးတွင် ကျင်းပသော ဦးဥတ္တမ၊ ဦးဘဖေ၊ ဒေါက်တာဗမော် တို့၏ တရားပွဲများကို မန်းဝင်းမောင် သွားရောက် နားထောင်လေ့ရှိသည်။

ဘီအေ(**BA**) အောင်သည့် လက်မှတ်ဖြင့် အလုပ်ရှာခဲ့ရာ ပဌမတွင် သံလျှင်ဘီအိုစီတွင် စာရေးတနေရာ ရခဲ့သည်။ ယင်းရာထူးတွင် ဘဝင် မကျလှသဖြင့် ဘဏ္ဍာရေး ဌာနသို့ ပြောင်းရွှေ့လာခဲ့ပြီး အထက်တန်းစာရေးလုပ်ခဲ့သည်။ ထိုမှ အကောက်အခွန် ဌာနတွင် လစ်လပ်လျက်ရှိသော ရာဖြတ်ရာထူးကို လျှောက်ခဲ့သော်လည်း မရရှိဘဲ ကာကွယ်ရေး အရာရှိ ရာထူးကိုသာ ခန့်အပ်ခြင်း ခံရသည်။ ယင်းရာထူးတွင် အလုပ်သင် အရာရှိအဖြစ် လုပ်ကိုင်ရသည်ကို အထင်မကြီးမပျော်မွေ့သဖြင့် မူလ ဘဏ္ဍာရေး ဌာနတွင် အထက်တန်းစာရေး နေရာတွင်သာ ပြန်လည် လုပ်ကိုင်ခဲ့သည်။

ဒုတိယ ကမ္ဘာစစ် မီးတောက်လောင်ကြွမ်းစ ၁၉၄၁ ခုနှစ် အောက်တိုဘာလထဲတွင် မန်းဝင်းမောင်သည် မေမြို့သို့ ရောက်ရှိသွားပြီး ဗိုလ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ဒီဇဘာလ (၂၄) ရက်နေ့တွင် ခရစ်စမတ်ပွဲတော် ဆင်နွှဲရန် မေမြို့မှ ရန်ကုန်သို့ပြန်လာခဲ့သည်။ (၂၅) ရက်နေ့တွင် ဂျပန်က ဒုတိယအကြိမ် ရန်ကုန်ကို ဗုံးကြဲသဖြင့် စစ်၏ အနိဋ္ဌာရုံများကို မြင်ခဲ့ရပြီး မန္တလေးသို့ ခြေဦးပြန်လှည့်ခဲ့ရသည်။ ၁၉၄၂ ခု မတ်လ (၈) ရက်နေ့တွင် ဗိုလ်သင်တန်းကျောင်းကို အပြီးအပိုင် ပိတ်လိုက်ရသည်။

ဗိုလ်သင်တန်းကျောင်း ပိတ်လိုက်ပြီးနောက် အင်္ဂလိပ်စစ်တပ်နှင့်အတူ အိန္ဒိယသို့ လိုက်မသွားဘဲ မေမြို့မှ မန္တလေး၊ မန္တလေးမှ မြစ်ကြီးနားသို့ ဆန်တက်ခဲ့သည်။ မန်းဝင်းမောင် အနေဖြင့် ဂျပန်အုပ်ချုပ်ရေး အသားမကျမချင်း မိတ်ဆွေများ အကူအညီဖြင့် မြစ်ကြီးနား တဝိုက်တွင် ကိုယ်ရောင်ဖျောက် ရှောင်တိမ်းနေခဲ့သည်။ တတိုင်းပြည်လုံး ဂျပန်လက်အောက်တွင် အသားကျလောက်သည့် အချိန်တွင် ရန်ကုန်သို့ ပြန်လာခဲ့သည်။ ရန်ကုန်ရောက်ပြီးနောက် ဘဏ္ဍာရေးဌာန လုပ်ဖော်ကိုင်ဘက် မိသားစုကို လိုက်ရှာရင်း တွံတေးတူးမြောင်းရှိ "သုံးအိမ်" ဆိုသော ရွာကိုရောက်ခဲ့ပြီး ထိုရွာသူ ဒေါ်မြမေနှင့် အကြောင်းပါ အိမ်ထောင်ကျခဲ့သည်။

အိမ်ထောင်စု စားဝတ်နေရေး အတွက် ဂျပန်ခေတ် ထောက်ပံ့ရေး (ဆပ်ပလိုင်း) ဝန်ကြီးဌာန ဝန်ကြီးဦးလှဖေထံ ဆားလျှောက်ပြီး တွံတေးဈေးတွင် ပြန်လည် ရောင်းချခဲ့သည်။ ၎င်းအလုပ်သည် ရေရှည်မဖြစ်နိုင်သည်ကို သိပြီး မိတ်ဆွေ ဦးထွန်းရှိန်နှင့် တိုင်ပင်ကာ အလုပ်အကိုင် ရှာဖွေပြန်သည်။

ဂျပန်ခေတ် အလုပ်အကိုင် ရှာဖွေရသည်မှာ အလွန်ခက်ခဲလှသည်။ သို့သော် ကုသိုလ်ကံအလျှောက် ဂျပန်ခေတ် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၊ ဝန်ကြီး သခင်သန်းထွန်း၏ အတွင်းဝန်ဖြစ်သူ သခင်ဗိုလ်ထံတွင် ရုံးအုပ်တာဝန်ကို ယူခဲ့သည်။ နောက် နိုင်ငံရေး သဘောမျိုးဖြင့် အထူးအရာရှိအဖြစ် ခန့်အပ်ခဲ့သည်။ မန်းဝင်းမောင်အနေဖြင့် ကုန်စည်ဖြန့်ဖြူးရေး စစ်ဆေးရေး အရာရှိ အဖြစ် မြစ်ဝကျွန်းပေါ် မအူပင်၊ ဝါးခယ်မ၊ ပန်းတနော် သို့ခရီးထွက်ခဲ့ပြီး ဖက်ဆစ်တော်လှန်ရေးကိစ္စများ ကရင် ဗမာ ချစ်ကြည်ရေး ကိစ္စများကို ဆောင်ရွက်ခဲ့ရသည်။ လမ်းပန်းအခက်အခဲများ ရှိသည်က တကြောင်း၊ ခရီးသွားရက် (၁၅)ရက်သာ အချိန်ရရှိသဖြင့် ရန်ကုန်သို့ အချိန်မှီ ပြန်ခဲ့ရသည်။

ရန်ကုန်ပြန်ရောက်ပြီးနောက် ဝန်ကြီး သခင်သန်းထွန်းမှ မန်းဝင်းမောင်အား ခေါ်တွေ့ပြီး ဖက်ဆစ်တော်လှန်ရေး အတွက် အိန္ဒိယသို့ သွားရန် တာဝန်ပေးလိုက်သည်။ ယှဉ်ရောက်ရှိသူ ဦးသိန်းဖေမြင့်နှင့် သွားရောက် အဆက်အသွယ်ယူရန် ဖြစ်သည်။ ဝန်ကြီး သခင်သန်းထွန်း၏ အစီအမံဖြင့် ရန်ကုန်မှ မန္တလေး၊ မန္တလေးမှတဆင့် မြစ်ကြီးနားသို့ အရောက်

သွားပြီး၊ ထိုမှ အိန္ဒိယသို့သွားရန် ဖြစ်သည်။ မန္တလေးသို့ ရောက်ပြီး၊ ရထားတတန်၊ ကားတတန်၊ ခြေလျှင်တမျိုး၊ ဖောင်ဖြင့် စုန်ဆင်းရသည့် ခရီးကတဖုံဖြင့် အုပ်စု နှစ်စု ခွဲ၍ ခရီးဆက်ခဲ့ကြရသည်။ ပထမအုပ်စုကို သခင်ဗိုလ်က ဦးဆောင်ပြီး ဒုတိယအုပ်စုကို မန်းဝင်းမောင်မှ ဦးဆောင်ရသည်။

၁၉၄၄ ခု၊ ဒီဇင်ဘာလ (၇)ရက်နေ့ နံနက်အချိန်တွင် တပ်ဖွဲ့အမှတ် (၁၀၁)၏ အစီအစဉ်ဖြင့် အိန္ဒိယသွားမည့် အုပ်စုနှစ်စုသည် မြစ်ကြီးနား လေဆိပ်မှ အိန္ဒိယသို့ ထွက်ခွာခဲ့သည်။ ကာလကတ္တားမြို့အစွန် "ဗီဟာလာ" ရပ်ရှိ ဦးသိန်းဖေမြင့် နေထိုင်ရာ သူရိန် ရိပ်သာသို့ ရောက်ရှိခဲ့သည်။ ဦးသိန်းဖေမြင့်၏ ရိပ်သာတွင် နေရင်း စာတွေ့ စစ်ပညာ သင်ကြားခဲ့ပြီးနောက် သီဟိုဠ်ကျွန်းတွင် လက်တွေ့ စစ်ပညာ သင်ကြားခဲ့ရသည်။ သီဟိုဠ်ကျွန်းတွင် လက်တွေ့ စစ်ပညာသင်ကြားခဲ့ပြီးနောက် ကာလကတ္တားမှတဆင့် မြန်မာပြည်သို့ လေယဉ် တိုက်ရိုက် ထွက်ခွာမည့် "ဂျက်ဆို" သို့ ရောက်ရှိလာခဲ့သည်။ 'ဂျက်ဆို' တွင် လေထီးဆင်း လေ့ကျင့်ခန်းများကို လက်တွေ့ သင်ကြားခဲ့ရသည်။

၁၉၄၅ ခု မတ်လ (၃၀)ရက်နေ့သည် ဖက်ဆစ် တော်လှန်ရေး စတင်ခဲ့သည်မှာ (၃)ရက်တိတိ ရှိပြီဖြစ်သည်။ ထိုနေ့တွင်ပင် သတ်မှတ်ထားသော နေရာသို့ လေထီးဖြင့် ခုန်ဆင်းခဲ့ကြသည်။ မန်းဝင်းမောင်သည် မြေပြင်သို့ ရောက်ကာမှ လယ်ကန်သင်းရိုးနှင့် ခိုက်မိသွားသောကြောင့် ခြေနှင့် ဒူးတွင် ဒဏ်ရာ ရရှိခဲ့သည်။ တောထဲတွင် ဆေးမီးတိုဖြင့် ကုသသော်လည်း ပြန်ကောင်း မလာသဖြင့် တောင်ငူမှတဆင့် မိတ္ထီလာ၊ ၎င်းမှ အိန္ဒိယသို့ ဆေးကုသခံရန် လေယဉ်ဖြင့် ပြန်ခဲ့ရပြန်သည်။ ခြေထောက်ဒဏ်ရာ ပျောက်ပြီး ၁၉၄၅ ခု အောက်တိုဘာလ ဆန်းတွင် ဦးသိန်းဖေမြင့်နှင့်အတူ ဒါကိုတာ စစ်လေယဉ်ပျံကလေးဖြင့် မြန်မာပြည်သို့ ပြန်လာခဲ့သည်။ မြန်မာပြည် ခြေချလိုက်သည်နှင့် ခွဲခွာခဲ့သည်မှာ ကြာပြီဖြစ်သော ဇနီးသည်ကို လိုက်ရှာရာ အခန့်သင့်ပင် အလုံရှိ နေအိမ်တွင် ပြန်တွေ့ခဲ့ရသည်။ သားဦးကလေးမှာ လမ်းလျှောက်တတ်နေပြီး အိန္ဒိယသို့ ထွက်သွားစဉ်က ကိုယ်ဝန်နှင့် ရှိနေသော ဒုတိယ သားကလေးမှာ မိခင်၏ ရင်ခွင်တွင် ရှိနေသည်။

ဂျပန်ဝင်လာသည့် အချိန်မှ ရပ်ဆိုင်းသွားသည့် "ဒေါကလု" ကရင် အမျိုးသား အစည်းအရုံး နေရာတွင် (ကေစီအို)ခေါ် ကရင်အမျိုးသားဗဟို အဖွဲ့အစည်းကြီးကို ဖွဲ့စည်းခဲ့သည်။ ၎င်းအဖွဲ့၏ အဖွဲ့ခွဲများ အနေနှင့် (ကေအဲန်ဒီအို) ကာကွယ်ရေး တပ်ဖွဲ့နှင့် (ကေဝိုင်အို) ကရင်လူငယ် ဌာနခွဲကို ဖွဲ့စည်းသည့်အခါ မန်းဝင်းမောင်သည် ဒုတိယ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ သည်။ ဥက္ကဋ္ဌဖြစ်သော မန်းဘခိုင်သည်၊ ကြားဖြတ်အစိုးရ အဖွဲ့၌ ဝန်ကြီးဖြစ်လာသောအခါ အစည်းအရုံး၏ တာဝန် အားလုံးကို မန်းဝင်းမောင်က တာဝန်ယူခဲ့ရသည်။ " တိုင်းရင်းသား ဂျာနယ်" ကိုလည်း မိမိဘာသာ သီးသန့် ထုတ်ဝေခဲ့သည်။

ယင်းသို့ အစည်းအရုံး လုပ်ငန်းများကို အချိန်ပြည့် လုပ်ဆောင်နေစဉ်တွင် မန်းဝင်းမောင်သည် (ဘီအယ်လ်) ဥပဒေတန်းကို ဆက်တက် လိုက်သေးသည်။ ထိုသို့ ရှိနေစဉ် အိမ်မဲမြို့၌ တောင်သူလယ်သမား ညီလာခံကျင်းပ၏။ ယင်းညီလာခံသို့ တက်ရောက် သင့်ကြောင်းကို သခင်သန်းထွန်းက တိုက်တွန်းသဖြင့် ညီလာခံ တက်ရောက်ခဲ့သည်။ ကရင်ဗမာ ချစ်ကြည်ရေး လုပ်ငန်းကိုလည်း အစ ပျိုးထောင်နိုင်ခဲ့သည်။

၁၉၄၇ ခု ဧပြီလ (၉)ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲ ကျင်းပ၏။ မန်းဝင်းမောင်သည် ကျုံပျော် ကရင် မဲဆန္ဒနယ်အတွက် ဝင်ရောက် အရွေးခံပြီး မန်းဘခိုင်က ဟင်္သာတ မဲဆန္ဒနယ်မှ ဝင်ရောက် အရွေးခံသည်။

၁၉၄၇ ခု ဇူလိုင်လ (၁၈)ရက်နေ့တွင် မန်းဝင်းမောင်မှာ ကျုံပျော် မဲဆန္ဒနယ်သို့ ပြန်လည် ဝင်ရောက်နေစဉ် (၁၉)ရက်နေ့တွင် အာဇာနည်များ လုပ်ကြံခံရသဖြင့် (၂၀)ရက်နေ့တွင် ရန်ကုန်သို့ ပြန်ခဲ့သည်။

ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်း မရှိသည့်နောက် အခြေအနေ အရပ်ရပ်ကို လွှတ်တော် ဥက္ကဋ္ဌ ဦးနုက ထိန်းသိမ်းနေရပြီး ဖ ဆ ပ လ အမှုဆောင် အစည်းအဝေးကို အမြန်ဆုံးခေါ်ယူကာ ကျဆုံးသွားသော ကရင်လူငယ် အစည်းအရုံး ဥက္ကဋ္ဌ မန်းဘခိုင် နေရာတွင် မန်းဝင်းမောင်အား အစားထိုး ခန့်ထားခဲ့သည်။ ၁၉၄၇ ခု ဇူလိုင်လ (၂၂)ရက်နေ့ နံနက် (၁၀)နာရီအချိန်တွင် မန်းဝင်းမောင်သည် ဆာဟူးဗတ်ရန်စ် ရှေ့မှောက်၌ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ ထိုနေ့မှစ၍ မန်းဝင်းမောင်သည် ဝန်ကြီးအဖြစ် ၁၉၅၇ ခု ဖေဖော်ဝါရီလ (၂၈)ရက်နေ့အထိ (၁၀)နှစ် တာဝန် ထမ်းဆောင်ခဲ့သည်။

မန်းဝင်းမောင်သည် ကရင်လူငယ်အစည်းအရုံးကို ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ် အမည်သို့ ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ မန်းဝင်းမောင်မှာ အဖွဲ့ချုပ်၏ ပထမဆုံး ဥက္ကဋ္ဌ ဖြစ်လာသည်။ ယင်းအဖွဲ့ချုပ်၏ ဥက္ကဋ္ဌတာဝန်ကို ၁၉၄၇ ခုဇူလိုင်လ (၂၀)ရက်နေ့မှ ၁၉၅၇ခု မတ်လ (၁၂)ရက်နေ့အထိ ထမ်းဆောင်ခဲ့သည်။

မန်းဝင်းမောင်၏ ခေါင်းဆောင်မှုဖြင့် နိုင်ငံရေး ပဋိပက္ခကို လူမျိုးရေး ပဋိပက္ခ မဖြစ်စေရေး၊ ဥပဒေအတွင်းမှ ကရင်အမျိုးသားဆိုင်ရာ အခြေအနေများကို ထိန်းသိမ်းခြင်း၊ ကရင်ပြည်နယ် ထူထောင်နိုင်ရန် အားထုတ် ကြိုးပမ်းခြင်း၊ ကရင်အမျိုးသားရေးရာ ဟူသမျှကို အားကျိုးမာန်တက် ထမ်းဆောင်ခဲ့သည်။

၁၉၅၇ ခု မတ်လ (၁၃)ရက်နေ့ နံနက် (၁၁)နာရီ အချိန်တွင် လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေး၌ နိုင်ငံတော်သမတအဖြစ် အတည်ပြု ရွေးကောက်ခြင်းခံရပြီး၊ နိုင်ငံတော် တရားရေး

ဝန်ကြီးချုပ်ထံ၌ နိုင်ငံတော်၏ သမတကြီး အဖြစ် လက်မှတ်ရေးထိုး ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

မန်းဝင်းမောင်အတွက် သာမာန် တောသူတောင်သား၊ ကရင်အမျိုးသား လေးတဦးဘဝမှ အသက် (၃၁)နှစ်တွင် ဝန်ကြီး အဖြစ်၎င်း၊ အသက် (၄၁)နှစ်တွင် သမတကြီး အဖြစ်၎င်း၊ အမြင့်ဆုံး ထိပ်ဆုံး တနေရာသို့ ရောက်ရှိခဲ့သည်။

မန်းဝင်းမောင်နှင့်ဇနီး ဒေါ်မြမေ တို့တွင် သားသမီး (၆)ဦး ထွန်းကားခဲ့ပြီး အင်းယားလမ်း နေအိမ်တွင် နိုင်ငံတော်က ချီးမြှင့်သော နိုင်ငံရေးပင်စင် (သမတ အငြိမ်းစားလစာ)ဖြင့် ပျော်ရွှင် ချမ်းမြေ့စွာ နေထိုင်ရင်း ၁၉၈၉ ခုနှစ် ဇူလိုင်လ (၄) ရက်နေ့ အသက် (၇၃)နှစ်တွင် ကွယ်လွန် ခဲ့သည်။

❖ ❖ ❖

# ဝန်ကြီး စောစံဖိုးသင်။

(၁၉၀၃ –)

စောစံဖိုးသင်ကို အဖ ဦးထွန်းလှ၊ အမိ ဒေါ်ဘုမတို့မှ ၁၉၀၃ ခု မေလ (၄) ရက်နေ့တွင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ်၊ ချောင်းစောက် ကျေးရွာ၌ မွေးဖွားသည်။ မွေးချင်း (၈)ယောက် ရှိရာ စောစံဖိုးသင် သည် (၇)ယောက်မြောက် ဖြစ်သည်။ ငယ်အမည်မှာ ဖိုးပို ဖြစ်သည်။

စောစံဖိုးသင်၏ ဇာတိဖြစ်သော ချောင်းစောက်ကျေးရွာသည် ပုသိမ်မြို့ အောက်ဖက် (၃)မိုင်ကွာတွင် တည်ရှိပြီး အိမ်ခြေ (၃၀)မျှလောက်သာ ရှိသော ရွာကလေးတရွာ ဖြစ်သည်။ ထိုရွာကလေးကို စတင်တည်ထောင်သူမှာ စောစံဖိုးသင်၏ ဘခင် ဦးထွန်းလှ ဖြစ်သည်။ မြစ်ဝကျွန်းပေါ် ဒေသဖြစ်၍ ရေလမ်းခရီးဖြင့်သာ သွားလာကြရသည်။

စောစံဖိုးသင် (၆)နှစ်သား အရွယ်တွင် ရွာရှိဆရာကြီး စောဖိုးထွေး၏ မူလတန်းကျောင်း၌ ပညာစတင်သင်ကြားခဲ့သည်။ ဆရာကြီး စောဖိုးထွေး ဆိုသူမှာ ပုသိမ်မြို့ တိုင်(၁၀၀)၊ (ကိုသာဖြူ) အထက်တန်းကျောင်းတွင် နဝမတန်း အောင်မြင်ခဲ့သော သူတယောက်ဖြစ်ပြီး၊ ထိုစဉ်က ပညာရေး အဆင့်အတန်း မြင့်မားသော ကျောင်းဆရာ တယောက် ဖြစ်သည်။

စောစံဖိုးသင်အား ကြီးတောင့် ကြီးမား ရောက်သည်အထိ ငယ်နာမည် "ဖိုးပို" ဟုသာ ခေါ်ကြသည်။ "စံဖိုးသင်" အမည်မှာ ကျောင်းစတင် နေတော့မှ ရယူလိုက်သည့်အမည် ဖြစ်သည်။ အထူးသဖြင့် ပုသိမ်ဇာတိသား ကရင်အမျိုးသား ခေါင်းဆောင်ကြီး ဒေါက်တာ "ဆာစံစီဖိုး"ကို ဂုဏ်ပြုသော အားဖြင့်၎င်း၊ သူကဲ့သို့ ကြီးကျယ် ထင်ရှားစေရန် အတွက်၎င်း ရည်ရွယ်၍ မှည့်ယူခဲ့သည့် နာမည် ဖြစ်သည်။ စောစံဖိုးသင် ငယ်စဉ်က ကျေးလက်တောရွာနေ ခလေးများ၏ သဘာဝအတိုင်း ချောင်းမြောင်း အင်းအိုင်တွေထဲ ဖားရှာ၊ ငါးရှာ၊ သွားရင်း လာရင်း ကစားရင်းဖြင့် ကြီးပြင်း လာရခြင်းဖြစ်သည်။

၁၉၁၁ ခုနှစ် စောစံဖိုးသင် အသက် (၈)နှစ်သား အရွယ်တွင် ရွာမူလတန်းကျောင်းမှ ဒုတိယတန်းကို အောင်မြင်ခဲ့သည်။ ထိုမှ ပုသိမ်မြို့ပေါ်တွင် အိမ်ထောင်ကျပြီး အခြေတကျ နေထိုင်လျက်ရှိသော အမများ၏ နေအိမ်တွင် နေထိုင်၍ တိုင် (၁၀၀)၊ (ကိုသာဖြူ)အထက်တန်း ကျောင်း၌ တက်ရောက် ပညာသင်ကြား ခဲ့သည်။

တိုင်(၁၀၀)အထက်တန်း ကျောင်း၌ ပညာသင်ကြားနေစဉ် စတုတ္ထတန်းသို့ ရောက်သောအခါ ကျောင်း ဘင်ခရာတီးဝိုင်းတွင် ပါဝင်ရပြီး၊ ပဌမဆုံး "ဗုံ"တီး သင်ရသည်။ စာကြည့်ချိန်ကြည့် "ဗုံ"တီးချိန်တီး၊ မနားမနေ လေ့ကျင့်ခဲ့သည့်အတွက် မကြာမီ ကျွမ်းကျင်သော ဘင်ခရာတီးဝိုင်း အဖွဲ့သားတဦး ဖြစ်လာသည်။ ယင်း ဂီတအနုပညာသည် တချိန်သောအခါ စောစံဖိုးသင်အား အမေရိကန် နှင့် ဥရောပ တခွင်သို့ ရောက်ရှိစေပြီး ကြီးစွာသော အကျိုးတရား ပွားများ လာမည်ကို မည်သူမျှ မသိနိုင်ခဲ့ပေ။ စောစံဖိုးသင် အဋ္ဌမတန်းသို့ ရောက်သည့် အခါ အဋ္ဌမတန်းပြ ဆရာမှာ အမေရိကန် ပြန် ဆရာစောဖိုးမြ ဖြစ်သည်။ ပုသိမ်နယ် ၏ ခေါင်းဆောင်များဖြစ်သော ဒေါက်တာ တီသံပြာ၊ ဒေါက်တာ စံစီဖိုး ၎င်း၏ အတန်းပိုင် ဆရာတို့ထံက အမေရိကန် ပြည်ထောင်စု၏ တိုးတက် စည်ပင်ပုံ ချမ်းသာ ကြွယ်ဝပုံ အကြောင်းများကို ခဏခဏ ကြားလာရသည့်အခါ အမေရိကန်သို့ သွားချင်စိတ် အလွန်ပြင်းပြ ခဲ့သည်။

၁၉၂၂ ခု ဒီဇင်ဘာလတွင် တိုင် (၁၀၀)ကျောင်းမှ ဆရာကြီး စီအေနီးလ်ကောလ်သည် ဓမ္မဆရာများ၊ ဘင်ခရာ အဖွဲ့သားများ အရေအတွက် (၅၀)ကျော်ကို ဦးဆောင်လျက် ပုသိမ်အနီးရှိ ကျေးရွာများသို့ အဖွဲ့ပိုင်သင်္ဘောဖြင့် အလှူခံခရီး ထွက်ခဲ့သည်။ ဆရာကြီး နီးလ်ကောလ်၏ သာသနာအဖွဲ့ထဲတွင် ဗုံတီးသမားလေး စောစံဖိုးသင်သည် လူငယ်ပီပီ တက်ကြွသည်။ လုံ့လဝီရိယ ရှိသည်။ ဖွဲကောင်းသည်။ ခိုင်း၍ ပေါ့သည့်အတွက် ဆရာကြီး နီးလ်ကောလ် အပါအဝင် လူကြီးများက နှစ်သက် သဘောကျသည်။

စောစံဖိုးသင် ကလည်း ဆရာကြီးကို ခင်မင်လေးစားသည်။ တိုင်းတပါးမှ ဆွေဝေး မျိုးဝေး လာရောက်၍ အနစ်နာခံ သာသနာပြုသည့် စိတ်ဓါတ်ကို ကြည်ညိုမိသဖြင့် မိမိတတ်စွမ်းသမျှ ဆရာကြီးကို အလုပ်အကျွေး ပြုခဲ့သည်။ ယင်းသို့ တရွာဝင် တရွာထွက် ခရီးဆက်နေစဉ် ဆရာကြီး နီးလ်ကောလ်မှာ အဖျားတက် လေတော့သည်။ စောစံဖိုးသင်လည်း ကြုံတုန်း ကြုံခိုက် ဆရာကြီးကို ပြုစုရင်း ဆရာကြီး နှင့် ရင်းနှီးခွင့် ရခဲ့သည်။ အမေရိကန်ရှိ ဆရာကြီး၏ မိသားစု အကြောင်းကို လည်း ကြားသိခဲ့ရသည်။ နောက် တနေ့ ရွာတရွာသို့ ခရီးဆက်စဉ် ဆရာကြီး နီးလ်ကောလ်က သူမကြာမီ အမေရိကန် သို့ ပြန်ရန် အကြောင်း ရှိသဖြင့် သူပြန်လျှင် စောစံဖိုးသင်အား

ခေါ်သွားမည် လိုက်နိုင်မလားဟု မေးလာလေသည်။ စောစံဖိုးသင်ကလည်း ဆရာကြီး စကားကို နားသာထောင်နေရသည်။ သူ့နားကိုပင် သူမယုံ၊ သူမက်ခဲ့ သော အမေရိကန် အိပ်မက်သည် သူ့အရှေ့တွင် အကောင်အထည် ပေါ်လာပြီ ဖြစ်သည်။ ပုသိမ်သို့ ပြန်ရောက်ရောက်ခြင်း ချောင်းစောက်ရွာသို့ အပြေးပြန်ခဲ့ပြီး မိဘနှစ်ပါးကို ခွင့်ပန်ခဲ့သည်။

၁၉၂၃ ခု မတ်လ (၂၇)ရက်နေ့ ညနေ (၄)နာရီ အချိန်တွင် အက်စ်အက်စ် ချင်းတွင်းအမည်ရှိ ပင်လယ်ကူး သင်္ဘောဖြင့် အမေရိကန်သို့ ထွက်ခွာလာခဲ့သည်။ ထိုသို့ ထွက်ခွာလာရာတွင် အစိုးရ အထောက်အပံ့ဖြင့် ပညာသင် ထွက်ခွာလာရခြင်း မဟုတ်ဘဲ၊ အမေရိကန်သို့ ရောက်ရန်အတွက် သာသနာပြု ဆရာကြီး အစေခံအဖြစ်ဖြင့် သင်္ဘောစီးခွင့် ရရှိခဲ့ခြင်း ဖြစ်သည်။

ယင်းသို့ အစေခံအဖြစ် သင်္ဘောစီးလာရသော သူ့အတွက် နေထိုင်စရာ အခန်းမရှိ၊ ကုန်းပတ်ပေါ်တွင် ဖြစ်သလိုနေ၊ ဖြစ်သလိုစား လာရသောကြောင့် ငှက်ဖျားရောဂါ ခံစားရလေတော့သည်။ အမေပေးလိုက်သော သင်ဖျူးဖြာကို ခင်း၍ ကုန်းပတ်တွင် အိပ်မိသဖြင့် မျက်နှာဖြူ သင်္ဘောအရာရှိက ဆဲရေးတိုင်းထွာ၊ ခြေဖြင့်ကန်ကြောက်ခြင်းကို ခံရလေသည်။ ဤတွင် စောစံဖိုးသင်လည်း သူ့ သင်ဖြူးဖျာကို ပြန်လိပ်၊ ထမ်းခေါက်ဖာကို မြန်မြန်ထမ်းပြီး တနေရာပြီး တနေရာ ရွှေ့ပြောင်း နေထိုင်ခဲ့ရသည်။

ဤသည်ကို မိတ္တီလာမြို့မှ သာသနာပြုဆရာမကြီး၊ 'ဒတ်တလေ' တွေ့ရှိသဖြင့် ကြင်နာ ထောက်ထားပြီး (၅)နှစ် (၆)နှစ်အရွယ် မျက်နှာဖြူ ခလေး (၃) ယောက်ကို ထိန်းကျောင်းစေကာ အိပ်ခန်း ရအောင် စီစဉ်ပေးခဲ့သည်။

ပင်လယ်တွင် တလကျော် ကြာပြီးနောက် အင်္ဂလန်သို့ ရောက်လာသည်။ အမေရိကန် သွားမည့်သင်္ဘောကို စောင့်ရင်း လန်ဒန်မြို့တွင်းသို့ ဝင်ရောက်ခွင့် ရခဲ့သည်။ မေလ (၇)ရက်နေ့တွင် ကမ္ဘာပေါ်တွင် အကြီးဆုံးသင်္ဘောဖြစ်သော အထပ် (၁၂)ထပ်ရှိသော (မက်ဂျက်စတစ်) သင်္ဘောကြီးကို စီးလျှက် အင်္ဂလန်မှ အမေရိကန်သို့ ထွက်ခွာလာခဲ့သည်။ သင်္ဘောဖြင့် (၅)ရက် ကြာခဲ့ပြီး အမေရိကန် နယူးယောက် မြို့တော်သို့ ဆိုက်ရောက်ခဲ့သည်။

စောစံဖိုးသင် အမေရိကန်သို့ ရောက်ပြီး မူလရည်မှန်းချက် အတိုင်း ကိုယ့်ဒူး ကိုယ်ချွန်ကာ အလုပ်ကြမ်း၊ အလုပ်နု အလုပ်မျိုးစုံ လုပ်ကိုင်၍ စားစရိတ်၊ ကျောင်းစရိတ် ရှာဖွေခဲ့ရသည်။ ကြမ်းကြမ်း ရမ်းရမ်း အနေဖြင့် နပမ်းသမားလုပ်ခြင်း၊ ဒေါက်တာ ဒီဖိုးမင်း အမေရိကန်တခွင်လှည့်၍ ဆင်ဖြူတော် လိုက်လံ ပြသသောအခါ စောစံဖိုးသင် တယောက် ခြေသည် လက်သည် ဝင်လုပ်ခဲ့ရသည်။

ဘဝကို ဖြစ်သလိုနှင့် ပျော်သလို အမျိုးမျိုး ရုန်းကန် လှုပ်ရှားပြီး စောစံဖိုးသင်သည် ( မောင့်ဟာမွန်)အထက်တန်းကျောင်းတွင် (၂)နှစ် နေခဲ့သည်။ ထိုမှ ကာလီဖိုးနီးယား ပြည်နယ် (ရက်ဒ်လင်း) ယူနီဗာစတီတွင် ဝိဇ္ဇာဘွဲ့ (ဂီတ)ကို ဆက်လက် သင်ရသည်။ ဂီတပညာနှင့် ပတ်သက်၍ အောက်ခြေသိမ်း အစအဆုံး သင်ယူရ၏။ ၁၉၂၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (ဂီတ)ကို အောင်မြင် ရရှိခဲ့သည်။ ဤနှစ်စက်တဘ်ာလထဲတွင် (၇)နှစ်ကြာ ခွဲခဲ့ရသော အမိမြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိခဲ့သည်။

အမေရိကန်မှ ပြန်ရောက်ပြီးနောက် တချိန်က သူပညာသင်ခဲ့သော တိုင် (၁၀၀)ကျောင်းတွင် (၂)နှစ်တိတိ အထက်တန်းပြ ဆရာ ဝင်လုပ်ခဲ့သည်။ ထို့နောက် သာသနာ ရုံပုံငွေဖြင့် တည်ဆောက်ထားသော ဆန်စက်တွင် မန်နေဂျာ ဝင်လုပ်ခဲ့ပြန်သည်။

၁၉၃၁ ခု ဧပြီလ (၁)ရက်တွင် ပုသိမ်မြို့နယ် "ကြာခံဒေါင့်" ရွာသူ ဒေါ်သိန်းခင်နှင့် လက်ထပ်ခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် အင်းစိန် ကြို့ကုန်းရှိ ခရစ်ယာန် ကျမ်းစာသင်ကျောင်းတွင် ဂီတဆရာအဖြစ် တာဝန်ထမ်းဆောင် ခဲ့ပြန်သည်။ စောစံဖိုးသင်နှင့် ဒေါ်သိန်းခင်တို့တွင် သားသမီး (၅)ဦး ထွန်းကားခဲ့သည်။

စောစံဖိုးသင်၏ ဘဝသည် အမြဲတမ်း ရွေ့ရှားခြင်းနှင့် လှုပ်ရှားခြင်းတို့ဖြင့် စီးဆင်းနေသူ ဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် အင်းစိန် ကျမ်းစာသင်ကျောင်းမှ မိတ္တီလာ (အေဘီအမ်) အထက်တန်းကျောင်း၌ ကျောင်းအုပ်ကြီးအဖြစ် တာဝန် ထမ်းဆောင် ခဲ့ပြန်သည်။

မိတ္ထီလာ အေဘီအမ် အထက်တန်းကျောင်းသို့ ရောက်ရှိပြီး တနှစ်အကြာ ၁၉၃၄ ခုနှစ်တွင် ပညာရေးဝန်ကြီး ဒေါက်တာ ဘမော်သည် ကျောင်းများကို လိုက်လံ စစ်ဆေးစဉ် အေဘီအမ် ကျောင်းသို့ ရောက်ရှိခဲ့သည်။ ကျောင်းတွင် လုပ်ဆောင်ထားသော လက်မှုပညာကို သဘောကျသဖြင့် စောစံဖိုးသင်အား အင်္ဂလန်သို့ ပညာတော်သင် သွားရန် ရွေးချယ် စေလွှတ်ခဲ့သည်။ ငွေရှင် ကြေးရှင်၊ အာဏာရှင် သားသမီးတွေမှ မျှော်မှန်းနိုင်သော ထိုခေတ်က ပညာတော်သင် အခွင့်အရေးကို စောစံဖိုးသင် အနေဖြင့် မည်သို့မျှ အားမထုတ်ရဘဲ ရရှိခဲ့သည်။

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ ဗဟိုအနုပညာနှင့် လက်မှုပညာ သိပ္ပံတွင် ကျောင်းများဆိုင်ရာ လက်မှုပညာ ဘာသာရပ်ကို သုံးနှစ်ကြာမျှ လေ့လာဆည်းပူးခဲ့သည်။ ယခုတခါ အင်္ဂလန်သို့ ရောက်ရှိလာရခြင်းသည် ပဌမ တခေါက်နှင့် မတူဘဲ အစစ်အမှန် ပညာတော်သင် တဦးဖြစ်ခဲ့သည်။ အင်္ဂလန်၌နေစဉ် အမှတ်တရ အနေဖြင့် ဂျော့ဘုရင် နန်းတက်ပွဲကိုလည်း မီခဲ့သည်။ ၁၉၃၉ ခုနှစ်အတွင်း ဂျာမဏီပြည်၊ 'ဘာလင်' သို့ အလည်အပတ် သွားရောက်ခဲ့ရာ ဖက်ဆစ် အဓိပတိ ဟစ်တလာကို ကိုယ်တိုင် အနီးကပ် တွေ့ခဲ့ရပြီး သူ့တရားပွဲကိုလည်း ကြားနာခဲ့ရသေးသည်။

အင်္ဂလန်တွင် သင်တန်းပြီး၍ မြန်မာပြည်သို့ ပြန်မလာခင် သူနေခဲ့ဘူးသော အမေရိကန်သို့ အလွမ်းပြေ သွားရောက် ခဲ့သေးသည်။ ထိုမှတဆင့် ကမ္ဘာ

အရှေ့ခြမ်းဘက်မှ လှည့်၍ ပြန်ခဲ့၏။ သို့သော် ဟစ်တလာ အနေနှင့် ၁၉၃၉ ခုနှစ် စက်တင်ဘာလ (၁)ရက်နေ့တွင် ပိုလန်နိုင်ငံအား ဝင်ရောက်ကျူးကျော် တိုက်ခိုက်လိုက်ခြင်းဖြင့် ဒုတိယ ကမ္ဘာစစ်ကြီးကို စတင်လိုက်သည်။ ထိုအချိန်တွင် စောစံဖိုးသင်မှာ ဂျပန်ပြည်တွင် ရောက်ရှိနေပြီး ကျိုးစား၍ အမိမြန်မာပြည်သို့ ပြန်ခဲ့ရသည်။

ဒုတိယ ကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာပြီ ဖြစ်၍ စောစံဖိုးသင်အတွက် အမေရိကန်က ရရှိခဲ့သော ဘွဲ့ရော၊ အင်္ဂလန်က ရရှိခဲ့သော ဘွဲ့ရော ဘာမှ သုံးမရ ဖြစ်နေသည်။ ထို့ကြောင့် နွားနှစ်ယှဉ်းဝယ်၍ ယောက္ခမ၏ လယ်ယာမြေတွင် လယ်လုပ်ငန်း လုပ်ကိုင် စားသောက်ခဲ့ရသည်။

မိဘများမှာ လယ်သမားများ ဖြစ်သော်လည်း မိမိဘဝမှာ လယ်ယာ လုပ်ငန်းကို လုပ်ကိုင်ခဲ့ဘူးခြင်း မရှိသောကြောင့် အထင်နှင့်အမြင် ကွဲပြားပြီး စိတ်ပျက် လက်ပျက်ဖြင့် စောစံဖိုးသင်လည်း အလုပ်အကိုင် တခုခုရှာဖွေရန် ရန်ကုန်သို့ ပြန်တက် ခဲ့တော့သည်။ စစ်သံ ကြားနေရပြီ ဖြစ်၍ အလုပ်အကိုင် ရှာမရ ဖြစ်နေသည်။ နောက်ဆုံး၌ ၁၉၄၀ ခုနှစ် နိုဝင်ဘာလ ထဲတွင် အရေးပေါ် တပ်ဖွဲ့ထဲသို့ ဝင်လိုက်သည်။ ထိုအချိန်က သူ၏ အသက်မှာ (၃၇)နှစ် ရှိနေပြီဖြစ်သည်။

အရေးပေါ် အခြေအနေကြောင့် တနှစ်တက်ရသည့် ဗိုလ်သင်တန်းကို (၃)လနှင့်အပြီး တက်ခဲ့ရသည်။ စောစံဖိုးသင်ကဲ့သို့ အကြမ်းခံ ရေစိမ်ခံနိုင်သူပင် ဗိုလ်သင်တန်း၏ ပင်ပန်း ဆင်းရဲမှု ဒါဏ်ကို အတော်ခံလိုက်ရသည်။ ၁၉၄၁ ခု မတ်လတွင် ဆုတ်ခွာရသည့် အင်္ဂလိပ် စစ်တပ်တွင် အရေးပေါ် ဒုဗိုလ် ရာထူးကို ရရှိလိုက်သည်။

သို့သော် အင်္ဂလိပ် စစ်ဗိုလ် ရာထူးတွင် စောစံဖိုးသင်သည် ကြာကြာ မနေရလိုက်ချေ။ ၁၉၄၂ ခုနှစ် နှစ်ဆန်းသည်နှင့် ဂျပန်က ထားဝယ်၊ မော်လမြိုင် တို့ကို သိမ်းပိုက်ခဲ့ပြီး၊ ထိုနှစ် ဖေဖော်ဝါရီ (၂၃)ရက်နေ့တွင် အင်္ဂလိပ် စစ်တပ်က စစ်တောင်း တံတားကြီးကို ဖောက်ခွဲ ပစ်လိုက်သောအခါ စောစံဖိုးသင်သည် အန္တိယသို့ အင်္ဂလိပ် စစ်တပ်နှင့် လိုက်မသွားတော့ဘဲ ဇနီးသည်ရှိရာ ကြာခံဒေါင့်ရွာသို့ ပြန်လာခဲ့သည်။

စောစံဖိုးသင်လည်း တောမှာ အနေကြာလာသောအခါ မပျော်ပိုက်ဖြစ်လာသည်။ သူ့အတွက် အလုပ်အကိုင်ကလည်း လိုအပ်လာသည်။ သို့ဖြင့် ရန်ကုန်သို့ ပြန်တက်ခဲ့ပြန်သည်။ ထိုအခါ မိတ်ရင်း ဆွေရင်းဖြစ်သော သခင်ဗိုလ်၏ အားပေး တိုက်တွန်းမှုဖြင့် စောစံဖိုးသင်သည်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် သွားရောက် တွေ့ဆုံခဲ့သည်။

စောစံဖိုးသင်၏ ပွင့်လင်း တက်ကြွမှုကို ကြည့်၍ ဗိုလ်ချုပ်အောင်ဆန်းက သဘောကျသွားသည်။ လူပင် ငယ်သော်လည်း ရိုးသား တည်ကြည်သော ဗိုလ်ချုပ်အောင်ဆန်းကိုလည်း စောစံဖိုးသင်က လေးစားသည်။

ဗိုလ်ချုပ် အောင်ဆန်းသည် တနေ့တွင် မလွဲမသေ လုပ်ဆောင်ရမည် ဖြစ်သော ဂျပန် တော်လှန်ရေးအတွက် မျှော်မြင် ထားပြီးဖြစ်၍ စောစံဖိုးသင်မှ တဆင့် အင်္ဂလိပ်စစ်တပ်မှ ထွက်နေသော စောကြာဒိုးကိုပါ ခေါ်ယူပြီး ဗမာ့တပ်မတော်တွင် ဗိုလ်မှူးရာထူးဖြင့် တာဝန်ထမ်းဆောင်စေသည်။ စောစံဖိုးသင်ကို တော့ ဝိဇ္ဇာဘွဲ့(ဂီတဗေဒ)ကို ထောက်ရှု၍ ဗမာ့ကာကွယ်ရေး တပ်မတော်၏ စစ်တီးဝိုင်းအဖွဲ့၌ ဗိုလ်ကြီး ရာထူးနေရာတွင် ခန့်ထားလိုက်သည်။

နောက်ပိုင်းတွင် ဗိုလ်ချုပ် အောင်ဆန်းနှင့် စောစံဖိုးသင်တို့၏ ပွင့်လင်း ရိုးသားမှုမှ တဆင့် ကရင် ဗမာ ဆက်ဆံမှုသည် ဖွဲ့စည်းပုံ အနေအထားကို ကျော်လွှား၍ ပုဂ္ဂိုလ်ရေး ရင်းနှီး ဆက်ဆံမှု တိုးပွားလာစေသည်။ ယင်းအချက်ကို အကြောင်းပြု၍ ဗိုလ်ချုပ်အောင်ဆန်းက 'ကရင် – ဗမာ' ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံး ညီညွတ်မှုအတွက် စောစံဖိုးသင်နှင့် ဆွေးနွေး တိုင်ပင် ခဲ့ကြသည်။ စောစံဖိုးသင်ကလည်း သင့်တင့် လျောက်ပတ်မည့် အချက်အလက်များကို ရှာဖွေတင်ပြသည်။

ယင်းသို့ရှိစဉ် စောစံဖိုးသင်အား ဂျပန်ကင်ပေတိုင်က အင်္ဂလိပ် သူလျှိုအဖြစ် စွပ်စွဲပြီး ဖမ်းဆီးလိုက်သည်။ အသက် အန္တရာယ်ပင် စိုးရိမ်ရသည့် အခြေအနေမျိုး ရှိနေစဉ် ဗိုလ်ချုပ်အောင်ဆန်းက အကာအကွယ် ပေးခဲ့ရသည်။ ယင်းကျေးဇူးကို ထောက်ထား၍ ၁၉၄၆ ခု အောင်ဆန်း အက်တလီ စာချုပ်အရ ဖြစ်ပေါ်လာသော၊ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကို ကေအဲန်ယူက သပိတ်မှောက်ရန် ဆုံးဖြတ်သော်လည်း စောစံဖိုးသင်သည် မိမိဆုံးဖြတ်ချက်ကို ဖောက်ဖျက်၍ ရွေးကောက် ပွဲဝင်ခဲ့သည်။

ဂျပန် တော်လှန်ရေးအတွင်း စောစံဖိုးသင်မှာ ပုသိမ်တွင် တာဝန်ထမ်းဆောင်ရသည်။ အဓိက တာဝန်မှာ ဂျပန် ဝင်ရောက်စ ကာလကဲ့သို့ လူမျိုးရေး အထင်မှားမှု မရှိစေရန် ကာကွယ်ထိန်းသိမ်းရေး ဖြစ်သည်။

စောစံဖိုးသင် အနေဖြင့် မြန်မာနိုင်ငံရေး စင်မြင့်ပေါ်သို့ ရောက်ရှိ လာရာတွင် ဗိုလ်ချုပ်အောင်ဆန်းကို အကြောင်းပြု၍ ရောက်ရှိလာရခြင်းပင် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဒုတိယ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ဘုရင်ခံ ကောင်စီတွင် စောဘဦးကြီး နှုတ်ထွက်သွားသောအခါ ယင်းနေရာတွင် စောစံဖိုးသင် ရောက်လာသည်။ တိုင်းပြုပြည်ပြု လွှတ်တော် ရွေးကောက်ပွဲကို စောဘဦးကြီးက သဘောပေါက်သော်လည်း စောစံဖိုးသင်က ဝင်ရောက် ရွေးချယ်ခံသည်။

ရွေးကောက်ပွဲ ပြီးသည့်နောက် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အစိုးရ အဖွဲ့တွင် စောစံဖိုးသင်သည် လမ်းပန်း ဆက်သွယ်ရေးနှင့် သယ်ယူ ပို့ဆောင်ရေး ဝန်ကြီး ဖြစ်လာသည်။

၁၉၄၇ ခု ဇူလိုင်လ (၁၉)ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လုပ်ကြံ ခံရသောအခါ

စောစံဖိုးသင်မှာ ပုသိမ်သို့ ပြန်ရောက်နေခိုက် ဖြစ်သည်။ ရန်ကုန်တွင် ရှိနေ၍ ဝန်ကြီးအဖွဲ့အစည်းသို့ တက်ရောက် နေမည်ဆိုပါက စောစံဖိုးသင်လည်း အသက်ဘေးက လွတ်ကောင်းမှ လွတ်ပေမည်။

၁၉၄၈ ခု ဇန္နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်သော မြန်မာနိုင်ငံကို ထူထောင်လိုက်သောအခါ စောစံဖိုးသင်မှာ ကရင့်ရေးရာဌာန ဝန်ကြီးဖြစ်လာသည်။ ယင်းဌာနသည် ကရင်ပြည်နယ်ကို ဆက်လက် အကောင်အထည် ဖော်ရန် ဖွဲ့စည်း ထူထောင်ခဲ့သည့် ဝန်ကြီးဌာန ဖြစ်သည်။

သို့သော် ယင်းဝန်ကြီး ရာထူးတွင် ကြာကြာ မနေလိုက်ရပေ။ ပြည်တွင်းဆူပူမှုများ တနေ့တခြား ပြင်းထန်လာ၍ ပုသိမ် အခြေအနေမှာ စိုးရိမ်ဘွယ် အနေအထားတွင် ရှိနေသည်။ ပုသိမ် အခြေအနေ မကောင်းလျှင် မြစ်ဝကျွန်းပေါ် တခုလုံးလည်း အခြေအနေ ဆိုးလာနိုင်သည်။ ထို့အတွက် ဝန်ကြီးချုပ် ဦးနုက စောစံဖိုးသင်အား ဝန်ကြီးရာထူးမှ ယာယီနုတ်ထွက်စေပြီး ဧရာဝတီတိုင်း၏ အထူးတိုင်းမင်းကြီး အဖြစ် ခန့်အပ်လိုက်သည်။

စောစံဖိုးသင်၏ ဘဝတွင် ဧရာဝတီတိုင်း၏ အထူးတိုင်းမင်းကြီး ရာထူးသည် နောက်ဆုံးရာထူးပင် ဖြစ်သည်။ ၁၉၄၉ ခုနှစ် လွတ်လပ်ရေး အခန်းအနား၌ "သရေစည်သူ" ဘွဲ့ထူးမြှင့်ခြင်း ခံလိုက်ရသည်။

အထူး တိုင်းမင်းကြီး စောစံဖိုးသင်သည် ဧရာဝတီတိုင်း ကေအဲန်ယူ အရေးကို အောင်မြင်စွာ မလုပ်ဆောင်နိုင်ဘဲ အရှုံးပေး လိုက်ရ၏။ သူ့အား မည်သူကမျှ ထိန်းသိမ်းခြင်းမပြုဘဲ နှစ်ဘက်ညှပ်နေသော သူ့အတွက် အန္တရာယ်များမြင်တွေ့လာရသဖြင့် ကိုယ်တိုင် ပုသိမ်ထောင်ထဲသို့ ဝင်ရောက်ခဲ့သည်။ သခင်ဗစိန်နှင့် ပူးပေါင်း၍ ဦးနုကို ပြန်တိုက်ခဲ့သည်။ ပုသိမ်သို့ တရားဟောရန် သွားစဉ် အဖမ်းခံခဲ့ရသည်။ ပုသိမ်ထောင်သို့ နှစ်ခေါက် ရောက်သွားပြီး ပုသိမ်ထောင်မှ ရန်ကုန်ထောင်သို့ နှစ်ခေါက် ရောက်ခဲ့ပြန်သည်။

ဗိုလ်ချုပ် အောင်ဆန်း၏ ကျေးဇူးတရားကို ထောက်ထား၍ ယခင်က ဆန့်ကျင်ခဲ့သည့် လမ်းစဉ်ကို စောစံဖိုးသင်သည် ဘက်ပြောင်း လိုက်သွားခဲ့သည်။ သူ့အား နှစ်ဘက်စလုံးက ယုံကြည်မှု မရှိခဲ့သဖြင့် ကေအဲန်ယူ ကိုယ်စားလှယ်အဖြစ် ဘန်ကောက်တွင် သွားရောက် နေထိုင်သည်။ နောက်ပိုင်းတွင် ကိုယ်စားလှယ်အဖြစ်ကပါ ရုပ်သိမ်း ရပ်ဆိုင်း ပစ်လိုက်ခြင်း ခံရသည်။ ဤတွင် ဘာသာရေး ပြောင်းလဲမှုများ ဖြစ်လာခဲ့သည်။ နိုင်ငံရေး၊ ဘာသာရေး ပြောင်းလဲမှုများအပေါ် အများ၏ အမြင်မရှင်းမှုတွေ ဖြစ်လာခဲ့သည်။ ဘန်ကောက်မှ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ပြီး ရန်ကုန်မြို့တွင် အခြေချ နေထိုင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော် အစိုးရက ဝန်ကြီးဟောင်း စောစံဖိုးသင်အား နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်နှင့် ဝန်ကြီးဘဝ နိုင်ငံရေး ပင်စင်လစာကို ထောက်ပံ့ပေးခဲ့သည်။

ဝန်ကြီးပင်ဖြစ်စေ၊ ဝန်ကလေးပင် ဖြစ်စေ၊ မြင့်သူပင်ဖြစ်စေ၊ နိမ့်သူပင်ဖြစ်စေ လူသား အားလုံးတို့သည် လောကခံ တရား၏ လှည့်စားခြင်းကို ခံနေကြရသူများပင် ဖြစ်သည်။ မည်သည့်ဘဝ၊ အနေအထားသို့ ရောက်ရောက် လောကခံ၏ တွန်းကန် တိုက်ခိုက်မှုကို ခံနိုင်ရည် ရှိရန် လိုအပ်လေသည်။ စောစံဖိုးသင်၏ ဘဝအကြောင်း သိစမ်းကြည့်လိုက်သောအခါ သူကိုယ်တိုင်က သူ့ဘဝ၊ သူ့အကြောင်းကို ကြေနပ် နှစ်သက်မှု ရှိသလို မကြေနပ် မနှစ်သက်သည်များလည်း ရှိ၏။ တကယ်တော့ ဒါသည်ပင် "လူ့ဘဝ" မဟုတ်ပါလား။

❖ ❖ ❖

# မှုဆိုးကော်ကဆာဟန်တာသာမွေး။

(၁၉၁၅- ၁၉၈၀)



စောဟန်တာသာမွေး ကို ရန်ကုန်တိုင်း လှည်းကူးမြို့နယ် "ကရင်ခရောင်းကုန်း" ကျေးရွာ၌ အဘ ကျောင်းဆရာ ဦးသာမွေး၊ အမိ ဒေါ်ပိုးမျှင်တို့မှ ၁၉၁၅ခု ဧပြီလ (၁၃)ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း (၃)ဦးအနက် စောဟန်တာသာမွေးသည် အကြီးဆုံးဖြစ်သည်။

စောဟန်တာသာမွေး (၆)နှစ်အရွယ်တွင် ရွာရှိ မူလတန်းကျောင်း၌ စတင် ပညာသင်ကြားပြီး စတုတ္ထတန်း ရောက်သောနှစ်တွင် အင်းစိန် "ပေါက်တော" ရပ်ရှိ "ဆိုင်မွန်" အင်္ဂလိပ်ဝါတီ ဝူလာ (အင်္ဂလိပ်- မြန်မာ)နှစ်ဘာသာသင် ကျောင်းသို့ ပြောင်းရွှေ့လာခဲ့သည်။ ထိုအချိန်တွင် ပဋ္ဌမကမ္ဘာစစ် စတင်ဖြစ်ပွားချိန်ဖြစ်ပြီး ယင်းကျောင်းတွင် သတ္တမတန်း အောင်သည်အထိ နေခဲ့သည်။ မိဘများမှာ သားဖြစ်သူ ပညာရေးကို အထူး တလည် အားပေးသည်။ စောဟန်တာသာမွေးလည်း အလုံရပ်ရှိ "ကူရှင်" အထက်တန်း ကျောင်းသို့ ပြောင်းရွှေ့ပြီး ပညာဆက်လက် သင်ကြားသည်။ ၁၉၂၃ ခုနှစ်တွင် ယင်းကျောင်း၌ (၁၀)တန်း အောင်ခဲ့သည်။

၁၉၂၇ ခုနှစ်တွင် (ဘီအေ)ဘွဲ့ကို ရရှိပြီး ဘွဲ့လက်မှတ်ကိုင်လျှက် အလုပ်လိုက်ရှာခဲ့ရာ အင်းစိန် (စီ အိုင် ဒီ) အထူး စုံစမ်းစစ်ဆေးရေး ရုံးတွင် အလုပ်တခု ရခဲ့သည်။ သူ၏ တာဝန်မှာ အနယ်နယ်

အရပ်ရပ်က နိုင်ငံရေးနှင့် ပတ်သက်၍ ရောက်လာသော သတင်းပေးပို့ချက်တို့ကို ပြန်လည်စီစစ် ရေးသားပြီး မျက်နှာဖြူ မင်းကြီးထံ တင်ပြရသည်။ ၎င်းရုံးတွင် (၂)နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပြီး အလုပ်ထွက်လိုက်သည်။ အလုပ်ကထွက်ပြီး အသားမကျ ဖြစ်နေချိန်တွင် ထားဝယ်မြို့ ကရင်အမျိုးသားအထက်တန်း၌ အထက်တန်းပြဆရာ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထားဝယ်မြို့ ရောက်ပြီး (၁)နှစ်ကျော်အကြာ ၁၉၃၀ ခုနှစ်တွင် နော်အေးမယ်နှင့် လက်ထပ်လိုက်သည်။ နော်အေးမယ်နှင့် သမီး (၃)ယောက် ထွန်းကားခဲ့သည်။

၁၉၃၁ ခုနှစ်တွင် ကရင်ကျောင်းများဆိုင်ရာ ပညာအုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်း ခံရပြီး တောင်ငူမြို့သို့ ပြောင်းရွှေ့လာခဲ့သည်။ တောင်ငူတွင် (၃)နှစ်တိတိ နေခဲ့ပြီး ၁၉၃၃ ခုနှစ်တွင် ယင်းရာထူးဖြစ်ပင် ညောင်လေးပင်နှင့် ပဲခူးသို့ ပြောင်းရွှေ့လာခဲ့ သည်။ ၁၉၃၈ ခုနှစ်အထိ ၎င်းမြို့များတွင် နေထိုင်ခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ပဋ္ဌမကမ္ဘာစစ်မီးသည် မြန်မာပြည်သို့ ရောက်ရှိလာတော့မည့် အခြေအနေ၌ ဇနီးသည်နှင့် သမီးများကို ဆွေမျိုးများရှိရာ မော်လမြိုင်မြို့နယ် "ဘုရားတောင်" ရွာသို့ ပို့ထားလိုက်ပြီး အရေးပေါ် ဗြိတိသျှတပ်ထဲသို့ ဝင်လိုက်သည်။ မေမြို့၌ ဗိုလ်သင်တန်းဆင်းပြီးနောက် အရေးပေါ် စစ်ဗိုလ် ဖြစ်လာသည်။

ဗြိတိသျှစစ်တပ်များ ဆုတ်ခွာနေရသည့် အချိန်တွင် စောဟန်တာသာမွှေးလည်း ဗြိတိသျှစစ်တပ်နှင့်အတူ မုံရွာအထိ လိုက်ပါသွားခဲ့သည်။ ယင်းနောက် အလွန်မသေချာ မရေရာသည်ကို သိနေရပြီး၊ နောက်ကြောင်း လှည့်ပြန်ခဲ့သည်။ သူ၏ မိသားစုထံသို့ပင် ခက်ခက်ခဲခဲဖြစ် ရောက်အောင် ပြန်ခဲ့ရသည်။ အင်္ဂလိပ်စစ်ဗိုလ် ဖြစ်ခဲ့ဘူးမှန်း ဂျပန်ကင်ပေတိုင်နှင့် စကားပြန်များ မသိအောင် သိုသို သိပ်သိပ် နေထိုင်ရင်း စားဝတ်နေရေးအတွက် လပွတ္တာဘက်ဆင်း၍ ထင်း သွားခုတ်ရာ ကူရှင်ကျောင်းနေဘက် သူငယ်ချင်းများနှင့် တွေ့ဆုံပြီး ဂျပန်ခေတ် ပညာအုပ် အလုပ်ကို ရရှိခဲ့သည်။

ပညာအုပ်အလုပ် ဆိုသည်မှာလည်း ကျောင်းဖွင့်ဖွင့် မဖွင့်ဖွင့် ကျောင်းများရှိရာသို့ သွားရ လာရ၏။ ညောင်လေးပင်ကွင်းကလည်း ဖာပွန် တောင်ကျောနှင့် ဆက်စပ်နေသည်။ ဖာပွန်တောင်ပေါ်တွင် အင်္ဂလိပ်စစ်ဗိုလ် မေဂျာဆီးဂရင်း ရှိနေသည်။ ၎င်းနှင့် အဆက်အသွယ် ရှိနေသည်ဆိုပြီး ဂျပန်ကင်ပေတွေက စောဟန်တာသာမွှေးကို သံသယဝင်လာသည်။ ဆီးဂရင်းနှင့် ကရင်ပြောက်ကျား သတင်းသည် ကြီးမားလာသည်နှင့် ညောင်လေးပင် နယ်အတွင်း လှည့်လည် သွားလာရသည်။ သူ့အလုပ်ကိုလည်း ရပ်ဆိုင်း လိုက်ရသည်။ ဂျပန်ကင်ပေတိုင်တွေကလည်း စောဟန်တာသာမွှေးကို အနီးကပ်ထားပြီး အကျယ်ချုပ်အဖြစ်နှင့် ထားရှိခဲ့သည်။

ထိုအချိန်မှစ၍ အနေအထိုင်၊ အပြောအဆို၊ အမှားအယွင်း မရှိအောင် နေထိုင်ခဲ့ရသည်။ သို့ရှိစဉ် ဂျပန်ကင်ပေတိုင်ရုံး၌ အမှုထမ်းနေသော မြန်မာလူငယ် အမှုထမ်းက ဂျပန်တို့သည် စောဟန်တာသာမွှေးအား တစုံတခု ပြုလုပ်တော့မည်။ ဤနေရာမှ ထွက်ပြေးရန် သတင်းပေးသဖြင့် ပဋ္ဌမ တောင်ငူဖက်သို့ ထွက်ပြေးခဲ့သည်။ ထိုမှတဆင့် ပေါက်ခေါင်း၊ ၎င်းမှ ပြည်၊ ပြည်မှတဆင့် ဟင်္သာတဘက်သို့ ထွက်ပြေး ခိုအောင်းခဲ့သည်။ ၁၉၄၄ ခု ဒီဇင်ဘာလထဲတွင် ဟင်္သာတမှ ရန်ကုန်သို့ တိတ်တဆိတ် စုန်ဆင်းခဲ့ပြီး ရန်ကုန်ရှိ ညီတစ်ဝမ်းကွဲ တော်စပ်သူ ဆရာဝန် အိမ်တွင် ခေတ္တတည်းခိုသည်။

မေဂျာဆီးဂရင်း၏ အဖွဲ့သား ကရင်ပြောက်ကျား (၄)ဦး အင်းစိန်ထောင်တွင် ရောက်နေကြောင်း သတင်းကြား၍ ထောင်အုပ်ချုပ်ရေးအဖွဲ့ကို လှည့်စား၍ ထောင်ထဲသို့ နှစ်ကြိမ်တိုင်တိုင် သွားရောက်တွေ့ဆုံ သတင်းများ ရယူခဲ့သည်။ သူတို့ လိုအပ်တာတွေကိုလည်း ကူညီဆောင်ရွက် ပေးခဲ့သည်။ နောက်ပိုင်း မေဂျာဆီဂရင်းကို ဂျပန်တွေ ဖမ်းဆီးသတ်ပစ်လိုက်သည်။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးသည်နောက် "အိုင်ယင်မောရစ်ဆင်" သည် ဘိုးဘိုးခြေတန်ရှည် **(Grand Father Long Legs)** အမည်ရှိ စာအုပ်တွင် ဆီးဂရင်းနှင့် သူ၏ တောင်ပေါ် ပြောက်ကျားများ အကြောင်းကို ရေးသား မှတ်တမ်း တင်ထားခဲ့သည်။

၁၉၄၅ ခု၊ နှစ်ဆန်းတွင် မဟာမိတ်တို့၏ မြန်မာပြည် တန်ပြန်ထိုးစစ်ကြီး စတင်လာလေသည်။ ဗမာ့တပ်မတော်က အထက် မြန်မာပြည်တွင် ဂျပန်များကို စတင် တော်လှန်နေပြီ ဖြစ်သည်။ ထိုအချိန်တွင် ညီဝမ်းကွဲ ဆရာဝန်အိမ်တွင် ခိုအောင်းနေသော စောဟန်တာသာမွှေးထံ မဟာမိတ် ဘက်တော်သား စောဘသန်းရွှေက လာရောက်ဆက်သွယ်ပြီး ကရင်ဘုန်းတော်ကြီး ဦးပန္နဝံသနှင့် ထပ်မံဆက်သွယ် ပေးလိုက်သည်။ ထိုဘုန်းတော်ကြီးနှင့် တွေ့ဆုံပြီး စောဟန်တာသာမွှေးသည် မဟာမိတ် စစ်ကြောင်းချီရာသို့ ထွက်ခဲ့သည်။

စောဟန်တာသာမွှေး ပျော်ဘွယ်မြို့သို့ ရောက်သောအခါ မဟာမိတ် ရှေ့တန်းတပ်ဖွဲ့နှင့် ပဋ္ဌမဆုံး တွေ့ဆုံပြီး ယင်းတပ်ဖွဲ့နှင့်အတူ ပျော်ဘွယ်မှ ပဲခူးသို့ ချီတက်ခဲ့သည်။ ထိုအချိန်တွင် ဂျပန်ပြည်မြို့ကြီး (၂)မြို့ကို အနုမြူဗုံး ကြဲချခဲ့သဖြင့် ဂျပန်များ လက်နက်ချပြီး စစ်ကြီးလည်း ဆုံးသတ်သွားသည်။

စစ်ကြီးပြီးစ အလုပ်အကိုင် မယ်မယ်ရရမရှိ၊ မိသားစု စားဝတ်နေရေးကလည်း ရှိနေသေးသည်။ ထိုအချိန်တွင် မိတ်ဆွေ ကောင်းတချို့၏ ကူညီ မ စမှုဖြင့် မော်လမြိုင် ကျွန်းမြို့တွင် ပညာအုပ်အလုပ် ဝင်လုပ် ခဲ့ရပြန်သည်။ ထိုသို့ အလုပ်ကလေးဖြင့် စားဝတ်နေရေး အဆင်ပြေအောင် ဖြေရှင်းနိုင်ခဲ့ သော်လည်း အမျိုးသားရေး အကျိုးကို လုပ်ချင်နေသော အာသာဆန္ဒတို့မှာ ရင်၌ တဖွားဖွား ဖြစ်ပေါ်နေသည်။

မော်လမြိုင်ကျွန်းမှ မအူပင်သို့ ပြောင်းရွှေ့ ခဲ့သည့်နောက် နိုင်ငံရေး အမျိုးသားရေးတို့တွင် အားသန်သည့် ကျောင်း

အုပ်ဆရာကြီး မန်းပေါအေးငြိမ်း၊ ကေစီအိုအမှုဆောင် လူကြီးလည်းဖြစ်၊ ကေစီအို၏ လက်နက်ကိုင် တပ်ဖွဲ့ဖြစ်သည့် "ကေအဲန်ဒီအို" တာဝန်ခံ တဦးပါ ဖြစ်နေသော အထက်တန်းပြဆရာ မန်းဘဖဲတို့နှင့် တွေ့ဆုံပြီး အမျိုးသားရေး၊ နိုင်ငံရေးကို ခေါင်းချင်းဆိုင် ဆွေးနွေးခဲ့ကြသည်။ နောက်ပိုင်း စောဟန်တာသာမွှေးပါ "ကေအဲန်ဒီအို" တာဝန်ခံ တယောက်ဖြစ်လာပြီး ပညာအုပ်ရာထူးမှ အပြီးအပိုင် နှုတ်ထွက်သွားခဲ့သည်။

၁၉၄၇ ခု ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် ကရင်အမျိုးသား ညီလာခံ တရပ် ကျင်းပခဲ့သည်။ ကေစီအိုမှ ကေအဲန်ယူသို့ ပြောင်းလဲ ဖွဲ့စည်းလိုက်သည်။ သို့သော် အောင်ဆန်း အက်တလီ စာချုပ်အရ တိုင်းပြုပြည်ပြု ရွေးကောက်ပွဲ ဝင်ရေး မဝင်ရေး၊ သဘောကွဲလွဲရာ ကေအဲန်ယူနှင့် ကေဝိုင်အို တို့လည်း သီးခြားစီ ဖြစ်ခဲ့ပြန်သည်။ စောဟန်တာသာမွှေးက ရွေးကောက်ပွဲ မဝင်ရေး ဘက်တွင် အဓိက ပါဝင်ခဲ့သည်။

ကေအဲန်ယူ အနေဖြင့် ရွေးကောက်ပွဲကို သပိတ်မှောက်လိုက်ပြီ ဖြစ်ရာ လက်နက်ကိုင် လမ်းစဉ်သို့ လိုက်ရန်သာ ရှိတော့သည်။ ထိုအချိန်တွင် ကေအဲန်ဒီအို ခေါင်းဆောင်ပိုင်းနှင့် တာဝန်ခံများ ဖြစ်သော စောစိုင်းကေ၊ မန်းဘဖဲ၊ စောဟန်တာသာမွှေးတို့မှာ အဖွဲ့အတွင်း သြဇာကြီးမား ခဲ့သည်။

စေ့စပ်ဆွေးနွေးပွဲများ လုပ်နေစဉ် အင်းစိန် အရေးအခင်း ဖြစ်လာသည်။ စောဟန်တာသာမွှေးမှာ ထိုအချိန်တွင် မအူပင်၌ ရှိနေပြီး တပ်ဖွဲ့-ဖွဲ့ လူစုပြီး အင်းစိန်သို့ လိုက်လာသည်။

စောဘဦးကြီးသည် ဝန်ကြီးချုပ် သခင်နု၏ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်အရ ဆွေးနွေးရန် အင်းစိန်မှ ရန်ကုန်သို့ တက်လာသည်။ သခင်နုနှင့် စောဘဦးကြီးတို့ သဘောတူညီချက်ရ သဖြင့် အင်းစိန်သို့ ပြန်လာပြီး အစိုးရနှင့် သဘောတူသည့် အချက်များကို အစည်းအဝေး၌ တင်ပြသည်။ စောဟန်တာသာမွှေး ခေါင်းဆောင်၍ "ယင်းသဘောတူညီချက်မှာ လက်နက်ချရေး" ဖြစ်သဖြင့် လက်မခံသင့်ကြောင်း တင်ပြသည်။ နောက်ပိုင်းတွင် တိုက်ပွဲ ပြင်းထန်လာသည်။ စောဟန်တာသာမွှေးသည် အင်းစိန်ကို အစိုးရလက်ထဲ ပြန်ရောက်မည့် နောက်ဆုံးညအထိ အင်းစိန်၌ ရှိနေသည်။ ညဥ့်သန်းခေါင်ကျော်မှ အင်းစိန် တဖက်ကမ်းသို့ ကူးလာခဲ့သည်။ ၁၉၄၉ ခု မေလ (၂၂)ရက်နေ့တွင် အစိုးရက အင်းစိန်ကို ပြန်လည် သိမ်းယူခဲ့သည်။

စောဘဦးကြီး တောင်ငူသို့ ရောက်ရှိသွားပြီး ကော်သူးလေ ယာယီ အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ နောက်ပိုင်း ကေအဲန်ဒီအို၏ အဖွဲ့ဝင် (၃)ဦးအနက် စောစိုင်းကေကို စောဘဦးကြီးက ခေါ်ယူခဲ့သဖြင့် ကေအဲန်ဒီအို မြစ်ဝကျွန်းပေါ် ဌာနချုပ်တွင် စောဟန်တာသာမွှေးနှင့် မန်းဘဖဲသာ ကျန်တော့သည်။

၁၉၅၁ ခုနှစ် ဩဂုတ်လ (၁၂) ရက်နေ့တွင် စောဘဦးကြီးနှင့် စောစိုင်းကေ ကျဆုံးသွားသဖြင့် ခေါင်းဆောင်းလိုအပ်လာသည်။ ဌာနချုပ်ရှိ သူများကို တဦးပြီး တဦး ရွေးချယ်မရ ဖြစ်ခဲ့သည်။ မြစ်ဝကျွန်းပေါ် ဌာနချုပ်တွင် ရှိနေသော စောဟန်တာသာမွှေးနှင့် မန်းဘဖဲတို့ (၂)ယောက်အနက် ဘယ်သူ ခေါင်းဆောင်လုပ်လုပ် လက်ခံနိုင်မည်ဟု တောင်းဆိုသဖြင့် တောင်ငူတွင် ပညာအုပ် လုပ်ခဲ့ဘူးသော စောဟန်တာသာမွှေးသာ လုပ်သင့်ကြောင်း မန်းဘဖဲက တိုက်တွန်းသဖြင့် စောဘဦးကြီးနေရာတွင် ယာယီလုပ်ရန် လက်ခံလိုက်သည်။ သို့သော် ချက်ချင်း တောင်ငူဘက်သို့ မသွားသေးဘဲ မြစ်ဝကျွန်းပေါ်တွင် (၁၉၅၃)ခုနှစ် အထိ နေခဲ့လေသည်။ မြစ်ဝကျွန်းပေါ်တွင် စစ်ရေး အခြေအနေမှာ တနေ့တခြား အရေးကြီးနေသည်။ ဌာနချုပ်တွင်လည်း ခေါင်းဆောင်မရ ဖြစ်နေသည်မှာ မသင့်လျော်ဘဲ ရှိနေသည်။ သို့ဖြင့် အများ၏ ဆန္ဒအရ (၁၉၅၃)ခု စက်တဘ်ာလတွင် မြစ်ဝကျွန်းပေါ်မှ ထွက်ခွာလာခဲ့ရသည်။

၁၉၅၄ ခုနှစ်၊ နှစ်ဆန်းစတွင် အရှေ့ရိုးမ (ဖာပွန်)တောင်တန်းသို့ ရောက်လာပြီး မကြာမီ "ကေအာရ်စီ" ခေါ် ကရင်တော်လှန်ရေးကောင်စီကိုဖွဲ့စည်းလိုက်ပြီး ၎င်း၌ စောဟန်တာသာမွှေးသည် ဥက္ကဌ ဖြစ်လာသည်။ ကေအာရ်စီ၌ စောဟန်တာသာမွှေးက ခေါင်းဆောင် ဖြစ်သလို ကေအဲန်ယူပီကို မန်းဘဖဲက ခေါင်းဆောင်သည်။

၂၆-၆-၁၉၅၆ ခုနှစ်တွင် ကျင်းပသော ဒုတိယ ကြိမ်မြောက် ကော်သူးလေပြည်လုံးဆိုင်ရာ ကွန်ဂရက်တွင် စောဟန်တာသာမွှေး ခေါင်းဆောင်သော ကေအာရ်စီနှင့် မန်းဘဖဲ ခေါင်းဆောင်သော ကေအဲန်ယူပီတို့၏ အယူဝါဒနှင့် လမ်းစဉ်သည် သိသိ သာသာ ကွဲပြားခြားနားခဲ့သည်။

မန်းဘဖဲ ခေါင်းဆောင်သော ကေအဲန်ယူပီသည် ဗမာပြည်ကွန်မြူနစ်ပါတီ (ဗ က ပ)နှင့် မဟာမိတ် ဖွဲ့စည်း၍ "မ ဒ ည တ" တပ်ပေါင်းစုကို ဖွဲ့စည်းရန် ကြိုးပမ်းနေချိန်ဖြစ်ပြီး စောဟန်တာသာမွှေး ခေါင်းဆောင်သော ကေအာရ်စီကလည်း လူမျိုးစု လက်နက်ကိုင် အင်အားစု အသီးသီးနှင့် တပ်ပေါင်းစု (မဟာမိတ်)ဖွဲ့စည်းရန် ကြိုးစားခဲ့သည်။

၁၉၆၃ ခုနှစ် မ ဆ လ အစိုးရက ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ခေါ်သောအခါ စောဟန်တာသာမွှေးသည် အထက်ပါ လုပ်ငန်းစဉ်အတွက် နယ်စပ်သို့ ရောက်ရှိနေခိုက် ဖြစ်သည်။ အစိုးရနှင့် တော်လှန်ရေး အင်အားစုများ ငြိမ်းချမ်းရေး ဆွေးနွေးကြရာ အပေးအယူ မမျှတသောကြောင့် နောက်ဆုံးတွင် တဖွဲ့ပြီး တဖွဲ့ ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွါ သွားကြ၏။ စောဟန်တာသာမွှေး၏ ကေအာရ်စီ အဖွဲ့တဖွဲ့သာ အစိုးရနှင့် စေ့စပ်ဆွေးနွေးရာတွင် အောင်မြင်မှု ရရှိသည်ဟု ကြေညာသည်။

အမျိုးသားရေး၊ နိုင်ငံရေး လုပ်ငန်းများတွင် လူကြည့်တော့ ပျော့ပျော့ပျောင်းပျောင်း စကားပြောလျှင် နှစ်ကိုယ်ကြား ပြောဆိုတတ်ပြီး နှလုံးသားက မှန်တယ်ထင်လျှင် နောက်မဆုတ်တမ်း လုပ်

တတ်သော စောဟန်တာသာမွေးသည် အင်းစိန်မြို့နယ် ကျုံ့ကုန်းတွင် နေထိုင်ရင်း ၁၉၈၀ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

❖ ❖ ❖

## စောဖေသာ။ (၁၉၀၄– ၁၉၄၂)

စောဖေသာသည် ပုသိမ်ခရိုင်၊ ဘဲဂယက်ကျေးရွာ ဇာတိဖြစ်သည်။ ၁၉၀၄ ခုနှစ်တွင် မွေးဖွားသည်။ စောဘဦးကြီးနှင့် တရွာတည်းသား ဖြစ်သကဲ့သို့ ညီအကိုဝမ်းကွဲလည်း တော်စပ်သည်။ စောဖေသာ၏ ဘခင်ဦးနနှင့် စောဘဦးကြီး၏ဘခင် ဦးသာမြတ်ကြီးတို့သည် ညီအကို တော်စပ်သည်။ ဘဲဂယက်နယ် တဝိုက် လယ်ဧက ထောင်ပေါင်းများစွာသည် ဦးနနှင့် ဦးသာမြတ်ကြီး ညီအကိုနှစ်ဦးတို့၏ ဘိုးဘွားများ ပိုင်ဆိုင်ရာ လယ်များဖြစ်ကြလေသည်။ ထိုလယ်များကို စောဖေသာနှင့် စောဘဦးကြီးတို့ လက်ထက်တိုင် ဆက်လက် ပိုင်ဆိုင်ကြလေသည်။

မိဘချမ်းသာသဖြင့် အင်္ဂလန်သို့ ပညာသင်သွားရောက်ပြီး ဝတ်လုံဘွဲ့ကို ဆွတ်ခူးခဲ့သည်။ ပညာသာမက အင်္ဂလန်သူ ကြင်ယာပါရခဲ့သည်။ စောဖေသာ ဗမာပြည်သို့ပြန်ရောက်သောအခါ ဝတ်လုံအဖြစ် အသက်မွေးမြူမှုမပြုဘဲ နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့သည်။

၁၉၃၆ ခုနှစ် ဗြိတိသျှပါလီမန်တွင် အမတ်အဖြစ် မြောင်းမြနယ်မှ ဝင်ရောက် ရွေးခံရာ အနိုင်ရခဲ့သည်။ စောဖေသာနှင့်အတူ ရွေးကောက်ပွဲဝင်ပြီး အနိုင်ရသော ကရင်အမတ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁)– စောဖေသာ။
(၂)– မန်းထွန်းခင်။
(၃)– ဆရာစံဘော်။
(၄)– မန်းဘခိုင်။
(၅)– မန်းရွှေဘ။
(၆)– မန်းရွှေညွှန့်။
(၇)– ဒေါက်တာစံစီဖိုး။
(၈)– စောမြသိန်း။
(၉)– စောဂျွန်ဆင်ဒီဖိုးမင်း။
(၁၀)– ဦးလုဖေ။
(၁၁)– မန်းကံအေး။
(၁၂)– စောဖိုးချစ်။
(၁၃)– ဦးဖိုးမျှင်။
(၁၄)– စောသာဒွေး။
(၁၅)– စောဆစ်ဒနီလူနီ။

အထက်လွှတ်တော်တွင် (၃)ဦးဖြစ်ပြီး အောက်လွှတ်တော်တွင် (၁၂)ဦးဖြစ်သည်။ အထက်လွှတ်တော်မှ (၃)ဦးမှာ ဆရာစံဘော်၊ မန်းရွှေဘ၊ ဒေါက်တာစံစီဖိုး တို့ဖြစ်သည်။ စောဖေသာ လွှတ်တော်အမတ်ဖြစ်လာသောအခါ ပုသိမ်မှ မြောင်းမြမြို့သို့ ပြောင်းရွှေ့နေထိုင်သည်။ စောဖေသာ နေထိုင်သောအရပ်ကို ရွှေဒါးကုန်းဟု ခေါ်သည်။

၁၉၃၇ ခုနှစ်တွင် ကရင်အမျိုးသားများအတွက် ကရင်နှစ်သစ်ကူးနေ့ကို တရားဝင် ကျင်းပနိုင်ရေးအတွက် "ဒေါကလူ" ကရင်အမျိုးသားအသင်းသည် စတင်ကြိုးပမ်းခဲ့သည်။ ဒေါကလူအသင်း ဥက္ကဋ္ဌမှာ ဆရာစံဘော်၊ ဒုဥက္ကဋ္ဌ (၁)–စောဂျိမ်းတာပ၊ ဒုဥက္ကဋ္ဌ (၂)– ဒေါက်တာဒွေး၊ ဒုဥက္ကဋ္ဌ (၃)– စောဗစ်တာစံဖိုး၊ အတွင်းရေးမှူး မန်းဘခင်၊ ဒုအတွင်းရေးမှူး စောဘမောင်တို့ ဖြစ်သည်။

ထိုကိစ္စသည် ပါလီမန်၌သာ ဆုံးဖြတ်အတည်ပြုရမည်ဖြစ်၍ ထိုအဆိုကို အောက်လွှတ်တော်မှ စောဂျွန်ဆင်ဒီဖိုးမင်းက တင်သွင်းလေသည်။ သို့သော် ထိုခေတ်သည် (ဓ၁)ဌာန အုပ်ချုပ်ရေးကာလဖြစ်၍ နိုင်ငံရေးပါတီများအတွင်း ပဋိပက္ခနှင့် အပြောင်းလဲများကြောင့် စောဂျွန်ဆင်ဒီဖိုးမင်း၏ နှစ်သစ်ကူးအဆိုမှာ မတင်မကျဖြစ်နေရပြန်သည်။ သို့သော် အာဏာအရ ဒေါက်တာဘမော် အစိုးရအဖွဲ့တွင် စောဖေသာမှာ သစ်တောဌာနဝန်ကြီး ဖြစ်နေသဖြင့် သူ၏အဓိက ကူညီမှုကြောင့် အောင်မြင် နိုင်ခဲ့လေသည်။

၁၉၃၈ ခုနှစ်တွင် ကျင်းပသည့် ကရင်နှစ်သစ်ကူးသဝဏ်လွှာ ပေးပို့သော ခေါင်းဆောင်ကြီး (၅)ဦးအနက် စောဖေသာလည်း ပါဝင်လေသည်။ ထိုခေါင်းဆောင် (၅)ဦးမှာ ဒေါက်တာစံစီဖိုး၊ မန်းရွှေဘ၊ ဦးလုဖေ၊ စောဆစ်ဒနီလူနီနှင့် စောဖေသာတို့ဖြစ်သည်။

၁၉၃၉ ခုနှစ် ဥရောပတွင် စစ်ကြီးဖြစ်လာသောအခါ မြန်မာပြည်သူများမှာ နိုင်ငံရေး အခွင့်ကောင်းယူပြီး လွတ်လပ်ရေး တိုက်ပွဲများ ဆင်နွှဲရန် မြန်မာ့ထွက်ရပ်ဂိုဏ်းကို စက်တင်ဘာလ (၁)ရက်နေ့တွင် ဖွဲ့စည်းရာ ထိုအဖွဲ့တွင် စောဖေသာသည် အဖွဲ့ဝင်အဖြစ် ပါဝင်လေသည်။ အဖွဲ့ခေါင်းဆောင်မှာ ဒေါက်တာဘမော်ဖြစ်ပြီး သခင်အောင်ဆန်းမှာ အတွင်းရေးမှူးဖြစ်လေသည်။

မြန်မာ့ထွက်ရပ်ဂိုဏ်း အဖွဲ့ဝင်များမှာ (၁) ဒေါက်တာဘမော် အဖွဲ့ခေါင်းဆောင်၊ (၂) သခင်အောင်ဆန်း အတွင်းရေးမှူး၊ (၃) သခင်သန်းထွန်း၊ (၄) သခင်လှဘော်၊ (၅) သခင်မြ၊ (၆) သခင်နု၊ (၇) စောဖေသာ၊ (၈) မန္တလေး ဦးဘဦး၊ (၉) ဦးထွန်းအောင်၊ (၁၀) မန္တလေး ဦးဘရွှေ၊ (၁၁) ဦးလှမင်း၊ (၁၂) ဗန္ဓုလဦးစိန်၊ (၁၃) ဒေါက်တာသိန်းမောင် တို့ဖြစ်သည်။

ဒုတိယကမ္ဘာစစ်တွင် ဂျပန်များ ဗမာပြည်သို့ ရောက်လာပြီးနောက် ၁၉၄၂ ခုနှစ် မေလ (၂၆)ရက်နေ့တွင် အင်္ဂလိပ်အလိုတော်ရိဟု အစွတ်စွဲခံရပြီး သခင်များကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။

ကရင်အမျိုးသားနှစ်သစ်ကူးကို ဆောင်ကျဉ်းပေးခဲ့သော ပုဂ္ဂိုလ်၊ ဒေါက်တာဘမော်လက်ထက် သစ်တောဌာနဝန်ကြီး၊ ဦးစော အစိုးရလက်ထက် တရားရေးဌာနဝန်ကြီး၊ မြန်မာပြည် လွတ်လပ်ရေး မြန်မာထွက်ရပ်ဂိုဏ်မှ အဖွဲ့ဝင်တဦးစသည်ဖြစ် အသက်ဆုံးရှုံးခဲ့ရသည်အထိ အမျိုးသားရေး တနိုင်ငံလုံးအရေးကို တစိုက်မတ်မတ် လုပ်ခဲ့သူအဖြစ် သမိုင်းကျန်ရစ်သူတဦး ဖြစ်သည်။

❖ ❖ ❖

# ကရင်အမျိုးသား ခေါင်းဆောင်များ။

## အမျိုးသားတာဝန်ကို အသက်ပေးထမ်းဆောင်သွားသော ခေါင်းဆောင်ကြီးများ။





မန်းဘဇန်



ဗိုလ်ချုပ်တာကပေါ်



ဗိုလ်ချုပ်မင်းမောင်



ဗိုလ်ချုပ်မြမောင်




ဝဲမှယာ (ထိုင်)=ဗ/မ ဘော်ဒွင် (ဆုံး)၊ စောမျိုးသွေး၊မန်းရှာလားဖန်း၊ ဗိုလ်မောင်မောင် **(KNU)**၊ ပဒိုစံလင်း၊ မန်းဘစော (ဆုံး)
ဝဲမှယာ (ရပ်)= ပဒိုဘသင်**(KNU)**၊ ဗိုလ်မီးသတ်(ဆုံး)၊ ဗိုလ်ထွန်းအေး(ဆုံး)၊ ဗိုလ်သန်းအောင်(ဆုံး)၊ အမည်မသိရ၊ ဗ/မ စောလှမွန်(ဆုံး)
မန်းဘဇန်(ဆုံး)၊ စောတာအယ်**(KNU)**၊ ဆရာစကောလယ်တော(ဆုံး)၊ အမည်မသိရ၊ ဗ/ခ ကော်ထူး(ဆုံး)၊ ဗ/ခ မြမောင်(ဆုံး)၊ ဗ/မ/ခ ကျင်ဖေ(ဆုံး)



စကောမောလေး



စောသန်းအောင်



ဦးစိုးအောင်

# ဆရာကြီးစကောလယ်တောနှင့်မြောက်ပိုင်းခရီးစဉ်

ဆရာကြီးစကောလယ်တောနှင့်
ဂယ်သယ်ရှိ......

၁၉၉၃ခုနှစ်၊ "ဆရာကြီး စကောလယ်တော"ကွယ်လွန်ပြီး (၂)နှစ် ကျော်ကျော် ကာလအကြာတွင် ဆရာကြီး၏ အတ္ထုပ္ပတ္တိကို ရေးသားဖော်ပြရန် အစီအစဉ်တခု ပေါ်ပေါက်ခဲ့ပါသည်။ ထိုအစီအစဉ်မှာ၊ "နိုင်ငံသစ်" စာစောင် အမှတ် (၂)ကို "အာဇာနည်နေ့" အထူးထုတ်အဖြစ် ထုတ်ဝေပြီး ထိုစာစောင်တွင် "စောဘဦးကြီး နှင့်တကွ ကျဆုံးသွားခဲ့ကြသော အမျိုးသား ခေါင်းဆောင်များ၏ နိုင်ငံရေး လှုပ်ရှားမှုများကို နိုင်ငံသစ် စာဖတ်ပရိတ်သတ်များသို့ ရေးသားတင်ဆက်မည်ဖြစ်ရာ၊ ကရင့်နိုင်ငံရေး လှုပ်ရှားမှုတွင် ရှေးဦးလည်းကျပြီး ဘဝသက်ဆုံးတိုင် ကြိုးပမ်းခဲ့သူ တဦးဖြစ်သော "ဆရာကြီး စကောလယ်တော"၏ နိုင်ငံရေးဘဝလှုပ်ရှားမှုကို ရေးသားဖော်ပြရန် သတ်မှတ်ခဲ့ပါသည်။

ကျနော့်အနေဖြင့် "ဆရာကြီး စကောလယ်တော" ၏ အတ္ထုပ္ပတ္တိကို ရေးသားတင်ပြမည် ဆိုရာတွင် သူ၏ နိုင်ငံရေး လှုပ်ရှားမှုကို အတော်အတန် တွေ့ကြုံ သိရှိခဲ့ရသော်လည်း သူ၏ ငယ်စဉ်ဘဝ၊ နိုင်ငံရေးသမားဘဝနှင့် တော်လှန်ရေးနယ်ထဲသို့ စတင် အခြေချခဲ့သော အကြောင်းအရင်းများကို ပြည့်ပြည့်စုံစုံ မသိခဲ့ရပေ။ "ဆရာကြီး" လည်း ကွယ်လွန်သွားပြီ ဖြစ်သဖြင့် သူ အသက်ထင်ရှားရှိစဉ်က သူ့အား တွေ့ဆုံမေးမြန်းခြင်း မပြုခဲ့ရသည့် အဖြစ်ကို နှမြောတသ စိတ်မကောင်း ဖြစ်မိပါသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံသစ်စာစောင်အမှတ် (၂) အာဇာနည်နေ့ အထူးထုတ်တွင် "ဆရာကြီး၏ အတ္ထုပ္ပတ္တိ" ကို ထည့်သွင်းရန် ဆုံးဖြတ်ချက် ချမှတ်ပြီးဖြစ်၍ မဖြစ်မနေ ရေးသားရတော့မည် ဖြစ်သည်။



ထိုကိစ္စမှာ ခဲယဉ်းသော ကိစ္စ မဟုတ်ဟု ကျနော့်အနေဖြင့် ယူဆခဲ့ပါသည်။ "ဆရာကြီး" ကွယ်လွန်ခဲ့ပြီ ဖြစ်သော်လည်း သူ၏ လုပ်ဖော်ကိုင်ဖက်များနှင့် မိသားစုအချို့မှာ အသက်ထင်ရှား ရှိနေဆဲ ဖြစ်သည်။ အထူးသဖြင့် သူ၏မိသားစုထဲမှ သူနှင့်အတူ တော်လှန်ရေး ခရီးစဉ်အချို့တွင် အခါအားလျော်စွာ ပါဝင်ခဲ့သော သားအကြီးဆုံး "စောဝေါလ်လိပ်စ်"ကို အမှတ်ရမိပါသည်။ "စောဝေါလ်လိပ်စ်"သည် သားအကြီးဆုံးဖြစ်၍ ဖခင်၏ ငယ်စဉ်ဘဝ အခြေအနေကို အတော်အတန် သိနိုင်မည့်သူ တဦးဖြစ်သည်။ သူသည်ထိုစဉ်က"ကရင် အမျိုးသား ဒုက္ခသည် ကယ်ဆယ်ရေး ဌာန"တွင် အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသည်။ သူ၏ ကယ်ဆယ်ရေးရုံးမှာ မဲဆောက် -မယ်လ ကားလမ်းမကြီး နဘေးတွင် အုတ်နံရံဖြင့် ပိုင်းပတ် ကာယံထားသော၊ ဆန်စက် အဟောင်းတလုံး ဖြစ်သည်။ ထိုခြံသည် အတော်အတန် ကျယ်ဝန်းပြီး ရုံးခန်း ဖွင့်လှစ်ရန် အဆောက်အဦများလည်း အခိုင်အခန့် ရှိသည်။ ထိုဆန်စက်ကို ကေအဲန်ယူမှ တပ်မဟာမှူး တဦး၏ မိသားစုဝင် တဦးက ပိုင်ဆိုင်ခဲ့သည်ဟု သိရသည်။

ကျနော်သည် မျှော်လင့်ချက်ကြီးစွာဖြင့် "စောဝေါလ်လိပ်စ်" ရှိရာ ဆန်စက်သို့ အလျင်အမြန် ခြေဦးလှည့်ရ ပါတော့သည်။ စောဝေါလ်လိပ်စ်သည် အလုပ်များသူ တဦး ဖြစ်သည်။ ဒုက္ခသည် စခန်းများသို့ အမြဲမပြတ် လှည့်လည် နေရသဖြင့် အလုပ် အလွန်များသည်။ ကျနော့် အစီအစဉ်ကို သူ့အနေဖြင့် ကူညီနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။ ကံအားလျော် စွာပင် ကျနော်သူ့ကို တွေ့ဆုံခဲ့ပါသည်။

ကျနော်ကလည်း လာရင်းကိစ္စကို တိုတိုနှင့် ရှင်းရှင်း ပြောပြပါသည်။ သူကလည်း သူ့ဖခင်၏ အတ္ထုပ္ပတ္တိကို ရေးသားနေသူ ရှိနေပြီးဖြစ်ကြောင်း တိုတိုပင် တုန့်ပြန်ခဲ့ ပါသည်။ ဤသို့ဖြင့် ကျနော်၏ လာရင်းကိစ္စလည်း ပြီးပြတ် သွားပါသည်။ သူ့ဖခင်၏ အတ္ထုပ္ပတ္တိကို မည်သူက ရေး၍ မည်သည့် အချိန်တွင် ဖတ်ရမည်ကို မစပ်စုခဲ့။ သူ့ဖခင်၏ ငယ်စဉ် ဘဝကိုလည်း ကျနော်မမေး တော့ချေ။ သူ့အား ဖွတ်အတင်း မေးလျှင်လည်း ပြောပြမည့်သူ မဟုတ်ဟု ယူဆရသည်။

မည်သို့ပင်ဖြစ်စေ "နိုင်ငံသစ်" စာစောင် အမှတ် (၂)အာဇာနည်နေ့ အထူးထုတ်တွင် ဆရာကြီးနှင့် ပတ်သက်၍ မူလရည်ရွယ်ချက်ကို မဖျက်လိုသဖြင့် ဆရာကြီးအကြောင်းကို တစုံတခု ထည့်သွင်း ဖော်ပြရန် စီစဉ်ပါသည်။ ဤသို့ဖြင့် "ဆရာကြီး စကောလယ်တော" ၏ မှတ်စုနှင့် ၁၉၅၀ ခုနှစ် ဖာပွန်ကွန်ဂရက် ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါး တစောင်ထည့်သွင်း ဖော်ပြခဲ့ပါသည်။ စင်စစ် ထိုဆောင်းပါးမှာ ဆရာကြီးကိုယ်တိုင် ရေးသားခဲ့သော "ကရင်အမျိုးသား တော်လှန်ရေးသမိုင်း" မှ ကောက်နှုတ် ဖော်ပြ လိုက်ခြင်းသာ ဖြစ်ပါသည်။

"ဆရာကြီး စကောလယ်တော"သည် သူမကွယ်လွန်မီက ကရင်

အမျိုးသား တော်လှန်ရေး သမိုင်း တစောင်ကို ရေးသားပြုစုခဲ့သည်။ ထိုသမိုင်းကို ကေအဲန်ယူ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အရ ရေးသားခဲ့ခြင်း ဖြစ်သည်။ ဆရာကြီးသည် ထိုသမိုင်းစာအုပ်ကို နှစ်အနည်းငယ်အတွင်း ပြုစုခဲ့ပြီး ၁၉၈၁ – ၈၂ ခုနှစ် မာနယ်ပလောတွင် ဖွင့်လှစ်သော နိုင်ငံရေးသင်တန်း တခုတွင် ဆရာကြီးကိုယ်တိုင် သင်ကြားပို့ချခဲ့သည်။ ထိုသင်တန်းကာလ အတွင်းမှာပင် ဗဟိုကော်မတီအတွင်း အယူအဆ ရေးရာကိစ္စ ကွဲလွဲမှုများ ပေါ်ပေါက်လာခဲ့သဖြင့် ထိုသင်တန်းကို ကတိုက် ကရိုက်ဖြင့် အဆုံးသတ် လိုက်ကြသည်။ ကျနော့်အနေနှင့် ဆရာကြီး၏ ကရင့် တော်လှန်ရေး သမိုင်းကို ၁၉၈၄ –၈၅ ခုနှစ်ရောက်မှ ဖတ်ရှုခဲ့ရသည်။ ထိုကာလက စာအုပ်အဖြစ် ပုံနှိပ်ထားခြင်း မဟုတ်သေးဘဲ အုပ်တွဲငယ်များဖြင့် မှတ်စုသဘော ရေးသားခြင်းမျိုးဖြစ်သည်။ သင်တန်းပို့ချရန် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားခြင်း ဖြစ်သည်။ ဆရာကြီးသည် ဤသမိုင်းကို မိမိ၏ တော်လှန်ရေး၊ နိုင်ငံရေး မှတ်တမ်းနှင့် ဘဝအတွေ့အကြုံပေါ်တွင် အခြေခံ ရေးသားသည်ဟု ကျနော် ယူဆသည်။ ဤကရင် အမျိုးသား တော်လှန်ရေး သမိုင်းစာအုပ်မှာ ၁၉၉၁ ခုနှစ် ဆရာကြီး ကွယ်လွန်ပြီးမှသာ စာအုပ်အဖြစ် ဖတ်ရှုခဲ့ကြရသည်။ ထိုစာအုပ်ကို ဗဟိုကော်မတီ (၅)ဦးမှ တာဝန်ယူပြီး ပြင်ဆင်ဖြည့်စွက် ရေးသားကြခြင်းဖြင့် ပီပြင်သော စာအုပ် အဖြစ် ပေါ်ထွက်ခဲ့လေသည်။

စောဝေါလ်လိပ်စ်နှင့် တွေ့ဆုံခဲ့ပြီး (၃)နှစ်ကျော် ကာလအတွင်းသို့ပင် ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ နိုင်ငံရေး အပြောင်းအလဲကြီးများလည်း ကြုံဆုံခဲ့ကြရသည်။ "ဆရာကြီး စကောလယ်တော" ဦးဆောင် ဖွင့်လှစ်ခဲ့သော နိုင်ငံရေးသင်တန်း အခြေတည်ရာ "မာနယ်ပလော" သည် တခန်းတကဏ္ဍ ရပ်နားလျက် ရှိနေပြီ ဖြစ်သည်။

တော်လှန်ရေး သမိုင်း၌ ကမ္ဗည်းတင်ရမည့် အခိုင်အမာ စခန်းကြီးများလည်း တခုပြီးတခု ကျိုးပေါက်ခဲ့သည်။ အမျိုးသားချင်း၊ ဆွေမျိုးနီးစပ်ချင်း၊ ရန်သူသဖွယ် သွေးချောင်းစီး သတ်ဖြတ် လုယက် နေကြဆဲလည်း ဖြစ်သည်။ တမျိုးသားလုံး၏ ဒုက္ခသည် ဆထက်ထမ်းပိုး တိုးမြင့်လာသည်။ ကရင်အမျိုးသား ဂုဏ်သိက္ခာသည်လည်း ကမ္ဘာ့အလယ်တွင် ညှိုးနွမ်းခဲ့ရသည်။ ဤ သို့သော အကြပ်အတည်း ကာလတွင် ကရင်အမျိုးသား အချို့သည် အလျှိုလျှို ဖြင့် နိုင်ငံခြားသို့ ထွက်ခွာသွားကြသည်။ ထိုအထဲတွင် " စောဝေါလ်လိပ်စ်" တယောက်လည်း ပါသွားသည်ဟု သိရသည်။ သူ့ဖခင်၏ အတ္ထုပ္ပတ္တိအား မည်သူက တာဝန်ယူ၍ ရေးသားပြုစု နေကြောင်းပင် ပြောမပြနိုင်ခဲ့။

၁၉၉၆ ခုနှစ် "နိုင်ငံသစ်" စာစောင် အမှတ် (၇)ကို အထူးထုတ် အဖြစ် ထုတ်ဝေရန် အစီအစဉ် ရှိလာပြန်သည်။ ထိုအစီအစဉ်တွင် ဆရာကြီး၏ အတ္ထုပ္ပတ္တိနှင့် စွမ်းဆောင်ချက်ကို ဆရာကြီးအား ဂုဏ်ပြုသောအားဖြင့် ရေးသားလိုပြန်သည်။ ဆရာကြီး၏ အတ္ထုပ္ပတ္တိပုံကြမ်း စာစောင်ကို ရေးသားတင်ဆက်နိုင်မည့် တဦး ကူညီမည့်သူ တဦး ပေါ်ပေါက်ခဲ့ပါသည်။ ထိုသူမှာ "မန်းငြိမ်းမောင်" ဖြစ်ပါသည်။ **KNU** အရံဗဟိုကော်မတီဝင် တဦးဖြစ်ပြီး **KNU** ဗဟိုနိုင်ငံခြားရေး ဌာနမှ မဟာမိတ်ဆက်ဆံရေးတာဝန်ကို ထမ်းဆောင်နေသူဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် ကျနော့်အား သူသိမ်းဆည်းထား ခဲ့သော တိတ်ခွေ (၂)ခွေပေးခဲ့သည်။ ထို အခွေ (၂)ခွေသည်။ ဆရာကြီး စကောလယ်တော၏ မူရင်းအသံဖြင့် သွင်းတားသည့် တိတ်ခွေဖြစ်ပြီး သတင်းထောက် ဈာန်ရ (ဦးစိုးမင်း)နှင့် တွေ့ဆုံမေးမြန်း ချက်များ ဖြစ်သည်။ ထိုတိတ်ခွေ (၂)ခွေကို ကူးယူပြီး ဆရာကြီး၏ "မြောက်ပိုင်းခရီးစဉ်" ဟု ခေါင်းစဉ်းတပ်ပြီး ဆောင်းပါးအဖြစ် ရေးသား တင်ဆက်ခြင်း ဖြစ်ပါသည်။ အမှန်စင်စစ် ဆရာကြီး စကောလယ်တော၏ အတ္ထုပ္ပတ္တိသည် ကရင့်တော်လှန်ရေး သမိုင်း၏ အစိတ်အပိုင်းတခု ဖြစ်သကဲ့သို့ ကရင့်တော်လှန် ရေး၏ သမိုင်းတွင်လည်း သူ၏ အတ္ထုပ္ပတ္တိမှာ အကျုံးဝင်နေပါသည်။ ကရင့်လူ့ အဖွဲ့ အစည်းတွင် အမေရိကန် သမတကြီး အေဗရာဟင်လင်ကွန်းကဲ့သို့ ဆင်းရဲစွာခြင့် ဘဝရုန်းကန် လှုပ်ရှားပြီးမှ အထွတ်အထိပ်သို့ ရောက်လာသော ပုဂ္ဂိုလ်နှစ်ဦး ရှိပါသည်။ ၎င်းတို့မှာ "ဒေါကလူ" ကရင် အမျိုးသားအသင်းကို စတင်တည်ထောင်သူ တီသံပြာ ဖြစ်ပြီး၊ နောက်တဦးမှာ "ဆရာကြီး စကောလယ်တော" ဟုပင် ကျနော် မှတ်ယူထားပါသည်။ ပုသိမ် နယ်သား တီသံပြာမှာ မုဆိုးမ အမေအိုနှင့် ဆင်းရဲစွာ နေထိုင်ခဲ့ရာမှ အမေရိကန် သာသနာပြုတဦး၏ အကူအညီဖြင့် အမေရိကန်သို့ ရောက်လာခဲ့သည်။ မိမိကိုယ်တိုင် ဝင်ငွေရှာပြီးမှ တက္ကသိုလ်ဘွဲ့ကို ရယူခဲ့လေသည်။ "ဆရာကြီး စကောလယ်တော" မှာလည်း မိမိကိုယ်ကိုသာ အားကိုးပြီး တက္ကသိုလ်ဘွဲ့ကို ရယူခဲ့ပါသည်။သို့သော် ပိုမိုပြီး ပင်ပန်းဆင်းရဲ သည်ဟု ကျနော် ယူဆမိသည်။

" ဆရာကြီး စကောလယ်တော"တွင် သာမန်လူထက် ထူးခြားချက်တချို့ ရှိသည်ကို ကျနော်တို့ အသိအမှတ် ပြုခဲ့ကြသည်။ ထိုအချက်များသည် လူငယ်များ အတုယူစရာ ကောင်းသော အချက်များ ဖြစ်ပါသည်။

❖ ❖ ❖

## ကျောင်းသား ဘဝ

" ဆရာကြီး စကောလယ်တော" ၏ ဇာတိကျေးရွာမှာ တောင်ငူခရိုင် ကျောက်ဖျာရွာ ဖြစ်သည်။ ကျောက်ဖျာရွာသည် တောင်ငူနှင့် မိုင် (၄၀)မျှ ကွာဝေးသော တောင်ပေါ်ရွာတရွာ ဖြစ်သည်။ သူ့ဘခင်မှာ ကျေးရွာသူကြီး တဦး ဖြစ်သည်။ အင်္ဂလိပ်ခေတ် သူကြီး ဖြစ်၍ ဩဇာအရှိန်အဝါ အတော်အတန် ရှိလေ

သည်။ မိဘများမှာ အစဉ်အလာအားဖြင့် တောင်ယာ လုပ်ကိုင် စားသောက်လာခဲ့သူများ ဖြစ်ကြသည်။ ကျေးရွာသူကြီး တဦး၏ အိမ်ထောင်စုပင် ဖြစ်သော်လည်း ချို့ချို့တဲ့တဲ့ နေထိုင်ခဲ့ကြရသည်။

" ဆရာကြီး စကောလယ်တော " ၏ ငယ်မည်မှာ စောထောယေ ဖြစ်သည်။ (၆)နှစ်သား အရွယ်တွင် ကျောက်ဖျာရွာရှိ မူလတန်းကျောင်း၌ စတင်၍ ကျောင်းတက်သည်။ ကရင်အမျိုးသားကျောင်း ဖြစ်၍ ကရင်စာပေကို အဓိကထားသင်သည်။ စာသင်နှစ်ကုန်ခါနီး နေ့တနေ့တွင် ပညာအုပ် တဦးက ထိုဒေသရှိ ကျောင်းများကို လိုက်လံစစ်ဆေးရာတွင် ကျောက်ဖျာရွာသို့လည်း ဝင်ရောက် ခဲ့လေသည်။ ပညာအုပ်ဖြစ်၍ ရပ်ရွာ လူကြီးများက မြင်းများဖြင့် တခမ်းတနား လိုက်လံ ပို့ဆောင်ကြသည်။ ဟင်းပေါင်းစုံဖြင့်လည်း ဧည့်ခံ ကျွေးမွေးကြသည်။ လူတိုင်းက ဂရုတစိုက် ဧည့်ခံကျွေးမွေးသည်ကို ခလေးအရွယ်သာရှိသော စောထောယေသည် အလွန်အားကျမိသည်။ ထို့ကြောင့် ရွာသားတဦးကို ချဉ်းကပ်ပြီး ဤကဲ့သို့ ဧည့်ခံပြုစု ခံရသူမှာ ဘယ်နှစ်တန်း အောင်သလဲဟု မေးမြန်းခဲ့သည်။ ထိုလူကြီးက ဘီအေ အောင်တယ်လို့ ပြောပြသောအခါ ငယ်ရွယ်သေးသော စောထောယေသည် သူလည်းတနေ့တွင် ဘီအေ အောင်ရမည်ဟု စိတ်ဆုံးဖြတ်ခဲ့လေသည်။

ငယ်ရွယ်သူပီပီ အရာရာကို အားကျတတ်သည်မှာ ကလေးများ၏ သဘာဝစိတ် ဖြစ်သည်။ ကလေးသဘာဝတွင် မေ့လွယ် ပျောက်လွယ် တတ်သော်လည်း စောထောယေ၌မူ စွဲစွဲမြဲမြဲပင် ရှိနေခဲ့ပေသည်။

ကျောက်ဖျာ မူလတန်းကျောင်းတွင် မူလတန်း အောင်ပြီးနောက်၊ အင်္ဂလိပ်စာ သင်ကြားသော ကျောင်းသို့ ပြောင်းရွှေ့ ရမည်ဖြစ်ရာ၊ စောထောယေ၏ မိသားစုမှာ ငွေကြေးချို့တဲ့သဖြင့် သူ့ကို အင်္ဂလိပ်ကျောင်းသို့ ပို့နိုင်စွမ်း မရှိခဲ့ကြပေ။ သို့သော် ဦးလေးတဦး၏ စီစဉ်ပေးချက်အရ ရွှေကျင်မြို့တွင် အလယ်တန်းပညာ ဆက်လက် သင်ကြားခွင့် ရခဲ့လေသည်။ ရွှေကျင်မြို့၌ပင် (၇)တန်းစာမေးပွဲကို အောင်မြင်ခဲ့၍၊ စောထောယေ သည် အထက်တန်း ကျောင်းသို့ ဆက်တက်ရမည် ဖြစ်သည်။ သူ့အား ကူညီခဲ့သော ဦးလေးမှာ ကွယ်လွန်သွားပြီ ဖြစ်သဖြင့် ရှေ့ဆက် ပညာသင်ကြားရေးအတွက် အခက်ကြုံရပြန်သည်။ ပညာရေး တပိုင်းတစဖြင့် ကျောင်းမထွက်လို။ သူ့အဓိဋ္ဌာန်ကို သူမဖျက်နိုင်။ ဤသို့ အခက်ကြုံနေခိုက် ကံအားလျော်စွာပင် သူ၏ဝမ်းကွဲ အကိုတော်သူ တဦးက ထောက်မကူညီသဖြင့် (၈)တန်းကို တက်ရောက်ဖြေဆို အောင်မြင်ခဲ့သည်။ စောထောယေ (၈)တန်း အောင်မြင်သောနှစ်သည် ၁၉၃၀ ခုနှစ် ဖြစ်သည်။ ကမ္ဘာ့ စီးပွားပျက်ကပ်ကြီး ဆိုက်ရောက်ခဲ့ပြီး၊ ပြည်တွင်းတွင် တောင်သူလယ်သမား အရေးတော်ပုံ ကဲ့သို့သော ကိုလိုနီအုပ်ချုပ်ရေး ဆန့်ကျင်သည့် တိုက်ပွဲများ ပြင်းထန်လာသော အချိန်လည်း ဖြစ်သည်။ ပြည်သူတိုင်း အခက်အခဲ ကြုံတွေ့နေကြရသည်။ စောထောယေ၏ အကိုဝမ်းကွဲသည်လည်း အများနည်းတူ ဆင်းရဲခြင်း ကပ်ကို ကြုံတွေ့နေရသဖြင့် သူ၏ပညာရေးကို ဆက်လက် ကူညီရန် လုံးဝ မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် စောထောယေ ဇာတိရွာသို့ ပြန်လည်ပြီး နေထိုင်ခဲ့ရလေသည်။

တနေ့တွင် ကျောက်ဖျာရွာမှ မိုင် (၄၀) ခန့်ဝေးသော တောင်ငူ မြို့သို့ စောထောယေ တယောက် တကိုယ်တည်း ခြေလျင်ခရီး ထွက်ခဲ့သည်။ သူ၏ ရည်ရွယ်ချက်မှာ ပညာသင်ကြား ရန်သာ ဖြစ်သည်။ သို့သော် မည်သည့် နည်းဖြင့် ပညာ သင်ကြားရမည်ကိုကား သူမသိသေး။

သူ့တွင် ကျောင်းစရိတ်အတွက် ငွေတပြားမှမပါခဲ့ပေ။ သူသည် ကျောင်းအုပ်ဆရာကြီးထံသို့ သွားပြီး ကျောင်းနေခွင့် တောင်းခံခဲ့သည်။ သူကံကောင်းသည်မှာ ထိုစဉ်က တောင်ငူ အထက်တန်းကျောင်းတွင် စိုက်ပျိုးရေး လုပ်ငန်းများ စတင်ဖွင့် လှစ်သောနှစ်ဖြစ်သည်။ ကျောင်းလခအတွက် စိုက်ပျိုးရေး လုပ်သားအဖြစ် လုပ်ကိုင်ခြင်းဖြင့် ကျောင်းလခ ပေးသွင်းရန် ကျောင်းအုပ် ဆရာကြီးနှင့် အပေးအယူ တည့်ခဲ့သည်။

ထိုအချိန်က ကျောင်းစိုက်ပျိုးရေးတွင် ပါဝင်လုပ်ကိုင် ကြသော ကျောင်းသား (၂၀)ခန့်ရှိသည်။ ထိုကျောင်းသား အားလုံးထဲတွင် စောထောယေသည် အများတကာထက် လုံ့လဝီရိယ အကောင်းဆုံး အတက်ကြွဆုံး လုပ်ကိုင်ခဲ့သည်။ သူ၏ဝီရိယ ရှိမှုကြောင့် တနေ့လျှင် တမူး၊ တမတ်မှ တခါတရံ ငါးမူးအထိ ဝင်ငွေရရှိသော နေ့လည်းရှိခဲ့သည်။

ဤဝင်ငွေဖြင့် ကျောင်းလခများကို ပေးသွင်းခဲ့သည်။ ဝက်ငယ် များကိုမွေး၍ ဝင်ငွေ ရှာလိုက်သေးသည်။ စိုက်ပျိုးရေးလုပ်ငန်း ပြီးလျှင် ဆရာ၊ ဆရာမ အိမ်များသို့ သွားရောက်ပြီး ကူညီလုပ်ကိုင် ပေးခဲ့သေးသည်။ အိမ်ပတ်ဝန်းကျင် သန့်ရှင်းပေးခြင်း၊ အိမ်သာကျင်းတူးခြင်း၊ စသည့်တောက်တိုမယ်ရ အလုပ်များကိုလည်း မပျင်းမရိ လိုက်လံဆောင်ရွက်ပေးတတ်သည်။ ထို့ကြောင့် ဆရာ၊ ဆရာမများက သူ့ကို ခင်တွယ်ပြီး အစားအသောက်များ ပေးကမ်းကြသည်။ စောထောယေ၏ အထက်တန်း ကျောင်းသားဘဝသည်၊ လူအများ၏ ခင်မင်မှုကို ခံခဲ့ရသော ဘဝ ဖြစ်သည်။

ဤသို့ဖြင့် (၁၀)တန်းစာမေးပွဲကို အောင်မြင်ခဲ့သည်။ (၁၀)တန်းအောင်ပြီးဖြစ်၍ တက္ကသိုလ် ဆက်တက်ရမည်သာ ဖြစ်သည်။ သို့သော် တက္ကသိုလ်ကျောင်း ဖွင့်ခါနီး အချိန်အထိ သူ့ကို ကူညီမည့်သူ တဦးမျှ မတွေ့သေးပေ။ သူသည် နေ့စဉ်ဆုတောင်းပြီး ကူညီမည့်သူကို မျှော်လင့်တမ်းတ နေမိသည်။ ဘီအေ အောင်ရမည်ဟူသော ရည်မှန်းချက်ကလည်း၊ သူ့တွင် ခိုင်ခိုင်မာမာ ရှိနေလျက်ပင် ဖြစ်သည်။ ကျောင်းဖွင့်ရန်

ရက်အနည်းငယ် အလိုတွင် သူစုဆောင်းထားသော ငွေ (၇)ကျပ်နှင့် (၃)မူးကို ယူပြီး အိမ်က စထွက်ခဲ့လေသည်။ သူ့ကို ကူညီခဲ့သော အကိုဝမ်းကွဲထံသို့ ချဉ်းကပ်ပြီး အကူအညီတောင်းရာ ငွေ (၂၀)ကျပ် ကူညီခဲ့သည်။ ထိုငွေ (၂၇)ကျပ်နှင့် (၃)မူး နှင့်ပင် ရန်ကုန်သို့ မီးရထားဖြင့် စတင်ထွက်ခဲ့သည်။ တောင်ငူနှင့် ရန်ကုန် မီးရထားခ (၃)ကျပ် တမတ်ဖြစ်ပြီး ရန်ကုန်ဘူတာကြီးမှ တက္ကသိုလ် ကျောင်းသို့ အငှားကားခမှာ (၁)ကျပ်၊ ထမင်းစားပြီးနောက် အခြားတိုလီ မိုလီများကို ဝယ်ရာ လက်ထဲတွင် ငွေ (၁၀)ကျပ် တိတိသာ ကျန်တော့သည်။

ပညာရေးအတွက် စောထောယေ၏ ပဋ္ဌမဦးဆုံး လှုပ်ရှားမှုမှာ တက္ကသိုလ် ကျောင်းအုပ်ကြီး၏ ရုံးခန်းသို့ တည့်တည့် မတ်မတ်သွားပြီး၊ သူ၏ အခြေအနေနှင့် အခက်အခဲကို တင်ပြခြင်းပင် ဖြစ်သည်။ ကျောင်းစရိတ်အတွက် အလုပ်တခု စီစဉ်ပေးရန် တောင်းပန် ပြောဆိုခဲ့သည်။ ကျောင်းအုပ်ကြီးကလည်း စေတနာ အပြည့်ဖြင့် တက္ကသိုလ်ဆိုသည်မှာ စာကို အမြောက်အများ ဖတ်ရကြောင်း။ ကျောင်းတဖက် အလုပ်တဖက် ဆိုလျှင် စာမေးပွဲအောင်ရန် လွယ်ကူမည် မဟုတ်ကြောင်း ပြန်လည် ရှင်းလင်း ပြောပြခဲ့သည်။ စောထောယေ ကလည်း ကိစ္စမရှိကြောင်း၊ စာကျက်မှတ်ရန်မှာ မိမိတာဝန်သာ ဖြစ်ကြောင်း၊ မိမိကြိုးစားနိုင်ကြောင်း ပြန်လည် ပြောကြားရာ ကျောင်းအုပ်ဆရာကြီးလည်း သူ့ကိုသနားသဖြင့် ထမင်းရုံတွင် အလုပ်တခု ပေးခဲ့သည်။ ထိုအလုပ်မှရသော အခကြေးငွေဖြင့် ကျောင်းစရိတ်ကို ပေးခဲ့သည်။ သို့သော် ထိုငွေကြေးမှာ ကျောင်းစရိတ်အတွက် မလုံမလောက် ဖြစ်နေပြန်သည်။ ထို့ကြောင့် ကျောင်းအုပ်ကြီး ထံသို့ တဖန်ချဉ်းကပ်ပြီး အခြားအလုပ်တခု ထပ်မံပြီး စီစဉ်ပေးရန် တောင်းပန် ပြောဆိုရာ၊ ကျောင်းစာကြည့်တိုက်၌ အလုပ်တခု ထပ်မံ စီစဉ်ပေးခဲ့ပြန်သည်။ ထိုအလုပ်မှာ တနှစ်လုံးအတွက် (၁၀၀)ကျပ်သာ ရခဲ့သည်။ ကျောင်းလခအဖြစ် တဝက်သာ ပေးသွင်းရသည်။ သို့သော်လည်း လုံလောက်သည့် အဆင့်သို့ မရောက်ခဲ့ပြန်ပေ။

ထိုမလောက်မင ပြဿနာကို ဖြေရှင်းရန်အတွက် အခြားအချိန်ပိုင်း အလုပ်များကို ရှာဖွေကြည့်ပြန်သည်။ ထိုအချိန်ကာလက ဂျက်ဆင်ကောလိပ်တွင် ကျေး လက်တောရွာ ပြုပြင်ရေးအဖွဲ့များ ဖွဲ့စည်းလာသော ကာလဖြစ်သည်။ ထိုအဖွဲ့များသည် ကျောင်းအားရက်များ၌ ဒညင်းကုန်း၊ လှော်ကား၊ မှော်ဘီ၊ ဝါးနက်ချောင်း နှင့် ရန်ကုန် တဖက်ကမ်းတွံတေး၊ နတ်စင်ကုန်း စသည်တို့သို့ သွားရောက်ပြီး၊ ကျေးရွာများကို အကူညီအမျိုးမျိုး ပေးခဲ့ကြသည်။ ရွာသန့်ရှင်းရေး၊ အိမ်သာ ဆောက်၊ ရေတွင်းတူး စသည်များကို ကျေးရွာများအား ကူညီရာတွင် ကျေးရွာ အသီးသီးကလည်း အပြန်အလှန် ငွေကြေး အကူအညီများ ပေးခဲ့ကြသည်။ စောထောယေသည် ထိုအဖွဲ့ထဲတွင် ဝင်ရောက်လုပ်ကိုင်သော ကြောင့် စရိတ်စက အချို့ရခဲ့သည်။

ဤသို့ ချို့ချို့တဲ့တဲ့ဖြင့် တက္ကသိုလ်ပညာကို သင်ကြားရာ ပထမနှစ်ကို အလွယ်တကူပင် အောင်မြင်ခဲ့သည်။ တနေ့တွင် ခရစ္စမတ် ကျောင်းပိတ်၍ ရွာသို့ ပြန်ခဲ့ရာ၊ ရန်ကုန်အပြန်ခရီးအတွက် ခရီးစရိတ်ကို မိဘများက မပေးနိုင်ဘဲ ရှိနေသည်။ သူ့မှာလည်း ငွေ (၅)မတ်သာ ကျန်တော့သည်။ ရန်ကုန် အရောက်ဆိုလျှင် ငွေ (၅)ကျပ်တိတိ လိုနေသည်။ မည်သူ့ ထံမှလည်း မျှော်လင့်၍ မရနိုင်။ သို့သော် ဘီအေ အောင်ရမည်ဟူသော မူလ ရည်ရွယ်ချက်ကြီးကား အပျက်မခံနိုင်။ ငွေ (၅)မတ်နှင့်ပင် အိမ်မှထွက်ခဲ့လေသည်။

စောထောယေသည် လမ်းခရီးတွင် မောပန်းသဖြင့် ကျောက်တုံးတတုံးပေါ်ထိုင်၍ ရပ်နားနေရင်း၊ ချွေးများနှင့်အတူ မျက်ရည်များလည်း စီးထွက်ရင်း သူ့ဘဝကိုသူ စဉ်းစားကြည့်မိသည်။ အချို့သူများမှာ တက္ကသိုလ်ကျောင်းတက်ရာတွင် ကားစီး၍ လာကြသည်။ ဝတ်ကောင်း စားလှများလည်း ဝတ်ဆင်နိုင်ကြသည်။ ကျောင်းလခလည်း ပူပင်စရာမလိုခဲ့ပေ။

ငွေကို လိုအပ်သလို သုံးစွဲနိုင်ခဲ့ကြသည်။ မိမိဘဝမှာမူ အဝတ်အစားကောင်းကောင်းဝတ်ပြီး ငွေရေးကြေးရေး ဖောဖောသီသီ သုံးနိုင်ဖို့ အပထား၊ ကျောင်းသွားဖို့ကိုပင် ခရီးစရိတ်မရှိခဲ့ပေ။ ကျောင်းဆက်လက် တက်နိုင်မည့် အလားအလာမှ ရှိပါ့မလား၊ ကျောင်းထွက်ရင် ကောင်းမလား၊ စသဖြင့် အမျိုးမျိုးစဉ်းစားရင်း စိတ်ရှုပ်ထွေးခဲ့ရသည်။

သို့သော် နောက်ဆုံး၌ တက္ကသိုလ် အောင်ရမည်ဟူသော မူလ အဓိဋ္ဌာန်ဖြင့် လက်တွင်ရှိသော ငွေ (၅)မတ်နှင့်ပင် လမ်းလျှောက်ရန် ဆုံးဖြတ်ခဲ့သည်။ (၄)ရက်ခန့် လျှောက်လျှင် ရန်ကုန် ကျောင်းသို့ ရောက်ရှိမည်ဟု သူခန့်မှန်းသည်။ ဤသို့ဖြင့် ခြေလျင်ခရီးကို စတင်ထွက်ခဲ့သည်။ ထိုနေ့မှာပင် ရွာတရွာသို့ ရောက်ခဲ့သည်။ ထိုရွာရှိ အဖွားတော်သူထံတွင် ဝင်ရောက် တည်းခိုခဲ့သည်။

အဖွားသည် သူ၏မြေးကို ကြည့်ပြီး သနားမိသော်လည်း သူ့အခြေအနေသည် မြေးတော်သူအား မကူညီနိုင်ခဲ့ပေ။ သို့သော် သူ့အိမ်တွင် တည်းခိုနေသော ရှမ်းတယောက်ကို အဖြစ်မှန်ပြောပြပြီး အကူအညီတောင်း ခဲ့လေသည်။ သူ၏မြေးသည် ပညာသင်ကြားရန် ဆန္ဒပြင်းပြသူ ဖြစ်သည်။ စာလည်း အတော်အတန်ရသည်။ သို့သော် ဆင်းရဲသဖြင့် ကျောင်းစရိတ်မရှိ၊ ကိုယ်တိုင်ရှာဖွေရင်း ကျောင်းတက်ရကြောင်း ပြောပြသည်။ ရှမ်းအဘိုးကြီးလည်း စောထောယေကိုကြည့်ရင်း သနားသဖြင့် ငွေ(၅)ကျပ် ထုတ်ပေးခဲ့သည်။ ဤငွေဖြင့် ရန်ကုန် တက္ကသိုလ်ကျောင်းသို့ ပြန်လည်ရောက်ရှိပြီး ထိုနှစ်မှာပင် ဒုတိယနှစ်ကို နှစ်ချင်း အောင်မြင်ခဲ့ပြန်သည်။ စောထောယေသည် ဆက်လက်ပြီး တက္ကသိုလ် ပညာကို (၄)နှစ်လုံးလုံး

အလုပ်လုပ်ရင်း ကြိုးပမ်းသင်ကြား ခဲ့ရာ၊ နောက်ဆုံးတွင် ဘီအေ ဘွဲ့ကို ဆွတ်ခူး ရရှိခဲ့လေသည်။ သူ၏ အဓိဌာန်လည်း ပြည့်မြောက်ခဲ့ပြီး ဖြစ်သည်။

**ကျောင်းဆရာဘဝ။**

ဘီအေ အောင်ပြီးနောက် ရန်ကုန်ရှိ **(ABM. Press) American Baptist Mission Press** တွင် အလုပ်ဝင်ခဲ့သည်။ **ABM. Press** သည် ထိုအချိန် က အကြီးဆုံး ပုံနှိပ်စက်တခုဖြစ်ပြီး**; Morning Star** သတင်းစာကို ကရင်လို ထုတ်ဝေဖြန့်ချိလျက်ရှိသော သတင်းစာ တစောင်ဖြစ်သည်။ ထိုသတင်းစာတွင် တွဲဘက်အယ်ဒီတာအဖြစ် စောထောယေ တာဝန်ယူရသည်။ **ABM. Press** တွင် အလုပ်လုပ် နေစဉ် သာယာဝတီ **ABM** အထက်တန်း ကျောင်းအုပ်ဆရာကြီး ဂျိမ်းတာပ က သူ၏ကျောင်းတွင် အထက်တန်းပြဆရာ လိုသဖြင့် လာရောက်ခေါ်သည်။ စောထောယေကလည်း သူ၏ စာပုံနှိပ်စက် မန်နေဂျာ ဖြစ်သူ မစ္စတာစမစ်နှင့် သူ ဆွေးနွေးမည် ဖြစ်ကြောင်း၊ အကယ်၍ မစ္စတာ စမစ် ခွင့်ပြုပါက သွားရောက် ကူညီမည်ဟု ကတိပေးလေသည်။ မစ္စတာစမစ် သည် စောထောယေအား ခွင့်ပြုချင်ပုံ မရပေ။ မောနင်းစတား သတင်းစာမှာ မြန်မာပြည်တွင် တိုင်းရင်းသား ဘာသာဖြင့် ထုတ်ဝေသော တခုတည်းသော သတင်းစာလည်း ဖြစ်သည်။ ၁၉၄၃ ခုနှစ်မှာ ပင်စတင် ထုတ်ဝေခဲ့ပြီး၊ ဆက်လက် တည်တံ့ ခိုင်မြဲနိုင်ဘို့ ရန်မှာလည်း ပညာရှင် အများအပြား လိုအပ်နေသေးကြောင်း သူ့ကို ရှင်းပြခဲ့သည်။ စောထောယေလည်း ဆရာကြီးဂျိမ်းတာပနှင့် မစ္စတာစမစ်တို့ တွေ့ဆုံညှိနှိုင်းပြီးမှ မစ္စတာစမစ် ကိုယ်တိုင် သွားခွင့်ပြုမှသာ သွားမည်ဖြစ်ကြောင်း၊ ပြန်လည် ပြောကြားခဲ့သည်။ ထိုစဉ်က သာယာဝတီ **ABM** အထက်တန်းကျောင်းသည်လည်း နှစ်ခြင်းသာသနာ အဖွဲ့ကြီး၏ အုပ်ချုပ်မှုအောက်တွင် ရှိရာ၊ ကျောင်း၏ လိုအပ်ချက်နှင့် ပတ် သက်၍ **ABM Press** ကပါ တာဝန်ရှိသည် ဖြစ်ရာ၊ အမှန်တကယ် လိုအပ်ပါက မစ္စတာစမစ် အနေဖြင့် မလွဲရှောင် ခွင့်ပြုရမည်သာ ဖြစ်သည်။ ဆရာဂျိမ်းကလည်း အမှန်တကယ် လိုအပ်သဖြင့် စောထောယေကို လာရောက် ဖိတ်ခေါ်ရခြင်း ဖြစ်သည်။ ဤသို့ဖြင့် စောထောယေသည် သာယာဝတီ **ABM** အထက်တန်းကျောင်း၏ အထက်တန်းပြ ကျောင်းဆရာ **Senior Master** တယောက် ဖြစ်ခဲ့ရလေသည်။ ကျောင်းဆရာလုပ်ရင်း ကရင် လူငယ်များ၏ ပညာရေးကို တဖြည်းဖြည်း စိတ်ဝင်စားလာမိသည်။ ပညာရေးကဏ္ဍတွင် တသက်တာ ဆောင်ရွက်ရန်လည်း ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် **B.Ed (Bachelor of Educa- tion)**ကို တက်ရောက် သင်ကြားရန် အစမ်းစာမေးပွဲကို ဝင်ရောက် ဖြေဆိုခဲ့ပြန်သည်။ အစမ်းစာမေးပွဲအောင်ပြီး **B.Ed** သင်တန်းကို တက်ရောက် သင်ကြားခဲ့ရာ အောင်မြင်ခဲ့သည်။ ထို့နောက် ယခင် သာယာဝတီ **ABM** အထက်တန်း ကျောင်း၌ပင် ကျောင်းအုပ်ဆရာအဖြစ် ပြန်လည် အမှုထမ်းလေသည်။ ကျောင်းအုပ် ဆရာအဖြစ် တနှစ်ပြည့်ပြီးသောအခါ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ပြီး ဂျပန်ဝင်လာရာ မိမိဇာတိရွာတွင် ပြန်လည်နေထိုင်ခဲ့ရလေသည်။

❖ ❖ ❖

## ဂျပန်ဆန့်ကျင် တော်လှန်ရေးသမားဘဝ၊

ဂျပန်ခေတ်တွင် ကျောက်ဖျာ၌ ပြန်လည် နေထိုင်သည်ဟု ဆိုသော်လည်း ဂျပန်ဆန့်ကျင်ရေး ကာလအတွင်း လက်နက်ကိုင် တော်လှန်ရေးတွင် တပ်ခွဲမှူး အဖြစ် တိုက်ခိုက်ရေး တာဝန်ကို ထမ်းဆောင်ခဲ့သည်။ တက္ကသိုလ်မှာ နေခဲ့စဉ်က တက္ကသိုလ် အရံတပ်ရင်းတွင် ပါဝင်ခဲ့သဖြင့် စစ်ပညာကို အတော်အတန် လေ့လာသင်ကြားခဲ့ရသော အကျိုးပင် ဖြစ်သည်။

ဆရာထောယေ၏ တပ်ဖွဲ့သည် ဖိုစ့် ၁၃၆ ၏ လက်အောက်ခံ ပြောက်ကျားတပ်ဖွဲ့ ဖြစ်သည်။ 'ပင့်ကူ ပြောက်ကျား' တပ်ဖွဲ့ **(Spider Guerilla Force)**ဟု ခေါ်သည်။ ပင့်ကူပြောက်ကျား တပ်ဖွဲ့ကို စတင်အုတ်မြစ် ချခဲ့သူမှာ 'မေဂျာစီးဂရင်း' ဖြစ်သည်။ 'စီးဂရင်း' သည် ၁၉၃၉ ခုနှစ် ဗြိတိသျှတပ်ဖွဲ့များ၊ အိန္ဒိယသို့ ဆုတ်ခွာခဲ့ကြရာတွင် လိုက်ပါမသွားဘဲ၊ ဖာပွန်သို့ တိတ်တဆိတ် ပြောင်းရွှေ့ခဲ့ပြီး၊ ဂျပန်ဆန့်ကျင်ရေး မြေအောက် လှုပ်ရှားမှုအတွက် ထိုဒေသရှိ ကရင် အမျိုးသားများကို စည်းရုံး သိမ်းသွင်း ခဲ့သည်။

နောက်ပိုင်း ဖိုစ့် သည်နှင့် အဆက်အသွယ်ရပြီး၊ လေထီးသမားများ ဆင်းသက်ကာ၊ ပြောက်ကျားအဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။ 'မေဂျာ စီးဂရင်း' မှာ မြေအောက် လှုပ်ရှားမှုကို ဆောင်ရွက်ဆဲတွင် ဂျပန်များဖမ်းမိပြီး၊ သေဒဏ်ပေးခြင်း ခံခဲ့ရလေသည်။ ၎င်းနှင့် အတူ ကရင်အမျိုးသား အချို့လည်း၊ ပါဝင်ခဲ့လေသည်။ ဖိုစ့် ၁၃၆ ၏ လက်အောက်ခံ ပြောက်ကျား အဖွဲ့များသည် ပဲခူးရိုးမတွင်လည်း ဖွဲ့စည်းခဲ့ကြသည်။ ဗမာပြည်ကွန်မြူနစ်ပါတီက ရိက္ခာများကို စီစဉ်ဆောင်ရွက်ပေးသည်။ ဆရာကြီး ထောယေသည် ကျောင်းဆရာဘဝမှ တိုက်ခိုက်ရေးသမား၊ ပြောက်ကျားဗိုလ် ဘဝဖြင့် မုန်းမြို့နယ်၊ မုန်းချောင်းနှင့် ထန်းတပင်မြို့နယ် တဝိုက် ပါဝင် လှုပ်ရှားခဲ့ရသည်။ ထို ဒေသတဝိုက်ကို တာဝန်ယူရသော အင်္ဂလိပ်တပ်မှူး အမည်မှာ ကပ္ပတိန်ဟော့စ်မန် ဖြစ်သည်။ ဗိုလ်ထောယေမှာ သူ့လက်အောက်တွင် ဒု– ခွဲမှူး တာဝန် ယူရသည်။ ကပ္ပတိန် ဟော့စ်မန်နှင့် ဗိုလ်ထောယေတို့၏ တပ်ဖွဲ့များသည် စစ်တောင်းမြစ်ကို ဖြတ်ကျော်လာသော ဂျပန်များကို ရင်ဆိုင် တိုက်ခိုက်ရန် တာဝန်ယူရသည်။ ထိုဒေသတွင် တိုက်ပွဲများ အပြင်းအထန် ဖြစ်ခဲ့သည်။ ဗိုလ်

ထောယေ ဦးဆောင်သော တပ်ဖွဲ့သည် မိုင်းဖုံး စစ်ဆင်ရေးနှင့် ခြုံခို တိုက်ခိုက်ရသော ရွှေ့ရှားတပ်ဖွဲ့ဖြစ်ပြီး အင်အား (၅၀)ခန့် ရှိသည်။ အင်အား (၂၀၀)ခန့်ရှိသော ဂျပန်တပ်များကို သုတ်သင်နိုင်ခဲ့သည်ဟု ဗိုလ်ထောယေ ကိုယ်တိုင် ဝန်ခံလေသည်။

❖ ❖ ❖

## ဒုတိယ ကမ္ဘာစစ်ပြီး 'ကျောင်း အုပ်ဘဝ'

ဒုတိယ ကမ္ဘာစစ် ပြီးဆုံးပြီးနောက် သာယာဝတီ **(ABM)** အထက်တန်းကျောင်း ကျောင်းကော်မတီက ဆရာထောယေကို ကျောင်းအုပ်အဖြစ် တဖန် ပြန်လည် လုပ်ကိုင်ဖို့ ဖိတ်ခေါ်ပြန်ရာ၊ ယွင်ကလည်း ပညာရေးတွင် ဝါသနာ အထုံပါခဲ့သည့်အလျောက် ပြန်လည်လက်ခံခဲ့သည်။ ဤတကြိမ်တွင် ကျောင်းအုပ်အဖြစ် ပြန်လည် လုပ်ကိုင်ရာတွင် သူ့တွင် အကြပ်အတည်း ပေါင်းစုံနှင့် ရင်ဆိုင် ခဲ့ရသည်။ ကျောင်းတွင် ဘဏ္ဍာငွေ လုံးဝမရှိ။ ဒုတိယ ကမ္ဘာစစ် မတိုင်မီက အစိုးရ ထောက်ပံ့ကြေး တနှစ်လျှင် (၂)သောင်း ရရှိခဲ့သည်။ ယခုတော့ ထိုထောက်ပံ့ကြေးများကို ရပ်ဆိုင်းထားခဲ့ပြီးဖြစ်သည်။ ကျောင်းဆရာလည်း တယောက်မျှ မရှိ။ သို့သော် ယခင်ထဲက အလုပ်တခုကို လုပ်ရန် ဆုံးဖြတ်ချက်ချပြီးလျှင် ဖြစ်မြောက် အောင်မြင်အောင် လုပ်တတ်သော အလေ့အထ ရှိသဖြင့် မလျှော့တမ်း ကြိုးပမ်းခဲ့ လေသည်။ ကျောင်းစဖွင့်သော ရက်ပိုင်းကာလ၌ဆိုလျှင် သန့်ရှင်းရေး လုပ်မည့်သူပင် မရှိဖြစ်ရာ ကျောင်းအုပ်ကြီး ကိုယ်တိုင်ပင် သန့်ရှင်းရေး လုပ်ရသည်။ ဆရာ မလုံလောက်မှုကြောင့် တနှစ်လုံးပင် မနားမနေ အားလပ်ချိန် မရှိ၊ စာသင်ခဲ့ရလေသည်။

ငွေကြေးအထောက်အပံ့ မရတော့၍ ကိုယ်ထူကိုယ်ထ စနစ်ဖြင့်သာ လုပ်ဆောင်ရမည်ဖြစ်ရာ ကျောင်းအုပ်ချုပ်ရေး စည်းကမ်းနှင့် အောင်နှုန်းကောင်းအောင် ကြိုးပမ်းရမည် ဖြစ်သည်။ အောင်ချက်ကောင်းလျှင် ကျောင်းသားဦးရေ များလာမည်။ ကျောင်းသားဦးရေများလာလျှင် ကျောင်းဝင်ငွေလည်း တိုးလာမည် ဖြစ်ပြီး ဆရာ၊ ဆရာမတို့၏ လစာနှုန်းနှင့် ကျောင်းကိစ္စများကိုလည်း ဖြေ ရှင်းနိုင်မည် ဖြစ်သည်။ ကြိုးပမ်းချက်အတိုင်းပင် ပထမနှစ်တွင် အောင်ချက်ကောင်းခဲ့သည်။ အထက်တန်း ကျောင်းထွက်လက်မှတ်ရ **(SLC)** စာမေးပွဲတွင် ၈၀%အောင်မြင်ပြီး၊ တက္ကသိုလ် ဝင်တန်းတွင် ၆၀% အောင်မြင်လေသည်။

ကျောင်း စည်းကမ်း၌လည်း ကောင်းသဖြင့် ကျောင်းသားဦးရေ တိုးများလာသည်။ ထို့ကြောင့် ကျောင်းဆရာ၊ ဆရာမ များကိုလည်း၊ လစာ ကောင်းကောင်း စီစဉ်ပေးနိုင်ခဲ့သည်။ နယ်ကျောင်းသားများလည်း **(ABM)** ကျောင်းတွင် လာရောက် ပညာသင်ခဲ့ရာ၊ ကျောင်းအုပ်ချုပ်ရေး ကော်မတီက ဘော်ဒါဆောင်ထားရန် ဆုံးဖြတ်သည့်အပြင်၊ ကျောင်းသား တယောက် တနှစ် (၆၀)ကျပ်ဖြင့် လက်ခံမည် ဖြစ်သည်။ ကုန်ဈေးနှုန်းများ ကြီးမြင့်သဖြင့် (၆၀) ကျပ်မှာ လုံလောက်မည် မဟုတ်ပေ။ ယခင်က (၂၅)ကျပ်နှင့်ပင် လက်ခံနိုင်ခဲ့သည်။ မည်သို့ပင်ရှိစေ ဆုံးဖြတ်ချက်အတိုင်း မဖြစ်မနေ အကောင်အထည်ဖော်ရမည် ဖြစ်ရာ၊ ဆရာကြီး ထောယေကိုယ်တိုင် ဘော်ဒါဆောင်ကိစ္စ ငွေကြေးလုံလောက်နိုင်ရေးအတွက် ကျောင်းစိုက်ပျိုးရေး စီမံကိန်းကို အကောင်အထည်ဖော်ခဲ့ရသည်။ ကိုယ်တိုင် နွားချေး ထမ်းရသည့် အခါလည်း ရှိသည်။ လှည်းရသည့်အခါ လှည်းနှင့် သယ်ဆောင်ရသည်။ ကျောင်းဆင်းလျှင် ပေါက်တူးတလက်ဖြင့် ခါးတောင်းမြှောင်အောင်ကျိုက်ပြီး၊ စိုက်ပျိုးခင်း ထဲ၌သာ နေကုန်သည်အထိ အလုပ်လုပ် နေလေသည်။ ပထမနှစ် ဘော်ဒါဆောင်တွင် ကျောင်းသား (၇၀)ရှိရာ အသီးနှံများကို လုံလုံလောက်လောက် စားရသည့်အပြင် နှစ်ကုန်တွင် အမြတ်ငွေ (၂၃၀)ကျပ်ကျန်ခဲ့လေသည်။ ဆရာကြီး၏ ကြိုးပမ်းချက်ကြောင့် ဒုတိယနှစ်တွင် ဘော်ဒါဆောင် ကျောင်းသားများသည် ထမင်းဟင်း ကောင်းကောင်း စားလာနိုင်ကြသည့်အပြင်၊ ကျောင်းသား အများအပြားပင် စိုက်ပျိုး ရေးပညာ တတ်မြောက်လာကြသည်။ ကျောင်းစရိတ် မတတ်နိုင်သော ကျောင်းသားများသည်ပင် စိုက်ပျိုးရေးလုပ်ပြီး ဝင်ငွေရှာရာမှ စရိတ်စကများ ရလာကြသည်။ ဆရာကြီးသည် သူ့အထက်တန်း ကျောင်းသားဘဝက ကျောင်းစရိတ် ရှာခဲ့သည့် နမူနာအတိုင်း၊ အစီအစဉ်များ ချမှတ်ပေးခဲ့သည်။

၁၉၄၉ ခုနှစ် ကရင်လက်နက်ကိုင် တော်လှန်ရေးကြီး စတင်ခဲ့သည့်အထိ ဆရာကြီးထောယေသည် ကျောင်းအုပ်ဆရာကြီးဘဝဖြင့် ကျောင်းရံပုံငွေ (၁၂၀၀၀/)တသောင်းနှစ်ထောင် တိတိစုဆောင်း နိုင်ခဲ့သည်။ ရံပုံငွေ စုဆောင်းရခြင်း၏ ရည်ရွယ်ချက်မှာ ကျောင်းကြီးကို အဆင့်အတန်း တိုးမြှင့်နိုင်ရန် ဖြစ်သည်။ လက်နက်ကိုင် တော်လှန်ရေးစခဲ့သည်တွင် ဆရာကြီးသည် အဆိုပါ ရံပုံငွေများကို ကျောင်းကော်မတီသို့ အပ်နှံခဲ့လေသည်။

❖ ❖ ❖

## ဆရာကြီး ထောယေ၏ ကရင်အမျိုးသား တော်လှန်ရေး လှုပ်ရှားမှု၊

၁၉၄၇ ခုနှစ်၊ ကေအဲန်ယူ **(KNU)** အစည်းအရုံးနှင့် ကေအဲန်ဒီအို **(KNDO)** များကို တနိုင်ငံလုံး ဖွဲ့စည်းခဲ့ရာ သာယာဝတီမြို့တွင်လည်း **(KNU)** အစည်းအရုံးနှင့် **(KNDO)**အဖွဲ့များ ရှိသည်။ ဆရာကြီး ထောယေမှာ ကျောင်းအုပ်အဖြစ် သာယာဝတီတွင် ဆက်လက်နေထိုင်ဆဲကာလ ဖြစ်သည်။ ကေအဲန်ယူအစည်းအရုံး ဗဟိုကော်မတီတွင် ပါဝင်သော ဗိုလ်ချုပ် စိုင်းကေမှာ သူနှင့်

ကျောင်းနေဖက် ဖြစ်သည်။ အချို့သော ဗဟို ခေါင်းဆောင်များသည် သူနှင့် တတန်းတည်း သားများ ဖြစ်ကြသည်။ ကျောင်းကိစ္စရှိ၍ ရန်ကုန်သို့ ဆင်းသွားရ သော အခေါက်တိုင်း ၎င်းတို့နှင့် အမျိုး သားရေးကိစ္စ၊ နိုင်ငံရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်တွင် ဆရာကြီး ထော ယေ၏ မိတ်ဆွေများသည် သူ့အား အမျိုးသား နိုင်ငံရေး လောကသို့ ဝင် ရောက်ရန် ဖိတ်ခေါ်ခဲ့ကြသည်။ ဆရာ ကြီးကမူ ပညာရေးကို ပိုမို စိတ်ဝင်စား ၍ ကျောင်းအုပ် တာဝန်ကိုလည်း လက် မလွှတ်နိုင်။ အစားထိုးမည့် သူလည်း မရှိ သေး။ ထို့ကြောင့် မိတ်ဆွေများက သူ့ကို အချိန်ပိုင်းသာ လုပ်ဆောင်ရန်၊ အကြံပြု ဖိတ်ခေါ်ပြန်သည်။ ဤသို့ဖြင့် သာယာ ဝတီခရိုင် ကေအဲန်ယူ အစည်းအရုံးတွင် သူဝင် ရောက်ကူညီခဲ့သည်။ ကေအဲန်ဒီ အိုတွင်လည်း ကူညီသည်။ ဤသို့ ပါဝင် ခဲ့ရာမှ သူ့အမည်ကို စကောအွဲ တပ်က "စကောလယ်တော"ဟု ပြောင်းခဲ့လေ သည်။ 'စကော'ဆိုသည်မှာ အကြီး အကဲ ကို ဆိုလိုသည်။ ဗမာ့ လွတ်လပ်ရေး လှုပ်ရှားမှုတွင် နိုင်ငံရေး သမားများကို သခင်တပ် ခေါ်သကဲ့သို့ ကရင်ခေါင်း ဆောင်များသည်လည်း မိမိတို့၏ အမည် များကို စကောတပ်ပြီး ခေါ်ကြသော ကာလဖြစ်သည်။ ထိုစဉ်က ဗိုလ်ချုပ် စိုး ကေမှာ (စကောသဝါး)၊ မန်းဘဇန်မှာ (စကောတူရယ်)၊ စောမောင်မောင်သန်း မှာ (စကောမောလေး) စသည်ဖြင့် အသီး သီး စကောတပ်၍ အမျိုးသား အမည် များ ခံယူကြလေသည်။ စကောထော ယေ (စကောလယ်တော)သည် သာယာ ဝတီခရိုင်တွင် ကေအဲန်ယူနှင့် ကေအဲန် ဒီအို လှုပ်ရှားမှုများကို၊ အချိန်ပိုင်း အနေ ဖြင့် ကူညီနေသော်လည်း၊ လက်နက်ကိုင် တော်လှန်ရေးတွင် ကိုယ်ထိ လက် ရောက် ပါဝင်ရေး၊ မပါဝင်ရေးကိုမူ ယတိ ပြတ် ဆုံးဖြတ်နိုင်ခဲ့ခြင်း မရှိသေးချေ။ အမျိုးသားပညာရေး သံယောဇဉ်ကြိုးကို လည်း ဖြတ်တောက်နိုင်ခြင်း မရှိသေး ချေ။

ထိုကာလတွင် ကေအဲန်ယူ၏ ကရင်ပြည် တောင်းဆိုမှု တိုက်ပွဲသည် အရှိန် မြင့်သည်ထက် မြင့်လာသည်။ အနုနည်းဖြင့် တောင်းဆိုခဲ့သည်မှာ အချည်းနှီး ဖြစ်လာသည်။ ထို့ကြောင့် ကေအဲန်ဒီအိုများသည် ရရာ လက်နက် များ စုဆောင်းကာ လျှို့ဝှက်ထားကြ သည်။ ဤသည်ကို ဖဆပလ က ရိပ်မိ ပြီး၊ သာယာဝတီရှိ ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ရာ ဆရာ စကောလယ်တော သည်လည်း အဖမ်းခံခဲ့ရသည်။ လက် နက်ပုန်းများကိုကား မမိ။ သာယာဝတီ အရေးပိုင်က သူ့ကို အာမခံ၍ ချမ်းသာရာ ရသွားသည်။

ကရင်အမျိုးသား လက်နက် ကိုင် တော်လှန်ရေး မစမီ သာယာဝတီ တွင် ဗိုလ်ချင်း၊ ဗိုလ်စိန်မှန်တို့ ဖွဲ့ထား သော တပ်များနှင့် ပြည်ထောင်စု စစ်ရဲ တပ်ဖွဲ့များသည် သာယာဝတီ တပိုက် မါးပြ တိုက်ကြသည်။ နေ့လည်ဘက်တွင် အလည်အပတ် သဘောမျိုးဖြင့် အိမ်များ သို့ လည်ပတ်ပြီး၊ ညဘက်တွင် ဓါးပြ ဝင်တိုက်လေသည်။ ထိုဓါးပြများသည် ဆရာစကောလယ်တော၏ ခေါင်းကိုပင် ခြေထောက်နှင့် ကန်ကြသည်။ သည်းခံ စိတ် မြင့်မားသော ဆရာကြီးသည် ထိုသို့ ခံရသည့်တိုင် ဒေါသ မဖြစ်ခဲ့။ နောက်ပိုင်း တွင် ဓါးပြများသည် တဆင့်ထက် တဆင့် တိုးလာသည်။ **(ABM)** ကျောင်းကို ပိုင်း ကာ သူ၏ကျောင်းသူ နှစ်ယောက်ကို အကြမ်းဖက် ခေါ်ဆောင်သွားပြီး၊ အဓမ္မ ပြုကျင့်ခဲ့ကြလေသည်။ ဆရာကြီးစကော လယ်တောမှာ ထိုကိစ္စအတွက် အလွန်ပင် စိတ်ထိခိုက်ခဲ့သည်။ မိမိသည် အေးချမ်း စွာ နေထိုင် ပေါင်းသင်းလိုသည်။ သို့ သော် အခြေအနေကား မပေးအပ်ခဲ့။ မတရားမှုကို ခုခံတော်လှန်ရမည်ဟု စိတ် ကူးပေါက်လာသည်။

ဤသည်မှာ သူ့အား လက်နက် ကိုင် တော်လှန်ရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိစေခဲ့သည့် အစဦးဆုံး စိတ်ကူး ဖြစ်လေသည်။ ထိုစိတ်ကူးမှနေ၍ သူ့ တွင် အတွေးအခေါ်တခု ပေါ်ပေါက်လာ သည်။ ကရင်လူမျိုးကို သူ အလွန်ချစ်ခင် သည်။ မိမိ၏ ကရင်လူမျိုး တိုးတက် ကြီးပွားသည်ကို မြင်တွေ့လိုသည်။ ကရင်ကို အမှန်တကယ်ချစ်လျှင် ကရင် တို့ကို ဖိနှိပ် ညှဉ်းဆဲသော ရန်သူအား ပြတ်ပြတ် သားသား ဆန့်ကျင်တိုက်ခိုက် ရမည်ဟု တွေးခေါ်သည်။ သို့မှသာ မျိုး ချစ် ပီသမည်။ ဤသို့ဖြင့် ဆရာကြီး စကောလယ်တော သည် ရဲရင့်သော အဘိဓမ္မာကို ထူထောင်ပြီး လက်နက်ကိုင် တော်လှန်ရေး၌ ကိုယ်ထိလက်ရောက် ပါဝင်ရန် ဆုံးဖြတ်ချက် ချခဲ့လေသည်။

❖ ❖ ❖

## တော်လှန်ရေး ပထမ လမ်းစဉ်နှင့် ဆရာကြီး စကောလယ်တော။

ဆရာ စကောလယ်တော အခြေခံသော သာယာဝတီခရိုင်သည် ကရင်အမျိုးသားများ ထူထပ်စွာ နေထိုင် သော ခရိုင်တခု ဖြစ်သည်။ လက်နက် ကိုင်တော်လှန်ရေး စတင်တော့မည် ဖြစ်၍ ဆရာ စကောလယ်တောလည်း သာယာဝတီ တောင်ပိုင်းတွင် ဖွဲ့စည်းထား သော ကေအဲန်ဒီအိုများရှိရာ ကမ္ဘမဲ့ ဘက် သို့ ပြောင်းရွှေ့သွားခဲ့သည်။ ထိုဒေသတွင် ကေအဲန်ဒီအို တပ်ခွဲ (၁)ခွဲ ဖွဲ့စည်းထား သည်။ ထိုတပ်ခွဲ၌ ဆရာကြီး စကော လယ်တောအား ဒုခွဲမှူးအဖြစ် တာဝန် ပေးခဲ့သည်။ နောက်ပိုင်း တပ်ခွဲမှူးအဖြစ် တာဝန်ပေးသည်။ ဒေသ တခွင်တွင် ဖ ဆ ပ လ တပ်များနှင့် ရင်ဆိုင်တိုက် ခိုက် ခဲ့ရသော အကြိမ်မှာ သိပ်မရှိလှပေ။ ထို ဒေသ၌ အလံနီပါတီ၊ ဗမာပြည် ကွန်မြူနစ်ပါတီ၊ ပြည်သူ့ရဲဘော်များ၊ စုပေါင်းပြီး အခြေခံ ဒေသနယ်မြေသည်။ ကွန်မြူနစ်ပါတီ အရေအတွက်မှာ သိပ်မ များလှပေ။ အဖျောက်၊ ဇကာကြီး၊ ရေလဲတို့တွင် ပြည်သူ့ရဲဘော် အများ အပြားရှိသည်။ ပထမတွင် ကေအဲန်ဒီအို နှင့် နားလည်မှု အပြည့်အဝ ရှိကြသည်။

နောက်ပိုင်း ကေအဲန်ဒီအိုကို ဆန့်ကျင်တိုက်ခိုက်လာသဖြင့် အချင်းချင်း တိုက်ပွဲများ ဖြစ်ပွားရသည်။ ဆရာ စကောလယ်တောသည် ထိုကေအဲန်ဒီအို တပ်ခွဲနှင့်အတူ သူကိုယ်တိုင် ပါဝင်တိုက် ခိုက်ခဲ့လေသည်။ မြစ်ကျိုး၊ အဖျောက်၊ ရေလဲ၊ ဇကာကြီး တပိုက်တွင် ဖ ဆ ပ လ ကို ဆန့်ကျင်သည့် အင်အားစုများ အချင်းချင်း တိုက်ခိုက်နေရသော ကာလဖြစ်သည်။ နောက်ပိုင်းတွင် ဒေသတွင်း အုပ်ချုပ်ရေးများ ချမှတ်ကြသည်။ စစ်အုပ်ချုပ်ရေးစနစ် ဖြစ်လေသည်။ ဒုတိယကမ္ဘာစစ်အပြီး ဗြိတိသျှအစိုးရက ဗမာပြည်ကို ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်လာစဉ် ချမှတ်ခဲ့သော အုပ်ချုပ်ရေး စနစ်မျိုး ဖြစ်သည်။ ဆရာစကောလယ်တောမှာ ခရိုင်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင် ရပြန်လေသည်။ **{ SCAO ( Senior Civil Affair Officer.)}** ဖြစ်လေသည်။ မြို့ပြ အုပ်ချုပ်ရေး အရာရှိဖြစ်သည်။ မကြာမီပင် သာယာဝတီခရိုင် ကေအဲန်ယူကို ပြန်လည် ဖွဲ့စည်းသဖြင့် အစည်းအရုံးတွင် တာဝန်ယူရ ပြန်သည်။ နောက်ပိုင်း ဖ ဆ ပ လ ကရန်ကုန်၊ အင်းစိန်မှ တောင်ငူအထိ ပြန်လည် သိမ်းပိုက်လိုက်သောအခါ တောင်ငူ ဌာနချုပ်မှ တောတွင်းသို့ ဝင်ရောက် ခဲ့ကြရလေသည်။

လက်နက်ကိုင် တော်လှန်ရေး အစပြု ကာလမှာပင် စောဘဦးကြီးသည် အရှေ့တိုင်းမှနေ၍ သူ၏ လုပ်ဖော် ကိုင်ဘက် တဦးဖြစ်သော ဗိုလ်ချုပ် စိုင်းကေအား အကူအညီ လိုသောကြောင့် မှာယူသည်။ ထိုအချိန်က ဗိုလ်ချုပ် စိုင်းကေမှာ မန်းဘဇန်၊ ဟန်တာသာမွေးတို့နှင့် အတူ ရှိသည်။ မြစ်ဝကျွန်းပေါ် ကေအဲန်ယူကို ပြန်လည် တည်ဆောက်ရာ၌ အဓိက အခန်းမှ ပါဝင်ဆောင်ရွက်နေသော ကာလ ဖြစ်သည်။

ဥက္ကဋ္ဌကြီး၏ မှာကြားချက်အရ ဗိုလ်ချုပ်စိုင်းကေသည် အရှေ့တိုင်းသို့ ထွက်လာရာတွင် သူ၏ ကျောင်းနေဘက် သူငယ်ချင်းတဦး ဖြစ်သူ ဆရာစကောလယ်တော အားလည်း အတူ တကွ ခေါ်ဆောင်သည်။ ဆရာ စကောလယ်တောသည် အရှေ့တိုင်းသို့ ရောက်သည်နှင့် ကေအဲန်ယူကို ပြန်လည် ဖွဲ့စည်းရန်အတွက် စည်းရုံးရေး လုပ်ငန်းများ စတင်ဆောင် ရွက်လေသည်။ လောလောဆယ်အားဖြင့် အရှေ့ဘက် ညောင်လေးပင် ခရိုင်ဖြစ်သော ရွှေကျင်၊ ကျောက်ကြီး၊ မုန်း စသည့် နယ်မြေနှင့် ပဲခူး၊ အင်းစိန်၊ ဝေါ၊ ထုံးကြီးတို့မှ ပြောင်းလာသော စစ်ပြေး ဒုက္ခသည်များအတွက် နေရာချထားရေးနှင့် ရိက္ခာများရရှိရေးကို အတတ်နိုင်ဆုံး အကူအညီ ပေးခဲ့လေသည်။

❖ ❖ ❖

## ကေဂျီဘီ (KGB) ယာယီ သဘာပတိ ရွေးချယ် ခံရခြင်း။

၁၉၅၀ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့တွင် ဥက္ကဋ္ဌကြီး စောဘဦးကြီး ကျဆုံးပြီးနောက် ဥက္ကဋ္ဌသစ် ရွေးချယ်ရန် ကိစ္စများ ပေါ်ပေါက်ခဲ့လေသည်။ စောဘဦးကြီး ကျဆုံးပြီးဖြစ်၍ လစ်လပ်သော နေရာတွင် ဗိုလ်ချုပ် စိုင်းကေအား တင်မြှောက်ရန် အားလုံးက သဘောတူ လေသည်။ သို့သော် ဗိုလ်ချုပ် စိုင်းကေလည်း ဥက္ကဋ္ဌကြီးနှင့်အတူ ကျဆုံးသွားကြောင်း ဖာပွန်ရှိ စောဘဦးကြီး၏ ဇနီးက ကြေးနန်း ပို့လာသဖြင့်၊ ဥက္ကဋ္ဌသစ်အဖြစ် တဦးဦးကို ရွေးချယ်ရန် ကိစ္စရှိလာသည်။ ထို့ကြောင့် တင်မြှောက်ရေး အစည်းအဝေး တရပ်ကို အလျှင်အမြန် ခေါ်ယူခဲ့ကြသည်။ ထိုအစည်း အဝေးကို မော်ချီးတွင် ခေါ်ယူရာ ဆရာ စကောလယ်တောလည်း တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ဦးလှဖေကို တင်မြှောက်ရန်၊ ဦးလှဖေ မလုပ်မှသာ ဂျေဖူးညိုကို ဥက္ကဋ္ဌ တင်ရန်၊ စသည်ဖြင့် တညီတညွတ်တည်း ဆုံးဖြတ်ကြသည်။ ဂျေဖူးညို ကိုယ်တိုင်လည်း အစည်းအဝေးကို တက်ရောက် ခဲ့သည်။ ဆုံးဖြတ်ချက်အရ တောင်ကြီးဘက်သို့ ရောက်နေသော ဦးလှဖေအား အကျိုးအကြောင်း၊ ကြေးနန်းပို့ရာ ဦးလှဖေမှာ ပအိုဝ်း တော်လှန်ရေးတွင် ကိုယ်တိုင် ဦးဆောင်နေရသဖြင့် ထိုတာဝန်ကို လက်မခံနိုင်ကြောင်း အကြောင်းပြန်ခဲ့သည်။ ဂျေဖူးညို ကလည်း ဥက္ကဋ္ဌ မလုပ်ချင်။ စစ်အုပ်ချုပ်ရေး ချမှတ်ခဲ့စဉ်က လက်နက်ကိုင် တော်လှန်ရေးကာလ မည်သည့် အဖွဲ့အစည်းမှ မဖွဲ့စည်းရဟု သူ ကိုယ်တိုင် အမိန့်တရပ် ထုတ်ပြန်ခဲ့၍ ဖြစ်သည်။ သို့သော် မလွဲမရှောင်သာ ဥက္ကဋ္ဌသစ်တာဝန်ကို ယူခဲ့ရသည်။ ဥက္ကဋ္ဌသစ်နေရာ လက်ခံပြီး နှစ်ရက် အကြာတွင် မြစ်ဝကျွန်းပေါ်ရှိ ခေါင်းဆောင်များ၏ ကိုယ်စား ဟန်တာသာမွေးထံမှ ကြေးနန်းတစောင် ရရှိခဲ့သည်။ ကရင့် တော်လှန်ရေး တိုးတက် ခိုင်မာရေးအတွက် ကေအဲန်ယူ အစည်းအရုံးကို ပြန်လည် ဖော်ထုတ်ရန်၊ တောင်းဆိုထားသော ကြေးနန်းဖြစ်သည်။ ကရင့်တော်လှန်ရေးအတွက် ကေအဲန်ယူကို ဖွဲ့စည်းရမည်ဆိုလျှင် သူ ဥက္ကဋ္ဌ မလုပ်တော့ဟု ဆိုပြီး စောဟန်တာသာမွေးထံသို့ ကြေးနန်း ပြန်ပို့လိုက် သည်။ နောက်ဆုံး ဥက္ကဋ္ဌ တာဝန်မှ အပြီး အပိုင် ထွက်သွားခဲ့သည်။

၁၉၅၁ ခုနှစ် ဇန်နဝါရီလ (၉) ရက်နေ့မှာ အစည်းအဝေးကို ပြန်လည် ခေါ်ယူရပြန်သည်။ အစည်းအဝေးကို တောင်ငူခရိုင်တွင် ခေါ်ယူခဲ့ကြသည်။ ဥက္ကဋ္ဌ သစ်တယောက် ရှာဘို့ဆိုလျှင် အဖွဲ့ငယ် တဖွဲ့ ဖွဲ့ရမည်ဖြစ်သည်။ ထိုအဖွဲ့ကို အမည် အမျိုးမျိုး ပေးကြသည်။ နောက်ပိုင်းတွင် **{ KGB. Kawthooli Governing Body.}** ကေဂျီဘီ (ကော်သူးလေ အုပ်ချုပ်ရေးအဖွဲ့.) ဟူ၍ အမည်ပေးပြီး၊ ဖွဲ့စည်းရန် ဖြစ်သည်။ ထိုအဖွဲ့၏ ဥက္ကဋ္ဌ ကို ရွေးချယ်ကြရမည် ဖြစ်သည်။ အဖွဲ့ ဖွဲ့ပြီးနောက် သဘာပတိ ရွေးချယ်ရာတွင် ပြဿနာ ပေါ်လာပြန်သည်။ သဘာပတိ အဖြစ်ဆိုလျှင် ပအိုဝ်း ဦးလှဖေကို ရွေးချယ်ရန် ဆုံးဖြတ်ကြပြန်သည်။ ဒု သဘာပတိ အနေဖြင့် ဗိုလ်ချုပ်

မင်းမောင်ကို ရွေးချယ်ရန် ဆုံးဖြတ်ပြီး အဖွဲ့ငယ်များ ဖွဲ့စည်းရာ ဆရာ စကောလယ်တောက မြစ်ဝကျွန်းပေါ် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရသည်။ ထိုအစည်းအဝေးတွင် အရေးကိစ္စ အမျိုးမျိုး ဆွေးနွေး တင်ကြသည်။

တဖန် ဦးလှဖေကို ကြေးနန်းပို့သောအခါ ဦးလှဖေကလည်း၊ သူပြန်မလာ နိုင်ကြောင်း ငြင်းပယ်ပြန်သည်။ ထို့ကြောင့် သဘာပတိအဖြစ် ဗိုလ်ချုပ်မင်းမောင်သာလျှင် လုပ်ရန်သာ ရှိတော့သည်။ ဤသည်မှာ သဘာဝကျပြီး လုပ်ထုံး လုပ်နည်း ဖြစ်လေသည်။ သို့သော် ဗိုလ်ချုပ် မင်းမောင်သည် စင်စစ် နိုင်ငံရေးကို နားမလည်။ တော်လှန်ရေးတွင် မျိုးချစ် တယောက်အဖြစ် ပါဝင်လာခဲ့သူဖြစ်သည်။ ထို့ကြောင့် သူမလုပ်တတ်ကြောင်း ရိုးသားစွာပင် ငြင်းပယ် ခဲ့သည်။ သဘာပတိ တင်မြှောက်ရေး ကိစ္စမှာ မပြီးမပြတ် ရှိနေပြန်သည်။ နောက်ဆုံး ဗိုလ်ချုပ် မင်းမောင်ကိုယ်တိုင် မြစ်ဝကျွန်းပေါ်၌ ရှိသော မန်းဘဇန်နှင့် ဟန်တာသာမွေးတို့ထံ ကြေးနန်း ပို့လေသည်။ " ခင်ဗျားတို့ စခဲ့တဲ့ အလုပ်ဟာ အခု ခေါင်းဆောင်ရွေးတာ ဘယ်သူမှ လက်မခံပါ။ ဒါကြောင့် ခင်ဗျားတို့ တယောက် ယောက် တက်လာ ဥက္ကဋ္ဌ လုပ်ပါ" စသည်ဖြင့် ကြေးနန်း ပြန်ပို့လေသည်။ မှဆိုးကော်ကဆာ ကလည်း သူ့အနေဖြင့် **(KGB)** ဥက္ကဋ္ဌ လုပ်ရန် ဝန်မလေးကြောင်း၊ သို့သော် လောလောဆယ်၌ မြစ်ဝကျွန်းပေါ် စည်းရုံးရေး လုပ်ငန်းများအတွက်၊ အရေးကြီးသော တာဝန်များကို ဆောင်ရွက်နေရ သဖြင့် မလာနိုင်သေးကြောင်း၊ သူတက် မလာမီ သူ့ကိုယ်စား ဆရာ ထေဝယေ က ဆောင်ရွက်ရန် အားလုံး လက်ခံမည်ဆိုလျှင် သူ့အနေဖြင့် သဘာပတိ တာဝန်ကို လက်ခံမည်ဆိုပြီး ကြေးနန်းပြန်ပို့ခဲ့သည်။ ဗိုလ်ချုပ် မင်းမောင်မှာ ကြေးနန်း ရရချင်း ဆရာစ ကောလယ်တောအား မှာယူပြီး၊ ကြေးနန်းကို ဖတ်ပြသည်။ ဆရာ စကော လယ်တောကလည်း ဟန်တာသာမွေးထံ ကြေးနန်း ပြန်ပို့ပြန်သည်။ "ကျနော့်ကို အရှုပ်မလုပ်ပါနဲ့။ ကျနော် ဘာမှ မလုပ်တတ်ပါ။ ခင်ဗျားကိုယ်တိုင် တက်လာပါ။ ခင်ဗျားကို အားလုံး မျှော်နေပါတယ်။" ဟူ၍ ဖြစ်သည်။

ဟန်တာသာမွေးက ဆရာ စကောလယ်တောအား ပြန်လည် နှစ်သိမ့်သည်မှာ "ခေါင်းဆောင် တယောက်ဆိုသည်မှာ တာဝန်ကို မကြောက်ရဘူး။ ခင်ဗျား လုပ်နိုင်ပါတယ်။ ခင်ဗျားကို ယုံကြည်ပါတယ်။ လုပ်သာ လုပ်ပါ။ ခင်ဗျားနဲ့အတူ ရှိသည်။" ဟူသော ကြေးနန်းကို ပြန်လည်ပို့ခဲ့သည်။ ထိုကြေးနန်းကို ရလျှင် ဆရာကြီး စကောလယ်တောက အချက်တချက်ကို ဆင်ခြင် သုံးသပ်မိခဲ့သည်။ ၎င်းမှာ ဥက္ကဋ္ဌကြီး ကျဆုံးခဲ့သည်မှာ ၁၉၅၀ ခုနှစ် ဩဂုတ်လ (၁၂)ရက် ဖြစ်ရာ၊ ယခု ၁၉၅၁ ခုနှစ် ဧပြီလ သို့တိုင် ရောက်ခဲ့ပြီ ဖြစ်သော်လည်း ဥက္ကဋ္ဌ မရှိသေး။ ကော်သူးလေ ဌာနချုပ်ကို ယခင်က မော်ချီးတွင်ထားရာ လုံခြုံမှု မရှိတော့သဖြင့် ဖာပွန်သို့ ပြန်လည် ပြောင်းရွှေ့ခဲ့ရပြီး ဖြစ်သည်။ ဖာပွန်တွင် လူအမြောက်အများရှိပြီး ပြဿနာလည်း အမြောက်အများ ရှိနေသည်။ အခက်အခဲ အကြပ်အတည်းများစွာ ရှိနေသော်လည်း မည်သူမျှ ဝင်ရောက် တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်း မရှိသေးပေ။ အစည်း အဝေး ထပ်မံ ခေါ်ယူလျှင် အချိန်လည်း ကြာဦးမည်။ ရွေးချယ်မည့် သူများက၊ လုပ်နိုင်မလုပ်နိုင် ဆိုသည်မှာလည်း သေချာလှသည်မဟုတ် ဟူ၍ လက်ရှိအခြေအနေကို သုံးသပ်မိခဲ့သည်။ ထို့ကြောင့် သူသည် ဖာပွန်သို့တက်ပြီး **(KGB)**ယာယီသဘာပတိအဖြစ် လက်ခံ လိုက်လေသည်။ အခက်အခဲ အကြပ်အတည်း မျိုးစုံကြားထဲ၌ပင် အလုပ်စတင် လုပ်ကိုင်ခဲ့ရသည်။ ထိုအချိန်က ဖာပွန်တွင် ကော်သူးလေ အသံလွှင့် ဌာနလည်း ရှိသည်။ စစ်ဦးစီး ဌာနချုပ်လည်း ရှိသည်။ အင်္ဂလိပ်ကပြား အမျိုးသားများ၊ မြန်မာ အမျိုးသားများလည်း ရှိသည်။ နဂါးနက်၊ မာဃ၊ ကျွဲချို၊ အစရှိသော အသံလွှင့်ဌာနတွင် တာဝန်ယူကြရ သူများလည်း အကြပ်အတည်းများ တွေ့နေကြသည်။ စက်ယန္တယားနှင့် ပတ်သက်သူများလည်း ရှိသည်။ အားလုံး အကြပ်အတည်းနှင့် ကြုံနေကြရသည်။ ဆရာ စကောလယ်တော ဖာပွန်သို့ ရောက်ခဲ့ပြီးနောက် ဘဏ္ဍာရေး ကိစ္စများကို စနစ်တကျ ရှိရန် ကြိုးပမ်း ဆောင်ရွက်ရာတွင် အောင်မြင်ခဲ့သည်။ ခရိုင် အသီးသီးမှ ဗဟိုသို့ ဘဏ္ဍာငွေများ ပုံမှန်ပြန်ပို့ကြသည်။ ခရိုင်နှင့် ဗဟို ဆက်သွယ်ရေး ကိစ္စများ၊ ဌာနဆိုင်ရာ ကိစ္စများလည်း ပုံမှန်လည်ပတ်လာသည်။ ဌာနချုပ် စခန်းတွင် အင်အား (၄၀၀)ခန့် ရှိရာ အစားအသောက် ရိက္ခာ အဝတ်အစားနှင့် နေထိုင်ရန် အဆောက် အဦးများကိုလည်း ကောင်းမွန်စွာ စီစဉ် ဆောင်ရွက်နိုင်ခဲ့သည်။

ဆရာကြီး စကောလယ်တော ဖာပွန်တွင် **(KGB)** ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်စဉ် ကာလတွင် ဖာပွန် ရှိ **(KGB)** ခေါင်းဆောင် အများစုမှာ အသက် ကြီးရင့်သူများ ဖြစ်ကြသည်။ ခရိုင်နှင့် အောက်ခြေတွင် ပြဿနာ တခုခု ဖြစ်လာပါက လွတ်လပ်စွာ မသွားမလာနိုင်သူက များသည်။ ထို့ကြောင့် ဆရာ စကောလယ်တော သည်သာ အများဆုံး သွား လာ ဆောင်ရွက် ရလေသည်။

အရှေ့ဖက်တွင် ရှိသော ခရိုင် ဒေသ အနှံ့အပြားသို့ ရောက်ခဲ့သည်။ ထို့ကြောင့် လူထုတရပ်လုံးနှင့် ထိတွေ့ ရင်းနှီးပြီး ပြဿနာများကို ဝိုင်းဝန်း ဖြေရှင်း အကြံဉာဏ်များ ပေးခြင်းဖြင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှု ရခဲ့သည်။ ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသဖြင့်လည်း ညွှန်ကြားချက်များ ပေးတိုင်း တက်တက် ကြွကြွ အကောင်အထည် ဖော်ကြသည်သာ ဖြစ်များသည်။ နောက်ပိုင်းတွင် **(KGB)** ၌ ဌာနဆိုင်ရာ တာဝန်များ ခွဲဝေကြရာ ဆရာ စကောလယ်တောမှာ နိုင်ငံခြားရေး ဌာနကို တာဝန်ယူရလေသည်။ ဆရာ စကောလယ်တောလည်း နိုင်ငံရပ်ခြားသို့ တခါတရ ရောက်ခဲ့ ရာ၊ အတွေ့အကြုံလည်း ပိုမို ရလာခဲ့သည်။

အရှေ့တိုင်း (KGB) ဥက္ကဌ တာဝန်ယူစဉ် ကာလတွင် သင်တန်းများလည်း အခါ အားလျော်စွာ ပေးခဲ့ရသည်။

၁၉၅၄ ခုနှစ်ကုန်ကာနီးတွင် "မုဆိုး ကော်ကဆာ" အရှေ့တိုင်းသို့ ရောက်လာသည်။ ရောက်ရောက်ခြင်း **(KGB)** ကို ဖျက်သိမ်း လိုက်ပြီး **(KRC. Karen Revolutionary Council )** "ကရင် တော်လှန်ရေးကောင်စီ" ကို ဖွဲ့ စည်းလိုက်သည်။ ထိုကရင် တော်လှန်ရေး ကောင်စီတွင် ဆရာ စကောလယ်တောမှာ အတွင်းရေးမှူးအဖြစ် တာဝန်ယူရသည်။ မုဆိုး ကော်ကဆာနှင့် ဆရာ စကောလယ်တောမှာ ဆရာ တပည့် အရင်းဖြစ်၍ တလေးတစား ဆက်ဆံကြသည်။ အရှေ့တိုင်းတွင် ပြဿနာပေါ်တိုင်း 'ဆရာ စကောလယ်တော' ကိုသာ တာဝန်ပေးလေသည်။ မဟာမိတ် အခန်းကဏ္ဍနှင့် ပတ်သက်၍ အထူးသဖြင့် လူမျိုးစု ပြဿနာ ကိစ္စများတွင်လည်း တာဝန်ပေး၍ ယူရပြန်သည်။ အခြား ခေါင်းဆောင်များမှာ ဆရာစကောလောက် စကားပြောဆို ဆက်ဆံရာတွင် မကျွမ်းကျင်ကြ။ ထိုအချိန်က ဗမာပြည် ကွန်မြူနစ်ပါတီမှာ ကရင့် တော်လှန်ရေးနှင့် အဆက်အသွယ် ပုံမှန်ရှိခဲ့၍ ကွန်မြူနစ် ခေါင်းဆောင်များနှင့် တွေ့ဆုံရမည်ဆိုလျှင် ဆရာ စကောလယ်တော ကိုသာ ရွေးချယ် ဆောင်ရွက်ခဲ့လေသည်။ ဤသို့ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်များနှင့် ပိုမိုရင်းနှီးလာသည် သာမက ၎င်း တို့ထံမှ အတွေ့အကြုံများလည်း ရလာသည်။

❖ ❖ ❖

ကျနော် ရေးသားတင်ပြခဲ့သော "ဆရာကြီး စကောလယ်တော" ၏ ကျောင်းသား ဘဝ၊ ကျောင်းဆရာ ဘဝ၊ ကျောင်းအုပ်ကြီး ဘဝနှင့် ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေး သမားဘဝ အခြေအနေ အချို့သည် 'ဆရာကြီး' ၏ အတ္ထုပ္ပတ္တိ ပထမပိုင်းမျှသာ ဖြစ်ပါသည်။ အဆိုပါ အတ္ထုပ္ပတ္တိ ပထမပိုင်း ကာလနှင့် ယခု ဆက်လက် ဖော်ပြမည့် "မြောက်ပိုင်းခရီးစဉ်" ကာလသည်၊ နှစ်ပေါင်း (၂၀)ကျော်ကျော် ကွာခြားခဲ့ပါသည်။ နှစ်ပေါင်း (၂၀) အတွင်း သူကိုယ်တိုင် ပါဝင်ဆောင်ရွက် ဖြတ်ကျော်ခဲ့ရသော 'တော်လှန်ရေး' လှုပ်ရှားမှုနှင့် မြန်မာပြည် နိုင်ငံရေး ဖြစ်စဉ်အတွင်း အချိုးအကွေ့ပေါင်း များစွာ ရှိခဲ့ပါသည်။

ကေအဲန်ယူ၏ ဒုတိယလမ်းစဉ် အတွင်း နိုင်ငံရေး ဆိုင်ရာ သဘောတရား ချမှတ်ချက်များ၊ ဖဆပလ ၏ နိုင်ငံရေး နှင့် စစ်ရေးဆိုင်ရာ ထိုးစစ်များ၊ မဟာမိတ်နှင့် တပ်ပေါင်းစု တည်ဆောက်ရေး ဆိုင်ရာ ကြိုးပမ်းမှု၊ ကရင်အမျိုးသား လက်နက်ကိုင် ပော်လှန်ရေးကာလ အယူအဆဆိုင်ရာ ပဋိပက္ခ၊ အမျိုးသား ချင်း လက်နက်ကိုင် ပဋိကွ၊ကေအဲန်ယူ ပါတီ၏ နိုင်ငံရေး သဘောတရား ပြုပြင် ပြောင်းလဲမှု၊ အမျိုးသား စည်းလုံးရေး တည်ဆောက်ခြင်း၊ စသော ကိစ္စပေါင်း များအပေါ် အခြေခံသော အချိုးအကွေ့



THREE PARTY CENTRAL DELEGATION TO 1963 PEACE NEGOTIATION LED BY KAREN NATIONAL UNITED PARTY (KNUP) PRESIDENT MAHN BA ZAN.

များစွာ ရှိခဲ့လေသည်။ ထိုနိုင်ငံရေး ရပ်တည် လုပ်ဆောင်ချက်များသည် နောင်လာ နောက်သားများအတွက် မှတ်သားစရာများ ဖြစ်မည်ဟု ယုံကြည်မိပါသည်။ အဆိုပါ နှစ်ပေါင်း (၂၀)ကာလ၊ ကရင့်တော်လှန်ရေး ဖြစ်စဉ်နှင့် ဆရာကြီး၏ ပတ်သက်မှုကို ဆရာ စကောလယ်တော ၏ အတ္ထုပ္ပတ္တိကို ရေးသားမည့်သူများက အသေးစိတ် ရေးသားဖော်ပြမည် ဖြစ်ပါသည်။ ကျနော့်အနေဖြင့် ဆရာကြီးနှင့် အခိုက်အတန့်အားဖြင့်၎င်း၊ လုပ်ငန်း တခုခုကို အကြောင်းပြု၍၎င်း၊ တွေ့ကြုံခဲ့ရသော ကာလ (၃)ခုကို အနည်းငယ်စီ ရေးသား တင်ပြမည် ဖြစ်ပါသည်။ အဆိုပါ ကာလ (၃)ခုမှာ–

(က) ၁၉၆၃ ခုနှစ်၊ ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ကာလ။

( ခ) ၁၉၆၈ ခုနှစ်၊ ကေအဲန်ယူ၏ သဘောတရားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ကာလ။

( ဂ) ၁၉၇၅ ခုနှစ်၊ အမျိုးသား စည်းလုံးညီညွတ်ရေး ပြန်လည် တည်ဆောက်သော ကာလ ဟူ၍ ဖြစ်သည်။

ထိုကာလများမှာ ကရင့်တော်လှန်ရေး၏ ထူးခြားသော အပြောင်းအလဲ ကာလများ၌ ပါဝင်ပြီး၊ ထိုကာလများအတွင်း ဆရာကြီးနှင့် တွေ့ဆုံခဲ့ရသော အခိုက်အတန့် ကာလများ ဖြစ်သည်။

»«»«»«»«

## ပထမအကြိမ် တွေ့ဆုံခြင်း။

ကျနော်သည် ၁၉၆၃ ခုနှစ်၊ ပြည်တွင်းစစ် ရပ်စဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ ဆွေးနွေးပွဲ ကာလတွင် ဆရာကြီးနှင့် (၂)ကြိမ်တိတိ တွေ့ဆုံခွင့် ရခဲ့ပါသည်။ ပထမဆုံး အကြိမ်မှာ ရန်ကုန်မြို့ အလုံ မစ်ရှင်လမ်း၊ ဘရေတန် အထက်တန်းကျောင်း၌ ဖြစ်သည်။ ငြိမ်းချမ်းရေး ကိုယ်စားလှယ်တော်များ ဖြစ်သော မွန်၊ ကရင်၊ ကရင်နီ (၃)ပါတီ ကိုယ်စားလှယ်များနှင့်အတူ လာရောက်ပြီး လူထု ရှင်းလင်းပွဲတခု ကျင်းပကြသည်။ အဆိုပါ လူထု ရှင်းလင်းပွဲသို့ ရန်ကုန် တက္ကသိုလ်မှ ကျောင်းသူ ကျောင်းသား များအား ဖိတ်ကြားသဖြင့် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

(၃)ပါတီ ကိုယ်စားလှယ်များမှာ–

ကေအဲန်ယူ ပါတီမှ မန်းဘဇန်၊ စကောလယ်တော၊ ဗိုလ်မှူးစံလင်း၊ မွန်ပြည်သစ်ပါတီမှ နိုင်ရွှေကျင်၊ နိုင်ထင်၊ နိုင်ဝေ၊ ကရင်နီ တိုးတက်ရေး ပါတီမှ ဥက္ကဋ္ဌကြီး စောမောရယ်နှင့် ကိုယ်စားလှယ်အချို့ အသီးသီး တက်ရောက်ကြသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲကာလ ဖြစ်၍ ကရင် အမျိုးသားများ အားလုံး အထူးစိတ်ဝင်စားကြသည်။ ထို့ကြောင့် မဟာရန်ကုန် အတွင်း အင်းစိန်၊ ခဝဲခြံ၊ ဟံသာဝတီ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ ကြည့်မြင်တိုင်၊ အလုံ ပို့က်ဟော(လ်)၊ အစရှိသည့် ရပ်ကွက်များ အပါအဝင် သံလျင် တွံတေး၊ စသည့် မြို့နယ်ဒေသများရှိ ကရင် အမျိုးသားများ ကလည်း တက်ရောက် လာကြလေသည်။ ပြည်တွင်းစစ် (၁၀)နှစ်ကျော် ကာလ အတွင်း တောတွင်းမှ အမျိုးသားခေါင်းဆောင်များနှင့် ပထမဆုံးအကြိမ် တွေ့ဆုံ နှုတ်ဆက်ကြရမည် ဖြစ်ပြီး၊ ငြိမ်းချမ်းရေး ရတော့မည်ဟူသော မျှော်လင့်ချက် စိတ်ကူးများကလည်း၊ တက်ရောက်လာသော ကရင် အမျိုးသားများ အတွက် ဝမ်းမြောက် အားရစရာ ဖြစ်သည်။ လူထု ရှင်းလင်းပွဲ တွင် (၃)ပါတီ ကိုယ်စားလှယ် ခေါင်းဆောင်ဖြစ်သော မန်းဘဇန်က မိန့်ခွန်း ပြောကြားသည်။ ထို့နောက် ကိုယ်စားလှယ်များကလည်း အနည်းငယ်စီ ပြောသွားကြသည်။ ထိုအချိန် ဆရာကြီး စကောလယ်တောမှာ အသက်အားဖြင့် (၄၀)ပတ်ဝန်းကျင်သာ ရှိသဖြင့် အရပ်အမောင်း မြင့်မြင့် ကိုယ်လုံး ကိုယ်ဖန်မှာလည်း သန်စွမ်းသော လက္ခဏာ ရှိသည်။ နဖူးမြင့်ပြီး နှာတန်ပေါ်၍ တည်ငြိမ် ခန့်ညားလျက် ရှိသည်။ မျက်လုံး၊ ပါးစပ်၊ ဖွဲ့စည်းပုံမှာ ထိုင်းတရုပ် မျိုးနွယ်ပုံ ပေါ်လွင်နေသည်။ ကျနော်သည် ဆရာကြီး စကောလယ်တောကို ပထမ အကြိမ် တွေ့ဖူးခြင်း ဖြစ်သည်။ " ဆရာကြီး စကောလယ်တော ကျားစီးပြီး ခရီးသွားသည်" ဟူသော တင်စားမှုများ ရှိခဲ့သည်ကို အမှတ်ရပြီး သူ့ကို မကြာခဏ အကဲခတ် မိသည်။ ထိုလူထု ရှင်းလင်းပွဲ အပြီး မနှောင်း ရက်ပိုင်းကာလ အတွင်းမှာပင် အလုံနှင့် ကြည့်မြင်တိုင်ကြား ပို့က်ဟော(လ်)ရပ်ကွက်ရှိ ကသစ်လမ်းတွင် ဒုတိယအကြိမ် ပြန်လည် ဆုံခဲ့သည်။ ထိုအစည်းအဝေးမှာ အောဘီကေအိုရုံး **(All Burma Karen Organization.)**၏ အပေါ်ထပ်တွင် ဖြစ်သည်။ (၃)ပါတီ ငြိမ်းချမ်းရေး ကိုယ်စားလှယ်များနှင့် **(ABKO)** အဖွဲ့ဝင်များ၏ နှစ်ဘက် တွေ့ဆုံ မိတ်ဆက်ပွဲဖြစ်၍ ငြိမ်းချမ်းရေးနှင့် ပတ်သက်သော လက်ငင်း အခြေအနေနှင့် နိုင်ငံရေး သဘောထား အမြင်များကို တလှည့်စီ ရှင်းလင်းကြခြင်းများ ပြုလုပ်ကြသည်။ ထိုဆွေးနွေးပွဲတွင် **(ABKO)** အဖွဲ့မှ (၁) ဥက္ကဋ္ဌ မန်းမြသီး၊ (၂) မန်းတင်ညွှန့်၊ (၃) မန်းစံလှိုင်၊ (၄) စောသာဒင်၊ (၅) မန်းဒါဝိတ်၊ (၆) မန်းအောင်ကြည်၊ (၇) မန်းအောင်ကျော်လွင်၊ (၈) စရွှေမောင်၊ (၉) 'စ'ဝင်းသိန်း၊ (၁၀) စောထူး (၁၁) မန်းအောင်ငွေ စသည်တို့ တက်ရောက် ခဲ့ပါသည်။ ပြည်တွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကာလ တလျှောက် သူသည် မှတ်တမ်းများကို အဓိက စီစဉ်ရေးသားသူ ဖြစ်သည်။ သူ၏ မှတ်တမ်းများကို အခါအားလျော်စွာဖတ်ခဲ့ရသည်။ ဆရာ စကောလယ်တောသည် စာရေးရာတွင် ၎င်း၊ စကားပြောရာတွင်၎င်း၊ သွယ်ဝိုက်မှု မရှိ။ ထို့ကြောင့် ရေးသားချက်များ သည်လည်း ရှင်းလင်းပြီး အလွယ်တကူ သဘောပေါက်နိုင်ပေသည်။

၁၉၆၃ ခုနှစ် ကာလသည် ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေးအတွင်း အယူအဆ ရေးရာ အပေါ် အခြေခံကာ ခေါင်းဆောင်ပိုင်း နှစ်ခြမ်းကွဲခဲ့ရသော နှစ်ဖြစ်သည်။ ကရင့်တော်လှန်ရေး (၁၀)နှစ်ကျော် ကာလ အတွင်း ပထမအကြိမ် ဖြစ်သည်။ လက်ျာ

အင်အားစုကို ပိုမိုအားကိုးလာပြီး လက်နက်နှင့် ငွေရေး ကြေးရေး အကူအညီများကိုလည်း အထူးမျှော်လင့်သောကာလသည်။ လက်ျာ အကြိုက်ကို လိုက်ကာ၊ အပေးအယူ လုပ်ခဲ့ကြသည်။ ထိုအချက်ကို အခြေခံပြီး **(KRC)** နှင့် **(KNUP)** တို့ ကွဲခဲ့ရသည်။

လူနည်းစုဖြင့် ခွဲထွက်ခြင်းကို ဦးဆောင်သွားသူမှာ **(KRC) (Karen Revolutionary Council)** ဥက္ကဋ္ဌ မုဆိုးကော်ကဆာ (ခေါ်) စောဟန်တာသာမွေးဖြစ်သည်။ စောဟန်တာသာမွေးသည် ၁၉၅၄ ခုနှစ်တွင် စတင်ဖွဲ့စည်းသော **(KRC)**၏ ဥက္ကဋ္ဌ ဖြစ်သည်။ ကေအာစီသည် ကေအဲန်ယူပီ ပါတီ၏ ဦးဆောင်မှုကို ခံယူသော အစိုးရအဖွဲ့စည်းတခုဖြစ်သည်။ အုပ်ချုပ်ရေးလုပ်ငန်းများကို အဓိကထားပြီး ဆောင်ရွက်သည်။ စောဟန်တာ သာမွေးသည် ၁၉၅၄ ခုနှစ်မှ စပြီး၊ မြစ်ဝကျွန်း ပေါ်မှ အရှေ့တိုင်းသို့ တက်လာပြီးနောက် ကေအာစီကို ဖွဲ့စည်းရာတွင် ကိုယ်တိုင် ဥက္ကဋ္ဌ ဖြစ်လာသည်။ ထိုင်းမြန်မာ နယ်စပ်တွင် အခြေခံသဖြင့် ထိုင်းနိုင်ငံတွင်း မကြာခဏ သွားရောက်ရာ လက်ျာ ကွန်မြူနစ် ဆန့်ကျင်ရေး ကိုယ်စားလှယ်အချို့နှင့် အဆက်အသွယ် ရခဲ့သည်။ လက်ျာ အင်အားစုကို ပိုမို အားကိုးလာသည်။ အထူးသဖြင့် လက်နက်နှင့် ငွေရေး ကြေးရေး အကူအညီ များကို အထူးမျှော်လင့်ခဲ့သည်။ လက်ျာအကြိုက်ကို လိုက်ကာ အပေးအယူ လုပ်ပြီး လက်ဝဲ တိမ်းသော ကေအဲန်ယူပီကို ဆန့်ကျင်လာသည်။ သူကိုယ်တိုင် ပါဝင်ပြီး ချမှတ်ထားသော ဒုတိယ လမ်းစဉ်ကိုပင် ပြန်လည် ဆန့်ကျင်လာသည်။ ဤသို့ဖြင့် ၁၉၆၃ ခုနှစ် ကွန်ဂရက်တွင် ကေအဲန်ယူပီ၏ လမ်းစဉ်ကို ပြောင်ပြောင်တင်းတင်း ဝေဘန်ပြီး အများစု၏ သဘောထားကိုပင် အလေးမထားတော့ဘဲ၊ ခွဲထွက်သွားခဲ့လေသည်။ ၎င်းနှင့် အတူ အရှေ့တိုင်းမှ ပဒိုဝေသော၊ ပဒိုဖိုးညော၊ ပဒို ဝေရီကျော်၊ စသော ခေါင်းဆောင်များနှင့် ဗိုလ်လင်းထင်၊ ထရှူးမင်း မိုးဇက် စသည့် တပ်မှူးများ ပါသွားကြသည်။ ကွန် ကရက်အပြီး မရှေးမနှောင်းကာလမှာပင် နေဝင်း စစ်အစိုးရက ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ခေါ်ယူရာ၊ စောဟန်တာသာမွေးက ဦးဆောင်ပြီး **(KRC)** အဖွဲ့ အနေဖြင့် သီးခြား တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲ တွင် အခြားသောလူမျိုးစု လက်နက်ကိုင် တော်လှန်ရေး အသီးသီးနှင့် သဘော တူညီချက် မရဘဲ၊ ဆွေးနွေးပွဲ ပျက်သွား ခဲ့သော်လည်း စောဟန်တာသာမွေး ဦးဆောင်သည့် ကေအာစီ အဖွဲ့သည် နေဝင်း စစ်အာဏာရှင်တို့နှင့် သဘော တူညီချက် ရယူပြီး




ပူးပေါင်း သွားခဲ့လေသည်။

နေဝင်းစစ်အစိုးရသည် ပထမတွင်၊ ကေအာစီကို အထူးအခွင့်အရေးများ ပေးခဲ့သော်လည်း နောက်ပိုင်းတွင် ကန့်သတ် ချုပ်ချယ်မှုများ လုပ်လာသဖြင့်၊ ဗိုလ်လင်းထင်တို့ ပုန်ကန်ရန် စီစဉ်ကြသည်။ နေဝင်းစစ်တပ်မှ အချိန်မီ သိရှိခဲ့ပြီး၊ လက်နက်ကိုင် ပဋိပက္ခဖြစ်ရာ ဗိုလ်လင်းထင် ကျဆုံးသွားသည်။ ဟန်တာသာမွေးကိုလည်း ပထမတွင် ပညာရေး သုတေသန ဌာနခွဲ သုတေသန အရာရှိ အဖြစ် ခန့်အပ်ပြီး နောက်ပိုင်း အသက်ကြီး၍ အနားပေးခဲ့လေသည်။

စောဟန်တာ သာမွေးသည် ဆရာကြီး စကောလယ်တော၏ ဆရာအရင်းဖြစ်သည်။ ၁၉၅၄ ခုနှစ် ကေအာစီကို ဖွဲ့စည်းရာ ဆရာစကောလယ်တောမှာ အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ရပြီး ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသော်လည်း စောဟန်တာ သာမွေး၏ ပြည်ပ မှီခိုရေး ဝါဒနှင့် အမျိုးသားအကျိုးနှင့် ဆန့်ကျင်သော လုပ်ရပ်များကို အနည်းငယ်မှ လက်ခံ တိမ်းညွှတ်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ဟန်တာသာမွေး ခွဲထွက်သွား သော်လည်း ဆရာ စကောလယ်တောမှာ
ကေအဲန်ယူပါတီနှင့် ဒုတိယ လမ်းစဉ် အပေါ်တွင် ဆက်လက်ရပ်တည် ခဲ့လေသည်။

»«»«»«»«

## ဒုတိယအကြိမ် တွေ့ဆုံခြင်း။

၁၉၆၈ ခုနှစ် ဆရာကြီး စကောလယ်တောနှင့် နောက်ထပ် တွေ့ဆုံသည်မှာ အရှေ့တိုင်း ကရင်နီ နယ်စပ်တောင်ပေါ်မှ ရွာတရွာတွင် ဖြစ်သည်။ ကျနော် တက္ကသိုလ်အောင်ပြီးစ ကျောင်းဆရာ

ဘဝ၌ ဖြစ်ပါသည်။ ကေအဲန်ယူ ပါတီ၏ စီမံ ချက်အရ အရှေ့တိုင်းတွင် မူလတန်း သင်တန်းတခုကို ဖွင့်လှစ်မည်ဖြစ်ရာ ထို သင်တန်းတွင် အကူအညီပေးရန် ဖြစ် သည်။ ဆရာကြီး စကောလယ်တော သည် ထိုသင်တန်းတွင် ကျောင်းအုပ် အဖြစ် တာဝန်ယူမည် ဖြစ်သည်ကိုလည်း ကြိုတင်သိ ရှိထားသည်။ ကျနော်နှင့်အတူ တက္ကသိုလ်မှ မိတ်ဆွေ အချို့လည်း စိတ် အား ထက်သန်စွာ လိုက်ပါကူညီခဲ့ကြ သည်။ ကျနော်တို့ ခရီးစဉ်သည် ပထမ အဆင့် အနေဖြင့် ပဲခူးရိုးမရှိ ကေအဲန်ယူပီ စစ်ဦးစီး ဌာနချုပ်သို့ ရောက်ခဲ့ပါသည်။ ထိုမှတဆင့် ဖြူး၊ တောင်ငူ မြို့နယ်ရှိ ပါတီ ဌာန ချုပ်ရှိရာ "ဖလေး ဆာလို" တောင် ပေါ်ကျေးရွာသို့ ရောက်ခဲ့သည်။ သင် တန်း ဖွင့်လှစ်မည့် "ဖခါလေးခို" ကျေး ရွာသည် ဌာနချုပ် နှင့် (၃)ရက်ခရီးခန့်မျှ ရှိ ကရင်နီဒေသနှင့် နီးသည်။ "ဖခါလေး ခို" ကျေးရွာသည် တောင်ထိပ်ပေါ်တွင် တည်ဆောက်ထားသော ကျေးရွာတရွာ ဖြစ်သည်။ ဆရာကြီး စကောလယ်တော သည် ထိုရွာ၌ ကျနော်တို့အား စောင့် ကြိုနေပါသည်။ နောက်တခါ၌ ထိုမူလ တန်း ကျောင်းဆရာ သင်တန်းကို အရှေ့တိုင်းရှိ ကျောက်ကြီး၊ ဘောဂလိ၊ သံတောင်၊ တောင်ငူ၊ ထန်းတပင် မြို့နယ် နှင့် ကရင်နီ ဒေသမှ ကျောင်းဆရာ ဆရာမ (၄၀)ခန့် တက်ရောက် သင် ကြားခဲ့ကြသည်။ "ဖခါ လေးခို" ကျေး ရွာသည် တောင်ပေါ်ရွာသာ ဖြစ်သော် လည်း သေသေသပ်သပ် တည် ဆောက် ထားသော ရွာဖြစ်သည်။ ဆရာကြီးသည် ကျောင်းဆရာ တဦးဖြစ်ခဲ့ သဖြင့် သူ၏ သင်ကြားချက်များသည် အဆင့်မြင့်ပြီး အလွယ်တကူ နားလည် နိုင်သော နည်းနာများဖြင့် သင်ကြားသည်ကို တွေ့ မြင် ခဲ့ရသည်။

အထူးသဖြင့် သခ်ၤန်းစာများကို ပုံစံများ ဇယားများ ရုပ်ပုံများ ရေးဆွဲပြီး သင်ကြားလေ့ ရှိသည်။ တိုတိုတုတ်တုတ် ရှင်းလင်းတတ်သည်။ ရယ်စရာများ ပြောလေ့ မရှိသော်လည်း အလွန်ရင်းနှီး ပြီး စေတနာပါသော အမူအရာများကို တွေ့ရသည်။ ပျင်းရိစရာ အချိန်များတွင် တပည့်များအား မတ်တပ်ရပ်ခိုင်းပြီး သီချင်း ဆိုခိုင်းသည်။ နံနက်တိုင်း သင် တန်း မစမီ တပည့်များအား အမြဲဆိုခိုင်း သော သီချင်း တပုဒ် မှာ " သာယာ လှပ သော၊ ကျုပ်တို့ နယ် မြေ " သီချင်းဖြစ် သည်။ တောင်ပေါ် ဒေသ၏ လှပပုံနှင့် တောင်ပေါ်သားတဦး၏ ဘဝ ကျူးရင့် သီဆိုထားသော သီချင်းတပုဒ် ဖြစ်သည်။ ဆရာကြီးသည် တောင်ပေါ် ဒေသ၏ သဘာဝကို အထူးချစ်မြတ်နိုးသူ တဦးဖြစ် သည်။ ဆရာ ဆရာမများသည် တက် တက် ကြွကြွဖြင့် ဂရုတစိုက် သင်ကြား ကြ၍ ပျော်စရာ သင်တန်းတခု ဖြစ်ခဲ့ သည်။ သို့သော် သင်တန်းပြီးဆုံးရန် ရက်ပိုင်းအလိုတွင် မြန်မာ့ တပ်မတော်၏ စစ်ကြောင်း တကြောင်း ချဉ်းကပ်လာ သဖြင့် သင်တန်းကို အလျင်အမြန် လက်စ သတ်လိုက်ရပါသည်။ ကျနော်တို့ အဖွဲ့လည်း ဆရာကြီးကို နှုတ်ဆက်ပြီး ပြန်လည် ထွက်ခွာခဲ့ကြသည်။

၁၉၆၈ ခုနှစ် ကာလသည် ကေအဲန်ယူ ပါတီအတွင်း အယူအဆ



ဝဲမှယာ= ပဒိုစံလင်း၊ ပဒိုစောသန်းအောင်၊ ပဒိုစကောလယ်တော၊ ပဒိုဂေဒွဲဘွား၊ ဗ၊ ခ– ကစယ်ဒို၊

ရေးရာ ပြောင်းလဲမှုတခုကို ဦးတည်နေ လျက်ရှိသည်။ ပါတီအား အမျိုးသား တိုး တက်ရေးပါတီမှ အလုပ်သမားပါတီသို့ ကူးပြောင်းရန် ပါတီဝင် များက ကြိုးပမ်း လာကြသည်။ ထိပ်ပိုင်း ခေါင်းဆောင် များအတွင်း အယူဝါဒရေးရာ ကွဲပြားမှု များ ပေါ်ပေါက် လာလေသည်။ နောင် နှစ် အနည်းငယ်အတွင်း ပါတီ၏ လက်ဝဲ စွန်းကျမှုကို ဝေဘန် တိုက်ခိုက်ရင်း ကရင့် တော်လှန်ရေး နှစ်ခြမ်းကွဲကာ လက်နက်ကိုင် ပဋိပက္ခ အဆင့်သို့ပင် ရောက်ခဲ့သည့်အတွက် ကရင်အမျိုးသား အချို့ အသက်ဆုံးရှုံးခဲ့ ကြရလေသည်။

ကေအဲန်ယူပါတီ၏ မဟာမိတ် တိုက်ဖော် တိုက်ဖက်များ ဖြစ်သော ကွန် မြူနစ်ပါတီ အတွင်း၌လည်း ပြန်လည် ပြင်ဆင်ရေး သမားများအား သုတ်သင် ရှင်းလင်းနေသော ကာလဖြစ်သည်။ ဆင့်ကဲ ဆင့်ကဲ သုတ်သင် ကြသည်။ နောက်နှစ်အတွင်း၌ပင် ကေအဲန်ယူပီ ဥက္ကဋ္ဌ မန်းဘဇန်မှာ ပါတီမှ နှုတ်ထွက်ပြီး အရှေ့တိုင်း ကေအဲန်ယူ ပါတီ၏ ဂိုဏ်းခွဲ ဗိုလ်ချုပ်မြ ဦးဆောင်သော ကရင် အမျိုး သား လက်နက်ကိုင် အဖွဲ့နှင့် ပူးပေါင်း သွားခဲ့သည်။ မန်းဘဇန် နေရာတွင် ဥက္ကဋ္ဌ အဖြစ် ဗိုလ်ချုပ် ကော်ထူးကဌင်း၊ အတွင်းရေးမှူးဖြစ် ဗိုလ်မှူးချုပ် ကျင်ဖေ ကဌင်း၊ တာဝန်ယူခဲ့သည်။ ထိုအချိန်က ဆရာ စကောလယ်တောသည် ပါတီ ဗဟိုကော်မတီဝင်နှင့် နိုင်ငံရေး ဦးဆောင် အဖွဲ့ဝင်အဖြစ် ကျန်ခဲ့သည်။

»«»«»«»«

## တတိယအကြိမ် တွေ့ဆုံခြင်း။

၁၉၇၅ ခုနှစ် ဆရာကြီးစကောလယ်တောနှင့် ပြန်လည် တွေ့ဆုံခဲ့ရသောနှစ်သည် ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေးအတွင်း ၁၉၆၉–၇၀ ခုနှစ်တွင် စတင်ခဲ့သော လက်နက်ကိုင် ပဋိပက္ခကို အပြီးအပိုင် ရပ်ဆိုင်းလိုက်ကြပြီး အမျိုးသား စည်းလုံးညီညွတ်ရေး ပြန်လည် တည်ဆောက်သော ကာလဖြစ်သည်။ နေဝင်း စစ်အစိုးရသည် မြစ်ဝကျွန်းပေါ်ကို ပိတ်ဆို့ပြီး စစ်ဆင်ရေး လုပ်ခဲ့ရာ၊ ကေအဲန်ယူ ပါတီသည် မြစ်ဝကျွန်းပေါ်တိုင်း တော်လှန်ရေး အခြေစိုက် စခန်းများကို လက်လွတ်ဆုံးရှုံးနေရသော ကာလဖြစ်သည်။ နေဝင်း စစ်အစိုးရသည် ပဲခူးရိုးမကို ထိုးစစ်ကြီးများ ဆင်နွဲသော ကာလဖြစ်သည်။ ကေအဲန်ယူပါတီမှ အမြဲတမ်းတပ်များနှင့် ပြောက်ကျား တပ်များသည် အကျဆုံး များလာသဖြင့် နောက်ဆုံး ပဲခူးရိုးမကို လက်လွှတ်ရမည့် အခြေအနေတွင် ရှိနေသည်။

ဗမာပြည် ကွန်မြူနစ် ပါတီမှ ခေါင်းဆောင်များ ဖြစ်ကြသော သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ် စသော ခေါင်းဆောင်များလည်း နည်းအမျိုးအမျိုးဖြင့် ကျဆုံးခဲ့ကြသည်။ စခန်းများ တခုပြီးတခု သုတ်သင် ရှင်းလင်းခံခဲ့ရပြီး၊ အများအပြား ကျဆုံးခြင်း၊ လက်နက်ချခြင်းများ၊ အဖမ်းခံရခြင်းများဖြင့် အကြပ်အတည်း ကာလဖြစ်သည်။ ဤအခြေအနေတွင် ကေအဲန်ယူပါတီသည် ကြွင်းကျန်သမျှသော အင်အားကို စုစည်းပြီး၊ အရှေ့တိုင်းသို့ ချီတက် ခဲ့လေသည်။ အရှေ့ ကော်သူးလေတွင် ၁၉၇၀ ခုနှစ် ကေအဲန်ယူ ကွန်ကရက်မှ အမျိုးသားချင်း ပြန်လည် ပေါင်းစည်းရေး ဟူသော ဆုံးဖြတ်ချက်များ ချထားပြီးလည်း ဖြစ်လေသည်။

၁၉၇၅ ခုနှစ် သီတင်းကျွတ်လတွင် ပဲခူးရိုးမမှ ကေအဲန်ယူပါတီ ခေါင်းဆောင်များ၊ ရဲဘော်များနှင့် ၁၉၇၃ ခုနှစ်က မြောက်ပိုင်းခရီးစဉ်သို့ ချီတက်ပြီး ပြန်လည် ရောက်လာသော ရဲဘော်များသည် "ဒူးဒါးဂေး" (ဖာပွန်ခရိုင်) ကျေးရွာတွင် တွေ့ဆုံပြီး၊ ကွန်ကရက် ကျင်းပရန် ပြင်ဆင်ကြလေသည်။ ထိုကွန်ကရက်သည် ကေအဲန်ယူ ပါတီ၏ ဆဌမမြောက် ကွန်ကရက်ဖြစ်၍ နောက်ဆုံး ကွန်ကရက်လည်း ဖြစ်သည်။ ကွန်ကရက်၌ မြစ်ဝကျွန်းပေါ်တိုင်း၊ ပဲခူးတိုင်း၊ အရှေ့တိုင်း၊ စသည့် တိုင်းကွက်များ သတ်မှတ်ပြီး ကျင်းပမည်ဖြစ်ရာ ကျနော့် အနေဖြင့် မြေပေါ် ကိုယ်စား လှယ်အဖြစ် တက်ရောက်ခွင့် ရခဲ့လေသည်။ ထိုညီလာခံမှ အမျိုးသား စည်းလုံးညီညွတ်ရေးအတွက် ကေအဲန်ယူပီကို ဖျက်သိမ်းပြီး၊ အရှေ့တိုင်း ကေအဲန်ယူတွင် တပေါင်းတစည်းတည်း ပူးတွဲလုပ်ဆောင်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြသည်။ ပါတီ ဖျက်သိမ်းရေးကို ဆန့်ကျင်သော ရဲဘော်တချို့ ခွဲထွက်သွားခဲ့ပါသည်။

၁၉၇၅ ခုနှစ် ကရင်အမျိုးသားချင်း ပြန်လည် ပေါင်းစည်းခြင်းနှင့် ပတ်သက်၍ ဆရာ စကောလယ်တောသည် သူရေးသားခဲ့သော ကရင့်တော်လှန်ရေး သမိုင်းမှတ်စုတွင် မြန်မာနိုင်ငံအတွင်း လက်နက်ကိုင် တော်လှန်ရေး ဆင်နွှဲခဲ့သော လူမျိုးစုများအတွင်း သွေးကွဲခဲ့သည့် သမိုင်းဖြစ်စဉ်များအနက် ယခုကဲ့သို့ အမျိုးသားချင်း ပြန်လည် ပေါင်းစည်းနိုင်သည်မှာ ဤအကြိမ်သည် ပထမဦးဆုံးသော အကြိမ်ဖြစ်သည်ဟု မှတ်ချက်ချခဲ့လေသည်။

ဆရာကြီး စကောလယ်တောသည် ကရင်အမျိုးသားများကို အမှန်တကယ်ချစ်သော အမျိုးချစ်တယောက်ဖြစ်သည်။ အမျိုးသားကို ချစ်လျှင် အမျိုးသား ရန်သူများကို ပြတ်ပြတ် သားသား ဆန့်ကျင် ရမည်ဟူသော အဘိဓမ္မာကို ခံယူပြီး ကျောင်းဆရာဘဝကို စွန့်လွှတ်၍ လက်နက်ကိုင် လမ်းစဉ်ကို ပြတ်ပြတ်သားသား ဆင်နွှဲခဲ့သူ ဖြစ်သည်။ သူခံယူသော အဘိဓမ္မာ အပေါ်တွင်လည်း သစ္စာရှိလေသည်။ ခေါင်းဆောင် တချို့သည် အမျိုးသားကို အကျိုးပြုရန် သစ္စာဆိုကြသည်။ နောက်ပိုင်း၌ ရန်သူအား ဒူးထောက် အလျှော့ပေးကာ ကိုယ်ကျိုးအတွက် ရန်သူနှင့် ပူးပေါင်းလုပ်ဆောင်သွားကြပြီး အမျိုးသားအပေါ် သစ္စာမဲ့စွာ ကျောခိုင်းသွားကြသည်မှာ သာဓကပေါင်း များစွာရှိသည်။

ဆရာ စကောလယ်တောမှာ သစ္စာတရား ကြီးမားလှပြီး စိတ်ပြဌာန်းလျှင် စွဲစွဲမြဲမြဲ ရှိလှသည်။ ကိုယ့်ဒူး ကိုယ်ချွန်ပြီး၊ ဆင်းတောင့် ဆင်းရဲဖြင့် တက္ကသိုလ်ဘွဲ့ကို ရယူခဲ့ရပြီး ထိုပညာရပ်ကိုလည်း သူအလွန် တန်ဘိုးထားသည်။ ထိုပညာဖြင့် အမျိုးသားကို အလုပ်အကျွေးပြုရန်လည်း ဆုံးဖြတ်ခဲ့သည်။ ကျောင်းဆရာ ဘဝဖြင့် ဘဝတသက်တာကို မြှုပ်နှံရန် ပြင်ဆင်ခဲ့သည်။ အနစ်နာလည်း ခံသည်။ သူကိုယ်တိုင် ကျောင်း၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရင်း ပညာရေးအတွက် စိုက်ပျိုးရေးလုပ်၊ ခြံစိုက်ပြီး ကျောင်းရံပုံငွေ ရှာခဲ့သည် သာမက၊ ကျောင်းဆရာ၊ ဆရာမများ ကိုလည်း ကူညီ နိုင်သည်အထိ ကြိုးပမ်းခဲ့သည်။

ခေါင်းဆောင်တချို့မှာ ပြည်သူ့ဘဏ္ဍာကို အလေးမထားဘဲ၊ လက်ဖွာရေးကျ ကြသည်။ ကိုယ်ကျိုး သုံးကြသည်။ ဆရာ စကောလယ်တောသည် အထက်တန်း ကျောင်းဆရာဘဝက ကိုယ်တိုင် စိုက်ပျိုးရေးလုပ်ရင်း၊ ရှာဖွေခဲ့သော ကျောင်းရံပုံငွေ (၁၂၀၀ိ) တစ်သောင်း နှစ်ထောင်ကို ကော်မတီထံ အပ်နှံပြီးမှ တော်လှန်ရေးကို ဝင်ရောက်ခဲ့သည်။ တော်လှန်ရေး တလျှောက်လုံး ငွေရေး ကြေးရေးတွင် အလွန်စေ့စပ်သေချာပြီး၊ ပြည်သူ့ ငွေကြေးကို အလွန် ဂရုစိုက်တတ်သည်။

သူသည် ခရစ်ယာန် ဘာသာကို အလွန် ကိုင်းရှိုင်းသူ တဦးဖြစ်သည်။ ခရစ်ယာန်တဦး လိုက်နာစောင့်ရှောက်ရမည့် ဝတ္တရားနှင့် ကျင့်ကြံမှု အားလုံးကိုလည်း မပျက်မကွက် စောင့်ထိန်းခဲ့သူ တဦးဖြစ်သည်။ သူ၏ ဘဝတွင် ခရစ်တော်ကို လေးလေးနက်နက် ယုံကြည်သည်ဟု ဝန်ခံခဲ့သည်။ သမ္မာကျမ်းစာအရ ခရစ်

ယာန် တယောက်ဖြစ်လျှင် ဆင်းရဲသားကို ချစ်ရမည်။ အလုပ်အကျွေး ပြုရမည်ဟု ခံယူထားသည်။ ထို့ကြောင့် ဘဝတလျှောက် ဆင်းရဲသားများကို ကူညီခဲ့သည်။ ဤသို့ ကူညီခြင်းသည် ခရစ်တော်ကို သစ္စာရှိသော တပည့်ဖြစ်သည်ဟု ခံယူသည်။

သူ၏ ဘာသာရေး ယုံကြည်ချက်နှင့် ပတ်သက်၍ ဘုရားမဲ့ဝါဒီ၊ ကွန်မြူနစ် ခေါင်းဆောင်အချို့နှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် မည်သည့် ပြဿနာ တစုံတရာမျှ မရှိခဲ့ပါ။ သူ့အား ဝေဘန်ထောက်ပြစရာပင် မရှိခဲ့ပါ။ ခေါင်းဆောင်အချို့သည် ကွန်မြူနစ်ဝါဒီများကို ဆန့်ကျင်သည်။ များသောအားဖြင့် ဘုရားမဲ့ဝါဒီများဖြစ်၍ ၎င်းတို့နှင့် လက်တွဲဆောင်ရွက်ရန် ငြင်းဆိုကြသည်။ ဆရာကြီး စကောလယ်တောသည် ကွန်မြူနစ်များနှင့် ပူးပေါင်းရာတွင် အလုပ်သမား လယ်သမားတည်းဟူသော ဆင်းရဲသားများအတွက် အကျိုးပြု လုပ်ငန်းများ ဖြစ်သည်ဟူသော အခြေခံ ဦးတည်ချက် တခုတည်းနှင့် ညီညွတ်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ သူသည် ခရစ်ယာန် တဦးလည်းဖြစ်၍ လက်ဝဲဝါဒီ စစ်စစ် တဦးလည်းဖြစ်သည်။ ကေအဲန်ယူ ပါတီ အနေဖြင့် အလုပ်သမား ပါတီတရပ် ထူထောင်ရေးတွင် သူသည် ဗဟိုကော်မတီဝင်လည်းဖြစ်၊ နိုင်ငံရေး ဦးဆောင် အဖွဲ့လည်းဖြစ်၍ ထိုအယူအဆကို တာဝန်ခံရန် အဆင်သင့် ရှိခဲ့ပေသည်။

သူသည် ကျောင်းသားဘဝက ရောဘတ်အိုဝင်၏ လူမှုတော်လှန်ရေးကို အလွန် နှစ်သက်သည်။ တက္ကသိုလ် ကျောင်းတက်နေစဉ် ကျေးရွာများသို့ ဆင်းပြီး၊ ကျေးလက် ပြုပြင်ရေး အဖွဲ့တွင် တက်တက် ကြွကြွ ပါဝင်ခဲ့သည်။ နောင်တွင် ကရင်အမျိုးသားများ အတွက်၊ ဆိုရှယ်လစ် စီးပွားရေးစနစ်သည် အသင့်တော်ဆုံး ဖြစ်သည်ဟု ယူဆခဲ့သည်။ ကွန်မြူနစ် နိုင်ငံကဲ့သို့ မဟုတ်ဘဲ၊ ပုဂ္ဂလိက ပိုင်ဆိုင်မှုစနစ် ရှိသည်ဟု ခံယူထားသည်။ ကရင်များသည် ရှေးမဆွကပင် စုပေါင်း လုပ်ကိုင်ခြင်း၊ စုပေါင်းစားသုံးခြင်း စနစ်ကို အစဉ်အလာအရ ကျင့်သုံးခဲ့သူများဖြစ်ရာ ဆိုရှယ်လစ် စီးပွားရေး စနစ်ကို ထူထောင်ဘို့ သင့်သည်ဟု ခံယူထား လေသည်။

ဆရာကြီး စကောလယ်တောနှင့် ဥက္ကဋ္ဌကြီး မန်းဘဇန်တို့၏ တူညီချက်နှင့် ခြားနားချက် အချို့ကို ကျနော် စစ်ကြောမိပါသည်၊ ဥက္ကဋ္ဌကြီး မန်းဘဇန်သည် ခရစ်တော်ကို ယုံကြည်သည်။ ဆိုရှယ်လစ် စနစ်ကိုလည်း ယုံကြည်သည်။ တိုးတက်သော အမျိုးသားရေး ဝါဒီအဖြစ် ခံယူသည်။ ဤအချက်သည် သူတို့နှစ်ဦးတွင် တူညီကြသည်။ သို့သော် မန်းဘဇန်သည် အမျိုးသားပါတီ တရပ်အနေဖြင့် အလုပ်သမား ပါတီအဖြစ် ခံယူလုပ်ဆောင်ရန် ကိုကား အာမ ခံနိုင်ခြင်း မရှိခဲ့ပေ။ ဤကိစ္စသည် ဥက္ကဋ္ဌကြီး မန်းဘဇန် အနေဖြင့် ကေအဲန်ယူ ပါတီအား မလွဲမရှောင်သာ လမ်းခွဲခဲ့ရသော ကိစ္စ ဖြစ်လေသည်။

ဆရာကြီးသည် ဆင်းရဲသားဘဝကို ခံယူသည်။ ပစ္စည်းမဲ့ လူတန်းစား ဘဝ လွတ်မြောက်ရေး တိုက်ပွဲကို ထောက်ခံသည်။ လက်တွေ့လည်း အားပေး ဆောင်ရွက်သည်။ ကျဉ်းမြောင်းသော အမျိုးသားရေး ဝါဒကို ဆန့်ကျင်သည်။ ဆရာကြီးသည် သူ့ကိုယ်သူ ကွန်မြူနစ်ဟု မကြေငြာသော်လည်း ကွန်မြူနစ် ဆိုသူများထက် ဆင်းရဲသားဘဝကို လက်တွေ့ခံယူ ကျင့်သုံးသည်။ သူ၏ ဘဝတလျှောက်လုံး ခြိုးခြံစွာ စည်းကမ်းရှိစွာ နေထိုင်ခဲ့သည်။ အဆောင်အယောင် မရှိသော သူ၏တဲငယ်တွင် တင့်တယ်စွာ နေထိုင်တတ်သည်။ အမျိုးသားအတွက်သော်၎င်း၊ မည်သည့် ဆင်းရဲသားများအတွက် သော်၎င်း၊ ဆောင်ရွက်ရန် အဆင်သင့်ရှိသည်။ ၁၉၇၅ ခုနှစ် မှစ၍ ကေအဲန်ယူတွင် ပူးပေါင်း လုပ်ဆောင်စဉ် ကာလအတွင်း အဖွဲ့အစည်းအတွင်း လိုအပ်သော စာပေရေးရာ ကိစ္စအဝဝကို အောင်မြင်စွာ တာဝန်ယူဆောင်ရွက် ခဲ့လေသည်။

ဆရာကြီး စကောလယ်တောသည် သူ၏နောက်ဆုံးအသက်တာတွင် ကေအဲန်ယူ အစည်းအရုံး၏ တာဝန်ကိုယူရင်း (၁)– သန္နိုးထူး စာစောင်ကို ကိုယ်တိုင် ဦးဆောင် ထုတ်ဝေခဲ့သည်။ (၂)- **KNU. Bullitin** . ကို ထုတ်ဝေခဲ့သည်။ (၃)– ကရင့်တော်လှန်ရေး သမိုင်းတစောင်ကို ပြုစုထားခဲ့သည်။

ဆရာကြီးသည် ၁၉၈၉ ခုနှစ် မတ်လ (၇)ရက်နေ့တွင် ကွယ်လွန်သွားသည်။ ကွယ်လွန်စဉ်က အသက် (၇၄) နှစ် ဖြစ်သည်။ ပင်ပန်း ဆင်းရဲစွာဖြင့် သင်ကြား တတ်မြောက်လာခဲ့ရသော ပညာကို မိမိ၏ ကရင်အမျိုးသားများနှင့် ဆင်းရဲသား လူတန်းစားများအတွက်၊ ဘဝတသက်တာ အကျိုးပြုခဲ့သော ခေါင်းဆောင်တဦးအဖြစ် မှတ်တမ်းတင်အပ်ပါသည်။

❖ ❖ ❖

## ဆရာကြီး စကောလယ်တောနှင့် မြောက်မိုင်း ခရီးစဉ်။

၁၉၈၂ ခုနှစ်၊ ဇန္နဝါရီလ (၁၇) ရက်နေ့ တနင်္ဂနွေနေ့ ဖြစ်ပါတယ်။ ကေအဲန်ယူ ဗဟိုဌာနချုပ်မှာ ဆရာကြီး စကောလယ်တောနှင့် ကျနော် ဦးစိုးမင်း (ဈန်ရ)တို့၏ တွေ့ဆုံမေးမြန်းခန်း ဖြစ်သည်။ နောင်လာ နောက်သားများ၊ သင်ခန်းစာ ယူနိုင်ရေးအတွက် မှတ်တမ်း ပြုလိုက်ပါသည်။

* ဆရာကြီး စကောလယ်တော ခင်ဗျား။ ကေအဲန်ယူ ပါတီ၊ **(Karen National United Party.)** က တရုပ်ပြည်ကို ကိုယ်စားလှယ် စေလွှတ်တဲ့ အချိန်က ဗမာပြည်ကွန်မြူနစ်ပါတီနှင့်လည်း ဆွေးနွေးခဲ့တယ်။ တရုပ်ပြည် ကွန်မြူနစ်ပါတီနဲ့ လည်း ဆွေးနွေးခဲ့တယ်လို့ ကြားခဲ့ဘူးပါတယ်။ အဲဒီလို သွားရောက် ဆွေးနွေးတဲ့အခါနှင့် ပတ်သက်ပြီး ဘာကြောင့်

သွားရောက် ဆွေးနွေးရပါသလဲ။ ဆွေးနွေးဘို့အတွက် နောက်ခံ အခြေခံ အကြောင်းတရားတွေက ဘာတွေလဲဆိုတာကို သိပါရစေခင်ဗျား။

◆ ကျနော်တို့ ၁၉၇၀ ခုနှစ်မှာ ကေအဲန်ယူရဲ့ (၇)ကြိမ်မြောက်ညီလာခံ တရပ်ကို ပဲခူးရိုးမမှာ ကျင်းပခဲ့ပါတယ်။ ညီလာခံ ကျင်းပတဲ့ အချိန်ကာလမှာ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ ဖြစ်ကြတဲ့ သခင်ဇင်နှင့် သခင်ချစ်တို့လည်း ကျနော်တို့နဲ့ မနီးမဝေးမှာ ရှိနေပါတယ်။ ညီလာခံ မကျင်းပမီမှာ ဗဟိုခေါင်းဆောင် အချင်းချင်း တွေ့ဆုံပြီး၊ အပြန်အလှန် ဆွေးနွေးခဲ့တာတွေ ရှိပါတယ်။

ကျနော်တို့ ကေအဲန်ယူပါတီဟာ တရုပ်ပြည်ကို သွားဘို့ ၁၉၆၈ ခုနှစ်တည်းက ကြိုးပမ်းခဲ့ပါတယ်။ ဒီကြိုးပမ်းချက်မှာ ပဏာမ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ခဲ့တယ်။ ဒီပဏာမ ကိုယ်စားလှယ်အဖွဲ့ရဲ့ တရုပ်ပြည်ခရီးဟာ အတော်လေး ကြာခဲ့ပါတယ်။ တရုပ်ပြည်ကိုလည်း ရောက်သွားပါတယ်။ ဒါပေမဲ့ အပြန်ခရီးမှာ အဖွဲ့ခေါင်းဆောင် ဗိုလ်အေးဟန် ကျဆုံးခဲ့ပြီး ရဲဘော်တွေသာ စခန်းကို ပြန်ရောက်ပါတယ်။ ဒီပြန်လာတဲ့ ရဲဘော်တွေရဲ့ တင်ပြချက်အရ ကျနော်တို့ ကေအဲန်ယူပီရဲ့ ဗဟိုအာဏာပိုင် အဖွဲ့တဖွဲ့ကို လာရောက် တွေ့ဆုံဘို့ တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။ မြန်မာပြည် မြောက်ပိုင်းမှာရှိတဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်ဖေတင့်ကလည်း လက်ရှိအမျိုးသား ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်းစု လုပ်ငန်း ကြီးထွားရေးအတွက် ကေအဲန်ယူ ပါတီရဲ့ တင်းပြည့်ပါတီ ကိုယ်စားလှယ် အဖွဲ့တခု၊ တရုပ်ပြည်ကို သွားရောက် လေ့လာနိုင်ရင် ကောင်းမယ်လို့လည်း အကြံပြုခဲ့ပြန်ပါတယ်။ ပဲခူးရိုးမမှာရှိတဲ့ ဗမာပြည် ကွန်မြူနစ် ပါတီခေါင်းဆောင်များ ဖြစ်ကြတဲ့ သခင်ဇင်၊ သခင်ချစ် တို့ကလည်း၊ သဘောတူ လက်ခံခဲ့ပါတယ်။ ဒါကြောင့် ၁၉၇၀ ခုနှစ် ပါတီညီလာခံမှာ တရုပ်ပြည်ကို အာဏာပိုင် အဖွဲ့တဖွဲ့ စေလွှတ်ဘို့ ဆုံးဖြတ်ချက် တရပ်ကို ချမှတ်ခဲ့ပါတယ်။ အဲဒီ ဆုံးဖြတ်ချက်အပေါ်မှာ ကိုယ်စားလှယ် စေလွှတ်ခဲ့ကြရတာ ဖြစ်ပါတယ်။

တော်လှန်ရေး တရပ်မှာ မဟာမိတ် လိုပါတယ်။ မဟာမိတ်ဆိုတာ ပြည်တွင်း သာမက၊ ပြည်ပ မှာလည်း တည်ဆောက်ထားဘို့ လိုပါတယ်။ ကမ္ဘာ့တော်လှန်ရေး သမိုင်းကို ပြန်ပြီး ဆန်းစစ်ကြည့်ရင် ပြည်တွင်းအင်အားစုနဲ့ မလုံလောက်ဘူး။ ပြည်ပ အကူအညီ မဟုတ်သည့် တိုင်အောင် ပြည်ပရဲ့ အားပေးထောက်ခံမှုကို လိုအပ်တယ်လို့ မြင်ပါတယ်။ ဒီလို အမြင်ဘက် အပေါ်မှာလည်း လက်ရှိ ပြည်တွင်းမှာဆိုရင် မဟာမိတ်အဖွဲ့ရှိတယ်။ တပ်ပေါင်းစု မဒညတ ဖွဲ့စည်းထားတာ ရှိတယ်။ ပြည်ပ မဟာမိတ်အဖွဲ့ လိုသေးတယ်လို့ မြင်တယ်။ ၁၉၆၈– ၆၉ မှာ တရုပ် ပြည်ကွန်မြူနစ်ပါတီရဲ့ သဘောထားအပေါ်မှာ ပီကင်းက တပ်သား လွှတ်တာတွေ ရှိခဲ့ပါတယ်။ အထူးသဖြင့် တရုပ်ပြည် ကွန်မြူနစ် ပါတီဟာ နိုင်ငံတကာ ပစ္စည်းမဲ့ဂါဒ အပေါ်မှာ အခြေခံပြီး အဖိနှိပ်ခံ အမျိုးသားများနဲ့ ပစ္စည်းမဲ့ တော်လှန်ရေးတွေကို တာဝန်ရှိတယ်ဆိုပြီး၊ သူတို့ပြည်သူတွေကို ကြေငြာပါတယ်။ ဒီကြေငြာချက် အပေါ်မှာ ကျနော်တို့ ဝမ်းသာပါတယ်။

ကျနော်တို့ တရုပ်ပြည်ကို သွားဘို့ အဓိက အချက်ကတော့၊ နိုင်ငံရေး အဆက်အသွယ် ရဘို့ပါနဲ့ ကျနော်တို့ တော်လှန်ရေးကို နိုင်ငံတကာ အားပေးထောက်ခံမှု ရဘို့ဘဲ။ ဒါဟာ အဓိကပါဘဲ။ တရုပ်ပြည် ကွန်မြူနစ် ပါတီနှင့် အဆက်အသွယ်ရရေးဟာ ကျနော်တို့ရဲ့ အဓိက ရည်ရွယ်ချက် ဖြစ်တယ်။ ဒုတိယ အချက်ကတော့ လေ့လာရေးပါဘဲ။ ကျနော်တို့အဖွဲ့မှာ လူ (၄၀)လောက် ရွေးချယ်ထားပါတယ်။ နောက်ပိုင်း (၃၅) ယောက် သွားနိုင်ခဲ့တယ်။ နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး၊ စီးပွားရေး စတဲ့ အဘက်ဘက်က လေ့လာဘို့ ရဲဘော်တွေကို ခေါ်သွားတာ ဖြစ်ပါတယ်။ တရုပ်ပြည်ဟာ စာထဲမှာ ဖတ်ရတာ၊ ကြားရတာ၊ ဘယ်လောက် မှန်လဲ၊ ဘယ်လောက်ထိ လုပ်နိုင်လဲ။ သူတို့ပြောတာ ဟုတ်မဟုတ် လေ့လာဘို့ပါဘဲ။

နောက်ပြီး လူမျိုးစု ပြဿနာကို ဘယ်လို ဖြေရှင်းကြသလဲ။ စက်ရုံ အလုပ်ရုံတွေကိုလည်း လက်တွေ့ လေ့လာချင်တယ်။ ဒီရည်ရွယ်ချက်နဲ့ သွားတာဖြစ်တယ်။ တချို့က ထင်ချင် ထင်မယ်။ ကျနော်တို့ တရုပ်ပြည်သွားတာ၊ လက်နက် အကူအညီ ရရေးအတွက် ဖြစ်တယ်။ ကျနော်တို့ဟာ လက်နက် အကူအညီထက် နိုင်ငံရေး လေ့လာရေးပါဘဲ။ ကျနော်တို့ကို ကေအဲန်ယူပီက အခွင့်အာဏာ ပေးလိုက်တာ အကူအညီ တောင်းတဲ့ကိစ္စ မပါဘူး။ ကျနော်တို့လည်း မတောင်းခဲ့ဘူး။

* ဆရာကြီး စကောလယ်တော ဦးဆောင်ပြီးတော့ သွားတဲ့ အဖွဲ့ဟာ ဗမာပြည် ကွန်မြူနစ်ပါတီ တရုပ်ပြည် ကွန်မြူနစ်ပါတီတို့နဲ့ ဆွေးနွေးခဲ့တဲ့ ကိစ္စကို ဆက်လက်ပြီးတော့ ရှင်းပြ စေချင်ပါတယ်။

◆ ကျနော်တို့ အဖွဲ့ဟာ အခု ဗမာပြည် ကွန်မြူနစ် ပါတီရဲ့ အရှေ့မြောက်ပိုင်း စစ်ဒေသ၊ သူတို့ရဲ့ ဌာနချုပ်ကို ၁၉၇၃ ခုနှစ် အောက်တိုဘာလမှာ ရောက်သွားပါတယ်။ ရန်သူဟာ လွယ်မော် ဒေသ၊ အက်စ်ယူအေ (SUA) ဌာနချုပ်ကို ဝင်တိုက်တော့ အရင်သွားနေကျ လမ်းတွေ တခုမှ သွားလို့ မရတော့ဘူး။ ကျနော်တို့ အက်စ်အက်စ်ပီပီ (SSPP) ဒေသမှာ အတော်ကြာကြာ စောင့်နေရတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီ အရှေ့မြောက်ဘက် စစ်ဒေသရဲ့ နိုင်ငံရေးမှူးဟာ ရဲဘော်တင်ရီ ဖြစ်တယ်။ ဒု နိုင်ငံရေးမှူးက ရဲဘော် ခင်မောင်ကြီး ဖြစ်တယ်။ သူတို့ဟာ ဗဟိုမှာ ဦးစီးပြီး အရှေ့မြောက်ဘက် စစ်ဒေသကို ဖွဲ့စည်းတယ်။ အဲဒီ စစ်ဒေသဟာ အင်အားအကြီးဆုံး ဖြစ်တယ်။ အဲဒီမှာ ဗကပ ဌာနချုပ်လုပ်ထားတယ်။ အဲဒီကဘဲ တရုပ်ပြည်ကို သွားဘို့ အဆက်အသွယ် လုပ်ရတယ်။ ကျနော်

တို့ သွားဘို့ကိစ္စ ဘသိန်းတင်ဆီကို က / နပို့လိုက်တယ်။ ဥက္ကဋ္ဌ သခင်ဇင်နဲ့ သခင်ချစ်ရဲ့ စာလည်းပါတယ်။ ကျနော်တို့ အရှေ့မြောက်ပိုင်း စစ်ဒေသ ရောက်တော့ ဝမ်းသာကြတယ်။ အဆက်အသွယ် ရဘို့လည်း ကြိုးစားကြတယ်။ ဟိုမှာ သွားနိုင်တယ်ဆိုတဲ့ ပြန်ကြားချက်ရဘို့ နှစ်လလောက် ကြာပါတယ်။ တရုပ်ပြည် ကွန်မြူနစ်ပါတီက၊ ပြည်နယ်ကော်မတီဟာ နယ်စပ်မှာဘဲ ရှိတယ်။ အဲဒီ နယ်စပ်အထိ ကားတွေ ရောက်တယ်။ သူတို့က ကျနော်တို့ကို ကားနဲ့ လာကြိုတယ်။ ကျနော်တို့ကို လာကြိုတဲ့ သူကတော့ ကာနယ်ဖူးစ် ဖြစ်တယ်။ တပ်ရင်းမှူး တယောက် ဖြစ်တယ်။ ပြည်နယ်ကတော့ ယူနန်ပြည်နယ် "စုမောင်"မြို့ကို ရောက်သွားတယ်။ အဲဒီမှာ တော်လှန်ရေး ကော်မတီရဲ့ သဘာပတိလည်းဖြစ်၊ ပြည်နယ် ဥက္ကဋ္ဌလည်း ဖြစ်တဲ့ ရဲဘော်ကျင်ဆိုတာ အကြီးဆုံးဘဲ။ စကားပြန်တဆင့် ဥက္ကဋ္ဌကြီး ဘသိန်းတင်လည်း တစ်ရက် နှစ်ရက်အတွင်း ရောက်လာမယ် ဆိုတာ ကျနော်တို့ကို သူက ပြောပြပါတယ်။ "စုမောင်"မြို့မှာ နှစ်ရက်ကြာတော့ ဥက္ကဋ္ဌကြီး ဘသိန်းတင် ရောက်လာပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ အဖွဲ့မှာ ရှစ်ယောက် ပါတယ်။ ဘသိန်းတင်၊ ဖေတင့်၊ ကိုတိုက်အောင်၊ ကချင်မှ တပ်မှူးတယောက်၊ ဗဟိုကော်မတီ မောင်ဝင်း စသဖြင့် ပါဝင်ပါတယ်။

တရုပ်ပြည် ကွန်မြူနစ် ပါတီနဲ့ တွေ့ဘို့ကတော့ စုမောင်မြို့ ပါတီ ကော်မတီကိုဘဲ တာဝန်ပေးထားပါတယ်။ နိုင်ငံရေးမှူးပေါ့။ တော်လှန်ရေး ကော်မတီရဲ့ ဥက္ကဋ္ဌဟာ တရုပ်ပြည် ကွန်မြူနစ် ပါတီရဲ့ အရံဗဟိုကော်မတီ ဖြစ်တယ်။ သူနဲ့ဘဲ တွေ့ဆုံဘို့ တရုပ်ပြည် ကွန်မြူနစ် ပါတီက တာဝန်လွှဲပေးတယ်လို့ သိရတယ်။ အဲဒီတော့ ပဌမဦးဆုံး တရုပ်ပြည် ကွန်မြူနစ်ပါတီနဲ့ ဆွေးနွေးပါတယ်။

ကျနော်တို့ကို လှိုက်လှိုက် လှဲလှဲ ကြိုဆိုပွဲလုပ်ပြီး ကျနော်တို့ လာရတဲ့ ကိစ္စကို အားမနာတမ်း ရင်းရင်း နှီးနှီး ပြောစရာရှိတာကို ပြောပြဘို့၊ တင်ပြဘို့ ဖိတ်ကြားခဲ့ပါတယ်၊ ကျနော်တို့က လည်း ကျနော်တို့ စီစဉ်ထားတဲ့ အချက် (၃)ချက်ကို တင်ပြတယ်။ ပဌမ အချက်က၊ ကေအဲန်ယူပါတီ ဖွဲ့စည်းရတဲ့ အကြောင်း၊ အဲဒီ ကဏ္ဍမှာ ကေအဲန်ယူပါတီရဲ့ မူဝါဒ လမ်းစဉ် တခုလုံးကို ကျနော်တို့ တင်ပြပါတယ်။ နောက်တခုက ဗမာပြည်ရဲ့ လူမျိုးစု ပြဿနာကို တင်ပြတယ်။ ဗမာပြည် တော်လှန်ရေးရဲ့ ထူးခြားချက်မှာ လူမျိုးစုတွေရဲ့ ပြဿနာ ဖြစ်တယ်ဆိုတာကို တင်ပြခဲ့တယ်။ ဗမာပြည်ဟာ လူမျိုးပေါင်းစုံ နေထိုင်တဲ့ တိုင်းပြည် ဖြစ်တယ်။ ဒါဟာ ထူးခြားတဲ့ လက္ခဏာတခု ဖြစ်တယ်။ တရုပ်ပြည်နဲ့ မတူတဲ့ သီးခြား လက္ခဏာတခု၊ ဗမာပြည် အခြေအနေနဲ့ ပြည်ထောင်စု ပြဿနာ ဒါကို တင်ပြတယ်။ တတိယ အချက်ကတော့ ဗမာပြည်ရဲ့ တပ်ပေါင်းစု ပြဿနာကို တင်ပြတယ်။ ကေအဲန်ယူပါတီ အနေနဲ့ တပ်ပေါင်းစုနဲ့ဘဲ အာဏာသိမ်း အောင်ပွဲခံနိုင်မယ်လို့ ယုံကြည်ကြောင်း ဒါကြောင့် တပ်ပေါင်းစု ပြဿနာဟာ အလွန် အရေးကြီးကြောင်း တင်ပြခဲ့တယ်။ နောက် တပ်ပေါင်းစုနဲ့ ပတ် သက်ပြီး ကျနော်တို့ရဲ့ အမြင်၊ ခံယူချက်၊ နောက်ပြီး အကြံပေးချက် တချို့၊ ဒါတွေ ကို သူတို့နားလည်ဘို့ ကျနော်တို့ တင်ပြခဲ့ပါတယ်။

နောက်တခု ဆက်စပ်ပြီးတော့ နည်းနည်း ပြောပြချင်တာက ကျနော်တို့ တရုပ်ပြည်ကို သွားတဲ့နေရာမှာ ရှမ်းပြည်မှာ တော်တော် ကြာကြာ စောင့်နေရတယ်။ ခရီးထွက်တဲ့ အခါမှာလည်း၊ အက်စ်အက်စ်ပီပီက ကျနော်တို့နဲ့အတူ အဖွဲ့တဖွဲ့ စေလွှတ်ခဲ့တယ်။ သူဝို့လည်း ကျနော်တို့နည်းတူ၊ နိုင်ငံရေး အဆက်အသွယ် ရရှိဘို့နဲ့ လေ့လာရေး ဦးတည်ချက်အပေါ် တရုပ်ပြည် ကွန်မြူနစ် ပါတီနဲ့ ဆွေးနွေးတယ်။ ကျနော်တို့ ဆွေးနွေးခဲ့ကြပြီးတဲ့နောက်၊ တရုပ်ပြည် ကွန်မြူနစ်ပါတီ အနေနဲ့ ကျနော်တို့ကို ပြန်ပြီး ရှေ့ဆောင်မှုတွေ ပေးခဲ့ပါတယ်။ သူတို့ ပြန်ပြီး ဆွေးနွေးတာကတော့ ပဌမ အချက်အနေနဲ့ တော်လှန်ရေး တရပ်မှာ ပစ္စည်းမဲ့ အလုပ်သမားပါတီ တရပ်ရဲ့ ခေါင်းဆောင်မှုဆိုတာ ရှိရမယ်။ ဒုတိယ အချက်ကတော့ ဒီပစ္စည်းမဲ့ အလုပ်သမား ပါတီဟာ မာက်စ် လီနင် ဝါဒ၊ မော်စီတုံး အတွေးအခေါ်ကို တိတိကျကျ လက်ခံ ကျင့်သုံးတဲ့ ပါတီဖြစ်ရမယ်။ နောက် တချက် ကတော့၊ ကျနော်တို့ ရှိသမျှ တော်လှန်ရေး အင်အားစုတွေဟာ စုစုစည်းစည်း ညီညီညွတ်ညွတ် ရှိကြဘို့ လိုအပ်ကြောင်း ရန်သူကို စည်းလုံးညီညွတ်စွာ ရင်ဆိုင်တိုက်ခိုက်ဘို့ စတာတွေကို ပြန်လည် အကြံပေးခဲ့ပါတယ်။

ကျနော်တို့ ပြန်မလာမီ သူတို့က ကျနော်တို့နဲ့ တွေ့ဆုံပြီး၊ ဒီတွေ့ဆုံမှု အတွက် ဝမ်းသာကြောင်း၊ ဗမာပြည်ရဲ့ အမျိုးသားဒီမိုကရေစီ တော်လှန်ရေး အင်အားစုကို ထောက်ခံ အားပေးကြောင်း အကူအညီလိုအပ်ရင် ပေးမည် ဖြစ်ကြောင်း၊ လက်ရှိ အခြေအနေမှာ နိုင်ငံတကာက တခြားပါတီ အဖွဲ့အစည်းတွေကို ကူညီခဲ့တာ ရှိကြောင်း၊ အမှန်တကယ် နယ်ချဲ့ပဒေသရာဇ် စံနစ်ကို ပြတ်ပြတ်သားသား ဆန့်ကျင် တိုက်ခိုက်နေတယ်ဆိုရင် လိုအပ်တာကို ပေးမှာဖြစ်ကြောင်း၊ ဒီလိုအစီအစဉ်မှာ နိုင်ငံတကာ ကလည်း ပါဝင်မှာ ဖြစ်ကြောင်း၊ ဗမာပြည်မှာရှိတဲ့ အမျိုးသား ဒီမိုကရေစီ အင်အားစုတွေဟာ နယ်ချဲ့ပဒေသရာဇ် စံနစ် ဆန့်ကျင်ရေးဆိုတော့ သူတို့ အနေနဲ့ ပြောက်ကျား ဆင်နွှဲဘို့ လက်နက် တွေ လိုအပ်မှာ ဖြစ်တယ်။ လက်နက် တွေကိုလည်း၊ ကူညီဘို့ အဆင်သင့် ရှိကြောင်း၊ ဒါပေမဲ့ ဗကပ မှတဆင့် ကူညီမှာ ဖြစ်ကြောင်း၊ လက်နက်များ လိုအပ်ပါက ဗကပ ကို တင်ပြဘို့ ဖြစ်ကြောင်း၊ ဗကပ မှာ မရှိရင် တရုပ်ပြည် ကွန်မြူနစ် ပါတီကို တင်ပြမည်သာ ဖြစ်ကြောင်း၊ တင်ပြရင်ပေးဘို့ သူတို့ ရှင်းလင်းပြောပြ ပါတယ်။ နောက်ပိုင်း တရုပ်ပြည်ကို လာလည်ချင်ရင်လည်း လာလည်နိုင်ကြောင်း လာမယ်ဆိုရင် လှိုက်လှိုက်လှဲလှဲ ကြိုဆိုမည် ဖြစ်ကြောင်း၊ လာရင်လည်း ဗကပ

မှတဆင့်၊ အကြောင်းကြားပြီး လာဘို့နဲ့ ပြန်သွားတဲ့ အခါမှာလည်း ဗမာပြည် ကွန်မြူနစ်ပါတီနဲ့ သာမက ပြည်တွင်း တော်လှန်ရေး အဖွဲ့အားလုံးနဲ့ စည်းလုံးစွာ ရန်သူကို လက်တွဲတိုက်ဘို့ အစရှိတာ တွေကို ပြန်လည် ဆွေးနွေးခဲ့ပါတယ်။

တရုပ်ပြည်ကွန်မြူနစ် ပါတီနဲ့ ဆွေးနွေးပြီးတဲ့ နောက်ပိုင်းမှာ ဗကပနဲ့ တွေ့ဆုံ ဆွေးနွေးပါတယ်။ အဲဒီ ဆွေးနွေးပွဲမှာ တရုပ်ပြည် ကွန်မြူနစ် ပါတီကို တင်ပြတဲ့ စာတမ်းအတိုင်း၊ ဗကပကို လည်း တင်ပြပါတယ်။ ဆွေးနွေးပွဲ မတိုင်မီကတည်းက စာတမ်းကို ကြိုတင်ပေး ထားတော့ ဆွေးနွေးပွဲမှာ ကျနော်တို့ တင်ပြထားတဲ့ စာတမ်းနဲ့ ပတ်သက်ပြီး သဘောထားအမြင် ဘယ်လိုရှိကြောင်း၊ မေးမြန်း လိုက်ပါတယ်။ သခင် ဘသိန်းတင် ကိုယ်တိုင် ဗကပ အနေနဲ့ သူတို့ပြော စရာရှိလျှင် တည့်တည့်နှင့် အားမနာ စတမ်း မထိမ်မဝှက် စတမ်းသာ ပြောမည်ဖြစ်ကြောင်း၊ ဒါဟာလည်း သူတို့ ပါတီရဲ့ တာဝန်ဖြစ်တယ်လို့ မြင်ကြောင်း၊ ဒါကြောင့် ရှင်းရှင်းဘဲ ပြောမှာဖြစ်တယ် လို့ ပဏာမ စကားပျိုးပြီး ဆွေးနွေးပွဲ စခဲ့ ပါတယ်။ သူပဌမဆုံး ပြောတာကတော့ "ကေအဲန်ယူ ပါတီဟာ အလုပ်သမား ပါတီ အနေနဲ့ မာက်စ် ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုံး အတွေးအခေါ် စတဲ့ ခေါင်း ဆောင်မှုနဲ့ ဖွဲ့စည်းထားတာ မသင့် ကြောင်း။ ဒါဟာ ဗကပ နဲ့ စင်ပြိုင်လုပ် တယ်လို့ မြင်တယ်။ ကေအဲန်ယူ ပါတီ ဟာ အမျိုးသား တိုးတက်ရေး ပါတီဘဲ ဖြစ်သင့်ကြောင်း၊ ဗကပ နှင့် စင်ပြိုင်မဲ့ သဘောမျိုး ဖွဲ့စည်းတာဆိုရင် လုံးဝ မမှန် ဘူး။ ဗကပနှင့် စင်ပြိုင်ဖွဲ့စည်းတဲ့ အဖွဲ့မှန် သမျှဟာ ဒီနေ့လည်း ပျက်စီး ကုန်တာဘဲ ဖြစ်တယ်။ တည်မြဲတာ မရှိဘူး။ ဒါ ကြောင့် ပွင့်ပွင့်လင်းလင်း အားမနာတမ်း ပြောရမယ်ဆိုရင်၊ ကေအဲန်ယူ ပါတီ အနေနဲ့ အမျိုးသား တိုးတက်ရေး ပါတီ အဖြစ်သာ ဖွဲ့စည်းတာ မှန်တယ်လို့ ဗကပ မှ သုံးသပ် ဆွေးနွေးခဲ့ကြ ပါတယ်။" လို့ ဗကပ ကိုယ်စား ဘသိန်းတင်က ဆွေးနွေး ခဲ့ပါတယ်။

နောက်တခုက လူမျိုးစု ပြဿ နာနဲ့ ပါတ်သက်ပြီး ကျနော်တို့ တင်ပြတဲ့ စာတမ်းအပေါ်မှာ ဘသိန်းတင်ရဲ့ ပြန် လည် ပြောပြချက်မှာ ကေအဲန်ယူ အနေ နှင့် မဒညတ လည်းဖွဲ့တယ်။ မဒညတ ဟာ ဗကပ နဲ့လည်း မဟာမိတ် ဖွဲ့တယ်။ တချိန်တည်းမှာ လူမျိုးစု တပ်ဦးကိုလည်း ဖွဲ့တယ်။ ဒါဟာ မလုပ်သင့်တာတွေ ဘဲလို့ မြင်ကြတယ်။ ဒီလိုဖွဲ့စည်းတာ လူမျိုးစု အဖွဲ့အစည်းတွေက မဒညတ ကို စင်ပြိုင် လုပ်ခြင်း ဖြစ်ပြီး၊ ဒါဟာ ကျဉ်းမြောင်းတဲ့ အမျိုးသားရေး အမြင်ဖြစ်တယ်လို့ ကျ နော်တို့ကို ပြန်ပြီး ဆွေးနွေးကြပါတယ်။ ကျနော်တို့က ပြန်လည်ဆွေးနွေးတဲ့ အခါမှာ ကျနော်တို့ **(K.N.U.P.)** ဖွဲ့စည်း မှုနဲ့၊ လူမျိုးစု တပ်ဦး ဖွဲ့စည်းမှုဟာ ဗကပ ကို စင်ပြိုင်လုပ်ခြင်း မဟုတ် ပါ။ လက်ရှိ ကျနော်တို့ရဲ့ တောင်းဆိုမှုအရ လိုအပ် တယ်လို့ မြင်တဲ့အပေါ်မှာ ဖွဲ့စည်းတာ ဖြစ်တယ်။ ဒီနေ့ လက်ရှိ ဗမာပြည်ဟာ လူမျိုးပေါင်းစုံ နေထိုင်တဲ့ တိုင်းပြည် ဖြစ်တယ်။ လူမျိုးပေါင်းစုံဟာ ဒီနေ့ အုပ်စိုးနေတဲ့ ဖဆပလ၊ နောက်ပြီး မဆ လ အုပ်စိုးသူတွေဟာ လူမျိုးစုတွေ အပေါ် မဟာလူမျိုးကြီးဝါဒကို ကျင့်သုံး ပြီး နည်းမျိုးစုံနှင့် ဖိနှိပ်တယ်။ လူမျိုးစု တွေဟာ မခံမရပ်နိုင်လို့ လက်နက် စွဲကိုင် ပြီး၊ လက်နက်ကိုင် တော်လှန်ရေး ဆင်နွဲ ကြတယ်။ လူမျိုးစုတွေ စုစည်းမှုသာ လူမျိုးစု ပြဿနာကို ဖြေရှင်းနိုင်မှာ ဖြစ် တယ်။ ဒါကြောင့် လူမျိုးစု ညီညွတ်ရေး တပ်ဦးဖွဲ့တာဟာ မဒညတ ကို စင်ပြိုင် ဖွဲ့တာ မဟုတ်ဘူး။ မဒညတ ဖြစ်မြောက် ရေးအတွက် တွန်းအားတခုလို့ ကျနော် တို့ သဘောထားပြီး ဖွဲ့စည်း လုပ်ဆောင် တာ ဖြစ်တယ်။ တနေ့မှာ ကျနော်တို့ လူမျိုးစု အားလုံးဟာ မဒညတ ထဲမှာ ပါဝင်မှာ ဖြစ်တယ်လို့ ရည်ရွယ်ထားကြ တယ်။ သူတို့ကို မဒညတ ထဲမှာ တခါ တည်း ခေါ်သွင်းဘို့ ဆိုတာ သူတို့မှာ အတိတ်က ရင်ဆိုင်ခဲ့ရတဲ့ ခါးသီးတဲ့ အတွေ့အကြုံတွေလည်း ရှိခဲ့ကြတယ်။ ဒီလို အတိတ်က ခံစားမှုအပေါ်မှာ စုစည်း ဘို့ ဘုံရန်သူကို စုစုစည်းစည်း တိုက်နိုင်ဘို့ ပထမအဆင့် ဖွဲ့စည်းတာ ဖြစ်တယ်။ အဲဒီ က တဆင့် ကျယ်ပြန့်တဲ့ တပ်ပေါင်းစုထဲ ကို ဝင်လာနိုင်ဘို့ ရည်ရွယ်ပြီး ဖွဲ့စည်းတာ ဖြစ်ကြောင်း ပြန်လည် ရှင်းလင်းပြခဲ့ပါ တယ်။

ကျနော်တို့က ဥက္ကဋ္ဌ ဘသိန်း တင်ကို ဆက်လက် ဆွေးနွေးတာက **(K.N.U.P.)** ပါတီကို ဖွဲ့စည်းတာနှင့် ပတ် သက်လို့ရော၊ လူမျိုးစု ညီညွတ်ရေး တပ်ဦး ဖွဲ့စည်းတာနှင့် ပတ်သက်လို့ရော၊ ပဲခူးမှာရှိတဲ့ ဥက္ကဋ္ဌ သခင်ဇင်နဲ့လည်း ကျနော်တို့ ဆွေးနွေးခဲ့ကြတယ်။ ဆွေး နွေးပြီးမှ အခြေအနေ အရပ်ရပ်အပေါ် မှာ တွက်ချက်ပြီး၊ ဖွဲ့စည်းတာ ဖြစ်တယ်။ ဥက္ကဋ္ဌ သခင်ဇင်နဲ့ သခင်ချစ်တို့က ဒီ အခြေခံ သဘောမျိုးနဲ့ ဖွဲ့စည်းတာကို လက်ခံကြတယ်။ တခုတည်းသော တပ် ပေါင်းစု ဖြစ်ရေး ကြိုးစားတာ ကိုလည်း သူတို့ နားလည်တယ်။ နောက် ပြီးတော့ ဒီနေ့ အမျိုးသားရေး ပေါ်လစီနဲ့ ပတ် သက်တာ ကျနော်တို့ တလျှောက်လုံး တင်ပြထားတဲ့ တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် နောက်ပြီး၊ ဗမာပြည်မှာ စစ် မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စု တည် ဆောက်ရေးနှင့် ပတ်သက်တာတွေကို ဥက္ကဋ္ဌ သခင်ဇင်၊ သခင်ချစ် တို့က လက်ခံ ခဲ့ကြတယ်။

ဘယ်အထိ လက်ခံသလဲဆိုရင် ဗမာပြည်မှာရှိတဲ့ တိုင်းရင်းသားတွေ အားလုံး၊ လူမျိုးတွေ အားလုံး၊ တန်းတူ ရည်တူမှု အပေါ်မှာ ပြည်နယ်အသီးသီး ရရှိပြီးတော့၊ ဒီပြည်နယ်တွေနဲ့ စုစည်း ထားတဲ့ ပြည်သူ့ ဒီမိုကရေစီ၊ ဖက်ဒရယ် ပြည်ထောင်စုသမတနိုင်ငံ တည်ဆောက် ရေးအတွက်၊ ဗမာအမျိုးသားတွေ အနေ နဲ့လည်း တင့်တင့်တယ်တယ် ရှိရမယ်။ ဒါကိုလည်း သခင်ဇင်၊ သခင်ချစ်တို့ လက် ခံခဲ့ပါတယ်။ ဒါတင်မက ဒီဖွဲ့စည်းတဲ့ ပြည် ထောင်စုသစ်ကို အများကြိုက် အမည် တခုပေးမယ်။ လာမဲ့ အမျိုးသားညီလာခံ တရပ်မှာ တက်ရောက်လာတဲ့ ကိုယ်စား

လှယ် အားလုံးနှင့်တကွ အများဆန္ဒအတိုင်း ဖြစ်ရမယ်ဆိုတာ သဘောတူလက်ခံကြတယ်။ ဒါဟာ သခင်ဇင်+သခင်ချစ်ရဲ့ အမျိုးသားပေါ်လစီနဲ့ ပတ်သက်တာ။ ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ နောက်ဆုံး ထုတ်ပြန်ထားတဲ့ သဘောထား ဖြစ်ပါတယ်။ ဒါလည်း သခင်သန်းထွန်း ရှိစဉ်ကတည်းက လက်ခံသွားခဲ့ပါတယ်။ ဒါပေမဲ့ သူကျဆုံးသွားပြီးတဲ့နောက် ၁၉၆၉ မှာမှ ပြည်တွင်းရှိ ဗကပ ဗဟိုကနေပြီး၊ ဒါကို အတည်ပြုခဲ့တယ်။ ဒါဟာ ၁၉၆၉ ခုနှစ် ဗကပ ရဲ့ အမျိုးသားပေါ်လစီနှင့် ပတ်သက်တာ ဖြစ်တယ်။ ကျနော် အဲဒီအတိုင်း ဘသိန်းတင်ကို ဆွေးနွေးတဲ့အခါ သူက ဇင်–ချစ်ဟာ ပြည်တွင်းမှာနေပြီး၊ နောက်ဆုံး နိုင်ငံတကာ အခြေအနေနှင့် ပတ်သက်တာတွေ သမိုင်းမှာ တို့လောက် မပြည့်စုံဘူးဆိုပြီး၊ ဒါကို သူတို့တာဝန်ယူတယ်။

ဗမာပြည် အခြေအနေနှင့် ဖြစ်သင့်တာကတော့ တရုပ်ပြည် ပုံစံအတိုင်း၊ တပြည်ထောင် စနစ်ပဲ ဖြစ်တယ်။ ပြည်နယ် တွေဆိုရင် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ အခွင့်အရေး ဖြစ်တယ်။ ဒီမူဟာ ဗမာပြည်နှင့် အသင့်တော်ဆုံး ဖြစ်တယ်။ ဒီမူအရ လုပ်သင့်တယ်။ ဒီလို ဖြစ်ရေးအတွက် ဇင်+ ချစ် တို့နှင့် ဒီအမြင်အပေါ်မှာ ကွဲလွဲတာကို သူတို့ တာဝန်ယူတယ်လို့ ဘသိန်းတင်က ဆွေးနွေးပြပါတယ်။

ကျနော်တို့ ဘသိန်းတင် အဖွဲ့နဲ့ ဆွေးနွေးကြတဲ့ အခါမှာတော့ သူတို့ အမြင်ရှိသလို ပြတ်ပြတ်သားသား၊ ရင်းရင်းနှီးနှီး အားမနာတမ်းဘဲ ပြောစရာရှိတာကို ပြောမယ်ဆိုပြီး၊ အထက်က ပြောသလို ဆွေးနွေး ခဲ့ကြပါတယ်။ ပြည်ပ ဗကပ ခေါင်းဆောင်တွေနဲ့ ပြည်တွင်းမှာ ရှိတဲ့ ဗကပ ဗဟိုကြားမှာ အမြင်သဘောချင်း မတူညီမှု ရှိတာကတော့ သေချာနေပါတယ်။ အဲဒီအချိန် တုန်းက ၁၉၇၃ ခုနှစ် ဆိုတော့ ဇင်+ချစ် တို့ ပြည်တွင်းမှာ အသက်ရှင်တုန်း ကာလ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ ဘသိန်းတင်ဟာ စကားပြောလို့ အလွန်ကောင်းပါတယ်၊ အပြင်မှာ ဖော်ရွေ ရင်းနှီးသူ တယောက် ဖြစ်ပါတယ်။ ဒါပေမဲ့ မူပိုင်းအမြင်နှင့် သဘောထားအမြင်ကို ဆွေးနွေးခဲ့ကြရာမှာတော့ သူတို့နဲ့ ကျနော်တို့ ကူညီမှု မရခဲ့ပါ။ ကျနော်တို့ ပြန်ခါနီး သူမှာတာက **(K.N.U.P.)** ပါတီကို အလုပ်သမား ပါတီအနေနှင့် ဖွဲ့စည်းတာ မှားကြောင်း၊ လူမျိုးစု တပ်ပေါင်းစု၊ တပ်ဦး ဖွဲ့စည်းတာလည်း မလုပ်သင့်ကြောင်း၊ ပြည်တွင်းမှာ ရှိတဲ့ ဗကပ ခေါင်းဆောင်တွေကို သူတာဝန်ယူကြောင်း၊ မှာကြားခဲ့တယ်။

နောက်တခုကတော့ **(K.N.U.P.)**နဲ့ ဗကပ ဟာ တော်လှန်ရေး တလျှောက်လုံး အလွန်ရင်းနှီးခဲ့ကြတယ်။ အပြန်အလှန်လည်း ကူညီကြလို့ ရွှေကို ဘုံရန်သူကို ရင်ဆိုင် တိုက်ခိုက်ရာမှာ ဆက်လက်ပြီး၊ စည်းလုံးစွာရှိဖို့ လိုအပ်ကြောင်း၊ မူချင်းမတူတဲ့ အမြင်ကို တိုက်ပွဲထဲမှာ ပူးပေါင်းရင်း တိုက်ပွဲအတွင်း ညီညွတ်ရေး ယူဘို့၊ နောက်ဆုံး လုံးဝညီညွတ်ရေး ရတဲ့ထိ ဆိုင်ရာ ပါတီကနေ ကြိုးစားကြဘို့ ကျနော်တို့ကို ဆွေးနွေး မှာကြားခဲ့ပါတယ်။

* ပြည်ပရောက် သခင်ဘသိန်းတင် တို့က ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှာကို သဘောမတူ လက်မခံတဲ့ သဘောလား။

❖ ဟုတ်ပါတယ်။ ဘသိန်းတင်ဖေတင့်နှင့် တရုတ်ပြည်မှာရှိတဲ့ ခေါင်းဆောင်တွေက ကျနော်တို့နဲ့ ဆွေးနွေးတဲ့အခါ ဖက်ဒရယ်ပြည်ထောင်စု ကိစ္စကတော့ တရုပ်ပြည်အတိုင်းဆိုရင် ကျနော်တို့နဲ့ မကိုက်ညီဘူး ဖြစ်နေတယ်။ သူတို့က တပြည်ထောင် စနစ်ဖြစ်တယ်။ သခင်ဇင်နဲ့ သခင်ချစ်တို့နဲ့ ဆွေးနွေးတာကတော့ ကိုက်ညီမှုရှိတယ်။ ဗမာကိုလည်း ပြည်နယ် သတ်မှတ်ပါဝင်ဘို့ သဘောတူညီမှု ရရှိခဲ့တယ်။ တခုရှိတာက အောက်ခြေအဆင့်က ပါတီရဲဘော်တွေ၊ ခေါင်းဆောင်တွေ၊ တပ်မှူးတွေ ထဲမှာ ဒီသဘောထား အမြင်နဲ့ပတ်သက်ပြီး၊ တိုက်ပွဲတွေ ရှိတယ်။ နိုင်ငံရေး အမြင်နဲ့ ပတ်သက်တာ ဖြစ်တယ်။ အချို့ကတော့ ပြည်တွင်းမှာရှိတဲ့၊ ခေါင်းဆောင်တွေရဲ့ အမြင်အတိုင်း ဖြစ်တယ်။ တပ်မှူး၊ ဆေးမှူး၊ ကေဒါတွေထဲက တချို့ ပါတီတွင်း တိုက်ပွဲအသွင် ရှိနေတာကို ကျနော်တို့ တွေ့ခဲ့ပါတယ်။ ကျန်တဲ့ တချို့ကတော့ ပြည်တွင်းရှိ ခေါင်းဆောင်တွေရဲ့ သဘောထား ခံယူချက်ကို နှစ်သက်ကြတယ်။ သဘောတူကြတယ်။ အခြေအနေနဲ့ ကိုက်ညီတယ်ဆိုပြီး မြင်တာတွေ ရှိတယ်။ ဟိုမှာကတော့ ဥက္ကဋ္ဌ ဘသိန်းတင် ဦးဆောင်မှု အောက်မှာ၊ သူတို့ အများဆန္ဒအတိုင်း လိုက်ပြီး ဒီမိုကရေစီ ဗဟိုကြိုးကိုင်မှု စနစ်အရ နာခံရတာ ဖြစ်တယ်။

* တရုပ်ပြည်ထဲမှာ လေ့လာခဲ့တာတွေ၊ သိမြင်ခဲ့တာတွေ ဆက်ဆံရေးတွေ၊ အကြံဉာဏ် တွေကိုလည်း ပြောပြပေးပါ။

❖ ကျနော်တို့ တရုပ်ပြည်ထဲရောက်တော့ တရုပ်ပြည် ကွန်မြူနစ်ပါတီအနေနှင့် ကျနော်တို့ကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ ကျနော်တို့ဟာ တော်လှန်ရေး အဖွဲ့အစည်းတရပ်၊ ပါတီ တရပ်ဖြစ်တယ်။ ကျနော်တို့ကို နိုင်ငံခြား တိုင်းပြည်တခုက ခေါင်းဆောင်တွေ ပုံစံအတိုင်း၊ ကြိုဆိုဧည့်ခံပါတယ်။ ကြိုဆိုဧည့်ခံ ကျွေးမွေးတာ၊ သူတို့ ကော်မတီထက် နှစ်ဆသာပါတယ်။ သွားလာရာမှာ ကားတွေကိုလည်း အစစအရာရာ စီစဉ်ထားတယ်။ ကျနော်တို့ဟာ ဘယ်သူမှ မသိသေးတဲ့ တော်လှန်ရေး အဖွဲ့တဖွဲ့ ဖြစ်ပေမဲ့ ထင်ပေါ်ပြီး လူသိများတဲ့ နိုင်ငံတခုက လာတဲ့ ခေါင်းဆောင်တွေနဲ့မခြား၊ ကြိုဆိုပြီး ပြုစုခဲ့ပါတယ်။

ကျနော်တို့ လိုချင်တဲ့ အကူအညီ တွေလည်း ဖြည့်ဆည်းပေးကြတယ်။ ဥပမာ ကျနော်တို့အထဲက တချို့ ရဲဘော်တွေဟာ သွေးရောဂါ ဖြစ်နေကြတယ်။ ကုသဖို့ လိုအပ်မှုကို သူတို့ကူညီကြတယ်။ ကျနော်တို့ **(K.N.U.P.)**က လူ (၃၀)ကျော်၊ **(S.S.P.P.)**က (၆၀)ကျော် ပေါင်း (၁၀၀) တစ်ရာကျော်ကို သူတို့

ရဲဘော်တွေနှင့် တန်းတူမက ပိုပြီးဂရုစိုက်ခဲ့တာ ရှိပါတယ်။ ကျနော်တို့ မဝင်ခင်တည်းက တရုပ်ပြည် ကွန်မြူနစ် ပါတီကို ကျနော်တို့ ဘာတွေလေ့လာချင်သလဲ ဆိုတာကို မေးခဲ့ပါတယ်။ ကျနော်တို့က လက်နက်ကိုင် တော်လှန်ရေးဆိုတော့ တရုပ်ပြည်သူတွေမှာ သူတို့ရဲ့တပ်ဖွဲ့စည်းပုံ၊ လက်နက်တပ်ဆင်ပုံကိုလေ့လာချင်တယ်။ ကျနော်တို့က လူမျိုးစုတွေ ဖြစ်တော့ သူတို့ဆီက လူမျိုးစုကိစ္စကိုလည်း သိချင်တယ်။

သူတို့ပြောတာက ယူနန်ပြည်မှာဆိုရင် လူမျိုးစုတွေ အဓိကအားဖြင့် (၂၄)မျိုး ရှိတဲ့အကြောင်း၊ ပြောပါတယ်။ ကျနော်တို့က အဲဒီ လူမျိုးစုတွေရဲ့အကြောင်း၊ လူမျိုးစုတွေရဲ့ ဒေသတွေကိုလေ့လာချင်ကြောင်း ပြောပြပါတယ်။ နောက်ပြီး စီးပွားရေးနှင့် ပတ်သက်ပြီးစက်ရုံ၊ အလုပ်ရုံတွေနှင့် အဲဒီအလုပ်သမားတွေအကြောင်း၊ မွေးမြူရေး၊ စိုက်ပျိုးရေးကဏ္ဍနှင့် လုပ်နည်း လုပ်ဟန်နှင့် သမိုင်းဝင် အဆောက်အဦတွေကို လေ့လာချင်ကြောင်း တင်ပြခဲ့တယ်။ သူတို့ လေ့လာခွင့်ပြုတဲ့ ကဏ္ဍတွေကိုပြန်လည် ဖြေကြားပြီး၊ ကြိုတင် ပြင်ဆင်မှုတွေ လုပ်ထားခဲ့ပါတယ်။

ကျနော်တို့ စုမောင်မြို့မှာ (၂)ပတ်လောက်ကြာသွားပြီး၊ မြို့ပေါ်မှာရှိတဲ့စက်ရုံတွေကိုလည်း လေ့လာခဲ့ရပါတယ်။ အဲဒီ အနီးအနားက လူမျိုးစုတွေရဲ့ ဒေသနဲ့ သူတို့ရဲ့အကြောင်း၊ စိုက်ပျိုးမွေးမြူရေး စံနစ်နဲ့ စီးပွားရေး လုပ်ငန်းတွေကိုလေ့လာ ခဲ့ရပါတယ်။ ယူနန်အပြင်စုမောင်ဒေသဟာ အရင်ကဆိုရင် အထူးသဖြင့် ငတ်မွတ်ခေါင်းပါးတဲ့ ဒေသတခုဖြစ်ခဲ့ပါတယ်။ ဟိုတုန်းက ဘိန်းတွေကိုအများအပြား စိုက်ပျိုးကြတယ်။ ခုချိန်မှာတော့ ရိက္ခာ အသင့်အတင့် ဖူလုံမယ်လို့ကျနော်ယူဆတယ်။ ရွာတိုင်း လိုလိုမှာရေအားလျှပ်စစ် ဓါတ်အားသုံးစက်တွေအသုံးပြုတဲ့အတွက် လျှပ်စစ် ဓါတ်အားကိုသုံးစွဲနိုင်ကြပါတယ်။ လမ်းပန်း ဆက်သွယ်ရေး အဆင်ပြေနိုင်ဘို့ လုပ်ကိုင်နေတာ တွေ့ရတယ်။ စုမောင်မှာ အိမ်အဆောက်အဦတွေ တိုးချဲ့နေတာ တွေ့ရတယ်။ သစ်ဝါးနဲ့ရှားတာ တွေ့ရတယ်၊ အဲဒီမှာရှိတဲ့ လူမျိုးစုတွေဟာ သူတို့ရဲ့ရိုးရာ ကပွဲတွေနဲ့ပြန်လည် ဖြေဖျော်ကြပါတယ်။ စုမောင်မြို့ကနေ တခြားနေရာတွေ သွားလေ့လာဖို့က ရောက်တာကလည်း နောက်ကျပြီး သွားရမဲ့ အခြားကိစ္စတွေလည်း ရှိသေးတာမို့ ကူမင်းမြို့လောက်ဘဲ သွားလေ့လာခဲ့ ပါတယ်။ တောင်ပေါ်မြို့ဖြစ်ပေမဲ့ လူဦးရေ တသန်းကျော်ရှိတယ်။မြို့ကွက်တော်တော် ကြီးတယ်။ စက်မှု၊ လက်မှုလည်း ထွန်းကားတယ်။ ကျနော်တို့ ရက်ပေါင်း (၂၀)လောက်သွားလေ့လာခဲ့တယ်။ ကူမင်းမြို့မှာ လူမျိုးစု တက္ကသိုလ်ရှိတယ်။ အဲဒီတက္ကသိုလ်မှာ ဗမာပြည်မှာရှိတဲ့ လူမျိုးစုတော်တော်များများရှိတာ တွေ့ရတယ်။ ကချင်နှင့် ရှမ်းတွေလည်းရှိတယ်။

ဗမာပြည်မှာရှိတဲ့ ကရင်၊ မွန်၊ ဗမာ ကလွဲရင် ကျန်တဲ့တိုင်းရင်းသားတွေကို အဲဒီမှာလည်း ရှိနေတာ တွေ့ရပါတယ်။ မြောင်၊ လားဟူ၊ ဝ၊ ကချင်၊ ရှမ်းတို့ဖြစ်တယ်။ ရှမ်းလူဦးရေဟာ ဗမာပြည်မှာ ရှိဒါထက် တရုပ်ပြည်ထဲမှာ ပိုများဒါတွေ့ရတယ်။ ရှမ်းအနေနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး တိုင်း (၂)တိုင်းရှိတယ်။ အရှေ့တောင်တိုင်း (၅)တိုင်းကို ဟိုအရင်ဦးနုခေတ်က တခေါက်ရောက်ဖူးခဲ့တယ်။ ကျနော်တို့ကို စုမောင်မြို့မှာဧည့်ခံကျွေးမွေးတဲ့ နေရာကို ဦးနုကပဌမ ဦးဆုံးရောက်ခဲ့ပါတယ်။ ပြီးတော့မြောက်ဖက်မှာလည်း တိုင်းတခုရှိတယ်။ ကချင်မှာလည်း ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းရှိတယ်။ လူမျိုးစု ကိုယ်ပိုင် အုပ်ချုပ်ရေးဖက်မှာဆိုရင် ဥပမာ ခရိုင်တခုမှာ ပါတီဖက်မှာဆိုရင် လားဟူကတစ်ခရိုင်၊ ကရင်နီ နောက်ပိုင်းကျတော့ "ဝ" တို့ဖြစ်တယ်။ တရုပ်ပြည်ထဲမှာ အဲဒီလို တွေ့ရတာရှိတယ်။ လူမျိုးစု တက္ကသိုလ်မှာ ကျနော်တို့သွားလေ့လာတော့လူမျိုးစုစာကို သူတို့ပြန်ဖော်ထုတ်ပြီးသင်တန်းပေးတယ်။ ဘာသာစကားနှင့်ပတ်သက်တာ သူတို့ တော်တော် မြန်တယ်။ တနှစ်အတွင်း ဒီလူမျိုး စုတွေဟာသူတို့ပြောတဲ့ ဘာသာစကားရော၊ တရုပ်ဘာသာ စကားရော နှစ်ခုစလုံးကိုရေးနိုင် ပြောနိုင်ရုံ မကဘဲ ကျွမ်းကျင်စွာဘာသာပြန် နိုင်ခဲ့ပါတယ်။ အပြန်အလှန်လုပ်ကြတယ်။ တရုပ်ပြည်က ပို့တဲ့စာတွေကို သူတို့ ဘာသာနှင့် ပြန်ဆိုတယ်။ သူတို့အခြေအနေနှင့် စာပေတွေ ဒီလိုဆောင်ရွက်နိုင်ကာ တွေ့ရတော့ တော်တော်အားရမိတယ်။ စက်ရုံ၊ အလုပ်ရုံတွေနှင့်ပတ်သက်ပြီး သံမဏိထုတ်လုပ်ရေး စက်ရုံတခုမှာ အလုပ်သမား (၂)သောင်းကျော်ရှိတယ်။ တော်တော် ကြီးကျယ်တာ တွေ့ရတယ်။ အဲဒီမှာ သံမဏိကိုကျိုတဲ့ဖို (၅)ခု ရှိတယ်။ အလုပ်သမားတွေရဲ့ လုပ်ငန်းခွင်အခြေအနေ၊ သူတို့ရဲ့စားသောက်မှု တွေကို လေ့လာခဲ့ရတယ်။ သူတို့ တပ်မတော်နှင့် ပတ်သက်ပြီးပြည်သူ့စစ်ကို ဘယ်လိုဖွဲ့စည်းသလဲ၊ ဘယ်လို လက်နက် တပ်ဆင်သလဲ၊ ဘယ်လို သဘောတရားတွေ ပေးသလဲ ဆိုတာတွေကို ကျနော်တို့ လေ့လာ ခဲ့ရပါတယ်။ စက်ရုံ၊ အလုပ်ရုံတွေ စက်ပစ္စည်းတပ်ဆင်မှုတွေကိုလည်း လေ့လာခဲ့တယ်။

ပညာရေးကဏ္ဍကို လေ့လာရာမှာ ထူးထူးခြားခြား တခု တွေ့ရတယ်။ ဗလ (၅)တန် ရှိတဲ့နေရာမှာကာယဗလ၊ ဉာဏဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ၊ ဘောဂဗလ စတဲ့ကျောင်းတွေဖြစ်တယ်။ အဓိက ရှေ့တန်းတင်တာက (၁) စာရိတ္တဗလ၊ (၂) ကာယဗလ၊ (၃) ဉာဏဗလ ဆိုတဲ့ အဆင့်အလိုက်အဓိက လုပ်ဆောင်မှုတွေ သတ်မှတ်ထားတယ်။

တိုင်းပြည်တပြည်ကို တူထောင်တဲ့နေရာမှာ ပညာတတ်တာနဲ့ မပြီးဘူး။ ကိုယ်ကာယ ကျန်းမာတာနဲ့လည်း မလုံလောက်ဘူး။ အခြေအနေ အကျဆုံးကတော့ စာရိတ္တ ကောင်းဘို့ဖြစ်တယ်။ အထူးသဖြင့် မျိုးချစ် ပြည်ချစ်စိတ် ရှိဘို့၊ ကိုယ့်အား ကိုယ်ကိုးဘို့နဲ့ သူတပါးကို

ကူညီဘို့ စတဲ့ ပေါ်လစီနဲ့ ပတ်သက်တာတွေကို လေ့လာခဲ့ရပါတယ်။ ဒုတိယအဆင့်ကတော့ ကျန်းမာ သန်စွမ်းမှု ရှိဘို့ဖြစ်တယ်။ ကျန်းမာ ချမ်းသာမှ တိုင်းပြည်ကို အကျိုးပြုနိုင်မယ်ဆိုပြီး၊ အလေးထား ကြတယ်။ ဉာဏ ဗလ စတဲ့ ပညာတတ်ဖို့ စာပေ သင်ကြားရေး ဆိုတာတွေကို တတိယ နေရာမှာ ထားတယ်။ ဒါဟာ ထူးခြားချက် တခု ဖြစ်တယ်။

* ဗမာနိုင်ငံလုံးနှင့် ပတ်သက်ပြီး၊ ဗကပ ကလည်း သူ့ဟာနဲ့ သူပေါ့လေ။ **K.N.U.** ကလည်း၊ **N.D.F.** စတဲ့ အဖွဲ့နှင့် နေဝင်း ဆန့်ကျင်ရေး လုပ်နေတာဘဲ။ အဲဒီတော့ တိုင်းပြည်မှာ ရှေ့လျှောက် ဘယ်လို အခြေအနေမျိုး ရှိမလဲ။ စည်းလုံးရေး၊ **(Unity,)** နဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ရင် ကောင်းမလဲ ဆိုတာ၊ ဆရာကြီးရဲ့ သဘောထားကို ဖော်ပြပေးဘို့ မေတ္တာရပ်ခံပါတယ်။

❖ ပဌမဦးဆုံး ဗကပ နဲ့ ပတ်သက်ပြီး နည်းနည်း ဆက်ပြောချင်ပါတယ်။ ဗကပ ဟာ ၁၉၆၈ ခုနှစ်မှာစပြီး၊ ဗမာပြည်ထဲကို ပြန်ဝင်လာတယ်။ ပဌမအဆင့်မှာတော့ အောင်ပွဲတွေ တော်တော်ရခဲ့တယ်။ နောက်ပိုင်းကျတော့ သူတို့ ရှေ့သိပ်မတိုးနိုင်ခဲ့ဘူး။ ပြောရမယ်ဆိုရင်၊ ဒီနေ့အထိဘဲပေါ့။ မတိုးနိုင်တဲ့ ကိစ္စက အကြောင်းရှိမယ်လို့ ကျနော်ထင်တယ်။ ကျနော်တို့ မြောက်ဘက် ချီတက်တုန်းက ဗကပရဲ့ "အခိုင်အမာ ပေါ်လစီ" ဆိုပြီး အရှေ့ပိုင်း စစ်ဒေသကနေပြီးတော့ ထုတ်ထားတဲ့ သူတို့ စာစောင်ထဲမှာ တွေ့ခဲ့၊ ဖတ်ခဲ့ရတယ်။ သူတို့ တိုက်လို့ သိမ်းပိုက်နိုင်မယ် ဆိုရင် အဲဒီနေရာဟာ သူတို့ရဲ့ နယ်မြေဘဲလို့ "အခိုင်အမာ ပေါ်လစီ" ထဲမှာ သူတို့ ပြဌာန်းထားခဲ့တယ်။ ပြဌာန်းတဲ့အတိုင်း လက်တွေ့မှာ ဒီလိုဘဲ လုပ်တယ်။

ဒီလို ကျင့်သုံးတော့ မြောက်ပိုင်းမှာဆိုရင် ကချင်နဲ့ ပြဿနာ ဖြစ်ခဲ့တယ်။ ဖြစ်ပုံကတော့၊ ကချင် လက်နက်ကိုင် တော်လှန်ရေးဟာ ၁၉၆၂ ခုနှစ်မှာ စတင်ဖြစ်ပေါ်ခဲ့တယ်။ ဖြစ်တော့ သူတို့လည်း နယ်မြေတွေ သိမ်းပိုက်ခဲ့တယ်။ ရှမ်းပြည်မြောက်ပိုင်းဆိုရင် ကချင် **(Kachin State Service)** ရှိထားတယ်။ ကချင်တော်လှန်ရေး အနေနဲ့ဆိုရင် တပ်မဟာ (၄)၊ အဲဒါ သူတို့ရဲ့ ဧရိယာ ဖြစ်တယ်။ ကချင်အမျိုးသား တော်တော်များများ ရှိခဲ့တယ်။ သူတို့လည်း မြို့ငယ်လေးတွေ ရန်သူစခန်းတွေကို တော်တော် သိမ်းနိုင်ခဲ့တယ်။ နောက်ပိုင်း ဗကပ ပါလာတော့၊ ရန်သူရှိတဲ့နေရာမှာ သူတို့ တိုက်တော့ သူတို့ရတယ်။ ဒီလို ဗကပရဲ့ အဓိကအင်အားနဲ့တိုက်လို့ရတဲ့ နေရာမှာ နောက်ပိုင်းက ဗကပ ကို အားဖြည့်ပြီး ဝင်တိုက်တာဖြစ်တယ်။ ဒီ နေရာကတွေလည်း ပဌမတော့ ကေအိုင်အေ နေရာ၊ ကေအိုင်အေလူထု၊ဗကပ က ဒီနယ်မြေတွေ ရသွားတော့ ဒီနယ်မြေပါဗကပရဲ့ နယ်မြေ ဖြစ်သွားတယ်။ ဒီ နေရာမှာ ကချင်ဟာ သူတို့ရဲ့လူထု ကိုတောင် သူတို့ စည်းရုံးပိုင်ခွင့် မရှိ တော့ဘူး။ သွားတာလာတာ အချုပ် အချယ်နဲ့ သွားရတယ်။

ပဌမ ဗကပ ပြန်လာတုံးက ကချင်တွေ တော်တော် ကူညီပေးခဲ့တယ်။ ဥပမာ ဗကပ လားရှိုးကို သွားတိုက်တဲ့အထိ ဖြစ်ခဲ့တယ်။ မသိမ်းနိုင်ခဲ့ပေမဲ့ အောင်ပွဲတွေ ရခဲ့တယ်။ ရှမ်းပြည်မြောက်ပိုင်းမှာဆိုရင် မူဆယ်၊ မိုးမိတ် ဗကပ ရှိတဲ့ နေရာတွေအထိ သူတို့ရခဲ့တယ်။ နောက်ပိုင်း သူတို့အခိုင်အမာ ပေါ်လစီအတိုင်း တိုက်ပြီး သိမ်းလို့ရသည့် သူတို့နယ်မြေလို့ သတ်မှတ်လာတော့ ကချင်က နဂိုက သူတို့ရဲ့နယ်မြေမှာ ဘာမှ လုပ်လို့မရတော့ဘူး။ ဒီလိုနဲ့ ကချင်တွေ စိတ်မကောင်း ဖြစ်လာရာက ဗကပ ကို မဆန့်ကျင် ပေမဲ့ အကူအညီမပေးတော့ဘူး။ ဗကပ ရဲ့ ဆန့်ကျင်ဘက်ကိုလည်း အကူညီမပေးခဲ့ဘူး၊ နောက်ပိုင်း ဗကပ နဲ့ ကချင်လက်နက်ကိုင် ပဋိပက္ခ ဖြစ်ခဲ့တာတွေရှိခဲ့တယ်။ ဒါဟာ ဗပက ရဲ့ နယ်မြေသတ်မှတ်ချက် အခိုင်အမာ ပေါ်လစီကြောင့် ဖြစ်တယ်။ ကချင်ရဲ့ အကူအညီ မရတော့ ဗကပ လည်း ရှေ့ဆက်မတိုးနိုင်ဘူး၊ ဒီလိုပြဿနာရှိတာ ကျနော်တို့ တွေ့ရတယ်။ ဗကပ၊ ကချင် ညှိနှိုင်းရေး အတွက် တွေ့ဆုံမှုတွေလုပ်ပြီး စာချုပ် (၃)ခုချုပ်ခဲ့တယ်။ ဒါပေမဲ့ ဗကပ က လက်ရှိမှုကိုဘဲ ဆက်ကျင့်လို့ ကချင်ဟာ ချုပ်ဆိုတဲ့ စာချုပ်ကို မီးရှို့လိုက်ရတာဘဲ၊ ဒါက ကေအိုင်အေကိုယ်တိုင် ပြောလို့ သိခဲ့ရတယ်။ နောက်ပိုင်း အခိုင်အမာ ပေါ်လစီ တခုကတော့ အလွှာ (၃)ခု ပေါ်လစီဘဲ။ တိုးတက်တဲ့ အလွှာ၊ အလယ်အလတ် အလွှာ၊ နောက်ကျတဲ့ အနိမ့်ဆုံး အလွှာဆိုပြီး သတ်မှတ်ထားတယ်။ တိုးတက်တဲ့ အလွှာက လူတွေကို စည်းရုံးပြီး သူတို့လူအဖြစ် သိမ်းသွင်းတယ်။ အလယ်တန်း အလွှာ ကတော့ ကြားထိုင် အလွှာဖြစ်တယ်။ ဖောက်ပြန်တဲ့ အလွှာကတော့ ပြတ်သားစွာ ဆုံးဖြတ်ချက် ချထားတဲ့ ပေါ်လစီ ဖြစ်တယ်။ ဒီပေါ်လစီအတိုင်း ကျင့်သုံးတယ်။ ဒီပေါ်လစီကိုလည်း တရုပ်ပြည် တော်လှန်ရေးကာလ မော်စီတုန်းကနေ ချန်ကေရှိတ် အုပ်စုကို တိုက်တဲ့အခါမှာ ချမှတ်ကျင့်သုံးတဲ့ ပေါ်လစီအတိုင်း ဖြစ်တယ်။ သူတို့ အခြေအနေနဲ့ လုပ်ဆောင်ခဲ့လို့ အောင်မြင်ခဲ့တယ်။ ဗကပ က လူမျိုးစု အဖွဲ့စည်းတွေထဲမှာ ဒီပေါ်လစီကို ကျင့်သုံးတော့ အခြေအနေတွေဟာ တရုပ်ပြည် တော်လှန်ရေးကာလနဲ့ မတူလို့ မညီညွတ်မှုတွေ ပေါ်ပေါက်လာခဲ့တယ်။ ဥပမာ ကချင်လူမျိုးစုနဲ့ ဆက်ဆံတဲ့အခါ ဗကပ က ကချင်အဖွဲ့အစည်းထဲက လူအချို့ကို စည်းရုံးပြီး ဗကပ ကို ထောက်ခံသူ ဖြစ်အောင်လုပ်တယ်။ စည်းရုံးလို့ မရသူကို ဆန့်ကျင်မှု သဘောရှိလို့ အပြုတ်တိုက်ရမယ် ဆိုတဲ့အခါ လူမျိုးစုထဲမှာ မညီမညွတ်တွေ ဖြစ်လာတယ်။ ဒီလိုဖဲ့ထုတ် စည်းရုံးတာရော၊ ခွဲခြမ်းတိုက်တာရော၊ လုပ်လာတော့ အဖွဲ့အတွင်း ပြဿနာတွေ ပေါ်လာတယ်။ ရလဖ (ရှမ်းပြည် လူမျိုးစုများ အဖွဲ့)ဖွဲ့တုန်းကလည်း ဒီပေါ်လစီကြောင့်ဘဲ ဖြစ်တယ်။ ရှမ်းထဲမှာလည်း ဒီပေါ်လစီကို

ကျင့်သုံးတာကြောင့် သူတို့ လူမျိုးစုထဲမှာ ကွဲပြားမှုတွေ ဖြစ်ပေါ်လာခဲ့ရတယ်။

ဒီတော့ တော်လှန်ရေး အင်အားစုတွေ အားနည်းသွားခဲ့ရတယ်။ ဒါကြောင့် ဗမာပြည်ရဲ့ တော်လှန်ရေး တခုလုံးကို ထိခိုက်သွားတယ်လို့ ကျနော် မြင်တယ်။ ဒါကြောင့် ဘုံရန်သူကို တိုက်ခိုက်ရေးအတွက် ဗကပ ဟာ၊ ဒီအခိုင်အမာ ပေါ်လစီ နှစ်ခုကို ပြန်စဉ်းစားသင့်တယ်။ ဒါမှ မှန်မှန်ကန်ကန် ကိုင်တွယ် ဖြေရှင်းနိုင်တဲ့ နည်းလမ်းတွေ ရရှိမှာ ဖြစ်တယ်။ စည်းလုံးမှု၊ ညီညွတ်မှု၊ နားလည်မှုအပေါ်မှာ မှန်ကန်တဲ့ အခြေခံမှုမျိုး ဖြစ်ရမယ်။ ကျနော် ဒီလိုဘဲမြင်တယ်။ ဒီနေ့ ဗကပ အနေနဲ့ဆိုရင် သမိုင်း အစဉ်အလာ ကြီးမားတဲ့ ပါတီအဖွဲ့ အစည်းတခု ရှိတယ်။ အလုပ်သမား ပါတီ တခုအနေနဲ့ဆိုရင် ရှေ့ဆောင်မှု တာဝန်တွေ၊ သူတို့မှာ အများကြီး ရှိတယ်။ ရှေ့ဆောင်မှုဆိုတာ တောင်းယူလို့ ရတာ မဟုတ်ဘူး။ လက်တွေ့ လုပ်ဆောင်မှု လုပ်ရင်းနဲ့ ခေါင်းဆောင်မှုကို ရယူဘို့ ဖြစ်တယ်။ ဒါကလည်း ဥက္ကဋ္ဌ မော်ရဲ့ သဘောတရား စာစောင်ထဲမှာ ဒီလိုဘဲ ချမှတ်ထားတာ ရှိပါတယ်။ ဗကပ ဟာ မာက်စ်၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို လက်ခံမယ်ဆိုရင် လက်တွေ့ကျကျလည်း ဒီအတိုင်း လုပ်ဆောင်သင့်တယ်လို့ ကျနော်မြင်တယ်။ လက်တွေ့ကျတော့ ခေါင်းဆောင်မှုကို အတင်းတောင်းယူတဲ့ ပုံစံမျိုး ဖြစ်နေတယ်။

ကေအဲန်ယူ ပါတီအနေနဲ့ ကျင့်သုံးခဲ့တာတွေ၊ အခြား အဖွဲ့အစည်းက ကျင့်သုံးခဲ့တာတွေမှာ ဒီလိုဖြောင့်တောင်းဆိုခဲ့တာတွေ ရှိတော့ လူထုကို ခေါင်းဆောင်လို့ ရသင့်သလောက် မရဘူး။ ပြီးတော့ ခွဲပြီးစည်းရုံး တာတွေ လည်း ရှိတယ်။ ကျနော်တို့ ခုလို ဗကပ ကို ဝေဖန်တာဟာ အပြုသဘောမျိုး ဖြစ်ပါတယ်။ ကျနော်တို့ဟာ ကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီး ဖြစ်မြောက်ရေးအတွက် ရည်ရွယ်ပြီးတော့ နောက်အချက်က အလုပ်သမား ပါတီတခုအနေနဲ့ လက်တွေ့ လုပ်ဆောင်တဲ့နေရာမှာ အခြေအနေနဲ့ ကိုက်ညီအောင် လုပ်ဆောင်နိုင်ဘို့ ဒီရည်ရွယ်ချက်နဲ့ သုံးသပ်တာ ဖြစ်တယ်လို့ ကျနော်ပြောချင်တယ်။

ကျနော်တို့ ကေအဲန်ယူထဲမှာ လည်း၊ တပ်ပေါင်းစုနှင့် အာဏာသိမ်းမယ်လို့ သဘောထားတွေ ရှိတယ်။ ဗမာပြည်မှာလည်း လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းတွေ တော်တော်များများရှိတယ်။ တပ်ပေါင်းစုနဲ့ ပတ်သက်ပြီး ကျနော်တို့ အကြိမ်ကြိမ် ကြိုးစားခဲ့တယ်။ ကျနော်တို့ ကရင်တော်လှန်ရေးအနေနဲ့ အကြိမ်ပေါင်း မနည်းဘူး။ ကြိုးစားခဲ့တယ်။ ဒီတပ်ပေါင်းစု တွေဟာ စာရွက်ပေါ်မှာဘဲ ကျန်ခဲ့ကြတယ်။ ဥပမာ လူမျိုးစု တပ်ဦးနှင့် ပတ်သက်တာ၊ ကျနော်တို့ ၁၉၆၅ ခုနှစ်မှာ တလညတ (တိုးတက်သော လူမျိုးစုများညီညွတ်ရေး တပ်ဦး)၊ ၁၉၆၀ ခုနှစ်မှာ လ လ မ ဖ (လူမျိုးစုများ လွတ်မြောက်ရေး အဖွဲ့) နောက်ပြီးတော့ လညတ (လူမျိုးစုများ ညီညွတ်ရေး တပ်ဦး)၊ ညလတ (ညီညွတ်သောလူမျိုးစုများတပ်ဦး)ဆိုပြီး၊ ကျနော်တို့ တောက်လျှောက် ဖွဲ့စည်းခဲ့တယ်။

အခု ကျနော်တို့ မဒတ ရှိတယ်။ မဒတ က လွန်ခဲ့တဲ့ နှစ်ကဆိုရင် ကျနော်တို့ တစုံတရာစပြီး လှုပ်ရှားတယ်။ ပူးတွဲစုပေါင်းပြီး စစ်သင်တန်းတွေ ပေးနိုင်ခဲ့တယ်။ ဗိုလ်လောင်း သင်တန်းအထိ ပေးနိုင်ခဲ့တယ်။ ပေးနိုင်တဲ့ အပေါ်မှာ တော်တော် တက်တက်ကြွကြွ ဖြစ်လာတယ်။ မဒတအပေါ် ယုံယုံကြည်ကြည်နဲ့ အစားထိုးကြတယ်။ အားကိုးကြတယ်။ ဒါပေမဲ့ နောက်ပိုင်း တပ်ပေါင်းစုနဲ့ ပတ်သက်တာ လှုပ်ရှားမှု ရှိတန်သလောက် မရှိဘဲ လျော့နည်း လာတာတွေကို ကျနော်တို့ မြင်လာတယ်။ ကျနော်တို့ဟာ ဘုံရန်သူကို တိုက်ခိုက်နိုင်ဘို့ ညီညီညွတ်ညွတ်နဲ့ တပ်ပေါင်းစု အခန်းကဏ္ဍမှာ ကျနော်တို့ ချမှတ်တဲ့မူကို တိတိကျကျ အကောင်အထည် ဖော်နိုင်ဘို့ လိုအပ်တယ်။

ဗမာပြည်မှာ လက်နက်ကိုင် တော်လှန်ရေး အင်အားစုတွေ အားလုံး စုစည်းနိုင်မှ ကျနော်တို့အတွက် တော်လှန်ရေး အောင်ပွဲခံမယ်လို့ မြင်တယ်။ ဥပမာ မြောက်ဘက်မှာ ဗကပ အနေနဲ့ အင်အား ကြီးကြီးမားမားနဲ့ လှုပ်ရှားနေပေမဲ့ ရှေ့ကို သိပ်မတိုးနိုင်ဘူး။ ၁၉၆၈ ခုနှစ်တည်းက စဝင်လာတာ ရှမ်းပြည်မှာ တစ်နေတယ်။ တခါတခါ သံလွင်မြစ်အရှေ့ဘက်ကို ကူးရတဲ့ အနေအထားမျိုး

# လွတ်လပ်သော ကရင့်သမိုင်းသုတေသနအသင်း။

**Independent Karen Historical Research Association**
**No. 35, Moo 1, Tam Bon Nong Loo**
**Sangkhlaburi 71240**
**Kangchanaburi Province**
**Thailand**

ရှိနေတယ်။ ဒါကို ကြည့်ပြီး ပြောရမယ်ဆိုရင် သူ့လူမျိုးစုအပေါ် ထားတဲ့ သဘောထားနှင့် အမျိုးသားရေး ပေါ်လစီကို မှန်မှန်ကန်ကန် ဖြေရှင်းနိုင်ဘို့ လိုတယ်လို့ ကျနော်မြင်တယ်။ ဒီလို ဖြေရှင်းနိုင်ဘို့ကတော့ လက်ရှိဗမာပြည် အနေအထားအရ အမှန်ဆုံးက ဖက်ဒရယ်ပြည်ထောင်စု စစ်စစ် သဘောထားအမြင်အပေါ်မှာ တန်းတူရည်တူနဲ့ လူမျိုးတိုင်း ကြီးငယ်မရွေး အခွင့်အရေး တူညီမှုနှင့် ဖွဲ့စည်းထားဘို့ လိုပါတယ်။ ဒီမိုက ပြောရမည်ဆိုရင် လူမျိုးစု အပေါ်ထားတဲ့သဘောထားနှင့် အမျိုးသားရေး ပေါ်လစီကို မှန်မှန် ကန်ကန် ဖြေရှင်းနိုင်ဘို့ လိုတယ်လို့ ကျနော်မြင်တယ်။ ဒီလို ဖြေရှင်းနိုင်ဘို့ ကတော့ လက်ရှိဗမာပြည် အခြေအနေအရ အမှန်ဆုံးက ဖယ်ဒရယ်ပြည်ထောင်စု စစ်စစ် သဘောထားအမြင် အပေါ်မှာ တန်းတူရည်တူနဲ့ လူမျိုးတိုင်း ကြီးငယ် မရွေး အခွင့်အရေး တူညီမှုနှင့် ဖွဲ့စည်း ထားဘို့လိုပါတယ်။ ဒီမိုကရေစီ ကျကျ ဖြစ်အောင် ဖွဲ့စည်း လုပ်ဆောင်သွားရမယ်။ ဗကပ အနေနဲ့ တရုပ်ပြည် ပုံစံအတိုင်း ဆိုရင်၊ ဒါဟာ ကျနော်တို့ အခြေအနေနဲ့ မကိုက်ညီဘူး။

ဒီတော့ ဗကပ အနေနဲ့ဆိုရင် ခုလက်ရှိ ဗမာပြည် လက်နက်ကိုင် အဖွဲ့အစည်းထဲမှာ အင်အား အကြီးဆုံး ဖြစ်ပြီး၊ နိုင်ငံတကာ ထောက်ခံ အားပေးမှုလည်း ရတယ်။ ရန်သူ အနေနဲ့လည်း ဗမာပြည်မှာရှိတဲ့ တပ်မတွေ ဖွဲ့စည်းထားတဲ့ နေရာမှာဆိုရင် တပ်မ (၆၆)ဟာ မြောက်ပိုင်းမှာ ဗကပ နဲ့ ရင်ဆိုင်နေရတယ်။ ဒါကြောင့် ဗကပ အင်အားဟာ မနည်းဘူး။ ဒီအင်အားဟာ ရန်သူကို အပြုတ်တိုက်နိုင်ပြီး ရန်ကုန်ကို သိမ်းနိုင်မယ်။ ရန်ကုန်ကို သိမ်းနိုင်မှလည်း ရန်သူကို အပြုတ်တိုက်နိုင်မယ်။ ဒီ အင်အားကြီးတဲ့ အဖွဲ့အစည်းဟာ အနည်းဆုံး လူမျိုးစုတွေနဲ့ ဒီမြေပေါ်မှာ နားလည်မှု ရိုက်ထူပြီး လုပ်ဆောင်သွားဘို့ လိုတယ်လို့ ကျနော်မြင်တယ်။ ဒါ ကျနော့် ပုဂ္ဂိုလ်ရေးအရ အမြင် ဖြစ်တယ်။

ဒါကြောင့် မြန်မာပြည် လက်နက်ကိုင် တော်လှန်ရေး အောင်ပွဲရရေး အတွက်ဆိုရင် အထူးသဖြင့် နိုင်ငံရေးအရ ဖက်ဒရယ်သစ် ဖွဲ့စည်းရေးအပေါ်မှာပြည်ထောင်စုတွင်းရှိ လူမျိုးတိုင်း တန်းတူ အခွင့်အရေး ရဘို့လိုတယ်။ တပ်ပေါင်းစုနဲ့ ပတ်သက်ပြီးတော့လည်း အလေးထားဘို့ လိုတယ်။ ကြိုးစားဘို့ လိုတယ်။ ကြိုးစားတဲ့နေရာမှာ ကျနော်တို့မှာ ရှိတတ်တဲ့ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးနဲ့ မဟာလူမျိုးကြီးဝါဒကို ဘိုက်ရမယ်။ တခါတရံ ကျဉ်းမြောင်းတဲ့ အမြင်ကို တိုက်ရင်းနဲ့ မဟာ ဖြစ်ခဲ့တာတွေ ရှိတယ်။ နောက် မဟာကို တိုက်နေရင်းနဲ့ ကျဉ်းမြောင်းတာတွေ ဖြစ်သွားတယ်။ ဒီအစွန်း နှစ်ဘက်ကို ရှောင်ရှားပြီးတော့ မှန်မှန်ကန်ကန် လုပ်ဆောင်သွားနိုင်ဘို့ ကျနော်တို့ ကြိုးစားကြရမယ်။

❖ ❖ ❖

## မြောက်ပိုင်းခရီးစဉ်– မှတ်တမ်း

ကေအဲန်ယူပါတီ၏ မြောက်ပိုင်း ခရီးစဉ်တွင် (၂)ကြိမ်တိတိ ကြုံးပမ်းခဲ့သည်။ ၁၉၆၈ ခုနှစ် ဇန္နဝါရီလ တကြိမ် ၁၉၆၉ ခုနှစ် မေလတွင် တကြိမ် ကြုံးပမ်းခဲ့သည်။

**၁၉၆၈ ခုနှစ် ဇန္နဝါရီလ။**

အဖွဲ့ခေါင်း ဆောင်အဖြစ် ဗ/မ ဘော်လွင်၊ အဖွဲ့ဝင်များမှာ မန်းရှာလာဖန်း၊ မန်းခွါ (စောဘာဘာ)၊ စောသမိန်ထွန်း၊ စောသိန်းလွင်၊ (ဗိုလ်ချုပ်ကျော်မြသန်း မွေးစားသား)၊ စောတယ်ပလယ် (စနောထူ)၊ စောဝါး (တရုပ်လူမျိုး)၊ ဆရာဟုန်စုလျှန် (တရုပ် ကေဒါ– ကရင်ကိုယ်စားလှယ်)၊ ဗဒိုအားကော(ရှော့စနီ)

**ဇန္နဝါရီခရီးစဉ်။**

၁၉၆၈ ခုနှစ် ဇန္နဝါရီလပထွက်ပြီး ရှမ်းဗဟိုသို့ ရောက်သည်။ ရှမ်းနှင့် ဗ က ပ ပဋိပက္ခ၊ ကချင် နှင့် ဗ က ပ ပဋိပက္ခကြောင့် စစ်ပွဲများ ဖြစ်နေသောကာလဖြစ်သည်။ တောင် ကြီးသို့ရောက်ပြီး ဗ /မ ကါကယ်၊ ဗိုလ်မှူး စံသိန်း၊ ဗိုလ်မှူး လှမောင်နှင့် တွေ့ဆုံ၊ ခရီးဆက်ထွက် နိုင်ခြင်းမရှိ၊ ၆၈ နှစ်ကုန်တွင် ကေအဲန်ယူပီ ဗဟိုသို့ ပြန် ရောက်သည်။

**၁၉၆၈ ခုနှစ် မေလ။**

အဖွဲ့ခေါင်းဆောင် ဗိုလ်အေးဟန်၊ အဖွဲ့ဝင်များမှာ မန်းရှာလာဖန်း၊ မန်းခွါ (စောဘာဘာ)၊ စောသိန်းလွင် (ဗိုလ်ချုပ်ဘော်ထူး မွေးစားသား)၊ သမိန်ထွန်း၊ ပါစကာခေါ် စောအယ်ဘော၊ စောဝါး (တရုပ်လူမျိုး)၊ စောဝါဝါ (ကေအဲန်ယူ) ဆရာဟုန်စုလျှန် (တရုပ် ကေဒါ၊ ကရင်ကိုယ်စားလှယ်)၊

**ခရီးစဉ်။**

၁၉၆၈ ခုနှစ် မေလတွင် တောင်ငူ ဘောဂလိအနီး ဟိုးစီးရွာမှ စထွက်၊ ကချင်ပြည်နယ် မရမ်းမြို့ (နမ္မတူသကြားစက်) ကေအိုင်အေ ဗ/မ ကြီးဇော်ဆိုင်းမှ လာရောက်ကြိုဆိုသည်။ ကေအိုင်အေ ဗဟိုဌာနချုပ် "ပါကြောင်" သို့ ရောက်သည်။ တလလောက် နေပြီး အောက်တိုဘာလတွင် တရုပ်ပြည်သို့ ရောက်သည်။

တရုပ်ပြည်တွင် အတွေးအခေါ် လေ့လာ ရေးများ လုပ်သည်။ တရုပ်ပြည် ရင်ကျန် မြို့မှတဆင့် ပေါက်တန်မြို့သို့ ရောက် သည်။ ၁၉၇၀ ခုနှစ် ဖေဖေါ်ဝါရီလတွင် တရုပ်ပြည်မှ ပြန်ရောက်ပြီး မြန်မာပြည် တွင်းသို့ ပြန်ဝင်လာသည်။ ဗ က ပ တပ်ဖွဲ့များနှင့်အတူ ဝင်လာသည်။ မုန်းကို ရောက်၊ မုန်းကိုမှ ပြန်ထွက်ရာ ခင်မောင် ကြီး၊ သခင်ဖေတင့် တို့နှင့် တွေ့ဆုံသည်။ မုန်းကိုရွာ အရှေ့ဖက် မိုးကုတ်နယ် ရောက်ပြီး ကျောက်မဲမြို့ အဖြတ်တွင် တိုက်ပွဲများဖြစ်ပွားရာ အဖွဲ့ခေါင်းဆောင် ဗိုလ်အေးဟန် ကျဆုံးသည်။

❖ ❖ ❖

စာမျက်နှာ (၁၀၇) ကော်လံ (၂)သို့-

# လူမျိုးစုများအပေါ် အတန်းအစားခွဲခြားမှု လူမျိုးစုအခွင့်အရေးဆိုင်ရာကမ္ဘာ့ကုလသမဂ္ဂ၏ သုံးသပ်ချက်ကျေညာစာတမ်း

## (၁၁)ကြိမ်မြောက် အလုပ်အမှုဆောင်ဝင် များမှ သဘောတူကျေညာချက်မူကြမ်း

"လူမျိုးစုငယ် လေးများ၏ အခွင့်အရေးအပေါ် ကုလသမဂ္ဂ၏ ကြေငြာချက် မူကြမ်းကို အသေးစိတ် ပြန်လည်သုံးသပ် ဝေဖန်ခြင်း။

(၁၁)ကြိမ်မြောက် အစည်းအဝေး ဆိုင်ရာ အဖွဲ့ဝင်များနှင့် အကျိုးဆောင် များ၏ မူကြမ်းအရ၊

လူမျိုးစုများသည် အခြားသော လူမျိုးများ နည်းတူ တန်းတူ အခွင့်အရေးနှင့် ဂုဏ်သိက္ခာ ရှိသည်မှာ အခိုင်အမာ ဖြစ်သည်။ လူမျိုးစုငယ်များ၏ အခွင့်အရေးများမှာ သီးခြားရှိရမည့် နည်းတူ၊ မိမိတို့သည် သီးခြားဖြစ်သည် ဟုလည်း သတ်မှတ်နိုင်ပြီး၊ သီးခြားစွာ အလေးထားမှု ရှိစေရမည်ကို အခိုင်အမာ အသိအမှတ်ပြုသည်။

လူသားအားလုံး၏ အမွေအနှစ်များဖြစ်သော ဓလေ့ထုံးတမ်း ကွဲပြားသော၊ ကြွယ်ဝသော ယဉ်ကျေးမှုများသည် လူမျိုးအားလုံးနှင့် အကြုံးဝင်ကြောင်းလည်း အခိုင်အမာဆိုသည်။

အမျိုးသားဇီဇ၊ အသားအရောင်၊ ဘာသာရေး၊ လူမျိုးနှင့် ယဉ်ကျေးမှု ကွဲပြားမှုများအပေါ် အခြေခံသော ဝါဒ၊ သဘောတရားနှင့် လက်တွေ့ဆောင်ရွက်ချက်များသည် ပုဂ္ဂလိကနှင့် အမျိုးသား မဟာဝါဒ များစွာရှိ၍ လူမျိုးရေးအရ ကျဉ်းမြောင်းခြင်း၊ လက်တွေ့မှားယွင်းခြင်း၊ တရားမဝင်ခြင်း၊ မပြည့်စုံခြင်းများသာ ဖြစ်သည်။ လူမှုရေးအရ တရားမဲ့ရာ စိတ်ဓါတ်ရေးရာအရ လက်မခံနိုင်စေရာ ဖြစ်သည်ကို ပိုမို၍ အခိုင်အမာ ဖြစ်သည်။

လူမျိုးစု များ၏ အခွင့် အရေး ဆုံရှုံးမှုတွင်၊ နယ်ချဲ့ခြင်း၊ တဦးနှင့် တဦး အနိုင်အထက်ပြုခြင်းနှင့် အများပိုင် မြေ၊ နယ်ပယ်ဒေသ၊ သယံဇာတ ပစ္စည်းများအတွက် အပြန်အလှန် လုယက်မှုများကြောင့်၊ လူမျိုးစုများ၏ အခြေခံ လွတ်လပ်ခွင့်နှင့် လူ့ အခွင့်အရေးများ ဆုံးရှုံးလာလျှင် ၎င်းတို့အား ကာကွယ်မှုတွင် ၎င်း၊ ၎င်းတို့၏ အခွင့်အရေး တိုးတက်မှုအတွက် ဆောင်ရွက်ရာတွင် ၎င်း၊ ၎င်းတို့၏ လိုအပ်ချက်၊ ဆန္ဒ ပြည့်ဝ စေရေးများ မြှင့်တင်ရာတွင်၎င်း၊ သူတို့၏ လိုအင်ဆန္ဒအတိုင်းသာ ဖြစ်ရမည်။

လူမျိုးစုများသည် ၎င်းတို့၏ အခွင့်အရေးကို ကျင့်သုံးရာတွင် မည်သည့်အဆင့် ခွဲခြားမှုမျိုးနှင့်မဆို ကင်းလွတ်ခွင့် ရှိရမည်ဟု ထပ်မံပြီး အခိုင်အမာ ဆိုသည်။

လူမျိုးစုများ၏ အမြွေအနှစ်၊ အမျိုးသားအင်္ဂါရပ်ကို အလေးထားရန် အရေးတကြီး လိုအပ်သည်ကို အသိအမှတ် ပြုသည်။ အထူးသဖြင့် နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုဖွဲ့စည်းပုံ၊ ယဉ်ကျေးမှု၊ မိရိုးဖလာ၊ သမိုင်းနှင့် အတွေးအခေါ်အရ ရရှိသော မြေယာ၊ နယ်ပယ်ဒေသနှင့် သယံဇာတ ပစ္စည်းများ ပိုင်ဆိုင်ခွင့်တို့ ဖြစ်သည်။

မည်သည့်ဒေသ၌မဆို ဖြစ်ပေါ်သော လူ့အဆင့်အတန်း ခွဲခြားမှု၊ အနိုင်အထက် ပြုကျင့်မှုများ အဆုံးသတ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများ တိုးတက် မြင့်မားစေရေး၊ လူမျိုးစုတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် သက်ဆိုင်သော စည်းရုံးမှုများကို ကြိုဆိုသည်။

လူမျိုးစုများ၏ အဖွဲ့အစည်းများ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ ထိမ်းသိမ်းရေးများ ခိုင်မာလာစေရန် အလို့ငှာ ၎င်းတို့၏ ဆန္ဒနှင့် လိုအပ်ချက်များအရသာ ဖြစ်စေပြီး လူမျိုးစုတို့၏ နယ်ပယ်မြေယာဒေသနှင့် သယံဇာတ ပစ္စည်းများကို ထိရောက်စွာထိန်းသိမ်းမှု မြှင့်တင်စေရမည်ကို သဘောပေါက်သည်။

သင့်လျော်သော ပတ်ဝန်းကျင်ထိန်းသိမ်းစောက်ရှောက်မှု၊ တိုးတက်မှု၊ တည်တံ့မှုတို့အတွက် အကျိုးပြုသော လူမျိုးများ၏ ဗဟုသုတ၊ ယဉ်ကျေးမှုနှင့် အစဉ်အလာ ဆောင်ရွက်ချက်များအား လေးစားခြင်းကို အသိအမှတ်ပြုသည်။

လိုအပ်သော ငြိမ်းချမ်းသာယာရေး၊ စီးပွားရေးနှင့် လူမှုကြီးပွား တိုးတက်ရေး၊ စစ်ရေးစစ်ရာ ချုပ်ငြိမ်းရေးနှင့် နိုင်ငံတကာနှင့် ပေါင်းသင်းဆက်ဆံရေး၊ နားလည်မှု ရှိစေရေး စသည်တို့တွင်၊ အကြုံးဝင်သော လူမျိုးစုတို့၏ နယ်ပယ်၊ မြေယာများကို စစ်ရေးကြောင့် စစ်တပ်မှ သိမ်းပိုက်ခြင်းမှ ကင်းလွတ် ချုပ်ငြိမ်းစေရေး များကို အဓိကထားသည်။

လူမျိုးစုများ၏ မိသားစု၊ အဖွဲ့အစည်းနှင့် ကျေးရွာများရှိ မိမိတို့၏ ခလေးသူငယ်များသည် ကျန်းမာသန်စွမ်းရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွင် လူမျိုးစုများ ပါဝင်ခြင်းကို အထူး အသိအမှတ်သည်။

အပြည့်အဝ လေးစားမှု၊ ပိုမိုအကျိုးရှိမှုနှင့် အတူတကွ နေထိုင်မှု စသည်တို့တွင်၊ လူမျိုးစုများသည်၊ တိုင်း

နှင့် ပြည်နယ်တွင် လွတ်လပ်စွာ ပြဋ္ဌာန်းနိုင်ခွင့် အခွင့်အရေး ရှိသည်ကို အသိအမှတ်သည်။

လူမျိုးစုများနှင့် နိုင်ငံတော် အစိုးရအကြား ချုပ်ဆိုသော ပဋိညာဉ်စာချုပ်နှင့် သဘောတူညီချက် စသည့် လုပ်ဆောင်ချက် ဟူသမျှသည် နိုင်ငံတကာနှင့် သက်ဆိုင်သည်ဟု ယူဆသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်၊ နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ရိုးရာ ယဉ်ကျေးမှုဆိုင်ရာ ပဋိညာဉ် စာချုပ်နှင့် နိုင်ငံတကာ နိုင်ငံရေးနှင့် ပြည်တွင်းရေးဆိုင်ရာ ပဋိညာဉ် စာချုပ် တို့သည် လူသားတို့၏ လွတ်လပ်စွာ ပြဋ္ဌာန်းခွင့်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု စသည်တို့သည် လူသားအားလုံး၏ အခြေခံကျသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခိုင်အမာ အခွင့်အရေးများ ဖြစ်သည်။

ဤထုတ်ပြန်သော ကြေငြာစာတမ်း၌ လူမျိုး အသီးသီး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ငြင်းဆိုရန် အသုံးပြုခြင်း အလျှင်း မရှိစေရ။

နိုင်ငံတကာ စာချုပ်များ အထူးသဖြင့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော ကိစ္စများ၌ ထိရောက်စွာ အကောင်အထည် ဖော်မှုအတွက် သက်ဆိုင်ရာ လူမျိုးစုတို့နှင့် နီးနော တိုင်ပင်ခြင်းနှင့် ပါဝင်ကူညီ ဆောင်ရွက်နိုင်ခြင်းကို နိုင်ငံတော် အစိုးရများသို့ တိုက်တွန်းသည်။

လူမျိုးစုတို့၏ အခွင့် အရေးကို ကာကွယ်ရာတွင် သော်၎င်း၊ စောင့်ရှောက်ရာတွင်၎င်း၊ မြှင့်တင်ရာတွင် သော်၎င်း၊ သက်ဝင် လှုပ်ရှားလာစေရန် သော်၎င်း၊ ကုလသမဂ္ဂသည် အရေးပါသော အခန်းကဏ္ဍတွင် ဆက်လက်၍ ဆောင်ရွက်သွားမည်။

လူမျိုးစုတို့၏ မွေးရာပါ အခွင့်အရေးနှင့် လွတ်လပ်မှုကို ကာကွယ်ခြင်း၊ မြှင့်တင်ခြင်းကို အသိအမှတ်ပြုရန် သက်ဆိုင်ရာ ကုလသမဂ္ဂ၏ ကြေငြာစာတမ်းကို အောက်ဖော်ပြပါ အချက်များအရ လေးနက်စွာ ထုတ်ပြန် ကြေငြာအပ်သည်။

## အပိုင်း (၁)

### အပိုဒ် (၁)

ကုလသမဂ္ဂ၏ စာချုပ်တွင် ပါရှိသော ကုလသမဂ္ဂနှင့် တကမ္ဘာလုံးဆိုင်ရာ ထုတ်ပြန် ကြေငြာချက်တွင် လူ့အခွင့်အရေးများနှင့် လူ့အခွင့်ရေးဆိုင်ရာ ဥပဒေများတွင် လူမျိုးစုများသည် လူ့အခွင့်အရေး အားလုံးနှင့် အခြေခံ လွတ်လပ်ခွင့်များကို အပြည့်အဝ ထိထိ ရောက်ရောက် ခံစားခွင့် ရှိသည်ကို ထောက်ခံသည်။

### အပိုဒ် (၂)

လူမျိုးစုများသည် တဦးခြင်း သော်၎င်း၊ အသင်းအဖွဲ့နှင့်သော်၎င်း၊ အခြားလူများနှင့် သော်၎င်း၊ ဂုဏ်သိက္ခာနှင့် အခွင့်အရေး တန်းတူ ရည်တူ ရှိပြီး၊ မည်သည့် ဆန့်ကျင်ဖက် ခွဲခြားမှုမျိုးမဆို (အထူးသဖြင့် မိမိတို့၏ လူမျိုးနှင့် ဆိုင်သော အရာများကို အခြေခံသော အကြောင်းများ) ကင်းလွတ်ရမည်။

### အပိုဒ် (၃)

လူမျိုးစုသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် ရှိသည်။ ယင်း အကျိုးဆက်မှာ၊ မိမိတို့၏ နိုင်ငံရေး အခြေအနေကို လွတ်လပ်စွာ ပြဋ္ဌာန်းနိုင်ပြီး လူမှုရေး၊ စီးပွားရေး တိုးတက်မှုတို့တွင် လွတ်လပ်စွာ ကြိုးပမ်း ဆောင်ရွက်သွားနိုင်သည်။

### အပိုဒ် (၄)

လူမျိုးစုတို့သည် မိမိတို့၏ နယ်မြေအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အရည်အချင်းများကို အခိုင်အမာ ထိန်းသိမ်းစေနိုင်ပြီး၊ တရားဥပဒေ ကိုလည်း ထိန်းသိမ်း ပြုစုနိုင်ခွင့် ရှိသည့်အပြင် မိမိတို့ ဆန္ဒရှိက နိုင်ငံတော်ရှိ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ကဏ္ဍတွင်လည်း ပါဝင်နိုင်သည်။

### အပိုဒ် (၅)

လူမျိုးစုအတွင်း တဦးချင်းစီတွင် မိမိနှစ်သက်ရာ မည်သည့် နိုင်ငံသားဖြစ်မှုကိုမဆို ခံယူနိုင်ခွင့် ရှိသည်။

## အပိုင်း (၂)

### အပိုဒ် (၆)

လူမျိုးစုတို့သည် လွတ်လပ်စွာ နေထိုင်မှု၊ ငြိမ်း သာယာစွာ နေထိုင်မှု၊ လုံခြုံမှု စသည့် အခွင့်အရေးများကို ခံစားရမည်။ အမျိုးပြုတ် သတ်ခြင်း၊ အကြမ်းဖက်ခြင်း၊ လူမျိုးစုတို့၏ ခလေးသူငယ်များကို မိသားစု သို့မဟုတ် အသင်းအဖွဲ့မှ ခွဲထုတ်ခြင်းတို့မှ လွတ်ကင်းခွင့် စသော သင့်လျော်သည့် အခွင့်အရေး ရှိ သည်။

ဆက်လက်၍ လူမျိုးစုတို့သည် တဦးတယောက်စီသည် အသက် ရှင်ပိုင်ခွင့်၊ စိတ်နှင့်ခန္ဓာ လွတ်လပ်မှုနှင့် လုံခြုံမှု ရှိရမည်။

### အပိုဒ် (၇)

လူမျိုးစုတို့သည် တဦးခြင်းဖြစ်စေ၊ လူမျိုးစုအလိုက် ဖြစ်စေ၊ လူမျိုးအားလုံး ပပျောက်ခြင်း၊ ယဉ်ကျေးမှု ပပျောက် ခြင်းတို့တွင် မည်သို့ သော တစုံတရာ တွန်းအားကြောင့်မျှ မရှိစေရ ထိုနည်းတူ ယင်းတို့ကို အောက်ပါအတိုင်း ပြန်လည် ပြုပြင် ကာကွယ်ရမည်။

(က) မိမိတို့ လူမျိုး တမျိုးတည်းအဖြစ် ရပ်တည်မှု (သို့) မိမိတို့၏ ယဉ်ကျေးမှု တန်ဘိုး အပြည့်အဝ နေထိုင်မှုတို့ကို ယုတ်လျော့စေသော ရည်ရွယ်ချက် (သို့)

ထိပါးသော ဆောင်ရွက်မှု၊
(ခ) မိမိတို့ လူမျိုး၏ မြေယာ၊ နယ်ပယ် ဒေသ၊ သယံဇာတ ပစ္စည်းများ ပိုင်ဆိုင်မှုကို ထိပါးအောင် ရည်ရွယ်သော လုပ်ဆောင်ချက်၊
(ဂ) လူထုကို ရွှေ့ပြောင်းခြင်းအားဖြင့် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်း (သို့) ဖျက်ဆီးဖို့အလို့ငှာ ရည်ရွယ်ခြင်း (သို့) ထိပါးသော လုပ်ဆောင်ချက်၊
(ဃ) ဥပဒေ ပြဋ္ဌာန်းချက်အားဖြင့် အုပ်ချုပ်ရေးအရ သော်၎င်း၊ (သို့) အခြားသော နည်းဖြင့် ယဉ်ကျေးမှု ရောနှောခြင်း၊ သိမ်းသွင်းခြင်း စသော လုပ်ဆောင်ချက်၊
(င) ၎င်းတို့အား တိုက်ရိုက် ဆန့်ကျင်ပျက်ဆီးစေသည့် မည်သည့် ဝါဒဖြန့်ချိရေး လုပ်ဆောင်ချက်မဆို၊

## အပိုဒ် (၈)

လူမျိုးစုတို့သည် တဦးခြင်း သော်၎င်း၊ အစုအဖွဲ့အရ သော်၎င်း၊ မိမိတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်း ထားရှိရန်နှင့် တိုးတက်စေရန် အခွင့်အရေးရှိပြီး၊ မိမိတို့ကိုယ်ကို လူမျိုး တမျိုးအဖြစ် သတ်မှတ်ရန် အခွင့်အရေး ရှိသည်။

## အပိုဒ် (၉)

လူမျိုးစု တစုလုံး (သို့) တဦးတယောက်စီတိုင်းသည် အခြားလူမျိုးစု အဖွဲ့အစည်း (သို့) တနိုင်ငံနှင့် တနိုင်ငံ ဆက်ဆိုင်ပိုင်ခွင့် ရှိပြီး ယင်းလူမျိုး အဖွဲ့အစည်း (သို့) နိုင်ငံ၏ ဓလေ့ထုံးစံနှင့် သော်၎င်း သက်ဆိုင်သည်။ ယင်းအခွင့်အရေးကို မည်သည့် လုပ်ရပ်မျိုးနှင့်မျှ ထိပါးမှု မရှိစေရ။

## အပိုဒ် (၁၀)

လူမျိုးစုတို့ကို မိမိတို့ မြေယာ သို့မဟုတ် နယ်ပယ်အတွင်းမှ အတင်းအဓမ္မ ရွှေ့ပြောင်းခြင်း မပြုရ။ မိမိတို့ သဘောတူညီချက် မရရှိဘဲ ရွှေ့ပြောင်းခြင်း မပြုလုပ်ရ။ သဘောတူညီမှု ရှိလင့်ကစား သင့်လျော်သော လျော်ကြေးနှင့် အညီ ရွေးချယ် သတ်မှတ်သည့် အချက်များအပေါ် ပြန်လည် ပို့ဆောင်ခြင်း ရှိစေရမည်။

## အပိုဒ် (၁၁)

လက်နက်ကိုင် ပဋိပက္ခ ကာလအတွင်း လူမျိုးစုများတို့အတွက်၊ အထူး အကာအကွယ်နှင့် လုံခြုံမှု ရရှိစေရန် အခွင့်အရေး ရှိသည်။ နိုင်ငံ အသီးသီးသည် နိုင်ငံတကာ၏ စံချိန် စံညွှန်းကို ကြည့်ရှုရမည်။ အထူးသဖြင့် ၁၉၄၉ ခုနှစ် ဂျနီဗာ၏ စတုတ္ထအကြိမ် ညီလာခံမှ သတ်မှတ်သည့် ပြည်သူလူထုများအား ကာကွယ်စောင့်ရှောက်မှု ဆုံးဖြတ်ချက် အရ ဖြစ်သည်။

(က) အခြားလူမျိုးစုတခုကို ဆန့်ကျင်ရန် အတွက်၊ လူမျိုးစုများအား ၎င်းတို့ အလိုမတူဘဲ စစ်သား စုဆောင်းရေးတွင် အသုံး မပြုရ။
(ခ) အခြား အကြောင်း အမျိုးမျိုးကြောင့်၊ လူမျိုးစုတို့၏ ခလေးသူငယ်များကို တပ်မတော်အတွင်း စစ်သားအဖြစ် စုဆောင်းခြင်း မပြုရ။
(ဂ) စစ်တပ်၏ အစီအစဉ်အရ လူမျိုးစု တရပ်လုံးဖြစ်စေ၊ တဦးခြင်း ဖြစ်စေ၊ မိမိတို့ မြေယာ သို့မဟုတ် နယ်ပယ်တို့ကို အတင်းအဓမ္မ စွန့်ခွာစေခြင်းမျိုးကို မပြုလုပ်ရ။
(ဃ) စစ်တပ်၏ အစီအစဉ်အရ၊ လူမျိုးစု ခွဲခြားရေး အနေဖြင့်၊ လူမျိုးစုတရပ်လုံး (သို့) တဦးခြင်းအား အတင်းအဓမ္မ ခိုင်းစေခြင်း မရှိစေရ။

## အပိုင်း (၃)

## အပိုဒ် (၁၂)

လူမျိုးစုများသည် မိမိတို့၏ ယဉ်ကျေးမှု အစဉ်အလာ၊ ဓလေ့ ထုံးစံများကို ပြန်လည် ရှင်သန်ပြုမှုတွင် အခွင့်အရေး ရှိသည်။ ဤအခွင့်အရေးတွင် စာပေ အနုပညာ ဖေါ်ထုတ်ခြင်း၊ စက်မှုပညာ၊ ပွဲလမ်းသဘင် ကျင်းပခြင်း၊ ဆောက်လုပ်ရေး ပညာ၊ ရှေးဟောင်း ပစ္စည်းများ စုဆောင်းခြင်း၊ လုပ်ငန်းဆိုင်ရာ သမိုင်းဌာနများကို ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု အသိ အလိမ္မာ၊ ဘာသာရေးနှင့် ဝိဉာဉ် ရေးဆိုင်ရာ ပစ္စည်းများကို သဘောတူညီ မှုမရဘဲ သိမ်းယူခြင်း (သို့) ၎င်းတို့၏ ဥပဒေ ထုံးတမ်း အစဉ်အလာကို ချိုးဖောက်ခြင်း စသည့် ဆုံးရှုံးမှုတို့ အပေါ် ပြန်လည် ရယူနိုင်သည့် အခွင့်အရေး ရှိသည်။

## အပိုဒ် (၁၃)

လူမျိုးစုများသည် ၎င်းတို့၏ ယဉ်ကျေးမှု ဓလေ့ ထုံးတမ်း ဆိုင်ရာ ဝိဉာဉ်ရေး၊ ရိုးရာဓလေ့ကို သင်ကြားခြင်း ပေါ်လွင် ထင်ရှားစေခြင်း၊ တိုးတက်စေရန် စီမံခြင်းတို့အတွက် အခွင့်အရေး ရှိသည်။ ၎င်းတို့ဘာသာ ဓလေ့ကို စောက်ရှောက် ထိန်းသိမ်းခြင်း၊ ၎င်းတို့ ဓလေ့ဆိုင်ရာ ကန့်ကွက်ခြင်းနှင့် ၎င်းတို့ လူမျိုး တည်တံ့စေရန် အခွင့်အရေး ရှိသည်။

အစိုးရ အနေနှင့် လူမျိုးစုငယ်လေးများနှင့် ဆက်စပ်မှုအပေါ် ၎င်းတို့၏ အထွတ်အထိပ်ထားရာ နေရာ သို့မဟုတ် သင်္ချိုင်း စသည်များကို ကာကွယ် လေးစားစွာ ခွင့်ပြုဆောင်ရွက်သင့်သည်။

## အပိုဒ် (၁၄)

လူမျိုးစုများသည် ၎င်းတို့၏ ဘာသာစကား၊ ပြောဆိုမှု အတွေးအခေါ် အရေး အသားနှင့် စာပေ၊ လူအသင်းအဖွဲ့ နေရာများကို အားအင် ပြည့်စုံ ပြည့်ဝစေခြင်း၊ တိုးတက်စေခြင်း များကို ၎င်းတို့၏ အနာဂါတ် မျိုးဆက်အတွက် လုပ်

ဆောင်နိုင်ခွင့် ရှိသည်။

တိုင်း၊ အစိုးရ အနေနှင့် အချိန်အခါ မရွေး၊ လူမျိုးစုများ ခြိမ်းခြောက်ခြင်း ခံရမှုအပေါ်၊ ၎င်းတို့၏ အခွင့်အရေး ကာကွယ်မှုကို ဆောင်ရွက်နိုင်သည်။ ထို့အတူ ၎င်းတို့၏ ရှေ့လုပ်ငန်းစဉ်၊ ၎င်းတို့ နောင်ရေးအတွက် ဆောင်ရွက်မှုအပေါ် အဓိပ္ပါယ် ကောက်နှုတ်ချက်များ ပြည့်စုံစေရန် ဆောင်ရွက်ချက်ကို ခွင့်ပြုသင့်သည်။

## အပိုင်း (၄)

### အပိုဒ် (၁၅)

လူမျိုးစုလေးများသည် နိုင်ငံတော်၏ ပညာရေးကို ရရှိရန် အခွင့်အရေး ရှိသည်။ လူမျိုးစုတိုင်းသည် ၎င်းတို့၏ ပညာရေးစနစ်ကို ကာကွယ် ထိန်းသိမ်းခွင့်ရှိပြီး သင်ကြားမှု သင်ယူမှု တို့တွင် ၎င်းတို့၏ ဘာသာ၊ ဓလေ့ ထုံးစံနှင့် ကိုက်ညီသော နည်းလမ်းများ ဖြစ်ရမည်။

လူမျိုးစုလေးများ သည် ၎င်းတို့ အသင်းအဖွဲ့ မိရိုးဖလာနှင့် ကင်းကွာနေသော်လည်း၊ ၎င်းတို့၏ ပညာရေး ရှေ့လုပ်ငန်းစဉ်များတွင် ၎င်းတို့၏ ကိုယ်ပိုင် ယဉ်ကျေးမှုနှင့် စာပေ ဖြစ်စေရမည်။ မင်းအစိုးရ အနေနှင့်လည်း၊ ၎င်းတို့၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်အပေါ် ကိုက်ညီသော ထောက်ပံ့မှုများ ရှိရမည်။

### အပိုဒ် (၁၆)

လူမျိုးစုများသည် ၎င်းတို့၏ ဓလေ့၊ ရိုးရာ၊ ယဉ်ကျေးမှု သမိုင်းအစဉ်အလာ ထင်ဟပ်မှုရှိသော ဦးတည်ချက်တို့တွင် ၎င်းတို့ ဂုဏ်သရေနှင့် ကွဲပြားမှုများအပေါ် ပြည့်ဝသော အခွင့်အရေး ရှိသည်။ ယင်းအစိုးရ အနေနှင့်လည်း လူမျိုးစုလေးများနှင့် ၎င်းတို့ အသင်းအဖွဲ့များနှင့် နားလည်မှုရယူပြီး ချစ်ကြည်ရင်းနှီးမှုအတွက် ဖေးဖေးမမနှင့် သည်းခံပံ့ပိုးမှု ရှိစေရမည်။

### အပိုဒ် (၁၇)

လူမျိုးစုများသည် လူထု ဆက်သွယ်ရေး၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းတွင် ၎င်းတို့ ကိုယ်ပိုင် စာပေနှင့် ဖြစ်စေရန် ထူထောင်ပိုင်ခွင့် ရှိစေရမည်။

မင်းအစိုးရအနေဖြင့်လည်း ၎င်းတို့ သတင်းစာ ဆရာများ၏ ထုတ်ပြန်မှုများသည် ကွဲပြား ခြားနားသော လူမျိုးစုတစုချင်းအပေါ် ကိုက်ညီမှု ရှိစေရမည်။

### အပိုဒ် (၁၈)

လူမျိုးစု အားလုံးတို့သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားဥပဒေနှင့် တိုင်းပြည်၏ အလုပ်သမားဥပဒေ၏ လမ်းညွှန်မှုဖြင့် ရေးဆွဲထားသော ဥပဒေတို့ကို ကျေနပ် နှစ်သိမ့်မှု အပြည့်အဝ ရှိသည်။

လူမျိုးစုအားလုံးသည် ၎င်းတို့၏ အလုပ်အကိုင်နှင့် လစာ အနေအထားများအပေါ် အခြေခံ၍ အဆင့်အတန်း ခွဲခြားမှု ချုပ်ကိုင်မှု လုံးဝ မရှိစေရ။

## အပိုင်း (၅)

### အပိုဒ် (၁၉)

လူမျိုးစုများသည် အခြေအနေအရပ်ရပ်အပေါ် ၎င်းတို့ အခွင့်အရေး၊ နေရေး၊ ထိုင်ရေး၊ ကံကြမ္မာတို့အား ကာကွယ် စောင့် ရှောက်ပြီး ဖွံ့ဖြိုးစေရန် ၎င်းတို့ အဖွဲ့အစည်းဆိုင်ရာ ဆုံးဖြတ်ခွင့် တို့တွင် ၎င်းတို့က ၎င်းတို့၏ လုပ်ထုံး လုပ်နည်းအတိုင်း ပိုင်ပိုင်နိုင်နိုင် လက်ခံဆုံးဖြတ်ခွင့် အပြည့်အဝ ရရှိနိုင်သော အခွင့်အရေးရှိသည်။

### အပိုဒ် (၂၀)

လူမျိုးစုများသည် ၎င်းတို့နှင့် ပတ်သက်သော တရားဥပဒေနှင့် စီမံခန့်ခွဲမှုများ (သို့) တရားဥပဒေများကို ဖန်တီးရာတွင် ၎င်းတို့ နှစ်သက်မှု မရှိပါက ၎င်းတို့၏ လုပ်ထုံး လုပ်နည်း အတိုင်း၊ သတ်မှတ် ပြဋ္ဌာန်းနိုင်သည့် အခွင့်အရေးတွင် ပြည့်ဝစွာ ပါဝင်နိုင်သော အခွင့်အရေး ရှိသည်။

မင်း အစိုးရသည် ၎င်းတို့၏ အစီအမံ ချက်များအတွက် အကောင်အထည် ဖော်မှုများအပေါ် ကျင့်သုံးရာတွင် လူမျိုးစုငယ်လေးများ၏ လွတ်လပ်စွာ ဆုံးဖြတ်ချက်၊ ခွင့်ပြုချက် ရယူရမည်။

### အပိုဒ် (၂၁)

လူမျိုးစု အားလုံးသည် ၎င်းတို့၏ ရှင်သန်ရပ်တည်ရေး၊ တိုးတက်မှု ပျက်သုဉ်းမှုများအပေါ် ထိုက်တန်သော နစ်နာကြေးတို့ ညီမျှမှု ရှိစေရေး၊ ယင်းတို့၏ ရိုးရာ ဓလေ့နှင့် စီးပွားရေး လုပ်ဆောင်မှုများအတွက် လုံခြုံ ခိုင်မာမှုရှိစေရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့အား ကာကွယ်ထိန်းသိမ်း မြှင့်တင်ရေးတွင် ပြည့်ဝစွာ ဆောင်ရွက်နိုင်သော အခွင့်အရေး ရှိသည်။

### အပိုဒ် (၂၂)

လူမျိုးစုများ၏ အလုပ် အကိုင်၊ အသက်မွေး ဝမ်းကျောင်းမှုများနှင့် သက်ဆိုင်သည့် အိမ်ယာ တည်ဆောက်ခြင်း၊ ကျန်းမာခြင်းနှင့် ညီညွတ်ရေး အတွက် ဆောင်ရွက်ခြင်း၊ လူမှုဘဝ လုံခြုံရေးနှင့် ၎င်းတို့၏ စီးပွားရေး၊ လူမှုရေးများ အဆက်မပြတ် တိုးတက်မှု အတွက် ဆောင်ရွက်ရာ၌ အထူး ခွင့်ပြုချက် ရရှိစေရမည့် အခွင့်အရေး ရှိသည်။

မျက်မှောက် အာရုံ စူးစိုက်မှုတို့သည် သက်ဆိုင်ရာ လူမျိုးစုတို့၏ လူငယ်၊ ခလေး၊ မသန်မစွမ်းတို့အတွက် အထူး အခွင့်အရေးနှင့် လိုအပ်ချက် အပြည့်အဝ စေလိမ့်မည်။

## အပိုဒ် (၂၃)

လူမျိုးစုတို့သည် ၎င်းတို့၏ အခွင့်အရေး တိုးတက်မှု မြင့်မားမှုကို ကျင့်ကြံရာ၌ မိမိတို့၏ ဦးတည်ချက်နှင့် ဆုံးဖြတ်ချက်တို့တွင် ပြည့်ဝသော အခွင့်အရေး ရှိသည့်နည်းတူ၊ မိမိတို့သည် မိမိတို့၏ ကိုယ်ပိုင် အသင်းအဖွဲ့မှ လာသော အစီအစဉ်များကို စီစဉ် ကြီးကြပ် ကွပ်ကဲရာတွင် ၎င်းတို့အတွက် သက်ရောက်မှုရှိ၍ တိုးတက်မှု ဖြစ်စေသည့် ကျန်းမာရေး၊ အိမ်ယာ ထူထောင်ရေး၊ အခြားသော လူမှုရေးနှင့် စီးပွားရေး ဆိုင်ရာ အစီအစဉ်များကို ပိုင်နိုင်စွာ ဆုံးဖြတ်နိုင်သော အခွင့်အရေး၌ တိကျစွာ ရရှိရမည်။

## အပိုဒ် (၂၄)

လူမျိုးစုများသည် ၎င်းတို့ ရိုးရာဆေးဝါးကုသမှုနှင့် ၎င်းတို့ ဆေးဝါးတွင် အသုံးပြုသော အပင်၊ တိရစ္ဆာန်၊ ဓါတ်သတ္တုတို့ကို ကာကွယ် နိုင်သော အခွင့်အရေး ရှိသည်။

ထို့အတူ ၎င်းတို့၏ ရိုးရာနှင့် စပ်လျဉ်းသော ကျန်းမာရေး ကုသမှုတို့သည် အဆင့်အတန်း ခွဲခြားမှုမှ ကင်းလွတ်ရမည့် အခွင့်အရေး ရှိသည်။

# အပိုင်း (၆)

## အပိုဒ် (၂၅)

လူမျိုးစု များသည်၎င်းတို့၏ အနာဂါတ် မျိုးဆက်အတွက် ၎င်းတို့၏ ဇာတိ (သို့) နေထိုင်ရာ နယ်ပယ်ဒေသ၊ ရေ၊ ပင်လယ်နှင့် သယံဇာတများကို၎င်း၊ အခြားသော လုပ်ငန်း ဆောင်တာများကို စောင့်ရှောက် ထိမ်းသိမ်းမှုတွင် ပြည့်ဝသော အခွင့်အရေး ရှိသည်။

## အပိုဒ် (၂၆)

လူမျိုးစုများသည် ၎င်းတို့၏ ဇာတိ (ဝါ) နေထိုင်ရာ ဒေသတွင် ရှိသော သဘာဝ အားလုံးနှင့် သက်ဆိုင်သည်။ မြေ၊ လေ၊ ရေ၊ ပင်လယ်၊ ကမ်းခြေ၊ ရေခဲပင်လယ်၊ သဘာဝပေါက်ပင်၊ တိရစ္ဆာန်နှင့် အခြား သယံဇာတတို့နှင့်အတူ နယ်မြေ ဒေသတို့၏ ပိုင်ဆိုင် အသုံးပြု စီမံကွပ်ကဲနိုင်သော အခွင့်အရေး ရှိသည်။ ၎င်းအပြင် မြေယာပိုင်ဆိုင်မှု ဥပဒေ၊ ရိုးရာ၊ ဓလေ့တို့ကို သတ်မှတ်မှု မြေယာပိုင်စနစ် ဖွံ့ဖြိုးရေးနှင့် စီမံကွပ်ကဲမှု၊ သယံဇာတများ အပေါ်တွင် အစိုးရ၏ ကျူးကျော် ဖျက်သိမ်းယူမှု၊ ဝင်ရောက်စွက်ဖက်မှုများမှ ကင်းလွတ်ရန် ထိရောက်စွာ ဆောင်ရွက်ချက် ရှိရမည်။

## အပိုဒ် (၂၇)

လူမျိုးစုများအား အသိမပေး၊ ခွင့်ပြုချက် မယူဘဲ ယင်းတို့၏ ဇာတိ နယ်မြေ ဒေသတို့ကို အာဏာဖြင့် သိမ်းယူခြင်း၊ ပျက်စီး ဆုံးရှုံးစေခြင်း တို့အတွက် နယ်မြေ၊ သယံဇာတ မြေယာများကို ပြန်လည် ရရှိနိုင်စေသည့် အခွင့်အရေး ရှိသည်။ (သို့) ၎င်းဆုံးရှုံးမှုများကို တန်းတူမှုရှိသော ထိုက်တန်သည့် နစ်နာကြေး၊ သယံဇာတများ၏ အရည်အသွေးနှင့် ညီမျှသော၊ နယ်မြေ၏ အတိုင်းအတာနှင့် ညီမျှသော လျော်ကြေး ရရှိရမည်။ (သို့) မိမိတို့၏ အခြေအနေ တရပ်ရပ်အပေါ် လွတ်လပ်သော သဘောတူညီ မှုတမှု ရှိစေရမည်။

## အပိုဒ် (၂၈)

လူမျိုးစုများသည် သဘာဝဆိုင်ရာ ထိန်းသိမ်း စောင့်ရှောက် ခြင်း၊ ကာကွယ်ခြင်း၊ ပြန်လည် ရရှိခြင်းနှင့် ၎င်းတို့၏ နယ်မြေဒေသ၊ သယံဇာတတို့မှ ထုတ်လုပ် နိုင်သော စွမ်းအား၊ ထို့နည်းတူ ၎င်းတို့ရည်ရွယ်ချက် အတွက် အပြည်ပြည်ဆိုင်ရာနှင့် အစိုးရတို့မှ လာသော အကူအညီများကို ရရှိသည့် အခွင့်အရေးရှိသည်။ လူမျိုးစုများ၏ သဘောတူ ခွင့်ပြုချက် မရပါက ၎င်းတို့ နယ်မြေအတွင်း၌ စက်ယန္တယား လှုပ်ရှားမှု မရှိစေရ။

## အပိုဒ် (၂၉)

လူမျိုးစုများသည် ယဉ်ကျေးမှု၊ အသိပညာများကို ပိုင်ဆိုင်ရယူခြင်း၊ ကာကွယ်ခြင်း၊ ဆောင်ရွက်အခွင့် ရှိသည်ကို သိရှိစေမည်။

ထို့အတူ ၎င်းတို့သည် ၎င်းတို့၏ သိပ္ပံဆိုင်ရာ အတတ်ပညာ၊ စက်မှုဆိုင်ရာ အတတ်ပညာ၊ ယဉ်ကျေးမှု၊ စိတ်ဓါတ်နှင့် အတူ လူနှင့် လူ့မျိုးဆက်၊ ဆေးဝါး အသိပညာ ပိုင်ဆိုင်မှုရှိသည်။ သဘာဝ ပေါက်ပင်နှင့် တိရစ္ဆာန်၊ စာပေ၊ ဒီဇိုင်း၊ ရုပ်ပုံ၊ ပန်းချီတို့ကို ကာကွယ် ထိန်းသိမ်း ပြင်ဆင်နိုင်သည့် အခွင့်အရေး ရှိသည်။

## အပိုဒ် (၃၀)

လူမျိုးစုလေးများသည် ၎င်းတို့၏ နယ်ပယ်ဒေသ၊ အခြား အခွင့်အရေးများ၊ တိုးတက် ဖွံ့ဖြိုးမှုတွင် ၎င်းတို့ ကိုယ်ပိုင် ဆုံးဖြတ်ခွင့်ကို ဦးစားပေးမှု မြင့်တင်ခွင့် ဆိုင်ရာ နည်းဗျူဟာများ အတွက် ဆောင်ရွက်ပိုင်ခွင့် ရှိသည်။ ဖွံ့ဖြိုး တိုးတက်မှု၊ ရယူ သုံးစွဲမှု၊ တွင်းထွက်၊ ရေထွက်၊ အခြားသော အရာများကို ဖော်ထုတ် သုံးစွဲမှုနှင့် စပ်ဆိုင်မှုရှိသော အစိုးရ၏ ရယူခြင်းများအတွက် သော်၎င်း၊ စီမံကိန်း တခုခုအား အသိပေးပြီး ခွင့်ပြုချက် ရယူရမည်။ လူမျိုးစုများနှင့် သဘောတူညီမှု ရှိစေရန် အလို့ငှာ တန်း

တူညီမျှသော လျော်ကြေးသည် သဘာဝပိုင်းဆိုင်ရာ ယုတ်လျော့မှုနှင့် လူမှုရေး စီးပွားရေး၊ ယဉ်ကျေးမှု (သို့) ဝိညာဉ် စိတ်ပိုင်းဆိုင်ရာတို့အတွက် အထောက်အကူ ပြုသည်။

မှတ်ချက်။ ။ အပိုဒ် (၂၈) မှအဆက်။–

မင်းအစိုးရ အနေနှင့် လူမျိုးစုများ၏ နယ်မြေ၊ ဒေသများကို အမိန့်၊ အန္တရာယ် ဖြစ်စေမှုတို့မှ လွတ်ကင်းမှု ရှိစေရမည်။

ထို့အတူ လူမျိုးစုတို့အတွက် အကျိုးသက်ရောက်မှု ရှိသော၊ ဆီလျော်စွာသော အကောင်အထည် ဖော်ခြင်း ဖြစ်သည့် ဦးဆောင်ခြင်း၊ ကာကွယ် ထိန်းသိမ်းခြင်း များဖြစ်သည့် လူမျိုးစုများအတွက် ကျန်းမာရေးတို့ကို အစိုးရ အနေနှင့် အကာအကွယ် ပြုရမည်။

# အပိုင်း (၇)

## အပိုဒ် (၃၁)

လူမျိုးစုများသည် ၎င်းတို့၏ တိကျသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးခြင်း၊ ၎င်းတို့၏ အတွင်းရေး၊ နယ်ပယ် အခြေအနေနှင့် ယဉ်ကျေးမှု ဘာသာ၊ ပညာရေး၊ သတင်း ဖြန့်ချိရေး၊ သတင်းယူရေး၊ ကျန်းမာရေး၊ အိမ်ယာ တည်ဆောက်ရေး၊ အလုပ်အကိုင်၊ လူ့ အဖွဲ့အစည်း စီးပွားရေး၊ မြေယာ၊ သယံဇာတ ပိုင်ဆိုင်ရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် ၎င်းတို့၏ အဓိက ရည်ရွယ်ချက် ဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဘဏ္ဍာရေးတို့ အတွက် ၎င်းတို့၏ လုပ်ထုံးအတိုင်း ဖြစ်ရန် အခွင့်အရေး ရှိသည်။

## အပိုဒ် (၃၂)

လူမျိုးစုများသည် ၎င်းတို့၏ ဓလေ့ ထုံးစံ ယဉ်ကျေးမှုအတိုင်း ၎င်းတို့ လူမျိုးအတွက် ဆုံးဖြတ်ခွင့် လုံးလုံး လျားလျား ရှိသည်။ ၎င်း လူမျိုးစုများသည် ၎င်းတို့ လူမျိုး တဦးတယောက်ချင်းစီ၏ နေထိုင်ရာ တိုင်းနယ်တို့တွင် ဆုတ်ယုတ်မှု မရှိစေရန် ပြည့်ဝသော ဆောင်ရွက်မှု အခွင့်အရေး ရှိသည်။

လူမျိုးစုများသည် ၎င်းတို့ လုပ်ထုံး လုပ်နည်းအတိုင်း၊ ၎င်းတို့၏ အဖွဲ့ဝင် ရွေးချယ်ရာတွင်ဖြစ်စေ ၎င်းတို့၏ လုပ်ဆောင်ရာတွင်ဖြစ်စေ၊ လွတ်လပ်စွာ ပြဋ္ဌာန်းခွင့် ရှိသည်။

## အပိုဒ် (၃၃)

လူမျိုးစုများသည် ၎င်းတို့၏ သတ်မှတ်ထားသည့် အပြည်ပြည် ဆိုင်ရာနှင့် အကြုံးဝင်သော အခွင့်အရေးတို့ ကို မြှင့်တင်ရာတွင်ဖြစ်စေ၊ တိုးတက်ရာ တွင် ဖြစ်စေ၊ ၎င်းတို့ အသင်းအဖွဲ့၏ လုပ်ထုံး လုပ်နည်းကို ထိန်းသိမ်း ရာတွင် ဖြစ်စေ၊ ၎င်းတို့၏ ကွဲပြားသော တရား ဥပဒေ စီရင်မှု ဥပဒေနှင့် ရိုးရာ ဓလေ့ တို့နှင့် ရည်မှန်းချက်တို့ကို ကျင့်ကြံရာ တွင် ပြည့်ဝသော အခွင့်အရေး ရှိသည်။

## အပိုဒ် (၃၄)

လူမျိုးစုများသည် ၎င်းတို့၏ တဦးချင်းဆိုင်ရာ တာဝန်နှင့် ဝတ္တရားတို့ ကို ၎င်းတို့၏ အသင်းအဖွဲ့တွင် အတည်ပြု ဆုံးဖြတ်နိုင်သည်။

## အပိုဒ် (၃၅)

လူမျိုးစုများသည် အခြေအနေ တခုကြောင့် သာဓက အားဖြင့် (၎င်းတို့ နယ်ပယ်သည် နှစ်နိုင်ငံ အကြားတွင် ကျရောက်စေကာမူ) ၎င်းတို့သည် စိတ်ပိုင်း ဆိုင်ရာ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ အဖွဲ့အစည်း ရည်မှန်းချက် တို့ကို ထိန်းသိမ်းရာတွင်၎င်း၊ ဖွံ့ဖြိုးတိုးတက်ရေးတွင်၊ ပူးပေါင်း ဆောင်ရွက်နိုင် သော အခွင့်အရေး အပြည့်အဝ ရှိသည်။

အစိုးရသည် ၎င်းတို့ အခွင့်အရေးအတွက် အကောင်အထည် ဖော်ရာတွင်၎င်း၊ ကျင့်ကြံရာတွင်၎င်း၊ မင်းအစိုးရ အနေနှင့် လက်ခံ ခွင့်ပြုရမည်။

## အပိုဒ် (၃၆)

လူမျိုးစုများ၏ အတည်ပြုခြင်း လေ့လာခြင်း၊ လက်ခံ နာယူခြင်း ၎င်းတို့၏ မူရင်း သဘာဝ ဝိညာဉ်ဆိုင်ရာ ယုံကြည်မှုအပေါ် မူတည်သော ရည်ရွယ်ချက်တို့ ကို မင်းအစိုးရအနေဖြင့် ၎င်းတို့၏ သဘောတူညီချက် လုပ်ဆောင်မှုများ အပေါ် ခြိမ်းခြောက်မှု အလျဉ်းမရှိစေရ။ ထို့အတူ သဘောထား ကွဲလွဲမှု၊ ငြင်းဆန်မှုများ ဖြစ်ပေါ်ပါက နှစ်ဦးနှစ်ဘက်က သဘောတူ လက်ခံ ရွေးချယ်ပြီး အပြည်ပြည် ဆိုင်ရာ အဖွဲ့အစည်း (ဝါ) တရားရုံး၊ အစည်းအရုံး တခုခုတို့၏ ဆုံးဖြတ်ချက် အတိုင်း ဖြစ်စေရမည်။

## အပိုဒ် (၃၇)

လူမျိုးများ၏ အမျှော်အမြင် အရ ပြင်ဆင်သော ကြေငြာချက်အပေါ် ထိရောက်မှုရှိရန် တိုင်းနှင့် ပြည်နယ် အစိုးရတို့က ထိုက်သင့်သလို ညှိနှိုင်း ခွင့်ပြုပြီး လူမျိုးစုများ လိုက်နာဆောင်ရွက် နိုင်သော ဥပဒေများကို တိုင်းတရား ဥပဒေအတွင်း အသိအမှတ်ပြုခြင်း ရှိရမည်။

## အပိုဒ် (၃၈)

လူမျိုးစု များသည် ဤကုလ သမဂ္ဂ ကြေညာစာတမ်းအရ လွတ်လပ်စွာ အတည်ပြု လက်ခံမှု၊ ကျေနပ်မှု၎င်း တို့အတွက် မင်းအစိုးရတို့မှ ပြည့်ဝ စုံလင်သော၊ ဘဏ္ဍာရေး နည်းစနစ်များ အတွက် တိုင်း အစိုးရတွင် သော်၎င်း၊ နိုင်ငံတကာနှင့်၎င်း ဆောင်ရွက်မှုတွင် အခွင့်အရေး အပြည့်အဝ ရှိသည်။

### အပိုဒ် (၃၉)

လူမျိုးစုများသည် အစိုးရ တို့နှင့် အပြန်အလှန် လက်ခံနိုင်ဘွယ် ဆုံးဖြတ်ချက် (သို့) တန်းတူ ညီမျှသော လုပ်ထုံး လုပ်နည်းများတွင် ငြင်းဆန်နိုင်ခြင်း၊ သဘောထား ကွဲလွဲမှု ပြုနိုင်သော အခွင့်အရေး ရှိသည်။ ထို့အတူ ၎င်းတို့၏ အသင်းအဖွဲ့ သို့မဟုတ် တဦးချင်းသည် တပါးသူ၏ အခွင့်အရေးကို ထိခိုက်သော အပြုအမူများမှ ကင်းလွတ်မှုရှိသည့် ထိရောက်မှုရှိသည့် ဆုံးဖြတ်ချက်မျိုးတွင် ၎င်းတို့၏ ထုံးတမ်း၊ ဓလေ့၊ ရိုးရာ၊ စည်းကမ်း တရားဥပဒေများအရ ဆုံးဖြတ်မှု ရှိစေရမည်။

### အပိုဒ် (၄၀)

ကုလသမဂ္ဂ၏ နည်းစံနစ် ဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် အထူး အကျိုးဆောင်များတို့သည် နိုင်ငံတကာ အစိုးရနှင့် ပတ်သက်သော အဖွဲ့အစည်းများနှင့် ယင်းတို့၏ ထမြောက်စွာ ပြင်ဆင်ပြီး အတည်ပြုနိုင်သည့် ကြေငြာစာတမ်းကို ပြည့်စုံစွာ ဝေငှရမည်။ သာဓက အားဖြင့် လူမျိုးစုများအတွက် အရေးပါသည့် ဤအချက်အပေါ် ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှု သော်၎င်း၊ လုပ်ထုံး လုပ်နည်းဖြင့် သော်၎င်း၊ အခိုင်အမာ ပံ့ပိုးမှု ပြုရမည်။

### အပိုဒ် (၄၁)

ကမ္ဘာ့ ကုလသမဂ္ဂသည် လူမျိုးစုများနှင့် တိုက်ရိုက်ပူးပေါင်း ဆောင်ရွက်သော လူမျိုးစုအခွင့်အရေး ဆိုင်ရာ ထုတ်ပြန် ကြေငြာစာတမ်းကို အပြည့်အဝ အကောင်အထည် ဖော်နိုင်ရန် အတွက် မဖြစ်မနေ ဆောင်ရွက်ရန် သန္နိဋ္ဌာန် ချထားသည့် နည်းတူ၊ လူမျိုးစုများ၏ နားလည် လက်ခံမှုအပေါ် ကုလသမဂ္ဂ၏ အတည်ပြု လက်ခံမည့် ဤကြေငြာ စာတမ်းသည် လူမျိုးစုများ၏ အခွင့်အရေး ဆိုင်ရာ နားလည် လက်ခံမှုအပေါ် မူတည်လိမ့်မည် ဖြစ်သည်။

### အပိုဒ် (၄၂)

ဤကမ္ဘာမြေတွင်တည်ရှိသော လူမျိုးစုများ၏ ဂုဏ်၊ ကျက်သရေ ကောင်းမြတ်မှု များအပေါ် အခြေခံ၍ ဤကြေငြာစာတမ်းကို အတည်ပြု ပြဋ္ဌာန်းထားသည်။

### အပိုဒ် (၄၃)

ဤအခွင့်အရေးနှင့် လွတ်လပ်ပိုင်ခွင့်သည် လူမျိုးစုများ၏ ကျား/မ မရွေး တဦးချင်း ညီမျှစွာ ရှိသည်ကို အခိုင်အမာ အတည်ပြုပါသည်။

### အပိုဒ် (၄၄)

ဤကြေငြာ စတမ်းသည် လူမျိုးစုများ၏ အနာဂါတ် အခွင့်အရေး သော်၎င်း၊ ဖြစ်ပေါ်လာမည့် အရေးကို ၎င်း၊ ညစ်ညမ်းစေခြင်း၊ ပပျောက်စေခြင်း စသည့် အပြုအမူများသည် ဤကြေညာ စာတမ်းတွင် အလျဉ်းမရှိသည်ကို အတည်ပြုသည်။

### အပိုဒ် (၄၅)

ဤကြေငြာစာတမ်းသည် တိုင်းနှင့် ပြည်နယ်အတွင်း အုပ်စုအလိုက်၊ တဦးချင်းအလိုက်၊ အခွင့်အရေးနှင့် ကုလသမဂ္ဂ၏ ပဋိညာဉ်နှင့် လုပ်ဆောင်မှုများအပေါ် ဆန့်ကျင် ဖီလာသော အဓိပ္ပါယ် ကောက်နုတ်ချက်များ အလျဉ်းမရှိ။

❖ ❖ စာမျက်နှာ (၅၇) ကော်လံ (၁)သို့

## ဖိတ်ခေါ်အပ်ပါသည်။

သမိုင်းလေ့လာရေး "နိုင်ငံသစ်" သုတေသန စာစောင်အား ပုံမှန်ထုတ်ဝေနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိရာတွင် ကရင်အမျိုးသားများ အပါအဝင် လူထုလူတန်းစား အလွှာအသီးသီးရှိ ပုဂ္ဂိုလ်များထံမှ စာပေမှတ်တမ်းများ အားဖြင့်သော် ၎င်း ဝိုင်းဝန်းကူညီလာမှုကို လိုအပ်လျက် ရှိပါသည်။

ကရင့်ရိုးရာ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့် ပတ်သက်သည့် ဆောင်းပါးများ၊ ဓါတ်ပုံ မှတ်တမ်းများ ကရင့်သမိုင်းဆိုင်ရာ အချက်အလက်များမှာမူ အမြဲတမ်းပင် လိုအပ်နေမည် ဖြစ်ပါသည်။

အထူးသဖြင့် ၁၉၉၆ ခုနှစ် နိုင်ငံသစ်စာစောင်၏ လုပ်ငန်းပေါ်လစီ ချမှတ် ထားချက်အရ "ပြည်တွင်းစစ်" နှင့် "ပြည်တွင်းငြိမ်းချမ်းရေး ဆိုင်ရာ ကြိုးပမ်းလှုပ်ရှားမှု" သမိုင်းမှတ်တမ်း ဆောင်းပါးများကို အဓိကထား၍ ဖော်ပြမည်ဖြစ်ရာ၊ ထိုအကြောင်းအရာများနှင့် ပတ်သက်သည့် ကိုယ်တွေ့ ဖြစ်ရပ်များ၊ စုဆောင်းထားသည့် ရှားပါးဓါတ်ပုံများ၊ လက်ကမ်းကြော်ငြာများ စသည်ဖြင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသော အချက်အလက် အထောက်အထားများ၊ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကာလ မိမိတို့၏ နေ့စဉ်မှတ်တမ်းမှ ကောက်နုတ်ချက်များ၊ ပြည်တွင်းစစ် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် အတွေ့အကြုံ သဘောထားအမြင်များကို မည်သည့် အမျိုးသား ပုဂ္ဂိုလ်ကြီးငယ်များထံမှမဆို လှိုက်လှဲစွာ ကြိုဆိုနေလျက် ရှိပါသည်။

ထိုအကြောင်းအရာများနှင့် ပတ်သက်၍ ကိုယ်တွေ့ကြုံတွေ့ခဲ့ခြင်း (သို့) လေ့လာစုဆောင်း မှတ်တမ်းပြု သိမ်းဆည်းထားခြင်းရှိသူ ပုဂ္ဂိုလ်ကြီးငယ်များ အနေ ဖြင့် မိမိတို့ ပြောကြားတင်ပြလိုမှုများကို သိုသိပ်မထားဘဲ ကရင်တမျိုးသားလုံး သာမက အခြားအမျိုးသားများပါ လေ့လာခံစား သိရှိနိုင်ရေးအတွက် ကရင့်သမိုင်း သုတေသနဌာနသို့ ပေးပို့အကြောင်းကြား ဆက်သွယ်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ကရင့်သမိုင်းသုတေသနအသင်း။




# အာဇာနည် မန်းဘခိုင် နှင့် ကရင့်အမျိုးသားသမိုင်း၏ အလှည့်အပြောင်းကာလတခု

**စ' စောမန်း**

# အာဇာနည် "မန်းဘခိုင်" နှင့် ကရင့်သမိုင်း၏ အလှည့်အပြောင်းတခု။

**စ' စောမန်း**

ကျနော်သည် မန်းဘခိုင်၏ အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ မြန်မာ့ စွယ်စုံကျမ်း အတွဲ "၈" စာမျက်နှာ ၂၅၃မှ မှတ်တမ်းပြုချက်များကို ဖတ်ရှုကြည့်ခဲ့ရာ ဖြည့်စွက်ရေးသားလိုသော ဆန္ဒ ပြင်းပြမိပါသည်။ ရေးသားလိုသော အကြောင်းမှာ အခြေခံအားဖြင့် အချက်နှစ်ချက် ရှိပါသည်။ ပထမအချက်မှာ မန်းဘခိုင်၏ ဆွေမျိုးစုအတွင်း ကျနော်နှင့် ဆက်စပ်နေသော အခြေအနေများကို ဖြည့်စွက် ရေးသား ခြင်းအားဖြင့် ပိုမိုပြည့်စုံလိမ့်မည်ဟု ယုံကြည်မိခြင်းနှင့် ဒုတိယ အချက်မှာ မန်းဘခိုင်နှင့် ပတ်သက်၍ သမိုင်းရေးရာ ရှုဒေါင့်မှ လေ့လာချက် တရပ်ကို စာဖတ်သူများအား တင်ပြလိုသောကြောင့် ဖြစ်ပါသည်။

ကျနော်သည် မန်းဘခိုင်၏ ဆွေမျိုးစုဝင်တဦး ဖြစ်သည်။ မန်းဘခိုင်၏ အကိုအကြီးဆုံး ဖြစ်သူ "မန်းအောင်ခင်" မှာ ကျနော့် အဖိုးဖြစ်၏။ ကရင်အမျိုးသား အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ အတ္ထုပ္ပတ္တိကို မှတ်တမ်းပြုသူများက ဖော်ပြခဲ့ကြသော တိုက်သူကြီး "ဦးပေကုန်း၊" "အောင်ခင်နှင့် ညီများ ကုမ္ပဏီ" ထိုကုမ္ပဏီကို ထူထောင်သူ 'မန်းအောင်ခင်၊' မန်းဘခိုင်၏ နိုင်ငံရေး အခြေပြုရာ "ယုန်သလင်း" ကျေးရွာနှင့် မန်းဘခိုင် ပညာရှာမှီးခဲ့သော 'အေဘီအမ်ကျောင်း' ထိုကျောင်းတည်ရာ 'ဟင်္သာတမြို့' စသည်တို့မှာ ကျနော့်ဘဝ တသက်တာနှင့် လုံးဝ ဆက်စပ်နေပါသည်။

သို့သော် ကျနော့်အနေဖြင့် ကျနော်၏ အဖိုးဖြစ်သော မန်းအောင်ခင်ကို ၎င်း အဘေးတော်စပ်သော မန်းပေကုန်းကို၎င်း၊ တွေ့မြင်ခဲ့ဘူးခြင်း မရှိပါ။ ကျနော် မမွေးမီ အချိန်ကပင် သူတို့ နှစ်ဦးစလုံး ကွယ်လွန် သွားခဲ့ပြီ ဖြစ်သည်။ အာဇာနည် မန်းဘခိုင်အား ကျနော်မြင်တွေ့ခဲ့ဘူးခြင်း ရှိ မရှိ ဆိုသည်ကိုပင် ကျနော်ကိုယ်တိုင် ဝေဝေ ဝါးဝါး ဖြစ်နေပါသည်။ ကျနော့် မိခင် ပြောပြချက်အရ ကျနော် (၃)နှစ်သား



အရွယ် သာသာက၊ မိခင်နှင့်အတူ ယုန်သလင်းကျေးရွာသို့ အလည်အပတ် သွားရင်း မန်းဘခိုင်နှင့် တွေ့ဆုံခဲ့ကြောင်းကို သိရသည်။ ထိုကာလမှာ ဂျပန်စစ်ရှုံးပြီး အင်္ဂလိပ်တို့ ဒုတိယ အကြိမ် ပြန်လည် ဝင်ရောက်လာစ ကာလဖြစ်သည်။ မန်းဘခိုင်၏ မိသားစုနှင့် ဆွေမျိုးများသည်၊ ယုန်သလင်း ကျေးရွာတွင် နေထိုင်သော်လည်း မန်းဘခိုင်မှာ မြန်မာ့ နိုင်ငံ ရေးတွင် ပါဝင်လှုပ်ရှားလျက် အမြဲလိုလိုပင်အတည်တကျ မရှိ လှည့်လည်သွားလာနေခဲ့သည်။ ဂျပန်ခေတ် အတွင်းသာ ယုန်သလင်းကျေးရွာတွင် အခြေပြုခဲ့ပြီး ဂျပန်စစ်ရှုံးပြီးကာလ၊ ကြုံကြိုက်သောကြောင့် ကျနော့်မိခင်နှင့် ဆုံတွေ့ခဲ့ရခြင်း ဖြစ်လေသည်။

ကျနော့် မိခင်သည် ယုန်သလင်းကျေးရွာ၌ မွေးဖွား ကြီးပြင်းခဲ့သည်။ သို့သော် ကျနော့်ဘခင်နှင့် အိမ်ထောင်ကျပြီး နောက်၌ ဘခင်၏ ဇာတိ ရပ်ရွာဖြစ် သော ကန္နား မဲဇလီကျေးရွာသို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ကန္နား မဲဇလီ ကျေးရွာ ဆိုသည်မှာ ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်ရှိ ပိုးကရင် ကျေးရွာကလေး တရွာ ဖြစ် သည်။ ယုန်သလင်းရွာနှင့်ဆိုလျှင် ကားလမ်း အတိုင်းသွားပါက မိုင် (၂၀)မျှ ကွာဝေးပါသည်။ ၁၉၃၅ ခုနှစ် အမေအသက် (၂၀) တွင် အိမ်ထောင်ကျပြီး ကျနော့် အမကြီးကို ၁၉၃၆ခုနှစ်တွင်၎င်း၊ ကျနော်၏ အကိုကြီးကို ၁၉၃၉ ခုနှစ်တွင်၎င်း၊ ကျနော့်ကို ၁၉၄၂ခုနှစ် ဂျပန်ခေတ်တွင် ၎င်း မွေးဖွားခဲ့သည်။ အမေသည် အိမ်ထောင်ရက်သားကျပြီး ယုန်သလင်းရွာမှ ထွက်ခွာလာခဲ့ရာ (၁၀)နှစ်လောက်ကြာမှ ယုန်သလင်းသို့ ပထမဆုံးအကြိမ် အဖြစ် အလည်အပတ် ပြန်လည်ရောက်ရှိခဲ့သည်။ ထိုအလည် အပတ်ခရီးတွင် ကျနော့်အား ခေါ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကျနော့် အနေဖြင့် ဘိုးဘေးများ အခြေပြုနေထိုင်ရာ ယုန်သလင်းရွာသို့ ပထမဦးဆုံး ရောက်ခြင်းဟုသာ ပြောရပါမည်။ ပီပီပြင်ပြင်တော့ မမှတ် မိခဲ့ပါ။

* * *

မန်းဘခိုင်ကို (၁၂၆၅)ခု၊ တန်ဆောင်မုန်း လဆန်း (၇)ရက်။ ၁၉၀၃ ခုနှစ်တွင် ဟင်္သာတခရိုင်၊ ယုန်သလင်းကျေးရွာတွင် ဖွားမြင်ခဲ့သည်။ မန်းပေကုန်း၏ ပဥ္စမြောက် သားဖြစ်သည်။ မန်းပေကုန်းတွင် သား သမီး (၈) ဦးရှိပါသည်။ အစဉ်လိုက်အားဖြင့် မန်းအောင်ခင်၊ မန်းသာစိန်၊ မန်းရာသင်၊ မန်းထွန်းလွင်၊ မန်းဘခိုင်၊ မန်းဘဆိုင်၊ မန်းအောင်တင်၊ နန်းအေးကြည် တို့ဖြစ်ပါသည်။ မန်းပေကုန်းတွင် အိမ်

ထောင် (၃)ဆက်ရှိသည်ဟု သိခဲ့ရသည်။ သူ၏ တတိယ အိမ်ထောင်ဆက်တွင် သားသမီး ထွန်းကားခဲ့ခြင်းမရှိပါ။ မန်းပေကုန်း၏ ပထမ အိမ်ထောင်ဆက်တွင် မန်းအောင်ခင်၊ မန်းသာစိန်၊ မန်းရာသင်၊ မန်းထွန်းလွင်တို့ဖြစ်ပြီး ဒုတိယ အိမ်ထောင်ဆက်တွင် မန်းဘခိုင်၊ မန်းဘဆိုင်၊ မန်းအောင်တင်၊ နန်းအေးကြည်တို့ ဖြစ်သည်။ မန်းဘခိုင် အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ ရေးသားချက်များတွင် အဘ မန်းပေကုန်း၊ အမိဒေါ်ပုဟု ဖော်ပြ ထားရာ "ဒေါ်ပု" သည် မန်းပေကုန်း၏ ဒုတိယ အိမ်ထောင်ဆက် ဖြစ်သည်ဟု သိရပါသည်။

မန်းဘခိုင် သည် ငယ်စဉ်က ဟသ်ာတမြို့ အေဘီအမ် ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၂၀ ခုနှစ်တွင် (၇) တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။ အေဘီအမ် ကျောင်းဆိုသည်မှာ မြန်မာနှစ်ခြင်း ခရစ်ယာန် သာသနာပြုကျောင်း ဖြစ်သည်။ ခရစ်ယာန် သာသနာပြု ကျောင်းတွင် စာသင်ခဲ့သောကြောင့်၊ နောက်ပိုင်းတွင် ခရစ်ယာန် ဘာသာသို့ ကူးပြောင်းခဲ့သည်။

ဘခင် မန်းပေကုန်းသည် ဗုဒ္ဓဘာသာဝင်တဦး ဖြစ်သည်။ ယုန်သလင်းကျေးရွာကို စတင် ထူထောင်ခဲ့သူလည်း ဖြစ်သည်။ ( ယုန်သလင်းကျေးရွာ တရွာလုံးမှာ ဗုဒ္ဓ ဘာသာဝင် ပိုးကရင်များသာ ဖြစ်လေသည်။)

မန်းပေကုန်းသည် ယုန်သလင်းကျေးရွာကို ထူထောင်ခဲ့သည်ဟုသာ ဆိုသော်လည်း ယုန်သလင်းကျေးရွာကို မည်သည့်ခုနှစ်က မန်းပေကုန်း စတင်ထူထောင် ခဲ့သည်ဆိုခြင်းကိုမူ ကျနော်တို့ မြေးမြစ် များ အနေဖြင့် အတိအကျမသိပါ။ သာသနာ မှတ်တမ်းတခု၌ ၁၈၅၄ ခုနှစ် အောက်တိုဘာလတွင် အင်္ဂလိပ်လူမျိုး လက်တင်ဆရာ သောမတ်စ်သည် ထားဝယ်မှတဆင့် ဟသ်ာတသို့ ရောက်လာ ခဲ့သည်။ နောက်(၅)နှစ်အကြာ ၁၈၅၉ ခုနှစ်တွင် ဟသ်ာတ အနောက်ဖက် ဒေသ ကျေးရွာများသို့ သွားရောက်ကာ တရားဒေသနာ လှည့်လည်ဟောပြောအပြီး လေးမျက်နှာကျေးရွာသို့ ရောက်လာရာ ထိုရွာမှ ကရင်လူမျိုး (၁၅)ဦးကို နှစ်ခြင်းမင်္ဂလာပေးခဲ့သည်ဟု ဖော်ပြထားသည်။ လေးမျက်နှာ ကျေးရွာဆိုသည်မှာ ဟသ်ာတမှ ကားလမ်းအတိုင်းလာလျှင် ယုန်သလင်းကျေးရွာကို ဖြတ်ကျော်ပြီးမှ အိုင်သပြု၊ လေးမျက်နှာ စသည်ဖြင့် အစဉ်လိုက် ရောက်ရှိမည်ဖြစ်သည်။ ထို ကာလ၌ ယုန်သလင်း ကျေးရွာကို တည်ထောင်ခဲ့ခြင်းရှိမည်မဟုတ်သေးပါ။ ယုန်သလင်းရွာကို တည်ထောင်ခဲ့သူ မန်းပေကုန်းမှာလည်း မမွေးဖွားသေး (သို့) မွေးဖွားခဲ့ပြီး ကလေးဘဝသာ ရှိမည်ဖြစ်ပါသည်။ မန်းပေကုန်း အိမ်ထောင်ကျပြီး သားအကြီးဆုံး မန်းအောင်ခင်ကို မွေးဖွားသော ကာလသည်၊ အင်္ဂလိပ် မြန်မာ တတိယ စစ်ပွဲအပြီး ကာလတွင် ဖြစ်သည်။ ထိုကာလသည်၊ သူ့ကျွန်မခံသော ဗြိတိသျှ ဆန့်ကျင်ရေး လှုပ်ရှားမှု ကာလဖြစ်သည်။ ထိုလှုပ်ရှားမှုကာလတွင် မန်းပေကုန်းသည် ဆွေမျိုး သားချင်းများအား စုစည်းပြီး ယုန်သလင်းကျေးရွာကို စတင်ထူထောင်ခဲ့သည်ဟု ယူဆရ ပါသည်။

မန်းပေကုန်းသည် ဗုဒ္ဓဘာသာကို အခိုင်အမာ ယုံကြည်သူ ဖြစ်သော်လည်း မန်းဘခိုင်အပါအဝင် သား သမီးများကို သာသနာပြု ကျောင်းသို့ ပို့ဆောင်ခဲ့ခြင်းမှာ ထူးခြားချက်တခု ဖြစ်သည်။ အမှန်စင်စစ် မန်းပေကုန်းသည် သား သမီးများအား ခရစ်ယာန်ဘာသာဝင် ဖြစ်စေလိုသောဆန္ဒကြောင့်မဟုတ်ပါ။ မန်းပေကုန်းအနေဖြင့် သူ့သားသမီးများအား ဗြိတိသျှအုပ်ချုပ်ရေး ကာလ မြန်မာပြည်၏ အရေးကိစ္စတွင် လူတလုံးသူတလုံး ပါဝင်ဆောင်ရွက်ပတ် သက်စေလိုသော ဆန္ဒအရင်းခံသာရှိမည်ဖြစ်ပါသည်။ သူကိုယ်တိုင်လည်း ဗြိတိသျှခေတ် ကျေးရွာအုပ်ချုပ်ရေး တိုက်သူကြီး အဆင့်ဖြင့် ထမ်းဆောင်နေခဲ့သူဖြစ် သည်။ ထိုခေတ်ထိုကာလ အမှုထမ်းအရာထမ်းများ၏အခွင့်အာဏာမှာ အမှန်ပင် အထင်ကြီးစရာ ကောင်းနေပေသည်။ ထို့ကြောင့်ပင် နောက်ပိုင်း၌ ဘာသာရေးကိစ္စဖြင့် သားသမီးများနှင့် ကြီးမားသော ပဋိပက္ခရှိလာမည်ကို မန်းပေကုန်း တွက်ချက်မိပုံ မပေါ်ခဲ့ခြင်း ဖြစ်လေသည်။

နွေကျောင်းပိတ်သော နေ့တနေ့တွင် ဟသ်ာတမြို့၌ကျောင်းတက်နေသော သားများပြန်လာရာ ဘခင် မန်းပေကုန်းနှင့် ဘာသာရေး ကွဲပြားမှု ပြဿနာ အကြီးအကျယ် တက်တော့သည်။ မန်းပေကုန်းသည် မိမိ၏သားများ ခရစ်ယာန်ဘာသာသို့ ကူးပြောင်း သွားခဲ့သည်ကို သိရှိရန်မှာ ခဲယဉ်း သည့် ကိစ္စမဟုတ်ပေ။ တရွာလုံး ဗုဒ္ဓဘာသာများဖြစ်၍ မိရိုးဖလာ သာသနာရေးကိစ္စများကို ထမ်းဆောင်ရန် ပြောင်ပြောင်တင်းတင်းပျက်ကွက်ကြသော သားများနှင့် မန်းပေကုန်း ထိပ်တိုက် တိုးတော့သည်။ မန်းပေကုန်းသည် ဒေါသကြီးသူဖြစ်ရာ လက်စွဲတော်ကိုးလုံးကျည် နှစ်လုံးပြူးသေနတ်ကို ဆွဲကာသူ့ သားများအား သတ်မည့်တကဲကဲ မာန်မဲ ကြိမ်းမောင်းလေသည်။သားများဘက်ကလည်း မန်းဘခိုင်က ဦးဆောင်ကာ၊ ညီ အကိုများ တန်းစီရပ်ပြီး ရင်ကော့ပေးလျက် သတ်ချင်သတ်၊ ခရစ်ယာန်ဘာသာကို မစွန့်လွှတ်နိုင်ဟု အတိအလင်း ဆန့်ကျင်ခဲ့ကြသည်။ နောက်ဆုံး၌ မန်းပေကုန်း လက်လျော့ အရှုံးပေးခဲ့ရလေသည်။ မန်းဘခိုင်နှင့် ညီအကိုများသည် ယုံကြည်ချက် တခုအတွက် အသက်ပေး စွန့်လွှတ်ရဲသော သတ္တိရှိကြကြောင်းနှင့် ကျောင်းသားအရွယ် ငယ်စဉ် ဘဝကပင် သန္ဒေတည်ခဲ့သည်ဟု ပြောစမှတ် ပြုခဲ့ကြရသည်။ ဤကိစ္စရပ်မှာ ယုန်သလင်းကျေးရွာတွင် ခရစ်ယာန်သာသနာ ပေါ်ပေါက်လာ ရန်အတွက် အစအဦးဆုံးသော အပြောင်းအလဲ တရပ်ဖြစ်ပြီး၊ နောင်နှစ်ပေါင်း အတော်ကြာသည့်အခါတွင် ယုန်သလင်းကျေးရွာ၌ ခရစ်ယာန်အသင်းတော်တခုကို တည်ထောင် ခဲ့ပေသည်။ ယနေ့ထက်တိုင် ထိုအသင်းတော်သည် ဟသ်ာတ – ဓနုဖြူ ပိုး ကရင် နှစ်ခြင်းအသင်းစုတွင် ပါဝင်လျက် ရှိနေသည်။

မန်းဘခိုင်သည် (၇)တန်း အောင်

ပြီးနောက် ကျောင်းမှထွက်ပြီး ဝါသနာအလျောက် ဘားမား ရိုင်ဖယ်တပ်သို့ ဝင်ရောက် အမှုထမ်းဆောင်သည်။ ထိုစဉ်က သူ့အသက်မှာ (၁၈)နှစ် သာသာလောက်သာရှိမည်ဖြစ်သည်။ ဆက်လက်၍ ပညာသင်ကြားသင့်သော အရွယ်ဟု ဆိုရပေမည်။ သို့သော်လည်း ထိုခေတ်က ဟင်္သာတမြို့တွင် အထက်တန်းကျောင်းများ ပေါ်ပေါက် သေးပုံ မရပေ။ ဟင်္သာ တမြို့တွင် အထက်တန်းကျောင်း စတင် ဖွင့်လှစ်နိုင်ခဲ့သည်မှာ ၁၉၂၇ ခုနှစ်ကျမှ ဖြစ်သည်ဟု သာသနာ့သမိုင်း တွင် ဖော်ပြထားသည်။ သို့သော် ဟင်္သာတမြို့ ဒေသပတ်ဝန်းကျင်၌ ခေတ်ပညာကျောင်းများကို စတင်ဖွင့်လှစ်ခဲ့ သည်မှာ ၁၈၅၄ ခုနှစ် ကထဲကဖြစ်ပြီး သာသနာပြု ဆရာများ ဟင်္သာတသို့ ရောက်လာခဲ့ပြီး မရှေး မနှောင်းမှာပင် ဖြစ်သည်။ ၁၈၆၁ ခုနှစ်တွင် ခရစ်ယာန် သာသနာဝင် အသင်းတော် (၄၅)ဖွဲ့ရှိလာခဲ့ရာ အသင်းတည်ရှိရာ ကျေးရွာအများစုမှာ စာသင်ကျောင်း များကို စတင် ဖွင့်လှစ်ခဲ့ကြလေသည်။ ဟင်္သာတမြို့တွင်းကျောင်းကို ဆရာသောမတ်စ်တို့ ဇနီးမောင်နှံကိုယ်တိုင် ဦးစီး ဖွင့်လှစ်ခဲ့ပြီး သာသနာပြုရန် ရည်ရွယ်ချက်ရှိထားသူများကိုသာ လက်ခံခဲ့ သည်။ ၁၈၇၃ ခုနှစ်မှ စတင်၍ အင်္ဂလိပ်စာကို သင်ကြားခဲ့သည်။ မည်သို့ပင် ဖြစ်စေ ခေတ်ပညာကို မည်သူမဆို လွတ်လပ်စွာ သင်ယူနိုင်သော အချိန်အခါမှာ နှစ်အတန်ကြာမှပင် ပေါ်ပေါက်ခဲ့ပေသည်။ မန်းဘခိုင်၏ စာသင်သားဘဝတွင် ခေတ်ပညာရပ်များကို မည်သည့် ဘာသာဝင်မဆို လွတ်လပ်စွာ လေ့လာသင်ကြားနိုင်သောကာလ ဖြစ်လေသည်။ သို့သော် သူကိုယ်တိုင် ဘာသာရေး ကိုးကွယ်မှု၊ ယုံကြည်မှု အပြောင်းအလဲဖြစ်ခဲ့ရပြီး နောင်တွင် သူ့ဆွေမျိုးစု အတွင်းသို့တိုင်အောင် ဘာသာရေး အပြောင်းအလဲကြီး ဖြစ်ခဲ့ရလေသည်။

မန်းဘခိုင်သည် အလယ်တန်းအောင်သည့်အခါ၌ ကျောင်းမှထွက်ခဲ့ပြီးနောက် ဘားမားရိုင်ဖယ်တပ်တွင် အမှုထမ်းခဲ့သည်။ သို့သော် မကြာပါချေ။ ဆွေမျိုးများက ဝိုင်းဝန်းကန့်ကွက်သဖြင့် တပ်မှ ထွက်ခဲ့ရလေသည်။ ထို့နောက်အေစကော့ကုမ္ပဏီတွင် စာရေးကြီးအဖြစ် ဝင်ရောက်အမှုထမ်း ပြန်သည်။ ၁၉၂၆ ခုနှစ်တွင် သူ့လက်အောက်မှ ကရင်အမျိုးသား စာရေးတဦး၏ကိစ္စဖြင့် မန်နေဂျာနှင့် သဘောချင်း မတိုက်ဆိုင်သောကြောင့် အလုပ်မှ ထွက်ပြီး ယုန်သလင်းကျေးရွာသို့ ပြန်ခဲ့လေသည်။ ထိုရွာ၌ပင် အကိုအကြီးဆုံး "မန်းအောင်ခင်" ဦးစီးထူထောင်သော "အောင်ခင်နှင့် ညီများကုမ္ပဏီ" တွင် ပါဝင်လုပ်ကိုင်ခဲ့သည်။

ဤနေရာတွင် အလျဉ်းသင့်၍ မန်းဘခိုင်၏အကို မန်းအောင်ခင်နှင့် ပတ်သက်ပြီး အနည်းငယ် ဖော်ပြလိုပါသည်။ မန်းပေကုန်း ကွယ်လွန်ပြီးနောက် အကိုကြီး အဘအရာဆိုသကဲ့သို့ မန်းအောင်ခင်သည် လူလားမြောက်ပြီဖြစ်သော ညီများအပေါ်တွင် ဘခင်သဖွယ် ဦးဆောင် လမ်းညွှန်မှု ပေးရန်အတွက်သာမက စည်းစည်းလုံးလုံးဖြင့် ဥမကွဲ သိုက်မပျက်စေဘို့ရန်လည်း တာဝန်ရှိလာပေသည်။ ကျနော်အဘိုး မန်းအောင်ခင်သည်လည်းသူ့ ဘခင်မန်းပေကုန်းကဲ့သို့ပင် အိမ်ထောင်ဆက် (၃)ဆက်ရှိပါသည်။ ပထမ အိမ်ထောင်တွင် သား သမီး (၂)ဦး ထွန်းကားပြီး၊ ဒုတိယ အိမ် ထောင်တွင် သမီး (၁)ဦး၊ တတိယ အိမ်ထောင်တွင် သား သမီး (၃)ဦး ထွန်းကား ပါသည်။ အစဉ်လိုက်ပြောရလျှင် ...
(၁) မန်းထွန်းရွှေ၊ (၂) မသန်း၊
(၃) နန့်အသန်း၊ (၄) မန်းထွန်းဖေ၊
(၅) နန့်သန်းသန်း၊ (၆) နန့်ခစ်ထေဟူ၍
စုစုပေါင်း (၆)ယောက် ဖြစ်ပါသည်။ သမီး (၄)ဦးအနက် (၃)ဦး၏ အမည်များမှာ လုံးဝ ဆင်တူသယောင်ပင် ဖြစ်နေပါသည်။ ကျနော်၏ မိခင်မှာ ပထမ အိမ်ထောင်မှ ဖြစ်သည်။ အဘိုးသည် အိမ် ထောင်ဆက် (၃)ဆက်မှ သားသမီးများကို အမည်ပေးရာတွင် သားယောက်ျားများကို "ထွန်း" သမီးများကို "သန်း" ဟူသော အမည်များကို အထူးတလည် ရွေးချယ်ခဲ့သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် အဘိုးသည် သား သမီးများအပေါ် ထွန်း ထွန်း ပေါက်ပေါက်နှင့် ကြီးပွားစေလိုသူ တဦးဖြစ်ကြောင်းမှာထင်ရှားနေပါသည်။ ဦးဆောင်ဖွင့်လှစ် ခဲ့သော "အောင်ခင် နှင့် ညီများကုမ္ပဏီ" သည် စီးပွားရေးကို အခြေခံကာ တိုးတက်မှုကြီးပွားလိုမှု မျှော်မှန်းချက်တရပ် ဖြစ်ပါသည်။ သို့သော်တဦးကောင်း တယောက်ကောင်းထက် ဆွေမျိုးစုများကို ထွန်းထွန်း ပေါက် ပေါက် ဖြစ်စေလိုသော ဆန္ဒလည်း ပူးတွဲ ပါဝင်နေပေသည်။

ကျနော်၏မိခင်သည် သူ၏ဖခင် မန်းအောင်ခင်နှင့် ပတ်သက်၍ ကျနော့အား မကြာခဏပြောပြရာတွင် အဘိုး ဦးဆောင်ခဲ့သော အောင်ခင်နှင့်ညီများ ကုမ္ပဏီကို ထူထောင်စဉ်က အမေ့ အသက်မှာ (၁၀)နှစ်ကျော်ရှိနေပြီဖြစ်သည်။ ၁၉၂၆ ခုနှစ် ပင်ဖြစ်ပါသည်။ ထိုအချိန်က အဘိုးသည် ဒုတိယအိမ်ထောင်နှင့် ဖြစ်၍ အမေသည် အဖွားလေး "နန့်အေးကြည်" နှင့် အတူ နေထိုင်ပြီး ကျောင်းဖွင့်ရက်များတွင် ဟင်္သာတမြို့ "ဖက်(စ်)ကရင်" ကျောင်းတွင် ကျောင်းအိပ် ကျောင်းစား တက်ရောက်ပါသည်။ အဘိုး မန်းအောင်ခင် အဆိုပါ ကုမ္ပဏီကို စတင်ထူ ထောင်သော အချိန်က မန်းဘခိုင်၊ မန်းဘဆိုင် ညီ အကိုများမှာ ရန်ကုန်တွင် စာရေး စာချီဘဝဖြင့် အမှုထမ်း နေကြပါသည်။ မန်းအောင်ခင်သည် ညီငယ်များကို ပြန် ခေါ်ပြီး ထိုကုမ္ပဏီတွင် အမှုထမ်းစေခဲ့သည်ဟု ဆိုသည်။ အေစကော့ ကုမ္ပဏီနှင့် အဆင်မပြေဖြစ်နေသော မန်းဘခိုင်သာမက၊ မည်သို့မျှ ပြဿနာမရှိသော မန်းဘဆိုင်ပါ ၎င်း၏အလုပ်ကို စွန့်လွှတ်ပြီး အဘိုးမန်းအောင်ခင်နှင့် လာရောက်လက်တွဲခဲ့သည်။ အဘိုးနှင့် ညီအကိုများသည် စုပေါင်း ဦးဆောင်မှုဖြင့် ထို ကုမ္ပဏီ ကို စတင်ဖွင့်လှစ်ခဲ့ရာ မိမိတို့ အကျိုးအမြတ်တခုတည်းအတွက် မဟုတ်ဘဲ ထိုဒေသတွင်းရှိ ကျေးရွာများ သက်သာချောင်ချိ ရေးအတွက်ပါ အလေးထား စီစဉ်ဆောင်ရွက်ကြသဖြင့်၊ မိမိတို့ကျေးရွာသားများသာမက အနီးအနား ကျေးရွာ

များကပင် ဝမ်းမြောက်ကျေနပ် ကျေးဇူးတင်ခဲ့ကြသည်ဟု ဆိုသည်။ ဤအချက်မှာ နောင်တွင် မန်းဘခိုင် နိုင်ငံရေးလောကသို့ ရောက်ရှိပြီး အောက်လွှတ်တော် အမတ်အဖြစ် ဝင်ရောက်အရွေးခံရာ၌ အနိုင်ရခဲ့သော အကြောင်းရင်းများတွင် တချက်အပါအဝင် ဖြစ်ပေသည်။

မန်းဘခိုင်၌ အိမ်ထောင် (၂) ဆက် ရှိသည်။ ပထမအိမ်ထောင် ဒေါ်အေးလုံနှင့် သား သမီး (၈)ဦး ထွန်းကားပြီး၊ ဒုတိယ အိမ်ထောင် ဒေါ်ခင်နီနှင့် သား သမီး (၂)ဦး ထွန်းကားသည်။ ဒုတိယ အိမ်ထောင်မှာ ၁၉၃၈ ခုနှစ်တွင် လက်ထပ်ခဲ့သည်။ သမီးအကြီးဆုံး နန့်ခင်ရီမှာ ယခု အသက်ထင်ရှားရှိဆဲဖြစ်ပြီး အသက် (၇၂) နှစ်ရွယ် ရှိနေပြီဖြစ်သည်။ မန်းဘခိုင်သည် အသက် (၂၀) ပတ်ဝန်းကျင်၌ လက်ထပ်ခဲ့သည်ဟု ခန့်မှန်းရသည်။ အောင်ခင်နှင့် ဘရားသားကုမ္ပဏီတွင် အမှုထမ်းပြီးနောက် အကိုအကြီးဆုံး မန်းအောင်ခင်နှင့် ယုန်သလင်း တွင်နေထိုင်သော ကာလက ဖြစ်ပေမည်။ ပထမအိမ်ထောင် "ဒေါ်အေးလုံ" နှင့် သား သမီး (၈)ဦးမှာ အစဉ်လိုက်အားဖြင့် ... (၁) နန့်ခင်ရီ၊ (၂) နန့်ခင်စီ (ကွယ်လွန်)၊ (၃) မန်းချစ်ခင် (ကွယ်လွန်)၊ (၄) မန်းချစ်တင် (ကွယ်လွန်)၊ (၅) မန်းချစ်ရင် (ကွယ်လွန်)၊ (၆) မန်းချစ်ရှင် (ကွယ်လွန်)၊ (၇) မန်းချစ်ငွေးခိုင်၊ (၈) နန့်ခင်ငွေးရီဖြစ်သည်။ ဒုတိယ အိမ်ထောင်နှင့် သား သမီး (၂) ဦး မှာ (၁) ဒေါ်မြင့်မြင့်ခိုင်၊ (၂) ဦးအောင်ခိုင် တို့ဖြစ်သည်။

မြန်မာ့ စွယ်စုံကျမ်း အတွဲ(၈) စာမျက်နှာ(၂၅၃)၊ မန်းဘခိုင် အတ္ထုပ္ပတ္တိတွင်၊ ဒုတိယ ဇနီး သည်၏အမည်ကိုသာ ဖော်ပြ မှတ်တမ်းတင် ထားပါသည်။ ဤကိစ္စမှာ နိုင်ငံတော်အစိုးရ၏ ချို့ယွင်းချက်တခုဟု ကျနော်ယူဆပါသည်။ "မန်းဘခိုင်" ကွယ်လွန်ပြီးနောက် ကျန်ရစ်သော မိသားစုများအတွက် ထောက်ပံ့ငွေများကို စီစဉ်ရာတွင် အဖွား ဒေါ်အေးလုံနှင့် မိသားစု (၈)ဦးမှာ အစတွင် အကျုံးမဝင်ဘဲ ရှိနေခဲ့သည်။ သို့သော်"မန်းဘဆိုင်" နှင့် ကျန်ဆွေမျိုးများ၏ ကြိုးပမ်းမှုကြောင့် ထောက်ပံ့ငွေကို အညီအမျှ လက်ခံရရှိခဲ့လေသည်။ ပထမ အိမ်ထောင်နှင့် သားသမီး (၈)ဦး အနက် အကြီးဆုံးနှင့် အငယ်ဆုံး (၂)ဦးသာ အသက်ရှင်ဆဲရှိပါသည်။ ဒုတိယ အိမ်ထောင်မှ သား သမီးများမှာ အရာထမ်း အမှုထမ်းများ ဖြစ်ကြလေသည်။

မန်းဘခိုင်သည် ၎င်းနှင့်လုပ်ဖော်ကိုင်ဖက် ကရင်အမျိုးသား နိုင်ငံရေးသမားများနှင့် နှိုင်းယှဉ်လျှင် ခေတ်ပညာအားဖြင့် အနိမ့်ဆုံးဟုပင် ဆိုရပေမည်။ ၎င်း၏လုပ်ဖော် ကိုင်ဖက်များဖြစ်သော စောဘဦးကြီး၊ စောဖေသာ၊ စောဆစ်ဒနီလူနီ၊ စောမြသိန်း၊ စောဖိုးချစ် စသည်တို့သည် ခေတ်ပညာအားဖြင့် ဘွဲ့ထူး အသီးသီး ရရှိထားသူများဖြစ်သည်။ သို့သော် ၎င်းတို့သည် မန်းဘခိုင်အား ကရင် အမျိုးသား နိုင်ငံရေး သမားတဦးအဖြစ်၊ ခေါင်းဆောင်တဦးအဖြစ် ယုံကြည်အားထားကြသော အချက်မှာ သူသည်ပြဿနာ အရပ်ရပ်ကို နားလည်သိကျွမ်းခြင်းနှင့် တည်တည်ငြိမ်ငြိမ်ရှိခြင်း၊ တိကျပြတ်သားခြင်းများကြောင့် ဖြစ်သည်။ သူသည် ပင်ကိုယ်အားဖြင့် ယုံကြည်ချက်ခိုင်မာပြီး အမျိုးထိလျှင် မခံတတ်သူ ဖြစ်သည်၊ သို့သော် ထိုအချက်များသည်. နိုင်ငံရေးသမား တဦးအတွက် ပြည့်စုံလုံလောက်သော အရည်အချင်းများ မဟုတ်သေးပါ။ လူထုပြဿနာကို နားလည်ခြင်း၊ လူထုအကျိုးကို ရှေ့ရှုတတ်ခြင်း စသည့် အချက်များသည်လည်း နိုင်ငံရေးသမား၏ အရည်အချင်းတွင် အကျုံးဝင်လျက်ရှိပေသည်။ ယုန်သလင်းတွင် ရှိစဉ်က မိမိတို့ ၏ လုပ်ငန်းနှင့် လူထု၏ အကျိုး စီးပွါးကို ဆက်စပ် နားလည် ဆောင်ရွက်ခဲ့သော အတွေ့အကြုံသည်လည်း အဓိက ကျလှပါသည်။ ဤအတွေ့အကြုံကို မန်းဘခိုင်သည် အကိုအကြီးဆုံး မန်းအောင် ခင်နှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်သည့် ကာလ ၁၉၂၇ ခုနှစ်မှစ၍ ဗြိတိသျှ ပါလီမန် အမတ်အဖြစ် ဝင်ရောက်အရွေးခံသော ၁၉၃၆ ခုနှစ်အထိ၊ ကျေးရွာလုပ်ငန်းများနှင့် အမျိုးသား လုပ်ငန်းများကို တတပ်တအား ပါဝင်လုပ်ဆောင်နေစဉ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။ မန်းဘခိုင်သည် အေစကော့ စာရေးဘဝမှ အောင်ခင်နှင့်ညီများ ကုမ္ပဏီတွင် ဝင်ရောက် ဆောင်ရွက်ရင်း စီးပွားရေး အတွေ့အကြုံသာမက၊ စည်းရုံးရေး အတွေ့အကြုံပါရရှိကာ လူထု ခေါင်းဆောင် တယောက်အဖြစ် အများက ယုံ ကြည်လာသည်အထိ ဦးဆောင်ဦးရွက်ပြု နိုင်ခဲ့သည်ဟုပင်ဆိုရမည် ဖြစ်ပေသည်။

မန်းပေကုန်း ကွယ်လွန်သောအခါ ကျေးရွာကိစ္စများကို အစဉ်အလာအားဖြင့် "မန်းအောင်ခင်" က ဆက်လက်တာဝန်ယူရမည်ဖြစ်သည်။ သို့သော် အဘိုးသည် တိုက်သူကြီးအဖြစ် အဘေး၏ အရိုက်အရာ ဆက်ခံခဲ့ကြောင်းကိုမူ ကျနော့်မိခင်ထံမှ စကားစပ်၍တခါမျှပင် ပြောပြ ကြားသိခဲ့ဘူးခြင်း မရှိပါ။ သို့သော် ၁၉၂၆ မှစ၍ အောင်ခင်နှင့် ညီများ ကုမ္ပဏီကို အဘိုး ဦးဆောင်သော ကာလတွင် အဘိုး၏ညီ "မန်းရာသင်" က ယုန်သလင်းကျေးရွာကို ဆက်လက် အုပ်ချုပ်ကြောင်းကိုတော့ သိရလေသည်။ မန်းအောင်ခင်နှင့် ဆွေမျိုး စုများ၏ ထူးခြားချက်တခုမှာ ၎င်းတို့ ညီ အကိုများ အဆင့်ဆင့် စိမံကွပ်ကဲမှုအောက်တွင် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ အထက်မှစီမံသည့် အတိုင်း ပြန်လည်ဆန့်ကျင်ပြောဆိုခြင်း မရှိဘဲ စည်းကမ်းနှင့်အမိန့်ကို တသွေမတိမ်း လိုက်နာတတ်သော အစဉ်အလာပင်ဖြစ်လေသည်။ ထိုအချက်မှာ မန်းဘခိုင်အဘို့ နိုင်ငံ ရေး သမားတယောက်အဖြစ်၊ နိုင်ငံ့တာဝန် ထမ်းဆောင်ရာတွင် အထက်အောက် ဆက်ဆံရေး ကိစ္စများကို ပြေပြစ်စေခဲ့သည့် အတွေ့အကြုံ အလေ့အကျင့် တခုပင် ဖြစ်သည်။

မန်းဘခိုင်တို့လက်ထက် ယုန်သလင်းကျေးရွာသည် လူမျိုးပေါင်းစုံ နေထိုင်သော ကျေးရွာတရွာဖြစ်လာသည်။ လူမျိုးရေးခွဲခြားမှုမရှိ။ လူမျိုးတိုင်း တတန်း တစားတည်းသော ဆက်ဆံရေးနှင့်၊ စည်းစည်း လုံးလုံးရှိကြသဖြင့် ကရင်၊ ဗမာ၊

ကုလား၊ အားလုံးချစ်ကြည်ရင်းနှီးမှု ရှိသော ကျေးရွာတရွာဟု ဆိုရမည်ဖြစ်သည်။ ၁၉၄၉ ခုနှစ် ကရင်အမျိုးသား လက်နက်ကိုင် တော်လှန်ရေး စတင်ဖြစ်ပေါ်ခဲ့သော "ကရင် – ဗမာ ပဋိပက္ခ"တွင် ယုန်သလင်း ကျေးရွာသည် ကရင်၊ ဗမာ အချင်းချင်း တဦးအပေါ် တဦးအငြိုးအငြင် မပျက်ဘဲ၊ ထိတ်လန့်စရာ အခြေအနေများနှင့် ကင်းဝေးခဲ့လေသည်။ သို့ဖြစ်ရသည်မှာ မန်းဘခိုင်တို့ဆွေမျိုးစုများ အုတ်မြစ်ချခဲ့သော လူ မျိုးချင်း စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်း ကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှု စိတ်ဓါတ်များကြောင့်ဟုသာ ဆိုရမည် ဖြစ်လေသည်။

မန်းဘခိုင်သည် အကိုအကြီးဆုံး မန်းအောင်ခင်ဦးစီးသော အောင်ခင်နှင့် ညီများကုမ္ပဏီ၌ပါဝင်လုပ်ကိုင် စဉ်ကာလတွင်ပင် ကျေးရွာဝန်းကျင်ရှိ ကရင်ခလေးသူငယ်များ ကရင်ဘာသာကိုသင်ကြားနိုင်ရန် ကျောင်းတကျောင်းဖွင့်လှစ်ပြီး ကိုယ်ဖိရင်ဖိ စီမံ အုပ်ချုပ်ခဲ့သည်။ ကုမ္ပဏီ၏ အရောင်း အဝယ် ကိစ္စ နှင့်သော်၎င်း၊ ကျောင်းကိစ္စနှင့် သော်၎င်း၊ ရန်ကုန်သို့မကြာခဏ ရောက်ရှိခဲ့လေသည်။ ဤသို့သွားရင်းလာရင်းဖြင့် ကရင်ခေါင်းဆောင်များဖြစ်သော ဆစ်ဒနီ လူနီ၊ မန်းရွှေဘ စသူတို့နှင့် သိကျွမ်းပြီး ရံဖန် ရံခါ တွေ့ဆုံဆွေးနွေးမိခဲ့ရာမှ နိုင်ငံရေး ဖက်သို့ ဝင်ရောက်လှုပ်ရှားရန် လမ်းစပေါ်ပေါက်ခဲ့လေသည်။ စောဆစ်ဒနီလူနီ နှင့် မန်းရွှေဘတို့သည် ၁၈၈၁ ခုနှစ်က ဖွဲ့စည်းခဲ့သော "*Karen National Association*"ခေါ် ဒေါကလူအဖွဲ့မှ အဖွဲ့ဝင်များ ဖြစ်ကြလေသည်။ မြန်မာပြည်ကို အိန္ဒိယမှ ခွဲထွက်ပြီးနောက်၊သီးခြားဖြစ်လာသော မြန်မာပြည်ဆိုင်ရာ (၉၁)ဌာန အုပ်ချုပ်ရေး အတွက် တိုင်ပင်ဆွေးနွေးရန် ဘိလပ်မှ ဖိတ်ကြားရာတွင်၊ အတွေ့အကြုံရှိသော ဆစ်ဒနီ လူနီမှာ ကရင်အမျိုးသားအဖွဲ့ ခေါင်းဆောင်အဖြစ်၎င်း၊ မန်းရွှေဘ (သရာ ရွှေဘ)က အဖွဲ့ဝင်အဖြစ်၎င်း၊ ဒေါကလူအဖွဲ့၏ တာဝန်ပေးခြင်းခံခဲ့ရလေသည်။ (၉၁) ဌာန အုပ်ချုပ်ရေးသည်၊ ၁၉၃၅ ခုနှစ်၌ တရားဝင် ဖြစ်လာသည်။ ယင်းအုပ် ချုပ်ရေးတွင် အမတ် (၁၃၂)ယောက် သတ်မှတ်ထားရာ

(၁) လူမျိုးမရွေးအမတ် (၉၁) ယောက်၊
(၂) ကရင်သီးသန့်အမတ် (၁၂)ယောက်၊
(၃) အိန္ဒိယသားအမတ် (၈)ယောက်၊
(၄) အင်္ဂလိပ်အမတ် (၃)ယောက်၊
(၅) အင်္ဂလိပ်ကပြား (၂)ယောက်၊
(၆) ကုန်သည်ကြီးအသင်း (၁၀)ယောက်၊
(၇) ရန်ကုန်တက္ကသိုလ် (၁)ယောက်၊
(၈) အိန္ဒိယအလုပ်သမား (၂)ယောက်၊
(၉) မြန်မာအလုပ်သမား (၂)ယောက်၊

တို့ဖြစ်လေသည်။ (၉၁)ဌာန အုပ်ချုပ်ရေးအတွက် ဥပဒေပြုအမတ် ရွေးပွဲကို– ၁၉၃၆ ခုနှစ် နိုင်ဝင်ဘာလတွင် ကျင်းပလေသည်။ ထိုရွေးကောက်ပွဲ၌ မန်းဘခိုင်သည် "မအူပင် မြောက်ပိုင်း" အောက်လွှတ်တော် အမတ်အဖြစ် ဝင်ရောက် အရွေးခံ ရာတွင် ရှုံးနိမ့်ခဲ့သည်။

၁၉၃၇ခုနှစ်၊ ဥပဒေပြုလွှတ်တော် အမတ်ရွေးကောက်ပွဲတွင် ပုသိမ်မြောက်ပိုင်း အမတ်တနေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြန်ရာ မန်းဘခိုင် အရွေး ခံခဲ့ ရလေသည်။

(၉၁) ဌာန အုပ်ချုပ်ရေး ကာလတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်(၂)ရပ်ထားရှိသည်။ အထက်လွှတ်တော် (ဆီးနိတ်)တွင် အမတ် (၃၆) နေရာရှိသည်။ (၁၈)ဦးကို ဘုရင်ခံက တိုက်ရိုက်ခန့်အပ်၍ ကျန်(၁၈)ဦးကို မဲဆန္ဒဖြင့် ရွေးချယ်သည်။ အထက်လွှတ်တော်(၃၆) နေရာတွင် ကရင်ကအမတ်နေရာ (၃) နေရာ ရရှိသည်။

အထက်လွှတ်တော် အမတ်များမှာ ...
(၁) ဆရာဦးစံဘော်၊
(၂) ဒေါက်တာ စံစီဖိုး၊
(၃) သရာမန်းရွှေဘ တို့ဖြစ်ပြီး၊

အောက်လွှတ်တော် အမတ်များမှာ ...
(၁)စောဖေသာ၊ (၂)မန်းကံအေး၊
(၃) ဦးဖိုးမျှင်၊ (၄) စောဆစ်ဒနီလူနီ၊
(၅) မန်းထွန်းခင်၊ (၆) မန်းဘခိုင်၊
(၇) မန်း ရွှေညွန့်၊ (၈) စောမြသိန်း၊
(၉) ဦးလှဖေ၊ (၁၀) စောဖိုးချစ်၊
(၁၁) စောသာဒွေး၊
(၁၂) စောဂျွန်ဆင်ဒီဖိုးမင်းတို့ ဖြစ်ကြလေသည်။

မန်းဘခိုင်သည်–၁၉၃၇/၃၈ ခုနှစ် အတွင်း ကရင်အမျိုးသား၏ "နှစ်သစ်ကူး" နေ့ရက်သတ်မှတ်ရေးအတွက် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ အင်တိုက် အားတိုက် ပါဝင်တိုက်ပွဲဝင် တောင်းဆိုခဲ့လေသည်။ ၁၉၄၁ခုနှစ်သို့ ရောက်သောအခါတွင် မန်းဘခိုင်သည် တရားရေးဌာန ဝန်ကြီး စောဖေသာ၏ အတွင်းဝန်ကလေး အဖြစ် ခန့်ထားခြင်းခံရသည်။ စောဖေသာသည် မန်းဘခိုင်ထက် တနှစ်ခန့်ကြီးပြီး ရန်ကုန်တက္ကသိုလ်တွင် ဘီအေဘွဲ့ကို ရယူပြီး ဥပဒေပညာကို ဘိလပ်တွင် သွားရောက်ဆည်းပူးကာ ဝတ်လုံဘွဲ့ ရရှိခဲ့သူဖြစ်လေသည်။ ၁၉၃၇ခုနှစ် ရွေးကောက်ပွဲ၌ အောက်လွှတ်တော်အမတ် (၁၂)ဦးတွင် မြောင်းမြကရင်မဲဆန္ဒနယ်မှနေ၍ အမတ်ဖြစ်လာခဲ့သည်။ ၁၉၃၇ခုနှစ် ဒေါက်တာဘမော် လက်ထက်တွင် သစ်တောဝန်ကြီးဖြစ်လေသည်။ သို့သော် ဒေါက်တာဘမော်အစိုးရပြုတ်ကျပြီး ဦးပုအစိုးရ တက်လာသည့်အခါ ဌာနလက်မဲ့ဝန်ကြီး ဖြစ်သွားသည်။ ထို့နောက် ဦးပုပြုတ်ကျပြီး ဦးစော၏ အစိုးရအဖွဲ့တက်လာရာ စောဖေသာမှာ တရားရေးရာ ဝန်ကြီးဖြစ် လာပြန်လေသည်။ နန်းရင်းဝန်ဦးစော အစိုးရလက်ထက်တွင် စောဖေသာ၏ အတွင်းဝန်မှာ မန်းဘခိုင်ဖြစ်လေသည်။

သို့သော် မန်းဘခိုင်သည် ဝန်ထမ်းလောကတွင် ပျော်ပိုက်မှု မရှိချေ။ ကရင် အမျိုးသားများ လူနေမှု အဆင့် အတန်း မြင့်မားရေးနှင့် စား ဝတ် နေ ရေး သက်သာ ချောင်ချိစေမှုကို တဘက် တလမ်းမှ အထောက်အကူပြုရန်အတွက် ပုဇွန်တောင်တံတားအနီးတွင် ငှက်ပျောပွဲရုံ တည်ထောင်ခဲ့သည်။ ဟင်္သာတ၊ ယုန်သလင်း၊ ခမောက်စု၊ အိုင်သပြု၊ လေးမျက်နှာ၊ ဇလွန်၊ ကျုံပျော်မြို့နယ် တခွင်၌ ဥယျာဉ်ခြံမြေ လုပ်ကိုင်စားသောက် ကြ

သည့် သူတို့မှာ အများစု ဖြစ်သည်။ အထူးသဖြင့် ငှက်ပျောစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်း ပြုကြသည်။ ဒါးကချောင်းမှ နေ၍ ထိုဒေသရှိ ငှက်ပျောများကို ကျုံပျော်အထိ သမ္ဗ န်၊ ဘောက်တူများဖြင့် သယ်ဆောင်ပြီး ရန်ကုန်သို့နေ့စဉ်ပို့ဆောင်လေသည်။ ထိုဒေသ၏ ငှက်ပျောအထွက်နှုန်းမှာ မြင့်မား သော်လည်း ဈေးကွက်နှင့် ဈေးနှုန်းများ တိကျမှန်ကန်ရေးအတွက် သူကိုယ်တိုင် ဦးစီးပြီး ငှက်ပျောပွဲရုံတရုံကို ပုဇွန်တောင် တံတားအနီး၌ တည်ထောင်လေသည်။ (၁၉၆၇ ခုနှစ်အတွင်းက တစ်ရက်လျှင် အဖီးရေ (၃)သိန်းအထိ ထွက်သည်ဟု သိရသည်)။ ငှက်ပျောပွဲရုံ အခြေတကျဖြစ်လာသောအခါ ထိုပွဲရုံကို မိသားစုထံအပ်ပြီး အမျိုးသားနိုင်ငံရေး၌သာ ခြေစုံပစ် ဝင်ရောက် ဆောင်ရွက် လေတော့သည်။

သို့သော် မကြာမီမှာပင် ဒုတိယကမ္ဘာစစ်မီးသည် မြန်မာပြည်သို့ ကူးစက်လာခဲ့ရာ မြန်မာပြည်အုပ်ချုပ်ရေး အဖွဲ့သည်လည်း ကစင့်ကလျားဖြင့် အိန္ဒိယသို့ ပြေးရလေသည်။ သူ၏ ငှက်ပျောပွဲရုံမှာလည်း ဂျပန်များဝင်လာသောအခါတွင် ဗုံးကျ၍ ပျက်ဆီးသွားခဲ့သည်။ မန်းဘခိုင်မှာ ဇာတိရွာဖြစ်သော ယုန်သလင်းရွာတွင် ပြန်လည်နေထိုင်ခဲ့လေသည်။ ဂျပန်ခေတ်ကာလ ဂျပန်တပ်အချို့မှ မြို့ရွာလူထုအပေါ် မိုက်မိုက် ရိုင်းရိုင်း ပြုမူကြသည်ကို တဆွေလုံး တမျိုးလုံး မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ပြီး မခံမရပ်နိုင်ဖြစ်နေစဉ် ညီဖြစ်သူ မန်းဘဆိုင်အား ထွက်ပြေးလာသော ချွေးတပ်သား တဦးကိစ္စနှင့် ပတ်သက်၍ ကင်ပေတိုင်များ က ရိုက်နှက်ပြီး ဟင်္သာတသို့ ခေါ်ဆောင် သွားလေသည်။ မန်းဘခိုင်သည် ဟင်္သာသို့ ချက်ချင်း လိုက်ပြီး ဟင်္သာတတွင်ရှိသော ခေါင်းဆောင်များ၏ အကူအညီဖြင့် ညီဖြစ်သူ လွတ်မြောက်ရေးကို ဆောင် ရွက်ခဲ့သည်။

၁၉၄၅ခုနှစ်၊ ဂျပန်တော်လှန်ရေး စတင်သောအခါတွင် မန်းဘခိုင်နှင့် သူ၏ ညီမန်းဘဆိုင်တို့သည် ယုန်သလင်း ကျေးရွာကို၊ ဖက်ဆစ်တော်လှန်ရေး ဌာနချုပ်အဖြစ် တည်ဆောက်ကြသည်။ ဖက်ဆစ်တော်လှန်ရေး အပြီး၌ မန်းဘခိုင်သည် ယခင်ကထက် ပိုမိုထင်ရှားသော ခေါင်းဆောင် တဦး ဖြစ်လာလေသည်။ ဖဆပလ ပြန်လည် ဖွဲ့စည်းရေး၊ ကရင်၊ ဗမာ စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားပေါင်းစုံ သွေးစည်းညီညွတ်ရေး၊ လွတ်လပ်ရေးရယူရေးလုပ်ငန်းများတွင် တတပ်တအား ပါဝင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အားထားရသော ခေါင်းဆောင်တဦး ဖြစ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ မန်း ဘခိုင်၏ ကူညီဆောင်ရွက်မှု မှတ်တမ်း ပြုချက်တခုကို တွေ့ခဲ့ရသည်။

၁၉၄၅ခု၊ ဇလွန်မြို့နယ် ဒေါင့်ကြီး ကျေးရွာတွင် ဟင်္သာတ ရာဇဝတ်ဝန် ဖေးဗီးယားက ၎င်းတို့တားမြစ်ထားသော ကိစ္စများကို ဖွင့်ချ ဟောပြောသောကြောင့် သခင်အောင်ဆန်းအား ပုဒ်မ–၁၂၄/က (အစိုးရ အကြည်ညို ပျက်စေမှု) ဖြင့် ဖမ်းဝရမ်း ထုတ်ခဲ့သည်။ ဖမ်းဆီးရန်အတွက်လည်း ဆုငွေ ( ၅ /–)ကျပ် ထုတ်လိုက်သည်။ သခင်အောင်ဆန်းသည် အဖမ်းမခံရရေးအတွက် ပုလိပ်များကို ရှောင်ပြီး ယုန်သလင်းကျေးရွာသို့ တိတ်တဆိတ် ရောက်လာခဲ့ရာ မန်းဘခိုင်က ဝှက်ထားပေးခဲ့သည်ဟု မှတ်တမ်းအချို့တွင် ဖော်ပြထားပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကို အရေးပိုင် ကတော်ကိုယ်တိုင် လျှို့ဝှက်ပို့ဆောင်သည်ဟုလည်း အချို့ကပြောကြသည်။ နောက်ဆုံး ဗိုလ်ချုပ် အောင်ဆန်းသည် ငှက်ပျောလှေဖြင့် ရန်ကုန်သို့ ပြန်ရောက်ခဲ့သည်။

ဒုတိယ ကမ္ဘာစစ်ဖြစ်ပြီး နောက်ပိုင်း၊ မန်းဘခိုင်၏ နိုင်ငံရေး လှုပ်ရှားမှု အရှိန်အဟုန်မှာ ပိုမိုမြင့်မားလာသည်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလတွင် ... ***K.C.A.B. (Karen Central Advisory Board)*** ကို ***K.C.O. (Karen Central Organization)*** သို့ပြောင်းလဲ ဖွဲ့စည်းသော အခါ အဖွဲ့ဝင်တဦးအဖြစ် ပါဝင်ခဲ့သည်။ ***K.C.O.*** ဖွဲ့စည်းပြီး မကြာမီ (အောက်တိုဘာလ အတွင်း)မှာပင် ဂျပန်ခေတ်၊ ဂျပန်ဆန့်ကျင်ရေးတွင် ပါဝင်သော ကရင်လူငယ် စစ်ဗိုလ်များအား ကရင်လူငယ်အသင်းကို တည် ထောင်ခွင့်ပြုရန် ***K.C.O.*** အမှုဆောင် လူကြီးများထံတွင် စောထွန်းစိန်က ဦးဆောင် တင်ပြလာသည်။ ထိုတင်ပြချက်ကို ထိုခေတ်ကကရင် ခေါင်းဆောင်များဖြစ်သော ဗိုလ်မှူးစောကြာဒိုး၊ စောစံဖိုးသင်၊ စောစိန်တင်၊ စောဘဦးကြီး၊ စောဘဲရီဘခိုင်၊ ဒေါက်တာဂျေလတ် တို့က အား ပေးထောက်ခံလေသည်။ ***K.C.O.*** ခေါင်းဆောင်များက ကရင် အသင်းတခု ထပ်မံပေါ်ပေါက်ပြီး အချင်းချင်းသွေးကွဲမည်ကို စိုးရိမ်မိသော်လည်း စောထွန်းစိန်က ***K.C.O.*** လုပ်ငန်းကို ဝိုင်းရံ ဘို့အတွက် ရည်ရွယ်ကြောင်း ရှင်းလင်းပြသဖြင့်– ***K.Y.O. (Karen Youth Oragnization)*** ကိုဖွဲ့စည်းပေးခဲ့လေသည်။ ***K.Y.O.*** ဥက္ကဋ္ဌမှာ စောထွန်းစိန်ဖြစ်ပြီး အမှုဆောင်များအဖြစ် မန်းဝင်းမောင်၊ စောကျော်စိန်၊ စောမြင့်သိန်း၊ စောအော်လီဗာ တို့ပါဝင်သည်။ မကြာမီပင် စောထွန်းစိန် မှာ စစ်တပ်ထဲသို့ ပြန်လည်ဝင်ရောက်လာသဖြင့် ကရင် လူငယ် အစည်းအရုံး ဥက္ကဋ္ဌ တာဝန်ကိုယူရန် ကိစ္စပေါ်ပေါက်လာလေ သည်။ ပထမတွင် စောဘဦးကြီး ***(BAR-AT-lAW)*** အား လူငယ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူရန် အဆိုပြုကြရာ၊ စောဘဦးကြီးက လက်မခံသောကြောင့် ဆရာသာထို အား အဆိုပြုပြန်သည်။

ဆရာသာထိုမှလည်း ငြင်းပယ်ပြန်သဖြင့် နောက်ဆုံးမန်းဘခိုင်အား ဝိုင်းဝန်းတောင်းပန်သောကြောင့်၊ ကရင်လူငယ် အစည်းအရုံး ဥက္ကဋ္ဌရာထူးကို မန်းဘခိုင် လက်ခံလိုက်လေသည်။

ထို့ကြောင့် မန်းဘခိုင် ***K.C.O*** အမှုဆောင်လုပ်ပြီး ***K.Y.O.*** ဥက္ကဋ္ဌဖြစ်သည့် နိုဝင်ဘာလ (၆)ရက် နေ့တွင် ***K.C.O*** ခေါင်းဆောင်များဖြစ်သော စောသာဒင်၊ မန်းဘခင်၊ စောဘဦးကြီး၊ ဆရာသာထို၊ မန်းဘခိုင်တို့သည်၊ ကရင် အမျိုးသား အတွက် ဝါဒတရပ်ကို ဗမာ့ခေတ် သတင်း

စာတွင်ထုတ်ပြန်ခဲ့သည်။ ထိုဝါဒမှာ ...
(၁) ကရင် အမျိုးသားတို့သည် ၎င်းတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကိုယ်ပိုင်အုပ် ချုပ်ရေးကို အလိုရှိသည်။ ကရင်အမျိုး သားတို့၏ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရန် လိုအပ်ကြောင်း၊ နိုင်ငံအကျိုးကို ကိုယ်စီကိုယ်ငှ သည်ပိုးနိုင်သော ပြည်နယ်များ ပါဝင်သည့် ပြည်ထောင်စုကို တည်ဆောက်ရန်ဟူသော သဘောထားဖြစ်လေသည်။

မန်းဘခိုင်သည် နိုင်ငံရေးဘဝတာဝန်များ ထမ်းဆောင်ရာတွင် ပြဿနာအရပ်ရပ်ကို တည်တည်ငြိမ်ငြိမ် ဆောင်ရွက်တတ်သူ ဖြစ်သဖြင့် လူကြီး လူငယ်များ၏ စိတ်ကျေနပ်မှုကို ရရှိခဲ့ သည်။ ***K.Y.O.*** ၏ ဒုတိယမြောက် ဥက္ကဋ္ဌ အဖြစ် ခံယူခဲ့ပြီး နောက် ၁၉၄၅ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်နေ့တွင် ***K.Y.O.*** ကို ပြန်လည် ဖွဲ့စည်းခဲ့ရာ အမှုဆောင်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

(၁) မန်းဘခိုင် ဥက္ကဋ္ဌ၊
(၂) မန်းဝင်းမောင် ဒု-ဥက္ကဋ္ဌ၊
(၃) စောကျော်စိန်
အထွေထွေအတွင်းရေးမှူး၊
(၄) စောမြင့်သိန်း
တွဲဘက်အထွေထွေအတွင်းရေးမှူး၊
(၅) စောစိန်တင် အဖွဲ့ဝင်၊
(၆) စောထွန်းစိန်ပြားကြီး အဖွဲ့ဝင်၊
(၇) နော်မာစီကြီး (ငွေထိန်း)
စသည်တို့ဖြစ်သည်။

အင်္ဂလိပ်များ မြန်မာပြည်အတွင်းသို့ ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်လာသော ၁၉၄၅ ခုနှစ်မှာ မြန်မာပြည်နိုင်ငံရေးသည်လည်း တမျိုးတဖုံ ပြောင်းလဲလာပေသည်။ မြန်မာခေါင်းဆောင်များက ဦးဆောင်ပြီး လွတ်လပ်ရေးအတွက် လှုပ်ရှားမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုတက်တက်ကြွကြွ ဦးဆောင်သကဲ့သို့ ကရင်အမျိုးသား ခေါင်းဆောင်များကလည်း ကရင်ပြည် နယ်ထူထောင်ရေး လုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လာကြသော ကာလဖြစ်လေသည်။

၁၉၄၅ ခုနှစ်၊ မေလ (၁)ရက် နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလ အစည်းအဝေးတရပ် ကျင်းပရာ မြန်မာပြည်သည် ဖက်ဆစ်ဂျပန်ကို ဆုံးခန်းတိုင် တိုက်ခဲ့ပြီဖြစ်၍ "တပီရန်" ကြေငြာ ချက်နှင့် လျော်ညီစွာ ကမ္ဘာ့ဒီမိုကရေစီမိသားစုအတွင်း ထိုက်ထိုက်တန်တန်ပါဝင်နိုင်ဘို့ရန် သက်သေပြခဲ့ပြီ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကံကြမ္မာကို မိမိဖန်တည်းခွင့်ရှိရေးကို တောင်းဆိုကြောင်း ဖေါ်ပြထားလေသည်။ ဇွန်လ (၄)ရက်နေ့ မြန်မာပြည် ခေါင်းဆောင်များ အစည်းအဝေးကို ရန်ကုန်မြို့ ချာချီလမ်းအမှတ်(၈) ဖဆပလ အဖွဲ့ချုပ်တွင် ကျင်းပရာ ကရင်အမျိုးသား ခေါင်းဆောင်များထဲမှ စောဘဦးကြီး၊ စောဘမောင်တို့တက်ရောက်သည်။ ထိုအစည်းအဝေးတွင် နိုင်ငံရေး၊ ဗမာ့တပ်မတော်အရေး၊ အမျိုးသားညီညွတ်ရေး စသောကိစ္စများကို ဆွေးနွေးဆုံးဖြတ်ချက် ချမှတ်ကြသည်။ စစ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော နိုင်ငံကို၊ နိုင်ငံသားအားလုံး သွေးစည်း ညီညွတ်စွာဖြင့် ပြန်လည်တည်ဆောက်ရန် ထိုအစည်းအဝေးက တိုက်တွန်း နှိုးဆော်ခဲ့သည်။ ဇွန်လ (၂၀)ရက်နေ့တွင် "မောင့်ဘက်တန်" ၏ စီစဉ်ပေးချက်အရ မြန်မာပြည် စစ်ပြေးဘုရင်ခံ ဒေါ်မန်စမစ်သည် ရန်ကုန်မြစ်အတွင်း ရောက်ရှိနေသော ကင်ဘဲလီ စစ်သင်္ဘော ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးဘဖေ၊ ဦးရာဇတ်၊ ဆာမောင်ကြီး၊ ဦးဘဦး၊ ဦးပု၊ ဆစ်ဒနီလူနီ၊ ဦးဘသန်း၊ ဦးဖိုးပျော၊ ဦးဘကလေး စသော ခေါင်းဆောင်များနှင့်တကွတွေ့ဆုံ၍ မြန်မာပြည် အနာဂါတ်အုပ်ချုပ်ရေးနှင့် မြန်မာနိုင်ငံသား အားလုံးအတွက် လုံးဝကိုယ်ပိုင် အုပ်ချုပ်ခွင့် ရရှိရေးကို ဆွေးနွေးခဲ့လေသည်။ မြန်မာပြည်သည် ကိုယ်ပိုင်အုပ်ချုပ်ရေး လုံးဝ လွတ်လပ်ရေးသို့ ဦးတည်နေပေပြီ။

ကရင် အမျိုးသားများကလည်း ၁၉၄၅ ခုနှစ်၊ ဇွန်လ(၃၀) ရက်နေ့မှ ဇူလိုင် (၁)ရက်နေ့ အထိ၊ ရန်ကုန်မြို့ အောက်ကြည့်မြင်တိုင် အမှတ် (၅၂၈)တွင် အစည်းအဝေးတရပ်ကို ကျင်းပပြီး သင့်တင့်သောနယ်မြေ အတိုင်းအတာသတ်မှတ်ကာ၊ ကရင်ပြည်နယ်ထူထောင်ခွင့်ပြုရေး၊ ဗြိတိသျှ အစိုးရထံသို့ တင်သွင်း တောင်းဆိုရန် ဆုံးဖြတ်ခဲ့ကြလေသည်။ မန်းဘခိုင်သည် ထိုအမျိုးသားရေးလှုပ်ရှားမှုနှင့် မြန်မာပြည် တပြည်လုံးလှုပ်ရှားမှု နှစ်ရပ်လုံးတွင် တတပ်တအား ပါဝင်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ (၁၉)ရက်၊ နေသူရိန် အစည်းအဝေးတွင် ပြန်လည်ဖွဲ့စည်းထားသော ဖဆပလ ဗဟိုဦးစီးအဖွဲ့တွင် ခေါင်းဆောင်ကြီး စောဘဦးကြီး နှင့်အတူ မန်းဘခိုင်နှင့် ဆရာသာထိုတို့ (၂)ဦးလည်း ပါဝင်ခဲ့လေသည်။ ထိုနေသူရိန် အစည်းအဝေးမှ ...
(၁)ဗမာ့ တပ်မတော်သစ်ဖွဲ့စည်းရေး၊
(၂) ပြည်သူ လူထု ကိုယ်စားလှယ်များ ပါဝင်သော အမျိုးသား ယာယီ အစိုးရ ဖွဲ့စည်းရေး၊
(၃) တိုင်းရင်းသားသူတရပ်လုံးနှင့် နိုင်ငံတော် ခေါင်းဆောင်များသည် ဖဆပလ အဖွဲ့ချုပ်နှင့် ပူးပေါင်း၍ လွတ်လပ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရေးဟူ၍ ဆုံးဖြတ်ခဲ့ကြသည်။

မန်းဘခိုင် ***K.Y.O.*** ဥက္ကဋ္ဌ ဖြစ်လာပြီးနောက်တွင် သီးခြား ကရင်ပြည် ထူထောင်ရေး လှုပ်ရှားမှုများမှာ အရှိန်အဟုန် မြင့်မားလာသည်။ သူ့အနေဖြင့် အမျိုးသားရေးက တဖက်၊ တတိုင်းပြည်လုံး၏ အရေးက တဖက်၊ ဟန်ချက်ညီညီကြိုးပမ်းဆောင်ရွက်နေရသော ကာလဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်ပြီး ပြန်လည်ဖွဲ့စည်းလိုက်သော ဖဆပလ အဖွဲ့၏ အဓိကမျှော်မှန်း ချက်မှာ တပြည်လုံး အတိုင်း အတာဖြင့် လုံးဝ အချုပ်အခြာ အာဏာပိုင်သော လွတ်လပ်ရေး ရရှိရန်သာ ဖြစ် သည်။ ထိုမျှော်မှန်းချက် အတွက် တိုင်းရင်းသားအားလုံး အချင်းချင်း သွေးစည်းညီညွတ်မှုရှိရန် လိုအပ်သည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ခံယူထားသည်။အထူး

သဖြင့် ကရင် – ဗမာ ချစ်ကြည်ရေးသည် အလွန် အဓိကကျသည်။ ကရင် –ဗမာ ချစ်ကြည်ရေးအတွက် ကြိုးပမ်းရာတွင်လည်း စောဘဦးကြီး၊ မန်းဘခိုင်၊ ဆရာသာထို တို့ကို ဗိုလ်ချုပ်အောင်ဆန်းက အားထားသည်။ အထူးသဖြင့် မန်းဘခိုင်အပေါ် ပိုမို အားထားပုံရသည်။ ဖဆပလ ၏ ဦးစီး အဖွဲ့ဝင် တဦးအနေနှင့် ၁၉၄၆ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်တိုင်း ဖဆပလ ဖွဲ့စည်းရေး တာဝန်ခံအဖြစ် နယ်လှည့် ဖွဲ့စည်းရန် တာဝန်ကို ပေးခဲ့သည်။ ထို့နောက်၊ ဘုရင်ခံ၏ အမှုဆောင်ဝန်ကြီးအဖွဲ့အဖြစ် ဖဆပလ က ဆောင်ရွက်ရာတွင် မန်းဘခိုင်သည် စက်မှု လက်မှုနှင့် အလုပ် သမားတာဝန်ခံအဖြစ် ခန့်အပ်ခြင်း ခံရလေသည်။ စောဘဦးကြီး မှာ ပြန်ကြားရေး ဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရသည်။

တပြည်လုံး အတိုင်း အတာ ဆောင်သော နိုင်ငံရေးလှုပ်ရှားမှုကို ဖဆပလ အဖွဲ့ချုပ်က ဦးဆောင်သကဲ့သို့ ကရင် တမျိုးသားလုံး၏ အရေးကို ***K.C.O.*** က ဦးဆောင်ခဲ့လေသည်။ ဖဆပလ ၏ သေနင်္ဂဗျူဟာ နှင့် ***K.C.O.*** ၏ အမျိုးသားရေး ဝါဒများမှာ ကွာဟမှုများရှိနေပြန်သည်။ အထူးသဖြင့် သီးခြားပြည်နယ် ထူထောင်ရေးအမြင်တွင် ဗိုလ်ချုပ်အောင်ဆန်း အနေဖြင့် လက်ခံကြောင်း သဘောထား ချမှတ် နိုင်ခြင်းမရှိခဲ့ပေ။ ထိုကိစ္စကို ညီလာခံ ၌သာ ဆုံးဖြတ်ရမည်ဟု ယူဆသည်။ သီးခြား ပြည်နယ်ကိစ္စအား ညီလာခံမှ ပယ်ချမည်ကိုလည်း ဗိုလ်ချုပ်အောင်ဆန်းက စိုးရိမ်နေသည်။ ကရင်ပြည်နယ် ရယူ ရေး ကိစ္စမှာလည်း ကရင်အမျိုးသားများ အတွင်း ရှုပ်ထွေးနေပေသည်။ အထူးသဖြင့် ***K.C.O.*** နှင့် ***K.Y.O.*** အတွင်း သဘောထား ကွဲပြားလျက်ရှိသည်။ ကရင်ပြည်နယ် ထူထောင်ရေးတွင် နှစ်ဖွဲ့စလုံး ထပ်တူဖြစ်သော်လည်း၊ ပြည်မနှင့်မတွဲဘဲ သီးခြား တည်ထောင်လိုသော သဘောထားနှင့် ပြည်မ နှင့် ပူးတွဲပြီး ပြည် ထောင်စုအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရသော ပြည်နယ် အဖြစ် တည်ထောင်လိုသော သဘောထား နှစ်ရပ် ပေါ်ထွက်လာခဲ့သည်။ ***K.C.O.*** ကဲ့သို့ပင် သီးခြားပြည်နယ် ထူထောင်လိုသော သဘောထားရှိသူများမှာ အများဆုံး ဖြစ်နေသည်။ ***K.Y.O.***ကမူ ပြည်မနှင့် ပူးပေါင်းပြီး ပြည်ထောင်စုအတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ အမျိုးသား ပြည်နယ် တခု အဖြစ် တည်ရှိစေလိုသည်။ ပြည်နယ်သတ်မှတ်ရေးအတွက် ဒေသရွေး ချယ်ရာတွင် လည်း လိုလားချက်များမှာလည်း အကွဲကွဲ အပြားပြား ဖြစ်နေပြန်သည်။ ကရင်ပြည်နယ်အရေးကို ဗြိတိသျှကိုယ် စားလှယ် များကလည်း ယေဘုယျအားဖြင့် လက်ခံခဲ့သည်။

သို့သော် ပြည်နယ် သတ်မှတ်ရေးတွင်ကရင်အမျိုးသား ခေါင်းဆောင် များအတွင်း ရှုပ်ထွေးပြီး တိတိကျကျသတ်မှတ်ရန် အခက်အခဲများ စွာ ရှိနေသည်။ ၎င်းအပြင်လွတ်လပ်ရေးအတွက် လှုပ်ရှားမှု အရှိန်အဟုန်မြင့်ဆဲကာလ ***K.C.O.*** ၏ အမျိုးသားရေး ဆိုင်ရာ အခွင့်အရေး တောင်းဆိုချက်များကို ဗိုလ်ချုပ် အောင်ဆန်းနှင့် ဖဆပလအဖွဲ့က လ စ်လျူရှုထားသည်ဟု ကရင်အမျိုးသား ခေါင်းဆောင် များက မြင်ကြသည်။ လွတ်လပ်ရေး ပြင်ဆင်မှုတွင်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပြု လွှတ်တော် ရွေးကောက်ပွဲမှာ မလွဲမသွေကျင်းပရမည်ဖြစ်ပြီး ကရင်ကိုယ်စားလှယ်အမတ်နေရာများ နည်းပါး မှုကြောင့် မည်သည့်အာမခံချက်မှ မရှိသောအဖြစ်ကို ***K.C.O.***ခေါင်းဆောင်များက အထူးနစ်နာ ဆုံးရှုံး မှုကြီးတရပ် အဖြစ်ခံယူထားသည်။

၁၉၄၇ ခု၊ ဖေဖော်ဝါရီ လတွင် ရန်ကုန်မြို့ ဗင်တန်အထိမ်းအမှတ် ခမ်းမ၌ ***K.C.O.***မှ ဦးဆောင်ပြီး၊ ညီလာခံ တရပ် ကျင်းပရာ မြန်မာပြည် အရပ်ရပ်မှ ကိုယ်စားလှယ် (၇၀၀) ကျော် တက်ရောက်ခဲ့သည်။ ***K.C.O.*** နှင့် ***K.Y.O.*** တို့သည်၊ ပြန်လည်ပူးပေါင်းမိပြီး ***(K.N.U.)***ကို ထူထောင်ခဲ့လေသည်။ ဥက္ကဋ္ဌကြီး စောစံဖိုးသင် ဖြစ်သည်။ ထိုညီလာခံက အောင်ဆန်း အက်တလီ စာချုပ်ကို ကန့်ကွက်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၂၂)ရက်နေ့တွင် ***(K.N.U, K.Y.O, B.K.N.A.)*** သုံးပွင့်ဆိုင် စည်းဝေးပြီး လုပ်ငန်းစီစစ်ရေး အဖွဲ့ကို ဖွဲ့စည်းပြန်သည်။ ဥက္ကဋ္ဌမှာ စောစံဖိုးသင်ဖြစ်ပြီး အတွင်းရေးမှူးမှာ စောစိုင်းကေ (စောစံကေ) ဖြစ်သည်။ လုပ်ငန်း စီစစ်ရေးအဖွဲ့က ဘုရင်ခံ၏အမှုဆောင်ဝန်ကြီးနှင့် တွေ့ဆုံပြီး ကရင်အမျိုးသားများ၏ လိုလားချက်များကို တောင်းဆိုရန် သဘောတူညီကြသည်။

ထိုတောင်းဆိုချက်များမှာ**...**

၁။ အင်းစိန်၊ ပဲခူး၊ ဟံသာဝတီ၊ ဖျာပုံ၊ ထားဝယ်နှင့် မြိတ်ခရိုင် မဲဆန္ဒနယ်များမှ တိုင်းပြုပြည်ပြု လွှတ်တော်အတွက် ကရင် အမတ် (၁၅)ဦး ရွေးချယ်ပေးရန်နှင့် ဘုရင်ခံ၏အမှုဆောင်(ဝန်ကြီး)အဖွဲ့တွင် ဝန်ကြီး နေရာ(၂၅%)ကို ကရင့်ကိုယ်စားလှယ်များ အားပေးရန်။

၂။ ဘုရင်ခံကြားဖြတ် ဥပဒေပြု လွှတ်တော်တွင် အမတ်နေရာ(၂၅%)ကို ကရင် ကိုယ်စားလှယ်များအား ပေးရန်။

၃။ သီးသန့် ကရင်စစ်တပ်များ ဆက်လက်ထားခွင့် ပြုရန်။

၄။ စည်းလုံးသော မြန်မာနိုင်ငံတော်ကြီး အတွင်းတွင် ပင်လယ်ဆိပ်ကမ်းမြို့ ရှိသော ကရင်ပြည်ထူထောင်ရေး ကိုမူအားဖြင့် လက်ခံရန်။

၅။ အုပ်ချုပ်ရေး ဌာနများတွင် ကရင် အမျိုးသားများအား လူဦးရေ အချိုးအစား အလိုက်ခန့်ထားရန်။

၆။ တိုင်းပြုပြည်ပြုလွှတ်တော် ဖွဲ့စည်းပြီး လျှင်ပြီးခြင်း တိကျမှန်ကန်သော သန်းခေါင်စာရင်း ပြန်လည်ကောက်ယူရန် စသည်တို့ ဖြစ်သည်။

၁၉၄၇ ခုဖေဖော်ဝါရီလ (၁)ရက် နေ့ တွင် ***KNU*** ခေါင်းဆောင်များဖြစ်သော စောသာဒင်၊ စောစံဖိုးသင်၊ မန်းကျိန်း(စ်) ထွန်းအောင်၊ ဦးလှဖေ၊ ဆရာ သာထိုတို့ ပါဝင်သောအဖွဲ့သည် ဘုရင်ခံ ဆာဟူး ဘတ်ရန့်(စ်)နှင့်တွေ့ပြီး ကရင်အမျိုးသားများ၏ သဘောထားကို ပြောကြားခဲ့သည်။ အဖွဲ့ခေါင်းဆောင် စောသာဒင်က ကရင်အမျိုးသားညီလာခံမှ တောင်းဆို

ထားသော အချက်များကို လိုက်လျောမှသာ ကရင်တို့အတွက် လုံခြုံမှုရှိနိုင်သည်ဟု ထင်မြင်ကြောင်း၊ တောင်းဆိုချက်များကို မလိုက်လျောလျှင် ရွေးကောက်ပွဲဝင်မည် မဟုတ်ကြောင်း ပြောကြားခဲ့လေသည်။

ထို့နောက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် ကရင်အမျိုးသားကိုယ်စားလှယ်အဖွဲ့သည်၊ ဘုရင်ခံ၏ အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံ ဆွေးနွေးကြပြန်သည်။ ထိုဆွေးနွေးပွဲတွင် ဘုရင်ခံ၏ အမှုဆောင်အဖွဲ့ဝင်များ ဖြစ်သော၊ ဗိုလ်ချုပ်အောင်ဆန်း၊ စောဘဦးကြီး၊ မန်းဘခိုင်တို့လည်း ပါဝင်လေသည်။ ကရင် အမျိုးသားများတောင်းဆိုသော အချက် (၆)ချက် အနက် သီးသန့်စစ်တပ်ထားရှိရေးနှင့် သန်းခေါင်စာရင်း ပြန်လည် ကောက်ယူရေးဟူသော အရေးမပါသည့် အချက်(၂)ချက်ကိုသာ ရရှိခဲ့သည်။

***KNU*** မှတောင်းဆိုသော အချက်များနှင့်ပတ်သက်၍ ဘုရင်ခံ၏အမှုဆောင်အဖွဲ့ဝင်များ ဖြစ်ကြသော စောဘဦးကြီးသည်၎င်း၊ မန်းဘခိုင်သည်၎င်း၊ မည်သို့မျှ တတ်နိုင်ခြင်း မရှိပေ။ နောက်ဆုံး ရွေးကောက်ပွဲ နီးလာပြီဖြစ်၍ ***K.N.U*** အနေနှင့် ကြီးမားသော ဆုံး ဖြတ်ချက်တရပ်ကို ချမှတ်ရတော့မည် ဖြစ်သည်။ တောင်းဆိုချက်များ မရပါက ရွေးကောက်ပွဲကို သပိတ်မှောက်မည်ဟု ဆုံးဖြတ်ချက် ချခဲ့ပြီဖြစ်သည်။ ***K.N.U.*** ၏ ဆုံးဖြတ်ချက်အရ စောဘဦးကြီးသည် ရွေးကောက်ပွဲကို သပိတ်မှောက်သောအနေဖြင့် ဘုရင်ခံအမှုဆောင်အဖွဲ့မှ နှုတ်ထွက် စာတင်ခဲ့သည်။ ***KYO*** အဖွဲ့ဝင်များဖြစ်သော စောစံဖိုးသင်၊ စောကျော်စိန် တို့က ရွေး ကောက်ပွဲကို သပိတ်မှောက်လျှင် ကရင် ဗမာ ဆက်ဆံရေးပျက်ပြားပြီး ကရင်တို့သာ နစ်နာမည်ကို စိုးရိမ်သည်။

***KNU*** နှင့် ***KYO*** တို့၏ ရပ်တည်ချက်မှာ သိသိသာသာ ကွဲပြားလာသည်။ မန်းဘခိုင်ဦးဆောင်သော ***KYO*** ကား ရွေးကောက်ပွဲဝင်ရေးကို အတိအကျဆုံး ဖြတ်ပြီးဖြစ်သည်။ ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)ကမူ ၁၉၄၇ခုနှစ်၊ မေလ (၄)ရက် စောဘဦးကြီး နှုတ်ထွက်စာတင်ပြီး၊ နောက်တနေ့၌ စောဘဦးကြီးအားတွေ့ဆုံပြောကြားခဲ့ရာတွင်၊ ယခုအချိန်သည် ကရင် အမျိုးသားများအတွက် အရေးကြီးသော အချိန်ဖြစ်ကြောင်း၊ အကျိုးမရှိသည့် အမှုမျိုးကို မဆောင်ရွက်သင့်ကြောင်း၊ ကရင် တို့၏ အနာဂတ်ရေးကို တိုင်းပြု ပြည်ပြု လွှတ်တော်တွင် ဥပဒေကြောင်းအရသာတောင်းဆိုသင့်ကြောင်းနှင့် စောဘဦးကြီး၏ နှုတ်ထွက်စာကို လက်မခံလိုကြောင်း တွေ့ဆုံပြော ကြားခဲ့သေးသည်။

မည်သို့ပင်ဖြစ်စေကာမူ နောက်ဆုံး၌ စောဘဦးကြီးနှင့် ***KNU.*** ကိုယ်စားလှယ်များ မပါဝင်သော ရွေးကောက်ပွဲကြီးမှာ ကျင်းပပြီးစီးသွားခဲ့လေသည်။ ၁၉၄၇ ခု၊ မေလ(၂၃)ရက်နေ့တွင် ဖဆပလမှ ပဏ္ဍာမပြင်ဆင်မှု ညီလာခံကြီးကို စတင်ကျင်းပကြသည်။ ကရင်ကိုယ်စားလှယ်များ တင်ပြသော ပြည်နယ်သတ်မှတ်ရေးကိစ္စတွင် သံလွင်ခရိုင်ကို မြန်မာပြည်မတွင် မပါဝင်သော နယ်တနယ်အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော ကရင်အမျိုးသားတို့၏ အရေးကိစ္စဟူသမျှကို ကူညီဆောင်ရွက် ပေးရန် အတွက်မူ၊ ကရင်အမျိုးသားတို့နှင့် သက်ဆိုင်သောကိစ္စများတွင် ပြည်ထောင်စုအစိုးရအားကူညီရန် ကရင်ရေးရာအဖွဲ့တခုကို ဖွဲ့စည်းရမည်ဟု ဖော်ပြထားသည်။ ညီလာခံသို့ တက်ရောက်သော ကရင် တိုင်းပြုပြည်ပြုလွှတ်တော် ကိုယ်စားလှယ်အများစုကမူ ဤသတ်မှတ်ဖော်ပြချက်ကို ရောင့်ရဲခြင်း မရှိခဲ့ပေ။ ထိုညီလာခံတွင် တင်သွင်းသော ဖွဲ့စည်းအုပ်ချုပ်ပုံမူကြမ်းတွင် ကရင်အမျိုး သားတို့အတွက် လိုက်လျောချက် အနည်းငယ်သာ ပါဝင်သည်ဟု ယူဆခဲ့ကြလေ သည်။

ဖဆပလ၏ ကရင်အမျိုးသားရေး ပေါ်လစီအပေါ်မနှစ်မြို့ခဲ့သော လွှတ်တော်အမတ်များအတွင်းတွင်လည်း ပြည်နယ်ဖွဲ့စည်းထူထောင်ရေး အမြင်များ အကွဲကွဲ အပြားပြား ဖြစ်နေပြန်သည်။ တိုင်းပြု ပြည်ပြု လွှတ်တော် အမတ်တဦးဖြစ်သော စောဂျွန်ဆင် ဒီးဖိုးမင်းက သံလွင်ခရိုင်၊ တောင်ငူနှင့် ပျဉ်းမနား တောင်တန်းဒေသများပါဝင်သော၊ ကရင် ဝိသေသနယ် ထူထောင်ပေးရန် ဗိုလ်ချုပ် အောင်ဆန်းထံ တင်ပြသည်။ သံလွင်ခရိုင်မှ အရွေးခံရသော တိုင်းပြုပြည်ပြုလွှတ်တော် ကိုယ်စားလှယ် စောဝီရီကျော် ကလည်း၊ ကရင်ပြည်နယ်၊ ကရင်ဒေသ ထူထောင် ပေးရေးနှင့် ပက်သက်၍ (၁) ဇယားဝင်နယ် အပိုင်း (၁)၊ အပိုင်း(၂) အတွင်းရှိ ကရင်အမျိုးသားတို့ နေထိုင်သော ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ကရင် ပြည်နယ် အဖြစ် ထူထောင်ပေးရန်။ (၂) တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်ခွဲ၊ သထုံတောင်တန်းဒေသများနှင့် ကျိုက္ခမိ အရှေ့ဖက် တောင်တန်းဒေသများနှင့် ကျိုက္ခမိ အရှေ့ဖက် တောင်တန်းဒေသများကို ကရင်ဒေသအဖြစ် သတ်မှတ်ပေးရန်။ (၃) တန်းဒေသများကို ကရင်ဒေသအဖြစ် သတ်မှတ်ပေးရန်။(၄) သံလွင်မြစ်နှင့် မော်လမြိုင်ကို နယ်အများနှင့်ဆိုင်သော မြစ်နှင့် ဆိပ်ကမ်းမြို့အဖြစ် သတ်မှတ်ပေးရန်။ (၅) ကျိုက္ခမိခရိုင်နှင့် မြိတ်ခရိုင်အတွင်း မွန်နှင့် ကရင်များ နေထိုင်သော နယ်များကိုပေါင်း၍၊ မွန် – ကရင် နယ် ထူထောင်ပေးရန် စသည်တို့ကို အကြံပြုတင်ပြသည်။ ထိုတင်ပြချက်များမှာ ဘုရင်ခံမှ တဆင့် လန်ဒန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီး ထံသို့ရောက် ခဲ့သည်။ ၎င်းက စော ဝီရီကျော်၏ အကြံပေးချက်မှာ ရှင်းလင်း ပြတ်သားမှုမရှိ၊ အချင်းချင်း ပဋိပက္ခ ဖြစ်စရာ ရှိသည်ဟု မှတ်ချက်ချခဲ့သည်။ ကရင် ပြည်နယ်သတ်မှတ်ရေးကိစ္စနှင့် ပတ်သက်၍ တိုင်းပြုပြည်ပြု လွှတ်တော်မှ အရွေးခံရသော ကရင်အမျိုးသား အမတ် များအတွင်း၌ ဖြစ်ပေါ်နေသော သဘော ထားတရပ်မှာ ကရင်နီပြည်နယ်ကိုချန်လှပ်၍ စစ်တောင်းမြစ် အရှေ့ဖက်ရှိ ပျဉ်းမနားတောင် တန်းမှ အတ္တရံမြစ် အရှေ့ဖက်ကမ်း ဒေသထိ ဖြစ်သော နယ်ပယ်ကို ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရသော သီးခြားကရင် ပြည်နယ် အဖြစ်

အသိအမှတ် ပြုစေလိုခြင်းပင် ဖြစ်သည်။

– စောကျော်စိန်က ကိုယ့်ကြမ္မာ ကိုယ်ဖန်တည်းပိုင်ခွင့်ရှိသော သီးခြားပြည်နယ်ကို ထူထောင်လိုသည်။

– ရွှေကျင် ကရင်အမျိုးသား အစည်းအရုံး ဥက္ကဋ္ဌ စောမာရှယ်ရှင်က သံလွင်ခရိုင် မြောက်ပိုင်းမှ ကရင်များမှာ မြန်မာပြည်မနှင့် ပူးပေါင်းနေထိုင်ခြင်း မရှိသည့်အတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော ပြည်ထောင်စုဝင် ပြည်နယ် အဖြစ်သာ နေလိုသည်။

– စောဘဦးကြီး၊ ဆရာ သာထို၊ စောစံကေ၊ စောဝီရိကျော်တို့က သီးခြား ကရင်ပြည်နယ်ကို တောင်းဆိုသည်။

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

ဤသို့သော အမြင်ကွာခြားချက်များဖြင့် **K.N.U** နှင့် **K.Y.O.**တို့ လမ်းခွဲခဲ့ကြခြင်းလည်း ဖြစ်ပေမည်။ **K.N.U** နှင့် **K.Y.O.** တို့ လမ်းခွဲစဉ်က **K.N.U** ဥက္ကဋ္ဌမှာ စောဘဦးကြီး ဖြစ်ပြီး **K.Y.O.** ဥက္ကဋ္ဌမှာ မန်းဘခိုင် ဖြစ်ပါသည်။ အမျိုးသား ခေါင်းဆောင်များဖြစ်သော မန်းဘခိုင်နှင့် စောဘဦးကြီးတို့ နှစ်ဦး၏ ကွာခြားချက်ကို ကျနော်စစ်ကြောမိပါသည်။ ခေါင်းဆောင်နှစ်ဦးစလုံးမှာ လေးနက်တည်ကြည်မှုနှင့် ပင်ကိုယ် အလေ့အထများ၌ တူညီမှုရှိကြသည်ဟု ကျနော် ယုံကြည်ပါသည်။ နှစ်ဦးစလုံးပင် ဆွေးနွေးပွဲများ၌ စကားများများ ပြောလေ့မရှိ။ တည်တည် ကြည်ကြည် နေတတ်သည်။ ပြဿနာ တရပ်အပေါ် သူတို့ဆွေးနွေးတင်ပြလျှင်လည်း အချက်အလက်ပိုင်ပိုင်ဖြင့် တဘက်သား လက်ခံ လာအောင် ပြောဆိုတတ်သည်။ မျှမျှတတ စဉ်းစားဆောင်ရွက်တတ်သည်။ ဤအချက်ကြောင့်လည်း ဗိုလ်ချုပ်အောင်ဆန်းသည် စောဘဦးကြီး၊ မန်းဘခိုင်တို့ကို အနာဂါတ် မြန်မာပြည်အတွက် ကရင်အမျိုးသား ခေါင်းဆောင်များအဖြစ် ပူးတွဲလုပ်ဆောင်ရန် အလေးထား ရွေးချယ်ပုံရလေသည်။ ခေါင်းဆောင်ကြီးနှစ်ဦး၏ အဓိကကွာခြားချက်ကြီးမှာ စောဘဦးကြီးသည် အများစု၏ ဆုံးဖြတ်ချက်ကို မိမိသဘောထားနှင့် ခြားနားစေကာမူ ဒီမိုကရေစီသဘောအရ လိုက်နာ ဖြည့်စွမ်းမည်ဖြစ်ပြီး၊ မန်းဘခိုင်မှာမူ အများစု ဆုံးဖြတ်ချက်ပင် ဖြစ်သော်လည်း မိမိထင်မြင်ချက်နှင့် မကိုက်ညီလျှင် လိုက်လျောတတ်သော သဘောမရှိပေ။ ကရင်ပြည် သတ်မှတ်ရေးနှင့်ပတ်သက်၍ တမျိုးသားလုံး နိုင်ငံတကာ လှုပ်ရှားမှုအရှိန် အမြင့်မားဆုံး ကာလအတွင်း ခေါင်းဆောင်ကြီးနှစ်ဦး၏ ဆုံးဖြတ်ချက်များသည်လည်း အဓိက ကျပါသည်။ သို့သော် အကွဲကွဲ အပြားပြား ဖြစ်နေသော အမြင်များအပေါ် ခေါင်းဆောင်ကြီး နှစ်ဦးတို့မှာ မတတ်သာ၍ လမ်းခွဲခဲ့ကြရလေသည်။ မည်သို့ပင်ဖြစ်စေ နှစ်ဦးစလုံး၏ ကံကြမ္မာသည်လည်း တူညီကြပါသည်။

မန်းဘခိုင်သည် စောဘဦးကြီးထက် (၂)နှစ်ခန့်ကြီးပါသည်။ စောဘဦးကြီးမှာ မိဘများ ချမ်းသာကြွယ်ဝသဖြင့် အင်္ဂလန် နိုင်ငံသို့သွားရောက် ပညာသင်ကြားခွင့်ရပြီး ဥပဒေဘွဲ့ကို ဆွတ်ခူးခဲ့သည်။ မန်းဘခိုင်မှာ (ရ) တန်းသာအောင်သော သာမာန် ခေါင်းဆောင်တဦး ဖြစ်ပါသည်။

ကရင်အမျိုးသားခေါင်းဆောင်များတွင် အခြေခံအားဖြင့် (၃)မျိုး (၃)စားရှိပါသည်။ ဘာသာရေး၊ လူမှုရေး လှုပ်ရှားမှုများမှပါဝင်သော ခေါင်းဆောင်ပိုင်း၊ ခေတ်ပညာတတ် အသိုင်းအဝိုင်းမှ ပါဝင်လာသော ခေါင်းဆောင်ပိုင်း၊ ဗမာ့ လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ပြီး တပ်မတော်မှ လာသော ခေါင်းဆောင်ပိုင်းဟူ၍ (၃) မျိုးရှိပါသည်။ မန်းဘခိုင်မှာ ဂျပန်ခေတ် ဖက်ဆစ် ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပါဝင်သော်လည်း တပ်မတော်မှ ပါဝင်သော ခေါင်းဆောင်တဦး မဟုတ်ပါ။ ပညာတတ်လည်း မဟုတ်ပါ။ ဘာသာရေး လူမှုရေး ခေါင်းဆောင်လည်း မဟုတ်ရပါ။ သာမာန် အခြေအနေတခုမှ ခေါင်းဆောင်တဦးဟုပင် သတ်မှတ်ရမည် ဖြစ်ပါသည်။

ကရင်ပြည်နယ် ထူထောင်ရေး လှုပ်ရှားမှုတွင် **K.N.U** မှ တင်ပြထားသော သီးခြားပြည်နယ် ထူထောင်ရေး သဘောထားကိုရင်း၊ **K.Y.O.** တို့ ခွဲထွက်ပြီး ရွေးကောက်ပွဲဖြင့် ရွေးကောက်ခံရသော တိုင်းပြု ပြည်ပြု လွှတ်တော် အမတ် အချို့၏ ကရင်ပြည် သဘောထားကိုရင်း မန်းဘခိုင် အနေနှင့် တစုံတရာ ထောက်ခံခဲ့သော သဘောတရားကို မတွေ့ရပေ။

ဆရာကြီး စကောလယ်တော၏ ကရင်အမျိုးသား တော်လှန်ရေး သမိုင်းတွင် **K.Y.O.** တို့သည် ဖဆပလ၏ သူလျှိုများဖြစ်သည်ဟု ဖော်ပြထားပါသည်။ ထိုစဉ်က **K.Y.O.** ဥက္ကဋ္ဌမှာ မန်းဘခိုင် ဖြစ်၍ **K.Y.O.**ခွဲထွက်ရေးတွင် တာဝန်အရှိဆုံး ခေါင်းဆောင်သာ ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အနီးစပ်ဆုံးဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း အားထားရသူလည်း ဖြစ်သည်။ ( ဗိုလ်ချုပ် အောင်ဆန်းထက် အသက်အားဖြင့်ကြီးပြီးတည်ကြည်မှုကြောင့် လေးစားခံရသည်။)

သူ၏ ထူးခြားသော အမျိုးသားရေး သဘောထားကို အခြေခံပြီး သူ့အပေါ် လေ့လာဆန်းစစ်မှု တခု လုပ်ရန် အထူးအရေးကြီးပါသည်။

၁၉၄၇ ခုနှစ် ဖွန်လ(၁၀)ရက်နေ့ လုပ်ကြံ မခံရခင် (၁၉)ရက် အလိုတွင် ကရင် လူငယ် အစည်းအရုံး ***KYO,*** ၏ အရေးပေါ်ညီလာခံတွင် သူပြောသွားသော မိန့်ခွန်းတခုကိုသာ ပီပီပြင်ပြင် စီစစ်ရတော့မည် ဖြစ်ပါသည်။ သူ၏မိန့်ခွန်းတွင် သီးခြား ကရင်ပြည်နယ်သည် ဘုရင်ခံ၏ လက်အောက်တွင်မထားဘဲ၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ပူးပေါင်း သင့်ကြောင်း၊ ကရင် လူငယ် အစည်းအရုံးသည် ဖဆပလ အဖွဲ့နှင့် တန်းတူရည်တူ အဆင့်ဖြင့် လက်တွဲလုပ်ဆောင်နေကြောင်း၊ မြန်မာ့ လွတ်လပ်ရေးကို အဟန့်အတား ဖြစ်စေမည့် လူမျိုးရေး အဓိကရုန်း မပေါ်စေရန် မှန်ကန်သော ဦးဆောင်မှုကိုသာ ခံယူသင့်ကြောင်း၊ တိုင်းရင်းသား အချင်းချင်း ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း ထည့်သွင်းဖော်ပြသွားရာ ထိုအ

ချက်များမှာ သူ၏သဘောထား အစစ်မှန် ဖြစ်မည်ဟု ကျနော် ခန့်မှန်းနိုင်ခဲ့ပါသည်။

ထို ***KYO.*** ညီလာခံမှ ...

(၁) ပျဉ်းမနား၊ တောင်ငူ၊ သထုံ တောင်တန်းဒေသများနှင့် သံလွင်ခရိုင်ပါဝင်ရေး ကရင်ပြည်ကို ထူထောင်ရန်။

(၂) အခြားဒေသများတွင် နေထိုင်သော ကရင်များအတွက် လူနည်းစု အခွင့်အရေးများပေးရန်။

(၃) ကရင်ပြည်နယ်နှင့် ကရင်အမျိုးသားတို့၏ အကျိုးကိုဆောင်ရွက်နိုင်သော အခွင့်အာဏာအပြည့်အဝ ရှိသည့် ကရင်ရေးရာအဖွဲ့ကို ဖွဲ့စည်းရန်။

(၄) သထုံခရိုင်တွင် အင်တော်ဘေး ကြုံနေရသော ပြည်သူလူထုအတွက် အစိုးရက အမြန်ဆုံး အရေးယူ ဆောင်ရွက်ပေးရန် ဟူသော အချက်များကိုချမှတ်ခဲ့လေသည်။

သီးခြားကရင်ပြည် ထူထောင်ရေးတွင် မန်းဘခိုင်နှင့် အခြားသောကရင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များမှာ တသဘောတည်း ထပ်တူညီလေသည်။ သို့သော်ထိုကာလ၌ ဖဆပလအဖွဲ့ချုပ်တွင် သီးခြား ကရင်ပြည်ထူထောင်ရေး မူဝါဒ မရှိခဲ့သေးပေ။ ပင်လုံညီလာခံတွင်လည်း ထိုကဲ့သို့သော သဘောထားများ ချမှတ်ခဲ့ခြင်း မရှိခဲ့ပေ။ သို့သော်သီးခြား ပြည်နယ်ကို ပြည်မနှင့် ခွဲခြားအုပ်ချုပ်ခြင်း ကိုသော်၎င်း၊ ဘုရင်ခံ၏ လက်အောက်တွင် ထိန်းသိမ်းမှု ခံယူသောပြည်တခု အဖြစ်သော်၎င်း မန်းဘခိုင်အနေဖြင့် လက်ခံနိုင်ခြင်း မရှိပေ။ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ပူးပေါင်းခြင်းမှုကိုသာ သူလက်ခံပေသည်။ အမျိုးသားရေးတောင်းဆိုမှုနှင့် မြန်မာတပြည်လုံး လွတ်လပ်ရေး လှုပ်ရှားမှုတွင် သူသည် မြန်မာပြည် လွတ်လပ်ရေး အတွက် အဓိကထားသည့်ဘက်က ပါဝင်ခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှုကို မထိခိုက်စေရန် တိုင်းရင်းသားများ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရန်နှင့် လူမျိုးရေး အဓိကရုဏ်းများ မဖြစ်စေဘို့ရန် တိုက်တွန်းနိုးဆော်မှုကို သူပြုခဲ့သည်။ နောက်ပိုင်းတွင် မြစ်ဝကျွန်းပေါ် ၌ ကရင် ဗမာ ချစ်ကြည်ရေးလှုပ်ရှားမှု စည်းရုံးဟော ပြောခြင်းများကို ဖဆပလနှင့် ***KYO*** တို့ ပူးပေါင်းပြီးနေရာအနှံ့ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ငြိမ်းချမ်းရေး အတွက် ဆောင်ရွက်နေရင်းမှာပင် ၁၉၄၇ခုနှစ် ဇူလိုင်လ (၁၉)ရက်နေ့၌ ဗိုလ်ချုပ် အောင်ဆန်းနှင့်အတူ လုပ်ကြံခံခဲ့ရလေသည်။

* * * * *

၁၉၄၈ခုနှစ်၊ ဇူလိုင်လ (၁၉)ရက်နေ့မတိုင်မီ တရက်အလိုတွင် မန်းဘခိုင်၏ ကျေးရွာ ယုန်သလင်းသို့ ကျနော် ဒုတိယအကြိမ် ပြန်ရောက်ခဲ့ပါသည်။ ကျနော်(၆) နှစ်သား အရွယ်ဖြစ်ပါသည်။ အဖိုးလေးဖြစ်သူ မန်းဘခိုင်အတွက် တစ်နှစ်မြောက် အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းပွဲ အခမ်းအနားသို့ တက်ရောက်ရန် သွားခဲ့ခြင်းဖြစ်ပါသည်။ ကျနော့်ဖခင်မှ လွဲ၍ မိသားစုအားလုံး သွားခဲ့ကြသည်။ ဇူလိုင်လ (၁၉) ရက်နေ့မနက်တွင် မန်းဘခိုင်၏ ဂူဗိမ္ဗာန်သို့ ဆွေမျိုးများနှင့်တကွ ရွာသူရွာသားအားလုံး စုဝေးပြီး ဆုတောင်း စည်းဝေးပွဲ အခမ်းအနားပြုလုပ်ပါသည်။ ထိုအခမ်းအနားကို အဘိုး'မန်းထွန်းလွင်'က ဦးဆောင်ပါသည်။"မန်းထွန်းလွင်"သည် နောင်တွင် ဖွဲ့စည်းမည့် ကရင်ရေးရာ ဌာနတွင် ဟင်္သာတခရိုင်ဒေသတာဝန်ခံဖြစ်ပြီး အသက်ကြီး၍ ပင်စင် ယူသည့်အထိ အမှုထမ်း ခဲ့လေသည်။ မန်းဘခိုင် ကွယ်လွန်ချိန်တွင် "မန်းထွန်းလွင်" သည် ဖခင်၏ လူမှုရေးအရိုက်အရာကို ဆက်ခံနေပြီ ဖြစ်သည်။ ကျနော် လူပျိုပေါက် ဘဝထိ အနီးကပ်ဆုံး နှင့် အရင်းနှီးဆုံး ဆက်ဆံခဲ့သည်မှာ အဘိုး "မန်းထွန်းလွင်" သာဖြစ်ပါသည်။ ၁၉၄၉ ခုနှစ်တွင် ပြည်တွင်းစစ်ကြီး တောက်လောင်ခဲ့ရာတွင် ကျနော်၏ ဘခင်ဘက်မှ ဆွေမျိုးတစ်စုသည် ဇာတိ ကျေးရွာဖြစ်သော ကန္နားမဲဇလီကျေးရွာမှ ဟင်္သာတသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ကျနော့်အမေသည် ဟင်္သာတမြို့တွင် သူမ၏ဦးလေး 'မန်းထွန်းလွင်' နှင့် ပြန်လည်ဆုံဆည်းပြီး နှစ်အတော်ကြာ ရင်းနှီးစွာ နေထိုင်ခဲ့ကြသည်။ အဘိုး"မန်းထွန်းလွင်" ပင်စင်ယူပြီး ယုန်သလင်းရွာသို့ ပြန်လည် နေထိုင်သောအခါ ကျနော့်မိခင်သည် ဟင်္သာတမြို့တွင် ဆက်လက်နေထိုင် ခဲ့လေသည်။

ယခုချိန်တွင် "မန်းပေကုန်း"၏ သား သမီးအားလုံးတို့ သေဆုံးကုန်ကြပြီး ဖြစ်သည်။ "မန်းဘခိုင်"၏ အောက်မေ့ဖွယ် အခမ်းအနားပြုလုပ်ရာ သင်္ချိုင်းသည်လည်း ဆွေမျိုးစုသင်္ချိုင်းတခုအဖြစ် တည်ရှိနေပါသည်။ မည်သည့်ဒေသတွင်မဆို ကွယ်လွန်ခဲ့သော သားချင်း ညီအကိုများအား ထိုသင်္ချိုင်းသို့ ပြန်လည်ယူဆောင်ကြသည်သာ ဖြစ်သည်။ ဦးပေကုန်း၏သား 'မေဂျာအောင်တင်'သည် မြစ်ကြီးနား တနေရာတွင် ကချင်အမျိုးသား လက်နက်ကိုင်များ ချုံခို တိုက်ခံရပြီး သေဆုံးခဲ့ရာ သူ၏ အရိုးကို တနည်းနည်းနှင့် ယူဆောင်ပြီး ဆွေမျိုး သင်္ချိုင်းတွင် မြှုပ်နှံခဲ့ကြသည်။

ယုန်သလင်းကျေးရွာ မန်းပေကုန်း၏ ဆွေမျိုးစုနှင့် ထိုဓလေ့သည် ထိုဒေသတွင်း စည်းစည်းလုံးလုံး၊ ပူးပေါင်းဆောင်ရွက်ခြင်းအစဉ်အလာကို 'စံ' အဖြစ်တည်ရှိနေစေမည်မှာ မလွဲမသွေပင် ဖြစ်ပါသည်။

❖ ❖ ❖

**ကိုးကားချက်များ – – –**


(၁) ဘုံဘဝမှာဖြင့် –သိန်းဖေမြင့်၊

(၂) တိုင်းရင်းသားလူမျိုးများနှင့် အခြေခံဥပဒေ၊

(၃) အောင်သန်း၏ အောင်ဆန်း၊

(၄) စွယ်စုံကျမ်း အတွဲ "၈" (စာမျက်နှာ ၂၃၅)

(၅) ကရင်သမိုင်းသုတေသန၏ မှတ်တမ်းများမှ။

(၆) ဆရာခူးလတ်၏ စကောကရင်သာသနာပြုသမိုင်း။

(၇) မောင်စင်ကြယ်၏ မြန်မာပြည်ကို ချစ်သော ခေါင်းဆောင်များ၊ (ပုံမနှိပ်ရသေး)


နှ

# KNU ၏ ပြည်တွင်းစစ် ရပ်စဲရေး– ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှု

## KNU နှင့် န ဝ တ တို့၏ ၁၉၉၅ ခုနှစ် တွေ့ဆုံဆွေးနွေးပွဲမှတ်တမ်း

KNU နှင့် န ဝ တ တို့၏ တွေ့ဆုံဆွေးနွေးပွဲများသည် ပထမအဆင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် အဆင့်သို့ပင် မရောက်ဘဲ၊ န ဝ တ ဖက်မှ ရုတ်တရက် ထိုးစစ်ဆင် တိုက်ခိုက်မှုများ ပြုလုပ်ရာ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလ လယ်လောက်ထဲကပင် ဖြစ်သည်။ န ဝ တ နှင့် KNU တွေ့ဆုံဆွေးနွေးပွဲများမှာ ၁၉၉၅ ခုနှစ်မှစ၍ ဒီဇင်ဘာလမှ စတင်ပြီး ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ အထိ (၁၅)လအတွင်း (၄)ကြိမ်မျှ ပြုလုပ်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲအချိန် ကာလကို KNU အနေဖြင့် အလွန်ပင် အလျင်စလို အလောတကြီး နိုင်လှပြီဟု သဘောထားခဲ့ပြီး န ဝ တ ကမူ အလွန်နှေးကွေးပြီး စိတ်မရှည်နိုင်စရာသော ဆွေးနွေးပွဲအဖြစ် သတ်မှတ်ထားလေသည်။

KNU သည် န ဝ တ နှင့် တွေ့ဆုံဆွေးနွေးခဲ့သော လူမျိုးစုလက်နက်ကိုင် အဖွဲ့အသီးသီးအနက် နောက်ဆုံးမှ ဆွေးနွေးသော အဖွဲ့ဖြစ်သည်။ လူမျိုးစုလက်နက်ကိုင် တော်လှန်ရေး (၁၅)ဖွဲ့ တို့သည် န ဝ တ နှင့် တွေ့ဆုံဆွေးနွေးကြပြီး လအနည်းငယ်အတွင်းမှာပင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရခဲ့ကြပြီး ဖြစ်သည်။ န ဝ တ သည် ဤအခြေအနေကို မိမိ၏နိုင်ငံရေး မဟာအောင်ပွဲကြီးအဖြစ် ဝါကြွားနိုင်ခဲ့သည်။ ဆက်လက်ပြီး KNU သည်လည်း အခြားသော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အလားတူ အလျင်အမြန် လက်မှတ်ရေးထိုးပြီး အပစ်အခတ်ရပ်စဲရန် လိုလားလျှက် ရှိသည်။ သို့သော် KNU သည် န ဝ တ မျှော်မှန်းသလို ဖြစ်မလာခဲ့ပေ။ န ဝ တ သည် ဆွေးနွေးပွဲဝိုင်းမှာ တလျှောက် ရှုံးပွဲမရှိ၊ အပွဲပွဲနိုင်ခဲ့သော ဆောင်ရွက်ချက်ကို အခြေခံပြီး KNU အား အလျှင်အမြန် လက်မှတ်ရေးထိုးရေးကို အတင်းအကြပ် ကြိုးပမ်းခဲ့ရာ နောက်ဆုံး KNU မှ မိမိမျှော်လင့် သကဲ့သို့ ဖြစ်မလာသည့်အပေါ် ထိုးစစ်ဆင်ပြီး မူလ လက်နက်ကိုင် အကြမ်းဖက် ဝါဒကိုသာ ဆက်လက် ကျင့်သုံးခဲ့သည်။

ယခု KNU နှင့် န ဝ တ ဆွေးနွေးပွဲမှတ်တမ်းကို လေ့လာရန်အတွက် စာရှုသူများသို့ ရေးသားတင်ဆက်လိုက်ပါသည်။ အဓိက ရည်ရွယ်ချက်မှာ လေ့လာသူများ ကိုယ်တိုင် အခြေအနေမှန်ကို လေ့လာသိရှိပြီး တရားမျှတစွာ ဆုံးဖြတ်နိုင်စေရန် ဖြစ်သည်။ KNU သည် လက်နက်ကိုင် လမ်းစဉ်မှလွဲ၍ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်သော တခြားနည်းနာများ လုပ်ငန်းစဉ်များ၊ ချမှတ်ထားခြင်း ရှိပါသလား၊ အကြမ်းဖက် တရားသေ ဝါဒသမားလော၊ မည်သို့သော အခြေအနေများက KNU ကို နောက်ဆုံးမှ ဆွေးနွေးပွဲ စားပွဲဝိုင်းသို့ ရောက်လာပြီး န ဝ တ မှ ပြန်လည်တိုက်ခိုက်သော အခြေအနေများကား ဖြစ်စဉ်မှာကား အဘယ်ကြောင့်နည်း စသည့် အမေးများကို ဖော်ပြပါ မှတ်တမ်းများက ဖြေရှင်းနိုင်ကောင်း ရှိမယ်ဟု ယူဆပါသည်။

၁၉၉၂ ခုနှစ် န ဝ တ ၏ နံဂါးမင်း စစ်ဆင်ရေး ရုတ်သိမ်းပြီး န ဝ တ ၏ အပစ်အခတ်ရပ်စဲရေး၊ နယ်စပ်ဖွံ့ဖြိုးရေးစီမံချက်ကို KNU မှ တုန့်ပြန်ရာတွင် ၁၉၉၅ ခုနှစ် ဒီဇင်ဘာလအတွင်း၌ ဖြစ်၍ နှေးကွေးပြီး တက်ကြွမှု မရှိဟု ထင်ရသော်လည်း ၁၉၉၃ ခုနှစ် (၂)နှစ်ကာလ မှစ၍ ဆွေးနွေးပွဲဖြစ်နိုင်ရေးကို ကြိုးပမ်းကြသောအဖွဲ့မှာ အမှန်ပင်များပြားလှသည်။ KNU အဖွဲ့ပြင် တသီးပုဂ္ဂလများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဓမ္မသင်းများ၊ KNU အဖွဲ့ဝင်များကိုယ်တိုင် ကြိုးပမ်းမှုသည် ရံဖန်ရံခါ ရှုပ်ထွေးသော အခြေအနေကို ရင်ဆိုင် ရပြီးနောက် အရာမထင် ဖြစ်ခဲ့ရသည်ချည်းဖြစ်သည်။

ကြိုးပမ်းချက်များတွင်–

၁။ ဓမ္မ ဆရာဟောင်း စောအီနေ့ခေါ် ကိုယ်စားလှယ် တကိုယ်တော် ကြိုးပမ်းချက်။

၂။ ဦးကိတ္တိနှင့် စောလပ် ကူအဖွဲ့။

၃။ KNU အဖွဲ့ဝင်များဖြစ်သော ဗိုလ်စိုးစိုး ပဒိုအောင်ဆန်း၊ ဗိုလ်မောင်မောင်တို့ မြန်မာစစ်သံမှူးမှ ဆက်သွယ်ရန် ကြိုးပမ်းချက်။

၄။ ဘုန်းတော်ကြီး အင်ဒရူးမြဟန်နှင့် အယ်လင်စောဦးအဖွဲ့တို့၏ ကြိုးပမ်းချက်။

၅။ ဒေါက်တာ ထွန်းအောင်ချိန်နှင့် ဆရာကြီး ဟင်ဆင်တာတောတို့၏ ကြိုးပမ်းချက်။

၆။ ဝင်းရေးမြို့နယ် ဒုဥက္ကဋ္ဌ စောထဲနေနှင့် ဘုရားသုံးဆူမှ တင်ဝင်းညိုတို့က အမှတ် (၅)ထောက်လှန်းရေးမှတဆင့် ဆက်သွယ်ကြိုးပမ်းချက်။

၇။ အေးစိုးမြင့်၊ ဒေါက်တာ ထွန်းအောင်ချိန်၊ ခွန်မြ ပါဝင်သော ငြိမ်းချမ်းရေး အကျိုးဆောင်၏ ကြိုးပမ်းချက် စသည် တို့ဖြစ်ကြသည်။

ကြိုးပမ်းချက်များတွင်–

ဓမ္မဆရာဟောင်း ဆရာအီနေ့ (ခေါ်)ကိုအေးသည် ဇင်းမယ်ရှိ စစ်ထောက်လှန်းရေး တဦး၏ အကူအညီဖြင့် ခင်ညွန့်နှင့် တွေ့ဆုံပြီး နှစ်ဖက်တွေ့ဆုံရေးကို တကိုယ်တော် စီစဉ်ဆောင်ရွက်ခဲ့သည်။ ဆရာအီနေ့၏ ကြိုးပမ်းချက်တွင် KNU ခေါင်းဆောင်အချို့နှင့် တိတ်တဆိတ် တိုင်ပင်မှုရှိသော်လည်း ဗဟိုမှ တရားဝင် တာဝန်ပေးချက် မရှိခဲ့ပေ။ ထို ၉၃ ခုနှစ် ကာလတွင် KNU ခေါင်းဆောင်များ ဖြစ်သော ဗိုလ်မောင်မောင်နှင့် ပဒိုအောင်ဆန်းတို့သည် အခြားသော ထိုင်းထောက်လှမ်းရေးအဖွဲ့ တဖွဲ့၏ အကူအညီဖြင့် မြန်မာစစ်သံမှူးတဦးနှင့် တွေ့ဆုံရန် ဘန်ကောက်တွင် ရောက်နေဆဲကာလဖြစ်သည်။

KNU တရားဝင် ကိုယ်စားလှယ်များက ဘန်ကောက်တနေရာမှ စစ်သံမှူးကို တွေ့ဆုံရန် စောင့်ဆိုင်းဆဲကာလ၊ တရားဝင် ကိုယ်စားလှယ် မဟုတ်

သော ဆရာအီနေ့က ခင်ညွန့်နှင့် တွေ့ဆုံနိုင်နေပြီဖြစ်၍ နောက်ဆုံး ထိုင်းစစ်ထောက်လှမ်းရေး (၂)ဦးတို့ အပြန်အလှန် အဆက်သွယ်ပြုရာမှ အဖြေမှန်ကို ရခဲ့၍ ဆရာအီနေ့တယောက် ဗဟိုမှ ခေါ်ယူပြီး အရေးယူခဲ့ရသည်အထိ ရှိခဲ့သည်။ နောက်ပိုင်းတွင် **KNU** မှ တရားဝင်တာဝန်ပေးခဲ့သည်။

အခြားသော ကမောက်ကမ ကလေးတခုမှာ **KNU** တပ်မဟာ (၆)မှူး ရွှေဆိုင်းနှင့် ဥက္ကဋ္ဌကြီး ဗိုလ်ချုပ်မြ ကိုယ်တိုင် ❖❖❖န ဝ တ ခေါင်းဆောင်များ ထံသို့ ပေးစာတစောင်ကို ဝင်းယော်မြို့နယ် ဒုဥက္ကဋ္ဌ စောထဲနေနှင့် တင်ဝင်ညိုမှ တဆင့် အမှတ် (၅)သို့လည်းကောင်း၊ ထိုမှ ဌာနချုပ်သို့ ပေးခဲ့သည်။ ထိုအတောအတွင်း ခွန်မြဆိုသူက ဗိုလ်ချုပ်မြအား တွေ့ဆုံရာတွင် ဆက်သွယ်ရေး စာတစောင်ကို ဗိုလ်ချုပ်မြထံမှ တဖန် ရယူပြီး ထောက်လှမ်းရေးဌာနချုပ်သို့ ပေးပို့ခဲ့သည်။ ဤသို့ဖြင့် ထ လ ရ ဌာနချုပ် ဆက်သွယ်ရေး လမ်းကြောင်းနှင့် မော်လမြိုင် အမှတ် (၅) ဆက်သွယ်ရေး နှစ်ခုဖြစ်နေသဖြင့် ဆက်သွယ်ရေး လမ်းကြောင်း တခုတည်းကို ရွေးချယ်ရန် ထောက်လှမ်းရေးဌာနက မေတ္တာရပ်ခံ သည်အထိ ရှိခဲ့သည်။ ဆရာတော် ဦးကိတ္တိကလည်း မက်ပပနိ ဘုန်းကြီးကျောင်းမှ နေ၍ သန်းရွှေထံ ဖုန်းတကြိမ်ဆက်ပြီး ဆွေးနွေးပွဲ ဖြစ်ရေးကို ကြိုးပမ်းခဲ့လေသည်။

ဤသို့ဖြင့် န ဝ တ နှင့် လူမျိုးစုလက်နက်ကိုင် အင်အားစုများ အလျှိုအလျှိုဖြင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်များ ရေးထိုးချိန်တွင် **KNU** သည် အထွေထွေ များပြားလှသော ဆက်သွယ်ရေးလမ်းကြောင်းဖြင့် အလုပ်ရှုပ်ပြီး အရာမထင်ဖြစ်ခဲ့ရာ ၁၉၉၃ ခုနှစ်အထိ စတင်ခဲ့လေသည်။

ထိုသို့ဖြစ်ရသည်မှာ န ဝ တ နှင့် **KNU**တို့၏ နှစ်ဖက် အခြေအနေ သဘောထားအပေါ်တွင် အဓိကတည် သည်ဟု ကောက်ချက် ချရမည်ဖြစ်သည်

န ဝ တ သည်၁၉၉၂ ခုနှစ်၊ နဂါးမင်းစစ်ဆင်ရေးကို အကျအဆုံးများစွာဖြင့် ရုတ်သိမ်းခဲ့ရ၍ အရှုံးနှင့် ရင်ဆိုင်ရသည်ဟု ပင်ပြောနိုင်သည်။ ထို့ကြောင့် နယ်စပ်ဖွံ့ဖြိုးရေး စီမံချက်ကို အစားထိုးလာသည်။ နယ်စပ်ဖွံ့ဖြိုးရေး စီမံချက်သည် လက်နက်ကိုင် အဖွဲ့အစည်းများအား စီးပွါးရေးဖြင့် သတ်ကွင်းပြုထားသော စီမံချက်ဖြစ်သည်ဟု လေ့လာသူအချို့က ယူဆခဲ့သည်။ ၁၉၈၀–၈၁–ခုနှစ် ဗမာပြည်ကွန်မြူနစ် လက်နက်ကိုင် အင်အားစုများအား ဒေသဖွံ့ဖြိုးရေးကို အခြေခံပြီး အနိုင်ယူခဲ့သော စီမံချက်မျိုးဖြစ်သည်။ အဆိုပါ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးသည် အပစ်အခတ်ရပ်စဲရေးနှင့် ဆက်စပ်နေရာ လက်နက်ကိုင်အင်အားစု အသီးသီးသည် ပထမအဆင့် အပစ်အခတ် ရပ်စဲရေးအတွက် နှစ်ဖက် ဆွေးနွေးရေးကို မဖြစ်မနေ ပြုလုပ်ရမည် ဖြစ်သည်။ သို့သော် ထိုအပစ်အခတ် ရပ်စဲရေးသည် မြန်မာပြည် ပြည်တွင်းစစ်၏ အခြေခံ အကြောင်းရင်းများ ဖြစ်သော နိုင်ငံရေး ပြဿနာကို ဖြေရှင်းရန်မဟုတ်၊ နှစ်ဖက် သဘောတူချက်အပေါ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ စီးပွါးရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ရန် ဖြစ်သည်။ ထိုနယ်စပ် ဖွံ့ဖြိုးရေးဆိုင်ရာ စီးပွါးရေး ကိစ္စများသည် အင်အားစုများ အားလုံးအတွက် ပြင်ဆင်ထားသော သတ်ကွင်းသာ ဖြစ်သည်ဟု ယူဆစရာရှိသည်။ ထို့ကြောင့် န ဝ တ သည် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးတည်သော အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အစီရင်ခံစာ မြန်မာ့သတင်းဖြန့်ချိရေးဌာနမှ ကမ္ဘာသို့ တရားဝင် ထုတ်ပြန် ချက်မျိုး မလုပ်ခဲ့ပေ။ သို့သော် ဒေသအသီးသီး ရောက်ရှိနေသော တပ်ရင်း ဌာနချုပ်နှင့် စစ်ကြောင်းများမှ တပ်မတော် ထောက်လှမ်းရေးများက တဦးချင်း တဖွဲ့ချင်း ချဉ်းကပ်ပြီး၊ သွေးဆောင်စည်းရုံးသော နည်းကိုသာ သုံးခဲ့လေသည်။ ၎င်းပြင် န ဝ တ ခေါင်းဆောင်များက ထောက်လှမ်းရေး အင်အားစုများကို တရားဝင်စာများဖြင့် အကြောင်းကြား ကမ်းလှမ်းခြင်း မလုပ်ခဲ့ပေ။ ထို့ကြောင့် ဆက်သွယ်ရေး လမ်းကြောင်းများလည်း ကြိုတင်ပြင်ဆင်မှု မရှိခဲ့ပေ။ ထိုအစီအစဉ်သည် ထောက်လှမ်းရေးဌာနနှင့် ကာကွယ်ရေး ဌာနမှလွဲ၍ ကျန်အုပ်ချုပ်ရေး ဌာနမှာကား မသိနိုင်ခဲ့ပေ။ ထိုအစီအစဉ်ကို ကရင်ပြည်နယ် ဖားအံ၊ ကော့ကရိတ်၊ မော်မြိုင်စသည့် မြို့များ ရှင်းလင်းပွဲများတွင် အမှတ်မထင် ထုတ်ဖေါ်ပြောကြားခဲ့ကြသည်။

မည်သို့သော အခြေအနေမျိုး၌ပင်ဖြစ်စေ **KNU** သည် န ဝ တ နှင့်တွေ့ဆုံရေးကို သဘောထား ချမှတ်ထားပြီး၊ ပြင်ဆင်မှုအမျိုးမျိုးလုပ်သောအခါသမယနှင့် ချိန်ကိုက်ပြီး၊ **KNU** အတွင်း ပုန်ကန်ခွဲထွက်မှုများလည်း ဖြစ်ခဲ့ပြီး၊ အထက်အောက် မပြေလည်မှုလည်း ပေါ်လာရာ အဖွဲ့အစည်းအတွင်း၊ တပ်မတော်အတွင်း စိတ်ဝမ်းကွဲမှုများ၊ စိတ်ဓါတ်ကျဆင်းမှုများ၊ ပေါက်ကွဲ ထွက်လာခဲ့လေသည်။ (၁၁)ကြိမ်မြောက် ဗဟိုအရေးပေါ် ညီလာခံတွင် ပွင့်ပွင့်လင်းလင်း ပေါ်ထွက်လာခဲ့သည်။

In **1919**. the YMBA split into two factions: the Elders and the youths factions. The political program of the youths faction was to include Burma in Monte- Gn-Chanstard Plan and to strive forward step by step and finally, achievefull autonomy right for Burma.They intended to remain with in the British Common Wealth. The aims of the Elders faction was to accept the plan drawn by the deputy governor Sir Reginald Creddock to administer Burma. Finally, the Sir Reginald Creddock plan was accepted in Burma. The youth's faction became political party. A political conference was called in **1910**, and YMBA was transformed to G.C.B.A, the general council of Buddhists Association.

On Jan 1,.**1921**.the "Diarchy" system was introduced in Burma. In this system, the administration was divided into two parts. The central government of India took over the first part and the second part went to the elected members of peoples' representatives . There were 102 governmental departments in this administration. Out of these, 47 departments such as Rail ways post and telegraph, Post, custom, ...etc. were directly under the control of the central government in New Deli (India) and 33 departments such as Finance, defense, Home affairs ..... etc. were under the control of the governor. The governor could appoint the departmental heads at his own discretion. Only the remaining 22 departments that were not very important were left for the legislative council of Burma to control.

In **1923**, it was declared by the British government that the Monte- Gu- Chansfard plan included Burma. According to this plan, Burma became one of the provinces of India and it would be administered by a governor. Previously, Burma was administered only by the deputy governor.

According to this declaration, the total mumber of peoples' representatives would be extended to 103. Out of these; so would be appointed directly by the governor and the remaining 9 seats would be for representatives from various traders unions including a representative from Rangoon University.

Out of 80 representatives elected by the people of Burma, 22 would be for urban people, 9 for Indians and 49 for the rural peoples. Out of 49 seats from the rural people, 5 seats were for the Karen people.

The struggle for independence in India grew stronger. The question arose whether Burma should secede from India and remained a separate state or not. Regarding this issue, the politicians in Burma split into two factions.

To solve the problem, the British sent an inquiry commission led by Sir John Simon to Burma, In Burma a special commission consisting of 7 members of legislative council was formed to cooperate with the John Simion Commission. The aims of these commissions were to find out the immediate essential for taking up the responsibility in this new system of administration. Both commissions submitted their reports independently, but both agreed that Burma should secede from India and remain a separate State.

In **1928**, Sir San C. Po wrote a book called " Burma and the Karens". In this book he said that the establishment of the Karen country was the aspiration of all the Karen people.

On February 18, **1929**, the legislative council of Burma rennin moistly decided to separate Burma from India.

On February 1929, Under the supervision of Sayadaw U Panda Wuatha and Saw Ba Than Shwe, the Burma Karen National Association (BKNA) was formed with Saw Pe Tha as leader. During the second worjd war, this association could not make any movement. After the war, this association was reorganize with Sayadaw .

Agga and Saya Shwe Ba acting as Patrons.

The E.C. members of this Association were-

1. Sayadaw U Panda Wuntha President.
2. Saw Mya Thein. vice-president.
3. U Gyi Saw Secretary.
4. Mahn Keh Aye Treasurer.
5. U Narainda. member.
6. Saw Ba Than Shwe. member.
7. U Kumara member.
8. Saw Ba Lone. member.

The headquarters of this association was established at No. 253, Montgomery Rd. (Bogyoke Aung San Rd.). Most of the members of this Association were Buddhists. This had many branches in Myaung Mya, Bassein, Insein, Honthawaddy, Pegu and Kyaikemi districts.

In July **1929**, a combined meeting of KNA (Karen National Assn) and L.K.A. (The Loyal Karen Association) was held. At this meeting, KNA. President Saw Pah Dwe and LKA President Dr. D. Po Min acted as chairmen.

The meeting decided that:-

(1) A special division for the Karen people be given, as written in a

book called "Burma and the Karens" by Dr. San C. Po.
(2) delegation be sent to England and to ask for the independence of the Salween district.

In a plenary meeting held in London, Karen delegates Saw Syducy Loo Nee and Thra Shwe Ba Submitted the following claims:-

(a) To separate Burma from India.
(b) To establish Burma as a sovereign state.
(c) Burma should be established as a country consisting of a state for each of the Burmese, Karens, Chins, Shans......etc.
(d) Burma must be free from the domination of India.
(e) The must be no racial or religious discrimination.
( f) Karens must be included at the government and local administrative level and in various government services.
(g) A Karen representative be appointed for every district in lower Burma.
(h) To specify special constituencies for the Karens in the election.
( i) To form a Karen battalion in Burma Army.

**1930**: A plenary meeting, to separate Burma from India and to prescribe the New administration, was held in London for the first time. At this meeting the delegates of Burma were allowed to attend the meeting but only as members of delegates from India.

**1931**: A Special plenary meeting was held for Burma in London, 24 delegates from Burma and 9 British delegates attended the meeting. The meeting agreed to separate Burma from India lent for confirmation. a plebiscite be in Burma.

**1932**. November. A Plebiscite was made in Burma to decide whether Burma should stay as part of India or succede from her. The majority of the people of Burma agreed to continue as part of India.

To administer the 22 departments entrusted to the Parliament members, two ministers were appointed. These ministers were paid a Larry of Rupees 5,000 a month.

During this time, the total population of Burma was 12 million, but only 2 million were eligible to vote. The government servicemen and people who had to pay revenue and taxes or house rent to the government were allowed to vote.

In **1933**, June, a joint committee consisting of 16 members each from both the house of commons and the house of the Lords of the British Parliament finally decided that Burma should secede from India.

From the report given by the above joint committe, Burma's 1935, constitution had emerged based in the **1935** Indian constitution. According to this constitution, there were 91 government departments, under the supervision of a Parliament consisting of 132 seats. Among these, 12 seats were specified for Karens, 8 for Indians, 3 for the English, 2 for the Anglo-Burman, 12 for traders 1 for the University, 2 for Burmese workers and 2 for Indian workers.

The British Parliament approved and enacted a new constitution for Burma in **1935**. In November 1936 a general election was held according to this constitution. This new administration was called "Di- archy", consisting of 91 government departments. There were two houses of Parliament- the upper house and the lower house. The term of service for a parliament member was 5 years. There were 132 seats for the lower house.

This new administration began on April 1, **1937**. According to this new system, a governing body was formed among the members of parliament and this body had to advise the governor in the exercise of his administrative duties.

There were altogether 98 departments. Departments like Defense, Foreign affairs, communications, Finance, custom, and specific Christian affairs were under the direct control of the governor. Only residual power was given to the Parliament to administer the remaining 91 departments.

The E.C, members of Daw K'lu, the Karen National organization during **1936-37** were as follows:-

(1) Thra San Paw — President.
(2) Saw James Tapa — Vice- President.
(3) De. Dwe — Vice- President.
(4) Saw Vicdar San C.Po — Vice- President.
(5) Mahn Ba Yin — Secretary.
(6) Saw Ba Mg. — Associate Secretary.

According to the 1937 constitution, Sin San C Po became a member of Parliament in the upper house.

A draft law to recognize the first day of the month of "Pyatho" as an official Karen New Year Day was moved in the parliament and was approved.

There were 36 members of Parliament in the upper house; 3 were Karen. **(1)** Dr. San C. Po, **(2)** Thara San Baw and **(3)** Mahn Shwe Ba.

At this time, the 12 Karen M. Ps for the lower house were:- **(1)** Saw Pe Tha , **(2)** Mahn Kan Aye, **(3)** U Po Amyin, **(4)** Saw Sydncy Loo Nee, **(5)** Mahn Tun Khin, **(6)** Mahm Ba Kaing, **(7)** Mahn Shwe Nuunt, **(8)** Saw Mya Thein, **(9)** U Hla Pe, **(10)** Saw Po Chit. ( Its later became a minister). **(11)** Saw Tha Dwe and **(12)** Saw John San D Po Min. (Its later became Parliamentary secretary).

The Karen New Year Day was recognized by the British government December 21, 1938 ; and the first Karen New Year celebration was held in 1939 in Rangoon. The Karen Parliament members Dr. San C. Po, Mahn Shwe Ba, U Hla Pe, Sydney Loo Nee, and Saw Pe Tha sent a letter of felicitation to the Karen New Year Celebration.

I.K.H.R.A.

# တိုင်းရင်းသား လူမျိုးစုများဆိုင်ရာ [နဝတ] စစ်အစိုးရရဲ့ မဟာဗျူဟာနှင့် နည်းဗျူဟာအပေါ် သုံးသပ်ချက် စာတမ်း။

မောင်စင်ကြယ်။

ဒီနေ့(နဝတ)စစ်အစိုးရနဲ့ တိုင်းရင်းသား လူမျိုးစုများဆိုင်ရာ ချမှတ် ကျင့်သုံးနေတဲ့ မူဝါဒနဲ့ မဟာဗျူဟာကို လေ့လာသုံးသပ်ကြည့်ရင် အသွားနှစ်ဘက်ရှိတဲ့ ဓါးတလက်ဖြစ်တာကို မြင်ကြရမှာ ဖြစ်တယ်။ အသွားတဘက်က ဒီမိုကရေစီအင်အားစုနဲ့ လူမျိုးရေး အင်အားစုတွေကို ခွဲခြားပစ်ရေး ဖြစ်ပြီး၊ အခြားအသွားတဘက်ကတော့ လူမျိုးစု အင်အားစုတွေ အတွင်း၊ နိုင်ငံရေးအရနဲ့ စစ်ရေးအရ နှစ်ဘက်ညှပ် ချေမှုန်းပြီးတဲ့နောက်မှာ စစ်ဝါဒ ကြီးစိုးလွှမ်းမိုးနေရေး မဟာဗျူဟာ ရည်မှန်းချက်ပဲ ဖြစ်ပါတယ်။

အထက်ပါ (နဝတ) စစ်အစိုးရရဲ့ နက်ရှိုင်းညက်ညောတဲ့ မဟာဗျူဟာနဲ့ မူဝါဒ လမ်းစဉ်တွေကို လူမျိုးစု နိုင်ငံရေး အင်အားစုတွေဟာ ရုတ်တရက် ချက်ချင်း သဘောပေါက်နိုင်ကြမယ် မထင်ဘူး။ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါတွေက အသိပေးတဲ့အပေါ်မှာ တစတစနဲ့ မြင်တွေ့လာမှာဖြစ်တဲ့အတွက် ဒီနေရာမှာ သီးခံစိတ်ရှည်ကြဖို့ လိုပါတယ်။

(နဝတ)စစ်အစိုးရဟာ **(NLD)** အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ကိုယ်စားလှယ်တွေ၊ ယင်းတို့ရဲ့ အမျိုးသား ညီလာခံက ရုတ်တရက် နှုတ်ထွက်သွားတဲ့အတွက် နိုင်ငံရေးအရ အလစ်ဓါးထိုးခံရပြီးတဲ့နောက်မှာ ယင်းတို့ရဲ့ အတုအယောင် အမျိုးသားညီလာခံက လူမျိုးစု အဖွဲ့အစည်းတွေနဲ့ ကိုယ်စားလှယ်တွေ နှုတ်ထွက် သွားမှာကို အခုအခါ သေမလောက် ကြောက်နေကြတာ ဖြစ်ပါတယ်။ အလားတူပဲ၊ လူမျိုးစု လက်နက်ကိုင် တပ်ဖွဲ့တွေနဲ့ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်တွေ မရမှာကိုလည်း အလွန်ဘဲ စိုးရိမ်သောက ဖြစ်နေပါတယ်။ ဒါကို လူမျိုးစု အဖွဲ့အစည်း အသီးသီးနဲ့ လူမျိုးစု ခေါင်းဆောင်တွေအဖို့ အမြင်ကြည်ကြည်လင်လင်နဲ့ ရှုမြင်သုံးသပ် ဆုံးဖြတ်နိုင်ကြဖို့ များစွာ အရေးကြီး လေးနက်လှပါတယ်။

(နဝတ) စစ်ခေါင်းဆောင် တွေဟာ မိမိတို့ရဲ့ အမျိုးသား ညီလာခံမှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်နဲ့ လူမျိုးစုအဖွဲ့တွေ တက်ရောက် နေခြင်းအားဖြင့် နိုင်ငံတကာကို လက်ညှိုးထိုးပြပြီး နိုင်ငံရေး အမြတ်ထုတ်ခွင့် ရခဲ့ပါတယ်။ ခုခါမှာတော့ ယင်းတို့ရဲ့ အမျိုးသား ညီလာခံက အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အပြီးအပိုင် နှုတ်ထွက်သွားပြီဖြစ်လို့ နိုင်ငံရေး အမြတ်ထုတ်မယ်ဆိုရင် လူမျိုးစု အဖွဲ့အစည်းတွေ ဘက်ကိုသာ လက်ညှိုးထိုး ပြဖို့ဘဲ ရှိတော့တယ်။ ဒီအတွက်လူမျိုးစု အဖွဲ့အစည်းတွေနဲ့ ခေါင်းဆောင်တွေဟာ မိမိတို့ရဲ့ အမျိုးသားရေး ဂုဏ်ကို ထောက်ထားပြီး၊ (နဝတ) စစ်ခေါင်းဆောင်များရဲ့ နိုင်ငံရေး လှည့်စားမှု မခံရအောင်၊ ရှောင်တတ် ရှားတတ်ဖို့ အထူးလိုအပ်လှပါတယ်။ နို့မှုတ်ရင် ယင်းတို့ရဲ့ အမျိုးသားညီလာခံမှ တဆင့် ဖြစ်တဲ့နည်းနဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတခုကို အတည်ပြုလိုက်မယ်ဆိုရင် ဒီမိုကရေစီရေးအတွက်ရော၊ အမျိုးသားရေး အတွက်ရော နစ်နာ နိုင်တယ် ဆိုတာကို သတိပြုကြဖို့ လိုပါမယ်။

(နဝတ) စစ်ခေါင်းဆောင်တွေဟာ လူမျိုးစုလက်နက်ကိုင် တပ်ဖွဲ့တွေအားလုံးနဲ့ အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု ရရှိခဲ့ရင် မြန်မာနိုင်ငံ တဝှမ်းလုံး ငြိမ်းချမ်းရေး ရရှိသွားပြီလို့ နိုင်ငံတကာကို မျက်စိမှိတ် ကျေညာဖို့ အခွင့်အခါကောင်းကို စောင့်စားနေစဉ်၊ ကရင်နီ တိုးတက်ရေးပါတီနဲ့ ရထားတဲ့ သဘောတူညီချက်တွေ (နဝတ)ကြောင့် ပြန်လည် ပျက်ပြားသွားတဲ့ အတွက် (နဝတ)စစ်ခေါင်းဆောင်တွေအဖို့ နာသာခံခက် ဖြစ်သွားရပါတယ်။ ဒီအချိန်မှာ တော်လှန်ရေးလုပ်သက်အရှည် ဆုံးနဲ့ အကြာဆုံးဖြစ်တဲ့ ကေအဲန်ယူနဲ့ အကြိမ်ကြိမ် ဆွေးနွေးပေမဲ့ ခုချိန်ထိ အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု မရနိုင်တဲ့အတွက်(နဝတ)စစ်ခေါင်း ဆောင်များအဖို့ နိုင်ငံရေးအရ မှန်းချက်နဲ့ နမ်းထွက် မကိုက်မညီ ဖြစ်နေ ပါတော့တယ်။

ဒီနေရာမှာ (နဝတ) စစ်ခေါင်းဆောင်တွဟာ နိုင်ငံရေး အမြတ်အစွန်းရဘို့ ဆန္ဒမစောဘူးဆိုရင် အပစ်အခတ် ရပ်စဲဘို့ သဘောတူထားရုံနဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေး မရနိုင်ဘူးဆိုတာကို သိထားဘို့ ကောင်းပါတယ်။ အပစ်အခတ် ရပ်စဲရေး သဘောတူကြတယ်ဆိုတာ သူ့နယ် ကိုယ့်နယ်၊ သူ့တပ်ကိုယ့်တပ်၊ အပစ်အခတ် မလုပ်ဘဲ ရပ်ထားရုံနဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေး မရနိုင်သေးပါဘူး။ နှစ်ဦးနှစ်ဘက် အပစ်အခတ် ရပ်စဲထားတဲ့ စစ်ရေး သဘောတူညီချက် အပေါ်မှာ၊ နှစ်ဦး နှစ်ဘက် နိုင်ငံရေး အပေါ်မှာ သဘောတူညီချက်ကို ရှာဖွေ ရယူနိုင်ကြမှသာ စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက် နိုင်မယ် ဆိုတာ(နဝတ)စစ်ခေါင်းဆောင်များ သဘောပေါက် ခံယူထားရန် လိုအပ်မှာပါ။ အဲဒီ ကမ္ဘာ့ အစဉ်အလာနဲ့ ငြိမ်းချမ်းရေး အစဉ်အလာတွေကို ဖောက်ပြီး၊ (နဝတ) စစ်ခေါင်းဆောင်များဟာ အပစ်အခတ် ရပ်စဲထားဆဲ 'ဝ' ခေါင်းဆောင် ဖုန်းကျားရှင်၊ ကချင် ခေါင်းဆောင် မထုနော်၊ ပအိုဝ်း ခေါင်းဆောင် ဦးအောင်ခမ်းထီ တို့အား အတင်းအဓမ္မနည်းဖြင့်၊ ယင်းတို့ရဲ့ အမျိုးသား ညီလာခံကို တက်ရောက်စေခဲ့ပါတယ်။ ခုတော့ (နဝတ) စစ်ခေါင်းဆောင်များရဲ့ မရိုးသားတဲ့ လုပ်ရပ်ကို သိမြင်လာတဲ့အတွက် 'ဝ'ခေါင်းဆောင် ဖုန်းကျားရှင်ဟာ (နဝတ)ရဲ့ အတုအယောင် အမျိုးသား ညီလာခံက အပြီးအပိုင် ထွက်ခွာလာခဲ့ပါပြီ။ အခြားသော လူမျိုးစု ခေါင်းဆောင်များလည်း 'ဝ'ခေါင်းဆောင် ဖုန်းကျားရှင် ရဲ့ အမှန်တရားနောက်သို့ လိုက်ပါကြရန် သိပ်ကို အရေးကြီးပါတယ်။

ဒီနေ့ မြန်မာနိုင်ငံမှာ နိုင်ငံရေး အင်အားစုများ အနေနှင့် ဒီမိုကရေစီ အင်အားစုရယ်၊ စစ်ရေး အင်အားစုရယ်၊ လူမျိုးရေး အင်အားစုရယ်၊ နိုင်ငံရေး အင်အားစု (၃)ခု ရှိနေပါတယ်။ ဒါဟာ အရှိအတိုင်းဘဲ ဖြစ်ပါတယ်။ နိုင်ငံရေး သင်္ချာနည်းနဲ့ ကြည့်ရင် (၁၉၉၀) ခုနှစ် အထိ၊ [ ဒီမိုကရေစီ အင်အားစု + လူမျိုးရေးအင်အားစု] ဖြစ်ပြီး၊ [စစ်ရေး အင်အားစု – လူမျိုးစု အင်အားစု] ဖြစ်ပါတယ်။ ၁၉၉၃ခုနှစ်ရဲ့ နောက်ပိုင်း ရောက်

တော့ [စစ်ရေး အင်အားစု + လူမျိုးရေး အင်အားစု] ဖြစ်သွားပြီး၊ [ဒီမိုကရေစီ အင်အားစု – လူမျိုးရေး အင်အားစု] ပြောင်းပြန် ဖြစ်သွားတာကို ဒီနေရာမှာ ဒီမိုကရေစီ အင်အားစုတွေနဲ့ လူမျိုးရေး အင်အားစုတွေဟာ အမှန်အတိုင်းနဲ့ အရှိ အတိုင်း လက်ခံ သုံးသပ် ကြရမှာ ဖြစ်ပါတယ်။ (နဝတ) စစ်ခေါင်းဆောင်များဟာ အထက်ပါ 'နိုင်ငံရေး သချာဗေဒ' သဘောအရ လူမျိုးစု အင်အားစုတွေကို ဆွဲဆောင်နိုင်စွမ်းရင် နိုင်ငံရေး ချိန်ခွင်လျှာ ပြောင်းသွားနိုင်တာကို သိရှိထားတဲ့အတွက် လူမျိုးစုလက်နက်ကိုင် အင်အားစုတွေကို ဒေသ ဖွံ့ ဖြိုးတိုးတက်ရေး၊ မိမိနယ်မြေအတွင်း၊ မိမိလက်နက် မိမိ ကိုင်ဆောင်ထားရေးဖြင့် ပထမ အဆင့် ဆွဲဆောင်ပြီးတဲ့နောက်မှာ ယင်းတို့ရဲ့ အမျိုးသားညီလာခံမှတဆင့်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ တခုခု အတည်ပြုလာနိုင်တဲ့အခါ လူမျိုးစုတွေကို ကိုယ်ပိုင် အုပ်ချုပ်ရေးရဲ့ အပြီးသတ် ဆွဲဆောင်ဖို့ မဟာဗျူဟာ ချမှတ်ထားပြီး ဖြစ်တာကို တွေ့မြင် နိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီနေရာမှာ ဒီမိုကရေစီ အင်အားစုတွေဟာ လူမျိုးစု တွေနဲ့ ပတ်သက်ပြီး၊ တိကျ ပြတ်သားတဲ့ လူမျိုးတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် အပါအဝင် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေးအား မဟာဗျူဟာ တရပ်အဖြစ် ပြတ်ပြတ်သားသား ချမှတ်သွားရန် လိုအပ်တဲ့ နည်းတူ ယင်းမဟာ ဗျူဟာအား၊ လူမျိုးအားလုံးရဲ့ မဟာ ဗျူဟာအဖြစ် ယင်းတို့ ကိုယ်တိုင်ကပါ ခံယူသွားနိုင်ရေးအား ပျိုးထောင်ပေးရန် အရေးကြီးလှပါပေသည်။ လူမျိုးစု အားလုံးအနေနဲ့ကလည်း၊ မိမိတို့ရဲ့ အမျိုးသားရေး ဆိုင်ရာ အခွင့်အလမ်းများအား စစ်အာဏာရှင်စံနစ်ဖြင့် မရယူနိုင်။ မဖြေရှင်းနိုင်။ ဒီမိုကရေစီ အခြေခံ ပိုင်ခွင့်အရသာ ဖြေရှင်းဆောင်ရွက်နိုင်ကြောင်း ကောင်းစွာ သဘောပေါက် ခံယူထားကြရန် အရေးကြီးလှပါတယ်။

ဒီလိုလူမျိုးတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်အခြေခံ သဘောထားနဲ့ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်သွားရန်၊ အတွေ့အကြုံနဲ့ နည်းလမ်းတွေ ရှာကြံရာမှာ အကောင်းဆုံးအဖြစ်နဲ့ ညွှန်ပြ ရမယ်ဆိုရင် **(UNLD)** ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ **(NLD)** အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်တို့ရဲ့ ပူးတွဲ ထုတ်ပြန်ခဲ့တဲ့၊ "ဗိုလ်အောင်ကျော်လမ်း ကျေညာစာတမ်း" နှင့် ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တိုင်းရင်းသား လူမျိုးများ အရေးနှင့် စပ်လျဉ်း၍ ထားရှိသော သဘောထား စာတန်းတွေဟာ တန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်အတွက် အညွှန်းပြုနိုင်တဲ့ စာတန်းတွေအဖြစ် လက်ခံကြရမှာ ဖြစ်ပါတယ်။ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်း ထူထောင်ရေး အတွက်ကတော့ (၁၉၆၁) ခုနှစ်၊ ရှမ်းပြည်နယ်၊ ပြည်နယ် ပေါင်းစုံ ညီလာခံမှာ "ရှမ်းမူ" လို့ ခေါ်ဆိုခဲ့ကြတဲ့ စာတန်းနဲ့ ဒီနေ့ ***(DAB)*** က မူကြမ်း ရေးဆွဲ တင်ပြထားတဲ့ ဖက်ဒရယ် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေ မူကြမ်းတွေကို ပေါင်းစည်း ပေးလိုက်မယ်ဆိုရင် ဒီမိုကရေစီ အင်အားစုတွေနဲ့ လူမျိုးရေး အင်အားစုတွေဟာ တသဘောတည်း သဘောတူ ညီညွတ်ကြလိမ့်မယ်လို့ မျှော်မှန်းနိုင်ပါမယ်။ ဒီလိုကွဲပြားနေတဲ့ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်း တည်ဆောက်ရေး အဆိုပြုချက် အစုစုအား၊ ယခုအခါ တစုတပေါင်းတည်း စုစည်းပေးခြင်းဟာ အချိန်အခါနဲ့ သင့်လျော်ဆုံး ဖြစ်မယ်လို့လဲ ယူဆနိုင်ကြ ပါလိမ့်မယ်။

ဒီနေရာမှာ (နဝတ) စစ်ခေါင်းဆောင်တွေရဲ့ အစီအစဉ်နဲ့ ဦးအောင်တိုးတို့တတွေ အမျိုးသား ညီလာခံမှာ ရေးဆွဲ ထားတဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေမူကြမ်းရယ်၊ တောင်ကြီး ဖက်ဒရယ် ဖွဲ့စည်းပုံရယ်၊ **(DAB)**ရဲ့ ဖက်ဒရယ် ဖွဲ့စည်းပုံရယ် ဒါတွေကို တခုနဲ့တခု နှိုင်းယှဉ်ချက်နဲ့ လေ့လာခွင့်ရကြတဲ့ အခါ၊ မည်သည့် ဖွဲ့စည်းပုံ အခြေခံ ဖွဲ့စည်းပုံ ဥပဒေဟာဖြင့် တိုင်းပြည် လူမျိုးနဲ့ မိမိတို့တို့ရဲ့ ယဉ်ကျေးမှုနဲ့ ကိုက်ညီမယ်ဆိုတာကို အများပြည်သူတို့ သုံးသပ်ဆုံးဖြတ်ခွင့် ရရှိဖို့လဲ လိုအပ်လှပါတယ်။ ဒီနေရာမှာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ တရပ်ဟာ နိုင်ငံတော်ကို စီမံခန့်ခွဲရမဲ့ အစိုးရ တရပ်နဲ့ သက်ဆိုင်ရာ ပြည်သူတွေ နှစ်ဦးနှစ်ဘက် သဘော တူညီထားတဲ့ စာချုပ်တခု ဖြစ်တဲ့အပြင်၊ နိုင်ငံတခုရှိ ဥပဒေ အရပ်ရပ်ဟာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေက တဆင့်သာ စီးဆင်းရမှာ ဖြစ်တဲ့အတွက် ဥပဒေ အရပ်ရပ်တို့ရဲ့ အခေါင်အချုပ်ဟာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသာဖြစ်ကြောင်း ဖွင့်ဆိုချက်တွေ ရှိခဲ့ပြီး ဖြစ်ပါတယ်။

အားလုံး သိကြတဲ့ အတိုင်း မြန်မာနိုင်ငံဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပတ်သက်ပြီး သမိုင်းကြောင်းက မကောင်း လှပါဘူး။ (၁၉၄၇) ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို တာဝန်ယူ ရေးဆွဲခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အပေါင်းပါ အာဇာနည် ခေါင်းဆောင်တွေဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အတည်မပြုနိုင်မီ နိုင်ငံရေးအရ လုပ်ကြံခြင်း ခံခဲ့ကြရတယ်။ အဲဒီ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ကျွမ်းကျင်သူ ဥပဒေပညာရှင် အဖြစ်နဲ့ တာဝန်ယူ ရေးဆွဲခဲ့တဲ့ ဦးချန် ထွန်းကိုယ်တိုင် သမာဓိ နည်းပါးစွာဖြင့် ၁၉၄၇ ခု ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဖွဲ့စည်းပုံ ပုံသဏ္ဍာန်အရမှာ တော့ ဖက်ဒရယ် ပုံစံ ဖြစ်ပြီး ဖွဲ့စည်းပုံ အခြေခံ ဥပဒေရဲ့ အနှစ်သာရက တပြည်ထောင်စနစ် ဖြစ်ကြောင်း၊ နောက်ပိုင်းမှာ ထုတ်ဖော် ဝန်ခံခဲ့တဲ့အထိ ရှိခဲ့ပါတယ်။

၁၉၅၈ ခုရောက်လို့ နိုင်ငံရေး အကွဲအပြဲတွေနဲ့ ပြဿနာတွေ ဖြစ်လာတဲ့ အခါ လွှတ်တော် ကိုယ်စားလှယ် မဟုတ်တဲ့၊ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ် နေဝင်းအား လွှတ်တော်က တဆင့် အာဏာ လွှဲပြောင်းပေးတော့၊ ၁၉၄၇ ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပါ ပုဒ်မ (၁၁၆)ကို ပြင်ဆင် ပေးခဲ့ကြရပြန်တယ်။ ဒီလိုနဲ့ ၁၉၆၁ ခု၊ ရှမ်းပြည်နယ်၊ ပြည်နယ် ပေါင်းစုံ အစည်းအဝေးရဲ့ တောင်းဆိုချက်ကို အကြောင်းပြုပြီး ဝန်ကြီးချုပ် ကိုယ်တိုင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြည်နယ်များဆိုင်ရာ အခန်းမှ ပုဒ်မပေါင်း (၂၀) ကျော်ကို ပြင်ဆင်ရန်လည်း သဘောတူခဲ့တာတွေ ရှိပါတယ်။ ၁၉၆၂ ခုနှစ်၊ ဗိုလ်ချုပ်နေဝင်းကိုယ်တိုင်၊ ခေါင်းဆောင်ပြီး စစ်တပ်က အာဏာသိမ်းလိုက်တဲ့အခါမှာတော့၊ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဟာလည်း၊ ပျက်ဆီးသွားပါတော့တယ်။ ၁၉၇၄ ခုနှစ်မှာ ရေးဆွဲတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ကတော့ ဆိုရှယ်လစ် တပါတီ နိုင်ငံရေး စနစ်ကို ဦးဆောင်မှုနဲ့ ရေးဆွဲတာ ဖြစ်တယ်။ ဆန့်ကျင်ဘက်မှာ ရှိနေကြတဲ့ အမျိုးသား နိုင်ငံရေး အင်အားစုတွေ လုံးဝ ပါဝင်ခွင့်မရဘဲ၊ ရေးဆွဲတာ ဖြစ်ပါတယ်။ အားလုံး သိရှိကြပြီးဖြစ်တဲ့အတိုင်း ၁၉၈၈ ခုနှစ် ဒီမိုကရေစီ အရေးအခင်းကြီးလည်း ပေါ်ပေါက်လာရော (မဆလ) အစိုးရထံက စစ်တပ်က အာဏာ လွှဲပြောင်းယူလိုက်တာနဲ့ တပါတီစနစ် အခြေခံနဲ့ ရေးဆွဲထားတဲ့၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံဟာ ပျက်စီးသွားပါတော့တယ်။ နိုင်ငံမှာ စစ်တပ်က အာဏာ နှစ်ကြိမ် သိမ်းတဲ့အတွက်၊ ၁၉၄၇ ခု ဖွဲ့စည်းပုံရော၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံရော၊ ပျက်စီးသွားပါတယ်။ ဖွဲ့စည်းပုံ တခုရဲ့ သက်တမ်းဟာ

(၁၄) နှစ်စီသာ တည်တံ့ ခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာမှာ မြန်မာတွေ မျက်နှာမငယ်ရလေအောင်၊ အမျိုးသား နိုင်ငံရေး အင်အားစုတွေ အတွင်းမှာ အမျိုးသား ပြန်လည် သင့်မြတ်မှုနဲ့ နှစ်ပေါင်း ရာနဲ့ ထောင်နဲ့ တည်တံ့ ခိုင်မြဲမဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတခု ရေးဆွဲ ကြရန် တာဝန် ရှိနေတယ်လို့ ခံယူကြရမှာ ဖြစ်ပါတယ်။

ဒီလို တိုင်းပြည်နဲ့လူမျိုးအတွက် အသက်တမျှ အရေးကြီးလှတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာမှာ ပါဝင် ရေးဆွဲခွင့်ရကြတဲ့ အမျိုးသား နိုင်ငံရေး အင်အားစုတွေနဲ့ ဥပဒေ ပညာရှင်တွေဟာ ဗိုလ်ချုပ်အောင်ဆန်း တိုင်းပြုပြည်ပြု လွှတ်တော်မှာ တင်ပြခဲ့တဲ့ ***(Sprit of the Constitution.)*** ဖွဲ့စည်းပုံ အခြေခံ ဥပဒေ စိတ်ဓါတ်မျိုး မွေးမြူထားရှိကြရန်၊ အရေးကြီးပါတယ်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ စိတ်ဓါတ်ဆိုတာ သစ္စာ သမာဓိနဲ့ တည်ကြည် ခိုင်မြဲတဲ့ စိတ်ဓါတ်မျိုးပင် ဖြစ်ပါတယ်။ အနိုင်ယူလိုတဲ့ စိတ်ဓါတ်မျိုး၊ ဖောက်လွဲဖောက်ပြန် ရှိတတ်တဲ့ စိတ်ဓါတ်မျိုးတွေနဲ့ ဖြောင့်ဖြောင့်ကြီးကို ဆန့်ကျင်တဲ့ တည်ကြည်ခိုင်မြဲမှန်မြတ် သန့်စင်တဲ့ စိတ်ဓါတ်မျိုး အဖြစ်လည်း မှတ်ယူနိုင်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာကျော်က အမေရိကန် ပြည်ထောင်စုကြီးရဲ့ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ရေးဆွဲ ခဲ့ကြတဲ့ ပုဂ္ဂိုလ် ကြီးတွေဟာ မိမိတို့ရဲ့ ထက်မြက်တဲ့ အသိဉာဏ် ပညာကို ရိုးမယ် မဖွဲ့ဘဲ၊ မိမိတို့ အနေနဲ့ အမေရိကန် ပြည်ထောင်စုကြီးရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို အောင်မြင်စွာ ရေးဆွဲနိုင်တာဟာဖြင့် တန်ခိုးရှင်များက မိမိတို့အား ကူညီ မ စ သောကြောင့် ယခုကဲ့သို့ အမေရိကန် ပြည်ထောင်စုကြီးရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအား ရေးဆွဲ နိုင်ခဲ့ပါကြောင်း၊ ဥဒါန်းကျူးရင့်ခဲ့ကြပါတယ်။ ဒါနဲ့ ပတ်သက်လို့ အမေရိကန် ပြည်ထောင်စုကြီးရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေတခုလုံးရဲ့ အသက် ဝိဉာဉ်ဖြစ်တဲ့ 'အမေရိကန် လွတ်လပ်ရေး ကြေညာ စာတမ်း' ကြီးအား အစအဆုံး ရေးသား ဖော်ကျူးခဲ့သူ၊ 'သောမတ် (စ်) ဂျက်ဖာဆင်' ဟာ သူ ကွယ် လွန် တဲ့ အခါ သူ့ အုတ် ဂူ မှာ အမေရိကန် ပြည်ထောင်စုကြီးရဲ့ တတိယမြောက် သမတကြီး ဆိုတာကို မရေးထိုးစေဘဲ၊ "အမေရိကန် လွတ်လပ်ရေး ကြေညာ စာတမ်းကြီးအား ရေးသားခဲ့သူ၊ ဗာဂျီးနီးယား ဥပဒေပြု လွှတ်တော်တွင် ဘာသာရေး လွတ်လပ်ခွင့်နှင့် ပတ်သက်၍ ဥပဒေပြုခဲ့သူ၊ ဗာဂျီးနီးယား တက္ကသိုလ် ကြီးအား ထူထောင်ခဲ့သူ" ဖြစ်ကြောင်းသာ ကမ္ပည်း ထိုးစေခဲ့တာကိုလည်း၊ အမျိုးသား နိုင်ငံရေး အင်အားစုများ သတိပြုသင့်ပါတယ်။

ဒီနေရာမှာ(နဝတ)စစ်ဗိုလ်ချုပ်တွေ အနေနဲ့ မြန်မာနိုင်ငံအား ဒီမိုကရေစီ လမ်းကြောင်းပေါ် အရောက်ပို့ဆောင် ပေးနေပါတယ်လို့၊ မကြာခဏ ပြောဆို တာတွေ ရှိပါတယ်။ ဥပဒေ ပညာရှင် ဦးအောင်တိုးတို့ ရေးဆွဲတဲ့ (နဝတ) ရဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ကတော့၊ နေရာများစွာကို ဒီမိုကရေစီ အခြေခံမှုတွေနဲ့ ဆန့်ကျင်နေတာကို တွေ့ရသဖြင့် အမျိုးသား နိုင်ငံရေး အင် အားစုတွေ အတွင်းမှာ သံသယ ဖြစ်စရာ တွေ ရှိနေပါတယ်။ အထူးသဖြင့် လူဦးရေအရ ဖွဲ့စည်းတဲ့ ပြည်သူ့လွှတ်တော်မှာ ပြည်သူ့ ကိုယ်စားလှယ် (၄၄၀)ဦး ရှိတဲ့ အနက်၊ ကာကွယ်ရေး ဦးစီးချုပ်က တိုက်ရိုက်စေလွှတ်တဲ့ တပ်မတော် ကိုယ်စားလှယ် (၁၁၀)ဦး ပါဝင်တယ် ဆိုတာရယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အညီအမျှ စေလွှတ်တဲ့၊ အမျိုးသား လွှတ်တော်မှာ ကိုယ်စားလှယ် (၂၂၀) ဦး ရှိတဲ့ အနက် ကာကွယ်ရေး ဦးစီးချုပ်က တိုက်ရိုက် စေလွှတ်တဲ့ တပ်မတော် ကိုယ်စားလှယ် (၅၆)ဦး ပါဝင်တယ် ဆိုတာရယ်၊ ဒီအချက်တွေဟာ ဒီမိုကရေစီ အခြေခံမှုတွေနဲ့ ဆန့်ကျင်နေတဲ့အတွက် (နဝတ) စစ်ခေါင်းဆောင်များဟာ၊ ဒီအချက်တွေကို ပြန်လည်စဉ်းစားဖို့ရာလိုအပ်ပါတယ်။

နိုင်ငံတော် အကြီးအကဲ သမတနဲ့ ဒုတိယ သမတ သုံးဦးကို ရွေးချယ်ရာမှာလည်း အစုအဖွဲ့ (၃)ခုနဲ့ ပထမအဆင့် ဒုတိယ သမတ (၃)ဦးကို ရွေးချယ်ရမယ်။ အဲဒီ ဒုတိယ သမတ (၃) ဦးအနက်က အစုအဖွဲ့ (၃) ဖွဲ့နဲ့ သမတကို ရွေးချယ်ရမယ်။ အဲဒီ အစုအဖွဲ့ (၃) ဖွဲ့အနက်က တပ်မတော် ကိုယ်စားလှယ် (၁၁၀) ဦးဟာ ပြည်သူ့လွှတ်တော် အစု (၁) မှာ ပါရှိတယ်။ အမျိုးသား လွှတ်တော် အစု (၂) မှာ တပ်မတော် ကိုယ်စားလှယ်ဟာ (၅၆) ဦး ရှိပါတယ်။ ဒီနေရာမှာ သင်္ချာနည်းနဲ့ ကြည့်ရင် အစုအဖွဲ့ တခုတည်းက (၁၆၆) ဘဲ ရထားတဲ့ ဒုတိယ သမတ တဦးဟာ နောက်တဆင့် သမတ ရွေးချယ်ပွဲမှာ မလွဲမသွေ သမတ ရွေးချယ် ခံရမှာ သေချာနေပါတယ်။ ဒီအတွက် အမျိုးသား နိုင်ငံရေး အင်အားစုအတွင်းမှာ သံသယပွားစရာတွေ ဖြစ်နေပါတော့တယ်။ သမတလောင်း အရည်အချင်း သတ်မှတ်ရာမှာလည်း၊ စစ်ရေး အတွေ့အကြုံကို အရည်အချင်း တရပ်နဲ့ သတ်မှတ်ထားရာ သင့်၊ မသင့် ချင့်ချိန်သင့်ပါတယ်။ ဒုတိယ ကမ္ဘာစစ်ကြီးကို အနိုင်ယူ အဆုံးသတ် ပေးသွားတဲ့ အမေရိကန် သမတ ရုဇဘက်၊ ဟယ်ရီထရူးမင်းနဲ့ ဝင်စတန်ချာချီ တို့ ဂျူးဇက်စတာလင်တို့ဟာ စစ်ဗိုလ်ချုပ်တွေ မဟုတ်တာတော့ အမှန်ပဲ ဖြစ်ပါတယ်။

ဥပဒေ ပညာရှင် ဦးအောင်တိုး ရေးဆွဲတဲ့ (နဝတ) ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေပါ "နိုင်ငံတော် ဖွဲ့စည်း တည်ဆောက်ပုံ" မှာ တိုင်း ဒေသကြီး (၇) ခု၊ ပြည်နယ် (၇) ခု သတ်မှတ်ချက် ကတော့ အဆန်းတကျယ် မဟုတ်ပါဘူး။ (မဆလ)လက်ထက် ရှိခဲ့ ပြီးဖြစ်တဲ့ ပြည်နယ်နဲ့တိုင်း(၁၄)ခုဆိုတဲ့ ပန်းချီကားဟောင်းထဲမှာစစ်ကိုင်းတိုင်းက (နာဂ)လူမျိုးတွေအတွက်ကိုလည်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းတခု၊ ရှမ်းပြည်နယ်ထဲက('ဝ'လူမျိုး)ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းတခု၊ ကိုးကန့်တွေအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု၊ ပလောင် တွေအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု၊ ပအိုဝ်းလူမျိုးများအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု၊ 'ဓနု'တွေအတွက် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု တခု ပါဝင်တယ် ဆိုပြီး၊ ဆေးသားတွေ သုတ်လိမ်းလိုက်တဲ့ အဓိပ္ပါယ်မျိုးပဲ ဖြစ်ပါတယ်။

ဒီနေ့မှာ ဒီစာတန်းကို ပြန်ပြီး ချုပ်လိုက်ချင်တာက ဥပဒေ ပညာရှင် ဦးအောင်တိုးအပါအဝင် အမျိုးသား ညီလာခံကို တာဝန်ခံစေပြီး၊ ဒီဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ရေးဆွဲ စေတဲ့ (နဝတ)စစ်ခေါင်းဆောင်များဟာ ဗိုလ်ချုပ် အောင်ဆန်း မိန့်ကြားသွားတဲ့ သစ္စာ၊ သမာဓိကို အခြေခံသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေ စိတ်ဓါတ်ဖြင့် ရေးဆွဲခြင်း ဟုတ်မဟုတ်၊ မိမိကိုယ် မိမိ ပြန်လည် ဆန်းစစ်ကြရန် အထူးလိုအပ်လှပါတယ်။ နောက်တချက်က ဒီ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနဲ့ အမျိုးသား ပြန်လည် သင့်မြတ်ရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေး၊ အမှန်တကယ် ရနိုင်မှာလား။

ဒီဖွဲ့စည်းပုံ အခြေခံ ဥပဒေနဲ့ လူမျိုးစုတွေရဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို ပြဋ္ဌာန်း ပေးနိုင်မှာလား။ ဒီဖွဲ့စည်းပုံ အခြေခံ ဥပဒေနဲ့ နှစ်လေးဆယ်ကျော် ပြည်တွင်းစစ်ကြီးကို ရပ်စဲပြီး

နောက် တရားမျှတတဲ့ ပြည်တွင်း ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာလား။ အထက်ပါ မေးခွန်းများဟာ တမျိုးသားလုံး ဆိုင်ရာ မေးခွန်းများဖြစ်တဲ့အတွက် အမျိုးသား နိုင်ငံရေး အင်အားစုကြီး အတွင်း အကျုံးဝင်နေတဲ့(နဝတ)စစ်ခေါင်းဆောင်များအနေနဲ့ စေတနာကောင်းထားလျက် အလေးအနက် စဉ်းစားရန် အထူးပင် လိုအပ်လှပါတယ်။

**President**
**(Maung Sin Kye)**
**B.W.J.A.**

မှတ်ချက်။ ။

(၁) စစ်ရေး အတွေ့အကြုံရှိသော နိုင်ငံတော် သမတသည် တချိန်တည်းတွင် ကာကွယ်ရေး စစ်ဦးစီးချုပ်လည်း ဖြစ်သည်။

(၂) သမတ ဦးဆောင်သော အစိုးရ အဖွဲ့ (အမှုဆောင်အဖွဲ့) တွင် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်တို့အား နိုင်ငံတော် သမတ က စစ်ဘက်မှ ပုဂ္ဂိုလ်အား ခန့်အပ်မည်။

(၃) နယ်စပ်ဒေသလုံခြုံရေးနှင့် ပတ်သက်၍လည်း စစ်ရေး အတွေ့အကြုံရှိသူကိုပင် နိုင်ငံတော် သမတ က တာဝန်ပေးအပ်မည်။

(၄) ဒေသကြီး လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင်လည်း ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်မှ ကိုယ်စားလှယ် လေးပုံ တပုံကို ခန့်အပ် ပေးပို့မည်။

(၅) ၁၉၄၇ ခုနှစ် အခြေခံ ဥပဒေ ရေးဆွဲရာတွင် ဥပဒေ ကျွမ်းကျင်သူ ပညာရှင်မှာ ဦးချန်ထွန်း ဖြစ်၍၊ (၁၉၇၄) ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ရေးဆွဲရာတွင် ဥပဒေကျွမ်းကျင်သူမှာ ဒေါက်တာ မောင်မောင် ဖြစ်သည်။ ယခု(နဝတ)၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာတွင် ဥပဒေ ကျွမ်းကျင်သူ ပညာရှင်မှာ ဦးအောင်တိုး ဖြစ်သည်။

**(စာရေးသူ)**

စာမျက်နှာ (၆၉) ကော်လံ (၃)မှအဆက်-

## တတိယအကြိမ်

တတိယအကြိမ်တွင် ဆရာကြီး စကောလယ်တော ဦးဆောင်ပြီး သွားရောက်ခဲ့သည်။

၁၉၇၁–ခုနှစ် တတိယအကြိမ် အဖွဲ့ခေါင်းဆောင် ဆရာကြီး စကောလယ်တော အဖွဲ့ဝင် ဦးမီးသတ်၊ မန်းရှာလားဖန်း၊ စောဘမိုး၊ စောဟင်နရီ၊ စောသမိန်ထွန်း၊ စောလီလေး၊ စောဇော်မင်း၊ စောဒေဖိုး၊ ဗိုလ်သာမောင်၊ စောဘာလု၊ စောထို၊ စောတင်ငွေ၊ ဆရာစဘီ၊ စောပါစက၊ စောမိုးကျော်တို့ ဖြစ်ကြသည်။

၁၉၇၁–ခုနှစ် ပဲခူးမှ တောင်ငူကို ဖြတ်ပြီး ၁၉၇၁ ဇန္နဝါရီလတွင် ကရင်နီ ထီးထာသို့ ရောက်သည်။ ကရင်နီမှ တဆင့် ရလလဖ နယ်မြေတွင်ရောက်ပြီး၊ ထိုဒေသမှ တဆင့် ဗကပ၏ အလယ်ပိုင်း (၁၀၈)စစ်ဒေသကို ရောက်လာသည်။ ရွှေသို့ ဆက်လက်မသွားနိုင်၍ (၆) လ ခန့်ကြာသည်။ **SSA** (ရှမ်းပြည်တပ်မတော်)နှင့်တွေ့ဆုံပြီး၊ အောက်တိုဘာတွင် 'ဝ'နယ်ကိုကူးသည်။ ထို 'ဝ' မှတဆင့် ဗကပ ဌါနချုပ်သို့ ရောက်သည်။ ၁၉၇၃ ခုနှစ်တွင် ပြန်လည်ရောက်ရှိလာသည်။

❖ ❖ ❖

စာမျက်နှာ (၉၀)မှအဆက်–

## KNU ၏ပြဿနာအဖြေများ

(၁) တွေ့ဆုံဆွေးနွေးရေးကို တဖွဲ့ချင်း ခွဲခြားမပြုလုပ်ဘဲ တပ်ပေါင်းစုနှင့် ပြုလုပ်ရန် အတိအကျအားဖြင့် တခုလုံးဆိုင်ရာ ဆွေးနွေးအဖြေရှာမှု ဖြစ်စေရန်အတွက် မဟာမိတ် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ်နှင့် န ဝ တ အကြား တွေ့ဆုံဆွေးနွေးရေးကို ပြုလုပ်ရန်–

(၂) တွေ့ဆုံဆွေးနွေးရေးကို နှစ်ဦးနှစ်ဖက် လက်ခံနိုင်သည့် ပြည်ပနိုင်ငံတခုခုတွင်ပြုလုပ်ကြရန်–

(၃) တွေ့ဆုံဆွေးနွေးပွဲကို ကုလသမဂ္ဂအဖွဲ့စည်း၏ ကြီးကြပ်မှုတခုခုတွင် ပြုလုပ်ရန်–

(၄) ထိုတွေ့ဆုံဆွေးနွေးပွဲကို သတင်းနှင့် စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များနှင့် လွတ်လပ်စွာ ထိတွေ့နိုင်သည့် အခြေအနေတွင် လွတ်လပ်ပွင့်လင်းစွာ ပြုလုပ်ကြရန်ဖြစ်သည်။

၇၊၆၊၉၄ ရက်နေ့တွင် န ဝ တ ဥက္ကဋ္ဌထံသို့ ပေးစာများ ပေးပို့ခဲ့သည်။ န ဝ တ မှ ပြန်ကြားမှုမပြုဘဲ၊ဖေဖော်ဝါရီလတွင် KNU ကို အပြင်းအထန်ထိုးစစ်ဆင်ပြီးနောက် KNU မာနယ်ပလော ဌာနချုပ်ကို သိမ်းပိုက်ခဲ့သည်။

၁၉၉၆ ခုနှစ် မတ်လတွင် KNU အရေးပေါ် ဗဟိုကော်မတီ အစည်းအဝေးတရပ်ကျင်းပပြီး နှစ်ဖက်ဆွေးနွေးရေးဖြစ်မြောက်ရန်အတွက် မူလကလက်ခံထားခဲ့သည့် ကြိုတင်စည်းကမ်းသတ်မှတ်ချက်များကို ဖြေလျှော့ကိုင်ထားရန်၊ နှစ်ဖက်ဦးစွာတွေ့ပြီးမှ ဆွေးနွေးပွဲအတွက် လိုအပ်သည်များကို ညှိနှိုင်းယူရန်ဖြစ်သည်။

၁၉၉၆ ခုနှစ် ဇူလိုင်လတွင် KNU ၏ (၁၁)ကြိမ်မြောက် ကွန်ကရက်တွင်လည်း ဗဟိုကော်မတီ အစည်းအဝေး၏ ဆုံးဖြတ်ချက်ကို ပြန်လည်အတည် ပြုသည်။

## တွေ့ဆုံဆွေးနွေးရေး ဆိုင်ရာပြင်ဆင်မှု

၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် ငြိမ်းချမ်းရေးအကျိုးဆောင်များ ထပ်မံရောက်လာသည်။

၁။ ဦးခွန်မြတ်၊
၂။ ပါမောက္ခဟောင်း စောထွန်းအောင်ချိန်၊
၃။ ဆရာဟင်ဆင်တာတော၊
၄။ ပဒိုရစ်ချတ်၊
၅။ ဦးအေးစိုးမြင့်၊
၆။ ဆရာမာဂရေကြီး၊

ဒီဇင်ဘာလ (၁၃)ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များကို စေလွှတ်သည်။

(၁) ပဒိုခလိစေး – အဖွဲ့ခေါင်းဆောင်
(၂) ပဒိုစတိလ – အဖွဲ့ဝင်
(၃) စောနေစိုး – အဖွဲ့ဝင်
(၄) စောဗစ်တယ် – ရုံးအဖွဲ့မှူး
(၅) စောတီးထူ – ရုံးအဖွဲ့မှူး
(၆) မန်းချစ်ဝင်း – ရုံးအဖွဲ့မှူး
(၇) စောမင်းထူး – ရုံးအဖွဲ့မှူး

၁၃၊၁၂၊၉၅ ရက်နေ့တွင် KNU ဌာနချုပ်မှ စထွက်ပြီး ၁၈၊၁၂၊၉၅ နေ့တွင် မော်လမြိုင်မြို့၌ ဆွေးနွေးကြသည်။ ပြင်ဆင်မှုဆိုင်ရာ (၁၁)ချက်ကို ပြုလုပ်ခဲ့သည်။

## KNU တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(၁) ကိုယ်စားလှယ်များ၏ အဆင့်အတန်းနှင့် ဦးရေကို သတ်မှတ်ရန် (က–၇/ရုံး– ၄) (၁၁)ဦး၊
(၂) အချိန်နှင့် နေရာ၊
(၃) အကြိုနေ့တွင် တွေ့ဆုံမည့်အကြောင်း သတင်းထုတ်ပြန်ချက်၊
(၄) အကျိုးဆောင်များ တက်ရောက်ခွင့်ပြုရန်၊
(၅) ရုပ်ရှင်၊ ကင်မရာ၊ အသံဖမ်းခြင်းကို ခွင့်ပြုရန်၊
(၆) တွေ့ဆုံပြီးသည့်အချိန်တိုင်း သတင်းစာရှင်းလင်းခွင့်ပြုရန်၊
(၇) KNU ကိုယ်စားလှယ်နှင့် ဗဟို၊ က/န ဆက်သွယ်ခွင့်ပြုရန်၊
(၈) လုံခြုံရေးကို န ဝ တ မှ တာဝန်ယူရန်
(၉) ဆွေးနွေးပွဲ အတွင်းအပြင် ချိန်းခြောက်မှု သဘောဆောင်သော လုပ်ရပ်များ မရှိစေရန်၊ စီမံဆောင်ရွက်ရန်၊
(၁၀) တွေ့ဆုံဆွေးနွေးသည့်ကာလအတွင်း KNU ကိုယ်စားလှယ်များ တွေ့ဆုံလိုသည့် ပုဂ္ဂိုလ်များ လွတ်လပ်စွာ တွေ့ဆုံရန်၊ ဘာသာရေးဆိုင်ရာ လွတ်လပ်စွာ တွေ့ဆုံရန်၊

## တွေ့ဆုံလိုသည့် ပုဂ္ဂိုလ်များ၊

၁) ကရင်အမျိုးသား အဖွဲ့ခေါင်းဆောင်များ၊
၂) ယုံကြည်လေးစားခံရသည့် ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊
၃) ရဟန်းသံဃာဆရာကြီးများ၊ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များ၊
၄) ဆွေမျိုးမိတ်သင်္ဂဟများ၊
၅) နိုင်ငံရေးအဖွဲ့အစည်းများမှ တိုင်းရင်းသား အမျိုးသားများနှင့် ပြည်သူလူထုက ထောက်ခံသည့် နိုင်ငံရေးခေါင်းဆောင်များ၊

(၁၁) တွေ့ဆုံပြီးသည့်အခါ အစအဆုံးအထိ မှတ်တမ်းများအား တိုင်းပြည်သို့ ရုပ်သံလွှင့်ဌာနမှ အသံလွှင့်ကြေငြာရန်၊

ဆွေးနွေးသည့်အချက် (၁၁) ချက်အနက် ၂/၃/၆/၁၀ စသည့်အချက်များကို ငြင်းဆိုခဲ့သည်။ (၁)ကိုလည်း ငြင်းဆိုခဲ့သည်။ KNU ထိပ်တန်းခေါင်းဆောင်များ ဆွေးနွေးခဲ့သော်လည်း န ဝ တ ဘက်မှ ထိပ်တန်း ခေါင်းဆောင်များ တက်ရောက်ခဲ့ခြင်းမရှိ။ အလွတ်သဘောသာတွေ့ဆုံသည်။ နံပါတ် (၁၀)ကိုလည်း ခါးသည်းစွာ ငြင်းဆိုခဲ့သည်။ ကရင်အမျိုးသားများ၊ ကရင်ပညာရှင်များ၊ အောင်ဆန်းစုကြည်အပါအဝင် အခြားနိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံမည့်ကိစ္စကို အထူးအလေးထား ငြင်းပယ်ခဲ့သည်။ စစ်

မှန်သော ငြိမ်းချမ်းရေးအတွက် ကောင်းသော အစပြုချက်မဟုတ်ပေ။

**KNU** အနေဖြင့် လွတ်လပ်စွာ လုပ်ဆောင်နိုင်သည့် သီးခြားသော အခြေအနေများကို လုပ်ဆောင်ရန် သဘောထားချပြီး အခိုင်အမာတွေ့ဆုံရေးကို စတင်ရန် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

ပဏာမ ကိုယ်စားလှယ်အဖွဲ့ကို နှစ်ဦး နှစ်ဖက်မှ ပဌမအကြိမ်ဟု သတ်မှတ်ပြီး နောက်ပိုင်းဆွေးနွေးချက်များကို (၂-၃)စသည်ဖြင့် သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

## ဒုတိယအကြိမ်ဆွေးနွေးပွဲ

KNU ကိုယ်စားလှယ်များ-

၁။ မန်းရှာလားဖန်း- အဖွဲ့ခေါင်းဆောင်
၂။ ပဒိုအောင်ဆန်း - ဒုအဖွဲ့ခေါင်းဆောင်
၃။ ပဒိုတာအယ် - ကိုယ်စားလှယ်အဖွဲ့
၄။ စောရောဂျာ - ကိုယ်စားလှယ်အဖွဲ့
၅။ စောနေစိုး - ကိုယ်စားလှယ်အဖွဲ့
၆။ မန်းအောင်တင်မြင့်-
၇။ စောတီးတူ - ရုံးအဖွဲ့မှူး-မှတ်တမ်း
၈။ စောထဲနေ - ။

န ဝ တ ကိုယ်စားလှယ်အဖွဲ့-

၁။ ဗိုလ်မှူးကြီး ကျော်သိန်း
၂။ ဗ/မ/က သိန်းရွှေ
၃။ ဗ/မ/ခ အောင်သိန်း
၄။ ဒု/ဗ/က မောင်တိုး
၅။ ဒု/ဗ/က မျိုးမြင့်
၆။ ဗ/မ ခင်မောင်ကြည်
၇။ ဗ/မ မျိုးမြင့်
၈။ ဗ/မ သက်တင်ဝိန်

ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့-

၁။ ဦးခွန်မြတ်
၂။ ဦးအေးစိုးမြင့်
၃။ ပါမောက္ခဟောင်းစောထွန်းအောင်ချိန်
၄။ ဆရာဟင်ဆင်တာတော
၅။ ပဒိုစောရစ်ချတ်
၆။ ဆရာမာဂရေကြီး

## ထိုတွေ့ဆုံဆွေးနွေးပွဲတွင် KNU မှ တင်ပြချက်များ။

၁။ တပြည်လုံး အပစ်အခတ်ရပ်ဆိုင်းထားရေးကို န ဝ တ ဘက်မှ တိုင်းသိပြည်သိ ထုတ်ပြန်ကြေငြာရန်၊

၂။ န ဝ တ ၏ ထိုးစစ်ဆင်တပ်များအားအားဖြည့်ပေးနေမှု၊ လက်နက်ကြီးများ ရှေ့တန်းသို့ ပို့ဆောင်မှုများကို ရပ်ဆိုင်းထားရန်၊

၃။ ထိုးစစ်အတွက် အသုံးပြုသည့် လမ်းများအား ဆက်လက်ဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်းများကို ရပ်ဆိုင်းထားရန်၊

၄။ တပ်သားသစ်များခေါ်ယူခြင်း၊ ပေါ်တာဆွဲခြင်း၊ ကင်းသမားခေါ်ယူခြင်း၊ လုပ်အားပေးခေါ်ယူခြင်းများကို ရပ်ဆိုင်းထားရန်၊

၅။ လူထုအပေါ် ပေါ်တာကြေး တောင်းခံမှုမျိုးစုံနှင့် လူထု၏ ရိက္ခာပစ္စည်းများအား တောင်းခံမှုမျိုးစုံကို ရပ်ဆိုင်းပစ်ရန်၊

၆။ လူထုကို အဓမ္မရွှေ့ပြောင်းခြင်း မပြုရေးနှင့် ရွှေ့ပြောင်းခံရသည့် လူထုများ၊ ထွက်ပြေးတိမ်းရှောင်နေရသည့် လူထုများ မိမိကျေးရွာသို့ လုံခြုံစွာ ပြန်လည်နေထိုင်စေခြင်းများကို ပြုလုပ်ရန်၊

၇။ လိုအပ်သည့် သွားလာမှုများကို ပြုလုပ်သည့်အခါတွင် တဖက်နှင့်တဖက် သတင်းပို့ကြရန်၊

၈။ နှစ်ဖက်အပစ်အခတ်ရပ်ဆိုင်းထားသည့် ကာလအတွင်း **KNU** အနေနှင့် မိမိအမျိုးသားများနှင့် လွတ်လပ်စွာ ဆက်သွယ်နိုင်ရမည်။

၉။ အပစ်အခတ် ရပ်ဆိုင်းထားသည့် ကာလအတွင်း ပေါ်ပေါက်လာသည့် ပြဿနာများကို ညှိနှိုင်းဖြေရှင်းရန်အတွက် နှစ်ဖက်ကိုယ်စားလှယ်များ ပါဝင်သည့် ညှိနှိုင်းဆောင်ရွက်ရေး ကော်မတီများကို ဖွဲ့စည်းထားရမည်။

၁၀။ နှစ်ဖက်အပစ်အခတ်ရပ်ဆိုင်းထားခြင်းကို စောင့်ကြည့်လေ့လာရန်အတွက် နှစ်ဦး နှစ်ဖက် လက်ခံနိုင်သည့် ကုလသမဂ္ဂအဖွဲ့ချုပ်မှ စောင့်ကြည့်လေ့လာရေး အဖွဲ့များကို ထားရှိရမည်။

၁၁။ အပစ်အခတ်ရပ်ဆိုင်းထားပြီး တွေ့ဆုံဆွေးနွေးသည့်ကာလတွင် န ဝ တ တို့ဖမ်းဆီးထားသည့် မန်းရင်စိန်နှင့်**KNU** အဖွဲ့ဝင်များ၊ ကရင်အမျိုးသားများကို ပြန်လွှတ်ပေးရန် လိုအပ်သည်။

၁၂။ တွေ့ဆုံဆွေးနွေးသည့် ကာလအတွင်း နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်ဆိုင်းထားရေး သဘောတူညီချက်အား နှစ်ဦးနှစ်ဖက် ထုတ်ပြန်ကြေငြာပြီး၊ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ အခြေခံပြဿနာ များကို စတင်ရန်၊

KNU မှ သဘောထား (၁၂) ချက်ကို ဆွေးနွေးတင်ပြသောအခါ- ၁၊၃၊၈၊၁၀၊၁၂ စသည့်အချက် (၅)ချက်ကို လက်မခံနိုင်ကြောင်း။ ၂၊၄၊၅၊၆၊၇၊၉၊၁၁ စသည့်အချက် (၇)ချက်ကို အပစ်အခတ်ရပ်စဲထားပြီး နောက်လက်ခံနိုင်ကြောင်း သို့ရာတွင် အချက် (၇)ချက်ကို ဆွေးနွေးညှိနှိုင်းခြင်း မပြုမီ **KNU** အနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်တွင်းသို့ ဝင်ရန်လိုအပ်ကြောင်း၊ သဘောထားကို ရှင်းလင်းဖော်ပြသည်။

ဤပုံစံမှာ လူမျိုးစု (၁၅)ဖွဲ့ ပုံစံဖြစ်ကြောင်း၊ **KIO**အဖွဲ့နှင့် ပြုလုပ်သည့် ပုံစံ **MODEL** ဖြစ်လေသည်။

ဤအချက်ကိုလေ့လာရန် ကွာဟချက်ကို လျော့ချပြီး နောက်တကြိမ် ဆွေးနွေးရန် သဘောထားချမှတ် သည်။

## တတိယအကြိမ်ဆွေးနွေးပွဲ

ဒုတိယအကြိမ်ဆွေးနွေးပွဲတွင် န ဝ တ နှင့် အပြန်အလှန်ဆွေးနွေးမှုများကို များစွာပြုလုပ်ခြင်းမရှိဘဲ နှစ်ဦးနှစ်ဖက် အကြား ခြားနားသည့် ရပ်တည်မှုများကို **KNU** အနေဖြင့် ဆန်းစစ်ညှိနှိုင်းပြီးမှ တတိယအကြိမ်ဆွေးနွေးပွဲတွင် အပြန်အလှန်ဆွေးနွေးမှုများကို ပြုလုပ်ရန် သဘောထားခဲ့သည်။ တတိယအကြိမ်တွင် ငြင်းပယ်ထားသည့် အချက် (၅) ချက်နှင့် န ဝ တ ဘက်က တဆင့်တင်ပြ

ထားသည့် လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်၍ ဥပဒေဘောင်ဝင်ရေးကိစ္စကို ကျယ်ပြန့်စွာ အပြန်အလှန် ထပ်မံဆွေးနွေးရန် ဆုံးဖြတ်ချက်ချခဲ့သည်။

**တတိယအကြိမ် KNU ကိုယ်စားများ**

၁။ ဗ/မ/ခ တာမလာဘော–
–အဖွဲ့ခေါင်းဆောင်
၂။ မန်းရှာလားဖန်– ဒု ။
၃။ ပဒိုဒေးဗစ်ထော–ဒု ။
၄။ သမိန်ထွန်း – အဖွဲ့ဝင်
၅။ မန်းအောင်မြင့် – အဖွဲ့ဝင်
၆။ ပဒိုဇော်နောင် – ရုံးအဖွဲ့မှူး
၇။ မန်းချစ်စိန် – ရုံးအဖွဲ့မှူး
၈။ ဆရာဂျီးဂျိ – ဆေးမှူး
၉။ ဆရာမင်းထူး – မှတ်တမ်းတင်
၁၀။ ဆရာညီညီ – မှတ်တမ်းတင်
၁၁။ စောရှယ်လက်– အထူးရဲဘော်

**န ဝ တ ကိုယ်စားလှယ်များ**

၁။ ဗ/မ/ ကျော်ဝင်း
၂။ ဗ/မ/က ကျော်သိန်း
၃။ ဗ/မ/ခ အောင်သိန်း
၄။ ဒု–ဗ/မ/က စန်းပွင့်
၅။ ဒု–ဗ/မ/က မျိုးမြင့်
၆။ ဗ/မ မျိုးမြင့်
၇။ ဗ/မ ခင်မောင်ကြည်
၈။ ဗ/က ကျော်သူရ

**ငြိမ်းချမ်းရေးအကျိုးဆောင်များ**

၁။ ဦးခွန်မြ
၂။ ဦးအေးစိုးမြင့်
၃။ ပါမောက္ခ စောထွန်းအောင်ချိန်
၄။ ဆရာဟင်ဆင်တာတော
၅။ ပဒိုစောရစ်ချတ်
၆။ ဆရာမာဂရေကြီး

၂၆၊၆၊၉၆ ရက်နေ့မှ ၂၊၇၊၉၆ ရက်နေ့အထိ မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် ယှဉ်အတိုင်းပြုလုပ်သည်။ ဒုတိယအကြိမ်မှ ပယ်ချထားသည့် အချက် (၅)ချက်ကို ဆောင်ရွက်ပေးရန် တင်ပြဆွေးနွေးသည်။

တော်လှန်ရေး အဖွဲ့အစည်းများသည် မဟာမိတ် အဖွဲ့အစည်းများ အဖြစ် တည်ရှိနေကြောင်း၊ တဖွဲ့ရပ်စဲပြီး တဖွဲ့ပစ်ခတ်ပါက ရှုတ်ထွေးလာနိုင်သည်။ ကျော်လွှားရန်ဖြစ်သည်။ န ဝ တ ဘက်မှ လက်မခံသော KNU တင်ပြချက် နံပါတ် (၁၂)ဖြစ်သည့် နှစ်ဖက်အပစ်အခတ်ရပ်စဲပြီးနောက် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ အခြေခံပြဿနာများကို စတင်ဆွေးနွေးရန်နှင့် ပတ်သက်၍ KNU အဖွဲ့က ထပ်မံ ဆွေးနွေးတောင်းဆိုရာ၊ တိုင်းပြည်၏ အခြေခံနိုင်ငံရေးပြဿနာကို ဘယ်အချိန် ဘယ်နေရာတွင် ပြုလုပ်မည်ကို သိလိုကြောင်း၊ အမျိုးသားညီလာခံတွင် နိုင်ငံရေး ပြဿနာများကို ဆွေးနွေးဖြေရှင်း နေခြင်းလောဟု မေးရာ၊ န ဝ တ က နိုင်ငံ ရေးပြဿနာများကို နောင်လာမည့် အစိုးရကသာ ဖြေရှင်းမည်ဖြစ်ကြောင်း၊

လက်ရှိအမျိုးသား ညီလာခံသည် နိုင်ငံရေးပြဿနာကို ဖြေရှင်းနေခြင်းမဟုတ်ဘဲ နိုင်ငံရေးအခြေခံအုတ်မြစ်ကို ချနေခြင်းသာဖြစ်ကြောင်း ပြန်လည်ရှင်းပြသည်။

တင်ပြချက် (၃)– ထိုးစစ်အတွင်း အသုံးပြုသော လမ်းများကို ဆက်လက်ဖောက်လုပ်နေခြင်း၊ ပြုလုပ်သည်ကို ရပ်ဆိုင်းရန်၊

တင်ပြချက် (၆)– လူထုများ အဓမ္မပြောင်းရွှေ့ခြင်းမလုပ်ရန်၊ ပြောင်းရွှေ့ခံရသည့် လူထုများအတွက် ကျေးရွာများသို့ လုံခြုံစွာပြန်လည်နေထိုင်စေခြင်းနှင့် ၎င်းတို့ကို အစိုးရအဖွဲ့အစည်း မဟုတ်သော ကယ်ဆယ်ရေးအဖွဲ့, NGO မှ ကူညီရန်၊

တင်ပြချက် (၁၀)– ကုလသမဂ္ဂ စောင့်ကြပ်မှုကို ခံယူရန်၊ စသောအချက် (၃)ချက် ပယ်ခဲ့သည်။

န ဝ တ ကိုယ်စားလှယ်များက လက်နက်ကိုင်လမ်းစဉ်စွန့်၍ ဥပဒေ ဘောင်တွင်း ဝင်ရောက်ခြင်းဟူသော စကားကို လက်မခံနိုင်ပါက အခြားသော စကားလုံးအသုံးအနှုန်းကို ရှာဖွေနိုင် ရှာဖွေလိုကြောင်း၊ သို့ရာတွင် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်၍ ဥပဒေ ဘောင်အတွင်း ဝင်ရောက်ခြင်းဟူသော အနှစ်သာရကို မပျက်မယွင်းစေရန်လိုကြောင်း ရှင်းပြသည်။

ဆွေးနွေးပွဲတွင် KNU သည် န ဝ တ ၏ ကိုယ်စားလှယ်များနှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ရာ န ဝ တ ကိုယ်စားလှယ်များဖက်မှ အောက်ဖေါ်ပြပါ အချက် (၂)ချက်ကို အလေးအနက် ဖေါ်ပြသည်။

၁။ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲကို သဘောတူညီမှု၊ ရှုံးပွဲမရှိ အနိုင်ယူခဲ့သည်။ KNUနှင့်မရ၊ ကြိုးစားရမည်။

၂။ န ဝ တ က နှစ်ဖက်ညှပ် အတိုက်မခံရအောင် တင်ပြခြင်းဖြစ်သည်။ KNUက လက်မခံနိုင်လျှင် ကတိကဝတ်အမျိုးမျိုးနှင့် အစားထိုးရန် နဝတ ကိုယ်စားလှယ်များက န ဝ တ ခေါင်းဆောင်များနှင့် တင်ပြဆွေးနွေးမည်ဖြစ်ကြောင်း၊ စတုတ္ထအကြိမ် ဆွေးနွေးပွဲတွင် အဖြေရှာရန် ဆုံးဖြတ်ထားကြသည်။

## စတုတ္ထ အကြိမ်ဆွေးနွေးပွဲ

KNU သည် စတုတ္ထအကြိမ် ဆွေးနွေးရန်အတွက် ၁၉၉၆ ခုနှစ် နိုဝင်ဘာလ (၂၀)ရက်နေ့တွင် စေလွှတ်ခဲ့သည်။

KNU သည် ယှဉ်တင်ပြခဲ့သော အချက် (၁၂)ချက်ကို ဆွေးနွေးသည်ထက် ပိုမိုလက်တွေ့ကျသည့် အချက်များဖြင့် ထပ်မံဆွေးနွေးခြင်းက ပိုမိုသင့်လျော်မည်ဟု သုံးသပ်ပြီး စတုတ္ထအကြိမ်တွင် အဆိုများအသစ်တင်ခဲ့သည်။

**KNU တက်ရောက်သော ကိုယ်စားလှယ်များ–**

၁။ ဗ/ခ/က တာမလာဘော–
–အဖွဲ့ခေါင်းဆောင်
၂။ မန်းရှာလားဖန်း – ဒု ။
၃။ ဗ/ခ မောင်မောင်– အဖွဲ့ဝင်
၄။ စောနေစိုး – ။

၅။ မန်းအောင်တင်မြင့်

၆။ စောမောင်မောင်အေး– ရုံးအဖွဲ့

၇။ မန်းသာထူး – ။

၈။ စောထူးလေး – ။

၉။ ဆရာဂျီးဂျီ – ဆေးမှူး

၁၀။ ဆရာမင်းထူး – ဗွီဒီယိုအမှတ်တမ်း

၁၁။ ဆရာညီညီ

၂၁၊၁၁၊၉၆ မှ ၁၃၊၁၁၊၉၆ မော်လမြိုင်မြို့ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တွင်ပြုလုပ်သည်။

အစည်းအဝေးတက်ရောက်သူများ

၁။ ဗ/ခ/က တာမလာဘော– –အဖွဲ့ခေါင်းဆောင်

၂။ မန်းရှာလားဖန်း – ဒု ။

၃။ ဗ/ခ မောင်မောင်– အဖွဲ့ဝင်

၄။ စောနေစိုး – ။

၅။ မန်းအောင်တင်မြင့်–

န ဝ တ ကိုယ်စားလှယ်များ

၁။ ဗ/မ/က ကျော်ဝင်း– –အဖွဲ့ခေါင်းဆောင်

၂။ ဗ/မ/က ကျော်သိန်း – အဖွဲ့ဝင်

၃။ ဗ/မ/ခ အောင်သိန်း –

၄။ ဒု/ဗ/မ/က စန်းပွင့် –

၅။ ဒု/ဗ/မ/က ဘုန်းဆွေ –

၆။ ဗ/မ ခင်မောင်ကြည် –

၇။ ဗ/မ သက်တင်စိန် –

၈။ ဗ/မ မျိုးမြင့် –

ငြိမ်းချမ်းရေးခေါင်းဆောင်များ

၁။ ဦးခွန်မြ

၂။ ဦးအေးစိုးမြင့်

၃။ ပါမောက္ခ ထွန်းအောင်ချိန်

၄။ ဆရာဟင်ဆင်တာဘော

၅။ ပဒိုရစ်ချတ်

ဆွေးနွေးပွဲတွင် **KNU** မှ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆိုပြုချက် (၃) ချက်တင်သည်။

(၁) နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးတည်ဆောက်ရေးအဖွဲ့ န ဝ တ နှင့် ကရင်အမျိုးသားအစည်းအရုံး **KNU** အကြား ပြဿနာများကို လက်နက်ကိုင်တိုက်ခိုက်နည်းဖြင့် ဖြေရှင်းခြင်းဖြင့် မပြုကြရန်နှင့် အပစ်အခတ်ရပ်စဲထားရန်၊

(၂) နှစ်ဖက် အပစ်အခတ်ရပ်ဆိုင်းထားပြီးနောက် ပြည်ထောင်စု စည်းလုံးညီညွတ်ရေး၊ ရေရှည်ခိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေးအတွက် န ဝ တ နှင့် **KNU** အကြား ဆက်လက်၍ ဆွေးနွေးသွားကြရန်၊

(၃) နှစ်ဖက် အပစ်အခတ်ရပ်ဆိုင်းထားကြရန်အတွက် နှစ်ဖက်တပ်များ၏ တပ်တည်နှင့် နှစ်ဖက်တပ်များ၏ လိုက်နာရမည့် အချက်များ ညှိနှိုင်းသတ်မှတ်ကြရန် စသည်တို့ဖြစ်သည်။

**KNU** ကိုယ်စားလှယ်အဖွဲ့မှ အထက်ပါ ဆုံးဖြတ်ချက်(၃)ချက်ကို နဝတ ကိုယ်စလှယ် အဖွဲ့ခေါင်းဆောင်များ ထံသို့ အစီရင်ခံလိုက်ပြီးနောက် နဝတ ခေါင်းဆောင်များ၏ အဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်။ ၎င်းမှာ–

(၁) <u>KNU</u> အနေဖြင့်

၁။ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်ပြီး တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်းနှင့် တရားဝင်ထုတ်ပြန်ကြေငြာခြင်း၊

၂။ အပစ်အခတ်ရပ်ဆိုင်းထားခြင်း၊

၃။ တပ်နေရာချထားမှု ညှိနှိုင်းသတ်မှတ်ခြင်း၊

၄။ နယ်မြေဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်၊

၅။ နိုင်ငံရေးနှင့်ပတ်သတ်ပြီး အမျိုး သားညီလာခံမှာ တက်ရောက်လေ့လာရေး၊

၆။ အခြေခံဥပဒေ ပေါ်ပေါက်ပြီးပါက လက်နက် အပြီးအပိုင်စွန့်ပြီး တရားဝင်နိုင်ငံရေးပါတီ တည်ဆောက်ခြင်း စသည့် အချက်(၆)ချက်ဖြစ်သည်။

**KNU** အဖွဲ့သည် န ဝ တ ခေါင်းဆောင်များ၏ သဘောထား(၆) ရပ်အပေါ် မည်သို့ သဘောထားသည်ကို န ဝ တ ကိုယ်စားလှယ်အဖွဲ့က တောင်းဆိုရာ **KNU** ကိုယ်စားလှယ်အဖွဲ့က ၁၉၉၆–ခု၊ ဒီဇင်ဘာလ ရန်ကုန်တွင် **KNU** ၏ သဘောထားကို ပြန်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားပြီးနောက် စတုတ္ထအကြိမ်မြောက် ဆွေးနွေးပွဲကို အဆုံးသတ်လိုက်သည်။

## န ဝ တ တောင်းဆိုချက်များကို KNU မှ ပြန်ကြားချက်၊

**KNU** နှင့် န ဝ တ တွေ့ဆုံဆွေးနွေးရာတွင် လိုအပ်သော အခြေခံသဘောထားများကို ၁၉၉၅ ခုနှစ် (၁၁) ကြိမ်မြောက် **KNU** ကွန်ကရက်တွင် ချမှတ်အတည်ပြုခဲ့ပြီး တာဝန်ခံဆောင်ရွက်မှု အဝကို **KNU** ၏ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို တာဝန်အပ်နှင်းခဲ့သည်။

စတုတ္ထအကြိမ်ဆွေးနွေးပွဲတွင် န ဝ တ မှ တောင်းဆိုသည့် အချက် (၆) ချက်သည် **KNU** ၏အခြေခံသဘောထားနှင့် အလွန်ကွာခြားသဖြင့် **KNU** မှ လက်ခံဆောင်ရွက်ရန် မဖြစ်နိုင်ပေ။ ဤကိစ္စနှင့် ပတ်သက်၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် ဆွေးနွေးပြီးနောက် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလကုန်တွင် အကြောင်းပြန်ကြားရန် **KNU** က စီစဉ်ခဲ့သည်။

**KNU** သည် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ (၃၀)ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးတရပ်ကို ကျင်းပပြီးနောက် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် အောက်ပါ **KNU** ၏ သဘောထား ပြန်ကြားချက်ကို န ဝ တ ထံပေးပို့ခဲ့သည်။

ထိုသို့ ပြန်ကြားပြီးနောက် တလအကြာ ၁၉၉၇ ခုနှစ် ဇန္နဝါရီလ (၃၁)ရက်နေ့တွင် ငြိမ်းချမ်းရေးအကျိုးဆောင်များဖြစ်သည့် အောက်ပါပုဂ္ဂိုလ်များ **KNU** ဌာနချုပ်သို့ ရောက်လာသည်။

၁။ ဦးခွန်မြတ်

၂။ ဦးအေးစိုးမြင့်

၃။ပါမောက္ခ စောထွန်းအောင်ချိန်

၄။ ဆရာဟင်ဆင်တာဘော

၅။ ပဒိုရစ်ချတ် စသည်တို့ဖြစ်သည်။

အဆိုပါ ငြိမ်းချမ်းရေးအကျိုးဆောင်များနှင့်အတူ အောက်ပါကရင်အကြီးအကဲဟောင်းများ လိုက်ပါလာကြ

သည်။
၁။ စောဘာနေ
၂။ စောဖိုးနီ
၃။ စောနေဝေထူး
၄။ ဆရာဂျိန်း
၅။ ဆရာခဲလဗိန်း
၆။ စောထရူးဘလက်
၇။ စောကသွီး တို့ဖြစ်သည်။

ငြိမ်းချမ်းရေး အကျိုးဆောင် တဦးဖြစ်သည့် ပါမောက္ခ စောထွန်းအောင်ချိန်က န ဝ တ ခေါင်းဆောင် များမှာကြားလိုက်သည့် စကားများကို ပြောပြသည်။

န ဝ တ ခေါင်းဆောင်များ မှာလိုက်သည်မှာ–

(၁) **KNU** အနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်းမပြုနိုင်ပါက (ကကလုန်)တပ်မတော်ထောက်လှန်းရေးအဖွဲ့မှ **KNU** နှင့် ဆက်လက်ဆွေးနွေး နိုင်တော့မည် မဟုတ်ကြောင်း၊

(၂) နှစ်ဦးနှစ်ဖက် ဆက်လက်မဆွေးနွေးနိုင်သော်လည်း နှစ်ဦးနှစ်ဖက်အကြားဆက်သွယ်မှုများကို ယွင်အတိုင်း ဆက်လက်ထားရှိမည်ဖြစ်ကြောင်း၊

(၃) (ကကလုန်)က **KNU**နှင့်ဆက်လက်မဆွေးနွေးနိုင်ပါက (ကကကြည်း)အနေဖြင့် မည်သို့ဆက်လက် ဆောင်ရွက်မည်ဆိုဖြင်းကို (ကကလုန်)က မသိကြောင်း

**KNU** အနေဖြင့် ၃၁၊၁၂၊၉၆ ရက်နေ့ **KNU** ဥက္ကဋ္ဌ၏ န ဝ တ ဥက္ကဋ္ဌထံသို့ပေးပို့ခဲ့သည့် သဘောထားအတိုင်း ရပ်တည်ကြိုးပမ်းရမည့်အကြောင်း ရှင်းပြပြီးနောက် ငြိမ်းချမ်းရေးအကျိုးဆောင်များ **KNU** ဌာနချုပ်မှ ပြန်လည်ထွက်ခွါသွားကြသည်။

ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် **KNU** အခြေခံဒေသကို အလုံးအရင်းနှင့် ထိုးစစ်ဆင်ခဲ့သည်။

❖ ❖ ❖

ဥက္ကဋ္ဌ
**KNU** အဖွဲ့
ရက်စွဲ– ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ
ဥက္ကဋ္ဌနှင့် **KNU** ခေါင်းဆောင်များခင်ဗျား၊

ကျနော်တို့ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့နှင့် ကရင်လူကြီးများသည် ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ (၅) ရက်နေ့၊ ညနေ(၁၇း၀၀)နာရီအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် **KNU** အဖွဲ့၏ ငြိမ်းချမ်းရေး ဆွေးနွေးခြင်းအကြောင်းလည်း အဖွဲ့အနေနှင့် သော်၎င်း၊ တဦး ချင်းအနေနှင့်၎င်း၊ **KNU** ခေါင်းဆောင် များ၏ ရပ်တည်ချက်၊ ခံစားချက်၊ လိုလားချက်နှင့်တကွ ငြိမ်းချမ်းရေး အကျိုးဆောင်အဖွဲ့၏ သုံးသပ်အကြံပြုချက်များကို တင်ပြခဲ့ပါသည်။

ကျနော်တို့အဖွဲ့ တင်ပြဆွေးနွေးချက်ကို ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွှန့်နှင့် အဖွဲ့များအကြား အောက်ပါအတိုင်း ပြန်လည်သုံးသပ်သည်။

၁။ ကေအဲန်ယူအဖွဲ့နှင့် စောစောပိုင်း ဆွေးနွေးပွဲများသည် ငြိမ်းချမ်းရေးလမ်းကြောင်းနှင့် နီးစပ်သော်လည်း နောက်ပိုင်း ဆွေးနွေးချက်များသည် ငြိမ်းချမ်း ရေးလမ်းကြောင်းနှင့် တဖြည်းဖြည်း ကင်းသွားကြောင်း၊

၂။ နိုင်ငံတော် ထိခိုက်စေမည့် ဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံတော်အရေးကိုသာ ဦးစားပေး ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊

၃။ န ဝ တ အစိုးရကို ယခင်အစိုးရအဖွဲ့ အမည်ကဲ့သို့ မမြင်စေလိုကြောင်း၊

၄။ န ဝ တ အစိုးရအနေဖြင့် နိုင်ငံတော်အတွက် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

၅။ န ဝ တ အစိုးရအနေဖြင့် **KNU** အတွက် ငြိမ်းချမ်းရေးတံခါးကို အမြဲတန်း ဖွင့်ထားကြောင်း၊

၆။ လက်ရှိငြိမ်းရေး အကျိုးဆောင်အဖွဲ့ကို သာ အသိအမှတ် ပြုထားကြောင်း၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့သည် ငြိမ်း ချမ်းရေးရရှိရေးအချက်–

**KNU** အဖွဲ့အား အောက်ပါအတိုင်း အကြံပြုလိုသည်။

(က) ကရင်အမျိုးသားများအတွင်း စည်းရုံးညီညွတ်ရေးအတွက် န ဝ တ အစိုးရနှင့် ကြေလည်မှုရရှိရန်လိုကြောင်း

(ခ) ကရင်အမျိုးသားများ၏အကျိုးကိုသာ အဓိကထားဆောင်ရွက်ပြီး၊ အခြားသော အရေးကိစ္စများကို ဦးစားပေး ဆောင်ရွက်ခြင်းမပြုရန်၊

(ဂ) ငြိမ်းချမ်းရေး အဟန့်အတား ဖြစ်စေသည့် ကိစ္စအဝဝကို ရှောင်ကြည်ရန်လိုကြောင်း၊

(ဃ) လက်နက်ကိုင် တိုက်ခိုက်ခြင်းသည် ပြည်သူများနှင့် လက်နက်ကိုင်တိုက်ခိုက်သူများအတွက် ဆုံးရှုံးစေမည် ဖြစ်သဖြင့် အတတ်နိုင်ဆုံး ရှောင်ကြည်ရန် လိုအပ်ကြောင်း၊

(င) ငြိမ်းရေးရယူရာတွင် လက်ရှိအခြေအနေ၊ လက်တွေ့လုပ်နိုင်သည့် အခြေအနေနှင့် လက်တွေ့ဖြစ်နိုင်သည့် အချက်များကိုသာ အဓိကထား ဆောင်ရွက်ရန်၊

ရိုသေလေးစားစွာဖြင့်
ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့

# အမှားပြင်ဆင်ချက်။

| စာမျက်နှာ | ကော်လံ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|---|
| ၁၄ | ၂ | ၂၈ | စွတ်စွဲ | စွပ်စွဲ |
| ၁၆ | ၂ | ၃၅ | ပြည်သူ့အဖွဲ့ချုပ် | ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် |
| ၃၁ | ၃ | ၉ | ပီဘီ | ပေါလစ်ဗျူရို |
| ၅၁ | ၃ | ၁၇ | ဖို့စ်သည်နှင့် | စီးဂရင်းသည် **(Force 136)**နှင့် |
| ၅၅ | ၁ | ၆ | တင်ကြသည် | တင်ပြကြသည် |
| ၅၆ | ၃ | ၂၂ | ကိစ္စပေါင်းများအပေါ် | ကိစ္စပေါင်းများစွာအပေါ် |
| ၅၈ | ၁ | ၄ | ကာလသည် | ကာလဖြစ်သည် |
| ၆၁ | ၃ | ၂၅ | (ဈုန်ရ) | (ဈာန်ရ) |
| ၆၄ | ၁ | ၂၄ | ပမာဏ | ပဏာမ |
| ၆၉ | ၁ | ၁၁ | ဒီမိုက | ဒီမိုကရေစီအရ |
| ၇၀ | ၃ | ၄၀ | အသိအမှတ်သည် | အသိအမှတ်ပြုသည် |
| ၇၁ | ၁ | ၃ | အသိအမှတ်သည် | အသိအမှတ်ပြုသည် |
| ၇၄ | ၁ | အပိုဒ်–၂၁(၅) | အပြည့်အဝစေလိမ့်မည် | အပြည့်အဝရရှိစေရမည် |
| ၇၄ | ၃ | အပိုဒ်–၂၉(၄) | သိရှိစေမည် | သိရှိစေရမည် |
| ၈၃ | ၁ | ၃၆ | ဟသ်ာ | ဟသ်ာတ |
| ၈၆ | ၃ | ၁၉ | (၃)တန်းဒေသ | (၃)တောင်တန်းဒေသ |
| ၈၉ | ၁ | ၃၀ | အဖွဲ့အစည်းများနှင့် | အဖွဲ့အစည်းများကဲ့သို့ |
| ၈၉ | ၁ | ၃၆ | တလျှောက်ရှုံးပွဲ | တလျှောက်လုံးရှုံးပွဲ |
| ၈၉ | ၂ | ၃၈ | စောဘီနော့ ခေါ် | စောဘီနော့ (ခေါ်) ကိုအေး |
| ၉၀ | ၃ | ၈ | မော်မြိုင် | မော်လမြိုင် |

ဂိုလ်ချူဂိဝိုင်းဓော



I K H R A
NO.35 MOO 1
TAMBON NONG LOU
AMPHUR SANGKALA
KANCHANABURI
THAILAND. 71240